Dynasty Books

# ကောင်းထက်

## ဟံသာဝတီကိုစိန်ခေါ်သူများ

။သမိုင်းနောက်ခံရသဝတ္ထု။



## ဒို့တာဝန် အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် ၅၀၁၃၄၈၁၁၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၁၃၈၅၁၂၁၁

ပုံနှိပ်ခြင်း

**ပထမအကြိမ်၊ ဇန်နဝါရီလ၊ ၂၀၁၂ ခုနှစ်။**

အုပ်ရေ

**၁၀၀၀**

မျက်နှာဖုံးရေးဆွဲသူ

**ကျော်စေ**

ထုတ်ဝေသူ

**ဦးချစ်ညွန့်၊ စင်ရတနာစာပေ၊**

**၂၀၅(က+ခ)၊ မြို့သစ်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**

ပုံနှိပ်သူ

**ဦးအောင်မြင့်သိန်း၊ အင်ကြင်းမြိုင်ပုံနှိပ်တိုက်**

**၁၄၇၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

စာအုပ်ချုပ်

**ကြူကြူမွေးစာအုပ်ချုပ်လုပ်ငန်း**

ဖြန့်ချိရေး

**မိုးကျော်သူစာပေ**

**အမှတ် ၁၈၈၊ ၃၈-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း - ၃၈၄၂၁၉။**

တန်းဖိုး

[illegible]၀ ကျပ်

၈၉၅.၈၃

**ကောင်းထက်**

ဟံသာဝတီကို စိန်ခေါ်သူများ/ကောင်းထက်။-ရန်ကုန်၊
စင်ရတနာစာပေ၊ ၂၀၁၂။
၁၉၄-စာ၊ ၁၃× ၂၅ စင်တီ။
(၁) ဟံသာဝတီကို စိန်ခေါ်သူများ



# စာရေးဆရာ၏ ကိုယ်ရေးအကျဉ်း

၁။ အမည်ရင်း - ဦးမိုးဦး

၂။ ကလောင်အမည် - ကောင်းထက်

၃။ မိဘအမည် - ဦးမြဆက်၊ ဒေါ်စိမ်းမြ

၄။ မွေးသက္ကရာဇ် - ၁၉၄၆ ခု၊ ဖေဖော်ဝါရီလ ၆ ရက်

၅။ မွေးရပ်ဇာတိ - ပင်လုံမြို့ (ရှမ်းပြည်နယ်တောင်ပိုင်း)

၆။ နေရပ်လိပ်စာ - ၂၃၃၊ ၁၀ လမ်း၊ ၅ ရပ်ကွက်၊ တောင်ဥက္ကလာ

၇။ စာပေရေးရာအကျဉ်း - ၁၉၆၃-၆၄ ပညာသင်နှစ်၊ တောင်ကြီးကောလိပ် စာပေပြိုင်ပွဲတွင် ကဗျာဆုရပြီး စာပေသမားဘဝစ၊ ၁၉၆၆ တွင် မိုးဦးကလောင် အမည်ဖြင့် 'မျက်ရည်နဲ့ပဲ ပြုံးပါ့မယ်' လုံးချင်းဝတ္ထု စတင် ထုတ်ဝေ၊ 'စနေ ပေးဒေး ဗိုလ်ချုပ်ဈေး' အပါအဝင် လုံးချင်းဝတ္ထု ၂၇ အုပ် ရေးသား ထုတ်ဝေခဲ့၊ ၂၀၀၄ ခုနှစ်တွင် ကောင်းထက် ကလောင်အမည်ဖြင့် သမိုင်းဆိုင်ရာစာအုပ် များ ရေးသား စုဖုရားလတ်ရှင်တမ်းဖြင့် အောင်မြင်၊ သမိုင်းဆိုင်ရာစာအုပ်များ ရေးသားထုတ်ဝေခဲ့၊ မိုးဦး၊ ကောင်းထက် စသည့် ကလောင်အမည်များဖြင့် စာပေတာဝန်ထမ်းဆောင်နေ။

# ဟံသာဝတီကို စိုးနင်ခဲ့သူများ

ကောင်းထက်

မုတ္တမ သုံးဆယ်နှစ်မြို့ကို မင်းပြုသော မင်းကား သုရှင်တကာရွှတ်ပိ၊ နမတော်အကြီး ငယ်မည် တလောကမူ ဟူသော မင်းသမီးလင် စောဗညား၊ ထိုမင်းကို မင်းတရားရွှေထီးက အရေးအရာ စေပါး တော်မူသော်လည်း ဆင်လုံးမြင်းရင်းများသည်ကို အကြောင်းပြု၍ အခိုင်တွင်၏။

(မှန်နန်းရာဇဝင်တော်ကြီး၊ ဒုတိယတွဲ စာ – ၁၉၆)

# မုတ္တမ

မြစ်ပြင်ဆီက လှိုင်းရိုက်သံကို ကြားနေရသည်။ မြို့အရှေ့ဘက်ရှိ သံလွင်မြစ်တွင် လှိုင်းလေ မငြိမ်မသက်နှင့် ရှိနေသည်။ မြစ်အတွင်း၌ ဆိုက်ရပ်ထားသည့် လှေသင်္ဘောတို့သည် လေလာ၍ လှိုင်းထတိုင်း တငြိမ့်ငြိမ့်နှင့် လှုပ်နေသည်။

မြစ်ပြင်ကျယ်ကြီးအတွင်းရှိ ခေါင်းဆေးကျွန်းတွင် မုတ္တမ၏ အထိမ်းအမှတ်အလံ တလူလူလွင့်နေသည်။ ထိုအလံက မုတ္တမ သုံးဆယ့်နှစ်မြို့၏ဂုဏ်ကို ဆောင်နေသကဲ့သို့ ရှိ၏။

လှေဆိပ်တွင် လှေများ၊ သမ္ဗန်များ ဆိုက်ရပ်ထားလျက်ရှိသည်။ ဆိပ်ကမ်းမှာ လှုပ်လှုပ်ရှားရှား စည်စည်ကားကား ရှိနေသည်။

တောင်ကုန်းမြင့်မြင့်ကို နောက်ခံထားသော မုတ္တမနန်းတော်မှာ ကျနေရောင်အောက်တွင် ရွှေရောင် တဖျတ်ဖျတ် လက်နေသည်။ နန်းတော် ညာဘက်ခြမ်းရှိ လေသာဆောင်မှနေ၍ လက်နှစ်ဖက်ကို

ပိုက်ပြီး၊ ဆိပ်ကမ်းဆီသို့ ကြည့်နေသည့် မုတ္တမမင်း စောဗညား၏ မျက်နှာမှာ ကျနေရောင်တွင် မှိုင်းညို့ဟန်ထင်နေသည်။

စောဗညားသည် ရီဝေမှိုင်းညို့သော မျက်လုံးအစုံဖြင့် မုတ္တမ ဆိပ်ကမ်းဆီသို့ ကြည့်ရင်း၊ တစ်စုံတစ်ရာကို အလေးအနက် စဉ်းစား နေဟန် ရှိသည်။

"အင်း . . . တပင်ရွှေထီးတဲ့လား၊ သင်းဟာ ကေတုမတီကနေ ဟံသာဝတီကို ကျူးကျော်တယ်၊ ဟံသာဝတီ သုံးဆယ့်နှစ်မြို့ကို သိမ်း, ပုသိမ် သုံးဆယ့်နှစ်မြို့ကိုသိမ်း, သရေခေတ္တရာကိုလည်း လက်အောက်ခံ ပြုပြီး အာဏာဖြန့်ကျက်ထားတယ်၊ ခုတစ်ခါ ငါ့ထံကို ရာဇသံပို့ပြန်ပြီ"

အဝေးသို့ လှမ်းမျှော်ကြည့်ရင်း စောဗညား၏နှုတ်မှ တီးတိုး ရေရွတ်ပြောဆိုသံ ပေါ်လာသည်။ ထိုပြောဆိုသံနှင့် မရှေးမနှောင်း မုတ္တမမင်း စောဗညားက လက်တစ်ဖက်တွင် ကိုင်ထားသည့် ရာဇသံ စာလွှာကို ဖတ်သည်။

ဟံသာဝတီနေပြည်တော်ကို အစိုးရသည့် ဘဝရှင်မင်းတရားကြီး အမိန့်တော်ရှိသည် မုတ္တမမင်း။ ငါသည် ဟံသာဝတီပြည့်ရှင်ဟောင်း သုရှင်တကာရွတ်ပိကိုလည်းကောင်း၊ ပြည်ဘုရင်ကိုလည်းကောင်း အောင်မြင် ခဲ့ပြီ။ ရာမညတိုင်းဖြစ်သော ပုသိမ်သုံးဆယ့်နှစ်မြို့ ဟံသာဝတီသုံးဆယ့်နှစ် မြို့တို့ ငါ့လက်အောက်ကို ရောက်ကုန်ကြပြီ။

ငါသည် သင်ပိုင်ဆိုင်သော မုတ္တမကို တိုက်ခိုက်သိမ်းပိုက်လျှင်၊ အများပြည်သူတို့ စစ်ဘေးဒဏ်ကြောင့် ထိခိုက်နစ်နာမည်ကို သိသည်။ ထို့ကြောင့် မုတ္တမသုံးဆယ်နှစ်မြို့ စစ်ဘေးစစ်ဒဏ်မှ ကင်းလွတ်စေရန် ငါ့အထံမှာ ခိုလှုံပါ။ ငါ့အထံခိုလှုံလျှင် ရှိရင်းစည်းစိမ်ချမ်းသာနှင့် နေရလိမ့် မည်။ သင်က ငါ့ကို အရေးမထား အန်တုဖက်ပြိုင် ပြုလုပ်နေလျှင်၊ သင် သည် ကေန်မုချ ပျက်စီးရလိမ့်မည်။

ပြည်သူအများကို ညှာတာသနားပြီး၊ ငါ့အထံမှာ ခိုလှုံလျှင် ချမ်းသာစွာ နေထိုင်ခွင့်ရပေလိမ့်မည်။ ငါ့ကိုသစ္စာခံလျှင် ဟံသာဝတီဘုရင်

သုရှင်တကာရွတ်ပိလက်ထက်တော်ကကဲ့သို့ မနိမ့်မချ မြှောက်စားတော်မူမည်။

ဟံသာဝတီပြည့်ရှင်
တပင်ရွှေထီး

စောဗညားက ရာဇသံစာကို ဖတ်ပြီးနောက်၊ သက်ပြင်းရှည်ကြီး တစ်ချက်ကို ချသည်။ ရီဝေသော မျက်လုံးအစုံဖြင့် မြစ်ရေပြင်ဘက်သို့ လှမ်းမျှော်ကြည့်သည်။ သူ၏အာရုံတွင် နံနက်ညီလာခံသို့ ဟံသာဝတီမှ သံတမန်များ ရောက်လာသည့်အဖြစ် ပြန်ထင်ဟပ်လာ၏။

နံနက်ညီလာခံကျင်းပချိန်တွင် စောဗညားသည် နိုင်ငံရပ်ခြားမှ လာရောက်သော ကုန်သည်များကို လက်ခံတွေ့ဆုံနေသည်။ မုတ္တမတွင် ဈေးကြီးတစ်ခုတည်ကာ ကုန်စည်ရောင်းဝယ်ခွင့်ရထားသော နိုင်ငံ ရပ်ခြားမှ ကုန်သည်များက လက်ဆောင်ပဏ္ဏာများ ဆက်သနေစဉ်၊ ဟံသာဝတီမှ သံတမန်များ ရောက်လာကြောင်း အမတ်တစ်ယောက်က တင်လျှောက်လာသည်။ စောဗညားက လွယ်လွယ်ကူကူပင် နိုင်ငံရပ်ခြားမှ ကုန်သည်များရှေ့မှာ ဟံသာဝတီသံတမန်တို့ကို လက်ခံ တွေ့ဆုံသည်။

သံတမန်အဖွဲ့ကို ခေါင်းဆောင်လာသူက စောဗညားအား ဟံသာဝတီပြည့်ရှင် တပင်ရွှေထီး၏ ရာဇသံကို ဆက်သသည်။ ထိုရာဇ သံကို စာတော်ဖတ်က စောဗညားအား ဖတ်ကြားတင်လျှောက်၏။

ရာဇသံမှာ မိမိတို့၏ အချုပ်အခြာအာဏာကို ထိပါးပုတ်ခတ် သည်။ မိမိတို့၏ လွတ်လပ်မှုကို အရေးမထား။ မိမိတို့၏ ရပ်တည်မှုကို အသိအမှတ်မပြုဘဲ၊ ကျွန်သဘောက်ပြုမည့်အကြောင်း ထင်ရှားစွာ ဖော်ပြနေသည်။

ရာဇသံကို နားထောင်ရင်း စောဗညား၏ ကိုယ်အတွင်းမှ သွေးတွေ ဆူဝေလာသည်။ မျက်လုံးအိမ်ထဲမှ အပူငွေ့တွေ တိုးထွက် လာသလို ခံစားရင်း၊ ရင်တစ်ပြင်လုံး ဆတ်ဆတ်ခါအောင် လှုပ်ရှား တုန်ယင်နေသဖြင့် အသက်ရှူ၍ မဝဘဲ မောပန်းနေမိသည်။

"ဒါဟာ မညာမတာ စော်ကားလိုက်တာ၊ လွတ်လပ်ခွင့်ကို ထိပါးပြီး၊ အနိုင်ကျင့်ဖို့ ကြိုးစားတာပဲ။ ဒီလို စော်ကားတာကို ငြိမ်ခံနေလို့ မဖြစ်ဘူး"

မခံရပ်နိုင်စိတ်က စောဗညား၏ရင်ထဲသို့ ထိုးဖောက်ဝင်ရောက်သည်။ ပူလောင်သော ထိုစိတ်သည် ရင်ကို မွှေနှောက်လာ၏။ ထိုအခါ ဒေါသကို မထိန်းနိုင် ဖြစ်လာသည်။ စောဗညားက အချိန်မဆွဲဘဲ ဟံသာဝတီသံတမန်များအား တုံ့ပြန်စကားပြောသည်။

"ဟံသာဝတီသံတမန်တွေ ... သင်တို့အရှင်သခင်ရဲ့ ရာဇသံကို ငါက ငြင်းပယ်ငယ်လို့ အကြောင်းပြန်လိုက်ပါ၊ ဒီစကားက လွဲပြီး ငါ့မှာ ပြန်ကြားစရာ အခြားစကားမရှိပါဘူး။ စားတော်ဝန်ကြီး သံတမန်များကို ကောင်းကောင်းမွန်မွန် ပြုစုစောင့်ရှောက်လိုက်ပါ၊ သံတမန်များ ပြန်ချိန်မှာ နယ်စပ်အရောက် လိုက်ပို့လိုက်ပါ၊ နိုင်ငံရပ်ခြားက ကုန်သည်များ သင်တို့ကိစ္စကို မနက်ဖြန်ညီလာခံကျမှ လက်ခံဆွေးနွေးမယ်"

စောဗညားက မိမိ၏ သဘောထားကို ပြတ်ပြတ်သားသား ပြောပြီး ညီလာခံရုပ်သိမ်းသည်။ ဟံသာဝတီဘုရင်ထံမှ ရာဇသံကို ကိုယ်နှင့်မကွာ ယူဆောင်ခဲ့သည်။ နံနက်ပွဲတော်တည်ပြီးချိန်မှစ၍ ယခုထိ ရာဇသံစာကို ထုတ်ဖတ်လိုက်၊ ပြန်သိမ်းလိုက်၊ စဉ်းစားလိုက်နှင့် ရှိနေခဲ့သည်။

"ငါက မင်းတရားရွှေထီးရဲ့ရာဇသံကို နှုတ်ထွက်စကား တစ်ခုတည်းနဲ့ တုံ့ပြန်ရင်၊ တိုင်းနိုင်ငံကို စိုးမိုးအုပ်ချုပ်တဲ့ ဘုရင်အချင်းချင်း မလေးမစားရာ, အရေးမထားရာ ရောက်မယ်၊ သူ့လက်အောက်ကို မခိုဝင်လိုတာနဲ့ ပြည်ထောင်ဘုရင်အချင်းချင်း အရေးမထားရဲ၊ မောက်မောက် မာမာဆက်ဆံတယ်လို့ အများက ထင်မှတ်ကြမယ် ..၊

ဒါကြောင့် ဟံသာဝတီပြည့်ရှင် မင်းတရားရွှေထီးရဲ့ ရာဇသံကို စာနဲ့ပေနဲ့ တုံ့ပြန်ရမယ်"

စောဗညားက လေသာဆောင်မှ ခွာသည်။ နန်းတော်အတွင်းဆောင်သို့ ဝင်ရင်း၊ အပြင်ဘက်တွင် ရှိနေသော နာခံတော်မှူးအား ခေါ်လိုက်သည်။

"ငါတို့ရဲ့ဆုံးဖြတ်ချက်ကို ဟံသာဝတီသံတမန်တွေကနေတစ်ဆင့် စာနဲ့ပေနဲ့ ပြန်ကြားမှ သင့်လျော်မယ်၊ ဒါကြောင့် ဟံသာဝတီပြည့်ရှင်မင်းတရားရွှေထီး,ဆီကို တုံ့ပြန်တဲ့ရာဇသံ ရေးစမ်း၊ ငါတို့ဟာ ငါတို့ရဲ့ အချုပ်အခြာအာဏာကို အထိပါး မခံဘူး၊ ငါတို့ဟာ တစ်ပါးကျွန်အဖြစ် ဘယ်သူ့လက်အောက်ကိုမှ ခိုဝင်မှာ မဟုတ်ဘူး၊ ပြည်ထောင်ဘက် အချင်းချင်း အပြန်အလှန် လေးစားပြီး၊ နေရာထား ဆက်ဆံဖို့ အဆင်သင့် ရှိပေမယ့်၊ အညှံ့ခံဖို့ကိုတော့ စဉ်းတောင် မစဉ်းစားကြောင်းတွေ ပါအောင် ပြည့်ပြည့်စုံစုံရေး။ ဒီစာကို မနက်ညီလာခံကျရင် ငါကိုယ်တိုင် သံတမန်တွေ လက်ထဲအပ်မယ်၊ ဟံသာဝတီသံတမန်တွေကို မနက်ဖြန်ညီလာခံမှာ ငါကိုယ်တိုင်လက်ခံတွေ့ဆုံမယ်ဆိုတာ အကြောင်းကြားလိုက်"

"မှန်လှပါ အရှင်"

နာခံတော်မှူးက စောဗညားမိန့်မှာသည့်စကားကို ပြေပြစ်သော အရေးအသားဖြင့် ရေးသားသည်။ ထို့နောက် ရေးသားပြီးသည့်စာကို စောဗညားအား ဆက်သသည်။ စောဗညားက ရာဇသံစာလွှာကို ယူပြီး ကိုယ်တိုင် စေ့စေ့စပ်စပ် သေသေချာချာ ဖတ်သည်။ ထို့နောက် စာလွှာကို သိမ်းလိုက်၏။

"မောင်မင်းက တကယ့်ကို စာပေအရေးအသား ကောင်းမွန်တာပဲ၊ ကဲ ... မောင်မင်းအနေနဲ့ သံတမန်များကို အကြောင်းကြားစရာ ရှိတာ အကြောင်းကြားပေတော့"

"မှန်ပါ အရှင်"

နာခံတော်မှူးက လက်အုပ်ချီထားလျက်နှင့် နောက်ဆုတ်ပြီး အခန်းအပြင်ကို ထွက်သွားသည်။ စောဗညားမှာ ရာဇသံများနှင့်အတူ အခန်းထဲတွင် ကျန်ရစ်လေသည်။

• • •

ဟံသာဝတီသံတမန်တို့ ပြန်သွားကြလေပြီ။ စောဗညားက သံတမန်များအား မုတ္တမတွင် ရှိနေစဉ်၌ ကောင်းမွန်စွာ ပြုစုစောင့်ရှောက်စေသည်။ သံတမန်များက စောဗညားထံမှ မင်းတရားရွှေထီးထံသို့ပေးသော ရာဇသံပြန်စာကိုရသည်နှင့် မုတ္တမမှပြန်သည်။ သံတမန်များ၏ အပြန်ခရီးတွင် စောဗညားက လက်ဆောင်များပေး၍ အစောင့်အရှောက်များနှင့် နယ်စပ်သို့ ရောက်သည်အထိ လိုက်ပို့စေသည်။

သံတမန်များ ပြန်သွားပြီဆိုသည်နှင့် စောဗညားက အမတ်များ၊ စစ်ကဲ၊ စစ်ဗိုလ်များကို ချက်ချင်းခေါ်ယူပြီး စစ်ရေးညီလာခံ ကျင်းပသည်။

''ဟံသာဝတီဘုရင်ဟာ ဘုန်းတန်ခိုးကြီးမြတ်သူဆိုပြီး၊ အာဏာစက်ကို ဖြန့်ကြက်ပြီး နယ်မြေချဲ့ထွင်နေတယ်၊ ငါတို့ မုတ္တမသုံးဆယ့်နှစ်မြို့ ကုန်သွယ်မှု အဆင်ပြေ၊ စီးပွားရေးကောင်းမွန်ပြီး၊ နယ်မြေအေးချမ်းဖို့အတွက် စစ်အင်အားခိုင်မာအောင် လုပ်ဆောင်တာကို ဟံသာဝတီဘုရင်က မရှုဆိတ်ဘူး၊ ငါတို့ကို ဟံသာဝတီရဲ့လက်အောက်ခံအဖြစ် ခိုဝင်ဖို့ ရာဇသံပို့တယ်''

စောဗညားသည် ပလ္လင်အောက်တွင် ပြားပြားဝပ်ခစားနေသော မှူးမတ်သေနာပတိများအားကြည့်ပြီး တည်ငြိမ်သော အသံဖြင့် ပြောသည်။

''ငါတို့ဟာ ငါတို့ရဲ့အချုပ်အခြာအာဏာကို အထိအပါး မခံနိုင်ဘူး၊ ငါတို့ဟာ တစ်ပါးသူရဲ့ကျွန်အဖြစ် မနေနိုင်ဘူး၊ ဒီအကြောင်းကို ဟံသာဝတီဘုရင်သိဖို့ ငါက ရာဇသံ တုံ့ပြန်လိုက်တယ်၊ ဒါကြောင့် မကြာခင်မှာ ဟံသာဝတီက ငါတို့ကို မလွဲမသွေ ရန်ပြုလာလိမ့်မယ်၊ ငါတို့အနေနဲ့ ဒီစစ်ကို ရင်ဆိုင်ဖို့ အသင့်ရှိနေရမယ်''

စောဗညားက ညီလာခံကို တက်ရောက်သော မှူးမတ်သေနာပတိတို့အား မျက်လုံးဝေ့ပြီးကြည့်သည်။ မှူးမတ်များကိုကြည့်ရင်းမှ သူ၏အကြည့်က ရေကြောင်းဗိုလ်ဟောင်း ကာအီဂိုထံသို့ ရောက်သွားသည်။

ပေါ်တူဂီရေကြောင်းဗိုလ်ဟောင်း ကာအီဂိုသည် မုတ္တမဘုရင်

စောဗညားအား ပျပ်ဝပ်ခစားနေရာမှ မသိမသာ မျက်လွှာပင့်ပြီး ကြည့်သည်။ ထိုသို့ကြည့်ချိန်မှာပင် စောဗညား၏အသံ ပေါ်လာ၏။

"ဗိုလ်ကာအီကို ... မောင်မင်းအတွက် အစွမ်းပြဖို့ အခွင့်အရေး ပေါ်လာပြီ ... တိုက်ပွဲဝင်ဖို့ အဆင်သင့်ရှိရဲ့လား"

"မှန်လှပါ ... အရှင်အမိန့်ရှိရင် တိုက်ပွဲဝင်ဖို့ အသင့်ရှိပါတယ် အရှင်"

"မောင်မင်းက မောင်မင်းရဲ့နောက်လိုက် ခုနစ်ရာနဲ့ သင်္ဘော ခုနစ်စင်းကို တာဝန်ယူရမယ်။ စစ်သင်္ဘောတွေကို လက်နက်အင်အား၊ လူအင်အားအပြည့်အဝနဲ့ သံလွင်မြစ်ဝထဲမှာ ရပ်နားပြီး၊ ရန်သူကို စောင့်ရမယ်၊ မြို့တွင်းက တပ်တွေကို အုပ်ချုပ်ဖို့အတွက် သီးဇာစ်က တာဝန်ယူရမယ်"

"မှန်လှပါ ... အရှင် ပေးအပ်တဲ့တာဝန်ကို အသက်နဲ့ရင်းပြီး ထမ်းဆောင်ပါ့မယ်"

"ရန်သူတွေ ရေကြောင်းကနေ မုတ္တမမြို့တွင်းကို မဝင်စေရဘူး ဆိုတာ ကျွန်တော်မျိုး အာမခံပါတယ်"

သလွန်ထက်တွင် ရှိနေသော စောဗညားက အရောင်တဖျပ်ဖျပ် လက်နေသော မျက်လုံးအစုံဖြင့် မှူးမတ်သေနာပတိတို့အား ကြည့်ပြီး ကျေနပ်ဟန်ပြုံးသည်။

"ရေတပ်,ကုန်းတပ်နှစ်မျိုးစလုံးကို တပ်မမှူး သမိန်ထောက အုပ်ချုပ်ရမယ်၊ ရေတပ်အင်အားကို အသင့်ရှိစေပြီး၊ မြို့တွင်းက ခုခံမယ့် တပ်တွေလည်း လက်နက်ခဲယမ်း လိုလေသေးမရှိစေရဘူး၊ မြို့ထိပ်မှာ အမြောက်စိန်ပြောင်းတွေကို အသင့်တပ်ဆင်ထားပါ၊ မောင်မင်းတို့တစ်တွေ ခုချက်ချင်း ကိုယ့်တာဝန် ကိုယ်ထမ်းဆောင်ဖို့ ထွက်ခွာကြ၊ နန်းရင်း ဝန်ကြီးနဲ့ လွှတ်ဝန်ချုပ်တို့ ကျွန်ုပ်နဲ့အတူ ခေတ္တ နေခဲ့ပါ"

ကြီးမားသော တာဝန်ကို ထမ်းဆောင်ကြရမည့် အမတ်များသည် ညီလာခံခန်းမမှ ထွက်ခွာကြသည်။ စစ်ရေးတာဝန် မရှိသော အခြားမှူးမတ်များကလည်း ညီလာခံခန်းမမှ ထွက်ကြသည်။ ခန်းမကြီး

ထဲတွင် မုတ္တမအရှင် စောဗညား၊ နန်းရင်းဝန်ကြီး သမိန်စည်သူ၊ လွှတ်တော်ဝန်ချုပ် ဗညားသင်နှင့် နာခံတော်မှူး သီဟသူရတို့သာ ကျန်ခဲ့သည်။

"နန်းရင်းဝန်ကြီး ... ကျွန်ုပ်တို့ဟာ စစ်ပွဲကို မလွှဲမရှောင် ရင်ဆိုင်ရတော့မယ်၊ စစ်ရေးနဲ့ပတ်သက်ပြီး ရန်သူ့သတင်းတွေကို မပြတ်ရနေဖို့ လိုတယ်၊ ဒီတာဝန်ကို နန်းရင်းဝန်ကြီးကိုယ်တိုင် ဆောင်ရွက်ပါ၊ လွှတ်ဝန်ချုပ်က မြို့တွင်းမှာ စားနပ်ရိက္ခာမပြတ်လပ်စေဖို့, လက်နက်ခဲယမ်းများ ပြည့်စုံစေဖို့အတွက် တာဝန်ယူပါ"

"မှန်လှပါ ... အရှင်ပေးအပ်တဲ့တာဝန် ကျေပွန်ရပါစေမယ်"

"အင်း ... ကျွန်ုပ်တို့ဟာ ကိုယ့်ထီးကိုယ့်နန်းနဲ့ ကိုယ့်မြို့ပြနိုင်ငံကို သာယာဝပြောအောင် စီမံအုပ်ချုပ်နေခဲ့တယ်၊ အခု အေးချမ်းသာယာပြီး ကုန်စည်ကူးသန်းရောင်းဝယ်ရေး ဖွံ့ဖြိုးတိုးတက်နေတဲ့ မုတ္တမကို ဟံသာဝတီက စစ်ပြုတော့မယ်၊ ကျွန်ုပ်တို့အနေနဲ့ လေ့ခွက်ချည်းကျန် အလံမလှဲဘူးဆိုတဲ့စိတ်ဓာတ် မွေးမြူထားရပါလိမ့်မယ်၊ မောင်မင်းတို့တစ်တွေ ကျွန်ုပ်အနားမှာ ရှိနေသမျှ ကျွန်ုပ် စိတ်ချ လက်ချရှိမှာ မုချပဲ"

"စိတ်ချတော်မူပါ အရှင် ... ကျွန်တော်မျိုးတို့တစ်တွေ ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှနဲ့ မုတ္တမကို ကာကွယ်ပါ့မယ်"

"မင်းကြီးတို့ကို ကျွန်ုပ်က ယုံကြည်အားကိုးပြီးသားပါ၊ ကဲ ... ကျွန်ုပ်တို့ စစ်ပွဲရင်ဆိုင်ဖို့အတွက် လိုအပ်တာတွေကို အသေးစိတ် တိုင်ပင်နှီးနှောကြမယ်၊ နာခံတော်မှူး မြေပုံလိပ်ကို ပြင်ဆင်ပါ"

စောဗညားက တက်ကြွသော အမူအရာဖြင့် ပြောသည်။ သူ၏ ကိုယ်မှာ စစ်စိတ်စစ်သွေးများပြည့်နေလျက်၊ သူ့မျက်လုံးအစုံတို့မှာ အရောင်တဖျပ်ဖျပ်လက်နေလေ၏။

• • •

ဝင်းဝါသော လရောင်ခြည်သည် မုတ္တမတစ်မြို့လုံးကို ကြည်လင် အေးမြသော အရိပ်ဖြင့် မိုးပေးထားသကဲ့သို့ ရှိသည်။ လရောင်အောက်တွင် မုတ္တမမြို့သည်လည်းကောင်း၊ မုတ္တမ ရွှေနန်းတော်သည်လည်းကောင်း ငြိမ်သက်အေးချမ်းနေ၏။

လရောင်သည် မုတ္တမမြို့ကိုသာ မဟုတ် ...။ သံလွင်မြစ်ပြင်ကျယ်ကိုလည်းကောင်း၊ မြစ်အလယ်ရှိ ခေါင်းဆေးကျွန်းကိုလည်းကောင်း အေးငြိမ်းချမ်းမြေ့နေစေသည်။

ပတ်ဝန်းကျင်တစ်ခုလုံးအေးချမ်းနေစဉ် မုတ္တမ၏အရှင်သခင်စောဗညားမှာ ရင်မအေးနိုင်။ ပူလောင်သောကနှင့် နန်းတော်၏ လသာဆောင်မှနေ၍ လသာညကို ငေးကြည့်နေသည်။

မြို့ရိုးထိပ်တွင် တပ်ဆင်ထားသည့် အမြောက် စိန်ပြောင်းများကို လရောင်ဖြင့် တွေ့နေရသည်။ သူရဲပြေး၊ သူရဲခိုတို့ဆီမှ မီးရောင်လဲ့လဲ့တို့နှင့်အတူ ကင်းလှည့်နေသော ရဲမက်တို့ကို ရိုးခနဲ၊ ရိပ်ခနဲ တွေ့ရသည်။

သံလွင်မြစ်ပြင်အလယ်တွင် ကျောက်ချရပ်နားထားသော စစ်သင်္ဘောများဆီမှလည်း မီးရောင်လဲ့လဲ့နှင့်အတူ လှုပ်ရှားမှုတို့ကို ရိုးခနဲ၊ ရိပ်ခနဲ တွေ့ရသည်။

"ငါရဲ့စစ်သည်ရဲမက်တွေဟာ ရန်သူကို ရင်ဆိုင်ဖို့ အသင့်ရှိနေကြပြီ၊ မကြာခင်မှာ မုတ္တမပတ်ဝန်းကျင်ဟာ စစ်တလင်းဖြစ်တော့မယ်၊ အင်း ... အနိဋ္ဌာရုံတွေကို တွေ့ရ မြင်ရ ရင်ဆိုင်ရတော့မှာပဲ"

စောဗညားက သံလွင်မြစ်ဘက်သို့ ရီဝေသော မျက်လုံးအစုံဖြင့် လှမ်းကြည့်ရင်း သက်ပြင်းရှည်ကြီးတစ်ချက် ချလိုက်သည်။ သူ၏ သက်ပြင်းချသံအဆုံးတွင် အဝတ်စချင်း ပွတ်တိုက်သံ၊ ညင်သာစွာ လှမ်းလာသော ခြေသံတို့ကို ကြားရသည်။ ခြေသံဖွဖွကို ကြားရစဉ်မှာပင် တိမ်းမက်ညွတ်နူးဖွယ်မွှေးရနံ့ကို ရှူရှိုက်ရမိ၏။

ကြားလိုက်ရသည့်ခြေသံ၊ ရှူရှိုက်ရမိသည့်မွှေးရနံ့တို့ကြောင့် အနားသို့ ရောက်လာနေသူမှာ မိဖုရားကြီး တလကမှူ့မှန်းသိသဖြင့်

စောဗညားက အသာအယာ လှည့်ကြည့်လိုက်၏။ စက်ရာမှထလာ ဟန် ဝတ်လဲတော် လျှော့ရဲရဲ၊ ဆံနွယ်တွေ လျှော့ပြေပြေနှင့် ကပိုကယို လှနေသော တလကမူက ချိုသာစွာ ပြုံးရင်း အနားမှာ လာရပ်သည်။

''အိပ်လို့ မပျော်ဘူးလား နှမတော်''

''တစ်ရေးနိုးလာတာပါ၊ မောင်တော် လသာဆောင်မှာ ရှိနေတာ တွေ့လို့ ထွက်လာခဲ့တာ၊ စစ်ရေးကိစ္စတွေ တွေးပြီး၊ မောင်တော် စိတ်မအေးနိုင်ဖြစ်နေပြီနဲ့ တူတယ်''

''ဟုတ်တယ် နှမတော် . . . မင်းတရားရွှေထီးဟာ ဇေယျဝဓန တိုင်း၊ ကေတုမတီနေပြည်တော်ကနေ ရာမညဟံသာဝတီကို ကျူးကျော် ပြီး၊ နောင်တော် သုရှင်တကာရွတ်ပိကို တိုက်ခိုက်အနိုင်ယူခဲ့တယ်။ ခုတစ်ခါ မုတ္တမကို ကျူးကျော်ဖို့ ပြင်ဆင်နေပြီ၊ မောင်တော့်အနေနဲ့ သူ့ကျွန်မခံလိုဘူး၊ ဒါကြောင့် ရန်ကို ရန်နဲ့ တုံ့ပြန်မယ်၊ စစ်ကို စစ်နဲ့ ရင်ဆိုင်မယ်''

စောစောက ရီဝေနေခဲ့သော စောဗညား၏ မျက်လုံးအစုံမှာ တဖျပ်ဖျပ်လက်လာသည်။ သူ၏မျက်နှာမှာ တင်းမာဟန်တွေ တရိပ်ရိပ် ထင်လာသည်။

မိဖုရားတလကမူ့က စောဗညားအား ပြုံးလျက်ကြည့်သည်။ တလကမူ၏အပြုံးတွင် နှစ်သိမ့်ဟန်အားပေးဟန်တွေ ပါဝင်နေ၏။

''မုတ္တမရဲ့စစ်အင်အားဟာ တော်ရုံရန်သူကို မမှုလောက်ပါဘူး။ မောင်တော်ရဲ့စစ်ပညာဟာလည်း မုတ္တမကို ကာကွယ်နိုင်စွမ်းရှိတဲ့ စစ်ပညာပါ၊ မုတ္တမသားတွေဟာ စစ်ကို ရင်ဆိုင်ရဲတဲ့သတ္တိတွေ ရှိကြပါတယ်၊ ဟံသာဝတီကြောင့် နှမတော်တို့တစ်တွေ လဲပြိုသွားစရာ မရှိပါဘူး''

စကားပြောနေရင်း မိဖုရား တလကမူ၏ မျက်နှာပေါ်မှ အပြုံးတွေ ပို၍ပီပြင်လာသည်။ ရွှန်းလဲ့စိုလက်သော တလကမူ၏ မျက်လုံးအစုံ မှာ အရောင်တဖျပ်ဖျပ်လက်နေလေသည်။

"နှမတော်ဟာ မင်းကေရာဇ်တစ်ပါးရဲ့နှမတော်ပီပီ အရာရာကို တည်တည်ငြိမ်ငြိမ် ရင်ဆိုင်နိုင်တဲ့စိတ်ဓာတ်မျိုး ရှိပါပေတယ်၊ နှမတော်ရဲ့ ရှင်းလင်းကြည်လင်တဲ့အမြင်ကလည်း မောင်တော့်ကို စိတ်အင်အားတွေ တက်ကြွစေတာ အမှန်ပဲ"

တလကမှူး၏မျက်နှာမှာ တည်ကြည်လေးနက်ဟန်တွေ ပေါ်လာသည်။ စစ်စိတ်စစ်သွေးကြောင့် မာကျောနေသော စောဗညား၏ နှလုံးသားမှာ ပျော့ပျောင်းစပြုလာသည်။ ထို့ပြင် စောဗညား၏ရင်မှာ အင်အားသစ်တွေ ပေါ်ထွက်လာစေသည်။

"နှမတော်ဟာ သေတစ်ပန်သက်တစ်ဆုံး မောင်တော့်အနားမှာနေပြီး၊ မောင်တော်ကို အားပေးနိုင်သူ အကောင်းအဆိုးမှန်သမျှကို မောင်တော်နဲ့အတူ ဝေမျှခံစားနိုင်သူ ဖြစ်ချင်ပါတယ်။ မောင်တော်နဲ့အတူ သာယာအေးချမ်းတဲ့မုတ္တမမှာ သေတစ်ပန်သက်တစ်ဆုံး နေချင်ပါတယ်။ မုတ္တမပြည်သူတွေကို မောင်တော်နဲ့အတူ ကာကွယ်ချင်ပါတယ်"

စောဗညားက တလကမှူး၏စကားကို နားထောင်ရင်း လှိုင်းပြေပြေလေးများ ညင်သာစွာ လှုပ်ရှားနေသော သံလွင်မြစ်ဘက်သို့ ငေးကြည့်သည်။ သူ၏လက်တစ်ဖက်က တလကမှူး၏လက်ကို ညင်သာစွာ ဆုပ်ကိုင်လိုက်သည်။ နူးညံ့နွေးထွေးသော တလကမှူး၏လက်ဖဝါးမှ အင်အားများစွာတို့ စောဗညား၏ကို◌်အတွင်းသို့ စိမ့်ဝင်နေသည့်ပမာ ရှိ၏။

"မောင်တော့်မှူးမတ်တွေက ဟံသာဝတီရဲ့ရာဇသံကို ငြင်းပယ်လိုက်တာ မှားယွင်းတယ်လို့ ဝေဖန်ကြတယ်။ ပညာရှိမှူးမတ်တချို့က စစ်ကို ရင်ဆိုင်ဖို့ တွန့်ဆုတ်နေကြတယ် နှမတော်"

"ဒါက နည်းလမ်းကျပါတယ် မောင်တော်၊ အေးအေးချမ်းချမ်းနေနေရစဉ်ကာလမှာ စစ်ကို လူတိုင်းကြောက်ကြမှာပဲ၊ စစ်က လယ်ကွင်းတွေကို ဖျက်ဆီးမယ်၊ စားနပ်ရိက္ခာတွေ ရှားပါးစေမယ်၊ စစ်က အိုးအိမ်တွေကို ဖျက်ဆီးမယ်၊ အသက်ဇီဝိန်တွေကို ချွေပစ်မယ်၊ စစ်ကြောင့်

ဝတ်ပြုတ်ဆင်းရဲကြ၊ သေကျေပျက်စီးကြရမယ်၊ မိတကွဲ ဖတကွဲ၊ သားတကွဲ မယားတကွဲ ဖြစ်ကြမယ်၊ အဲဒီအဖြစ်မျိုးကို ဘယ်သူက ရင်ဆိုင်ချင်ပါ့မလဲ''

''ဟုတ်ပါတယ် ... ဒါပေမဲ့''

တလကမှူ့က စောဗညားအား ပြုံးလျက်ကြည့်ရင်း ခေါင်းခါပြသည်။

''နှမတော်ပြောတာကို နားထောင်ပါဦး ... နောက်တော့မှ မောင်တော်က သွေးကြောင်နေတယ်လို့ထင်တဲ့ မှူးမတ်တွေကို အပြစ်တင်ပါ''

''ပြောပါဦး နှမတော် ... မောင်တော် နှမတော်ပြောတာကို နားထောင်ချင်ပါတယ်''

''မောင်တော့်မှူးမတ်တချို့မှာ စစ်ကိုကြောက်တဲ့စိတ်၊ စစ်ကို ရင်မဆိုင်ချင်တဲ့စိတ်တွေ ရှိကြပေမယ့်၊ တကယ်တမ်း စစ်က သူတို့ကို ဒုက္ခပေးလာပြီ၊ စစ်က သူတို့ရဲ့လွတ်လပ်ခွင့်ကို ထိပါးလာပြီဆိုရင် စိုးရိမ်စိတ်တွေ၊ ကြောက်စိတ်တွေ ပျောက်သွားပါလိမ့်မယ်၊ သူတို့ဟာ အကြောက်တရားကင်းမဲ့သူတွေအဖြစ်နဲ့ စစ်ကို ရင်ဆိုင်ကြပါလိမ့်မယ်''

''ဒီလိုပြောင်းလဲမှုတွေ တကယ်ပဲ ရှိလာမှာလား နှမတော်''

တလကမှူ့က တည်ကြည်အေးချမ်းသော မျက်နှာအမူအရာနှင့် စောဗညားအား ကြည့်သည်။ ထို့နောက် ခေါင်းကို ညင်သာစွာ ညိတ်လိုက်သည်။

''မုတ္တမသားတွေဟာ သွေးအေးကြ၊ စိုးရိမ်စိတ်ရှိကြပေမယ့်၊ သွေးမကြောင်ကြပါဘူး မောင်တော်၊ သူတို့ဟာ မုတ္တမအတွက် အသက်ပေးဖို့ ဝန်မလေးတာကို မောင်တော် တွေ့လာမှာပါ''

စောဗညားက တလကမှူ၏လက်ကို ဆွဲယူလိုက်သည်။ တလကမှူ၏ ကိုယ်လေး နွဲ့ယိုင်ပြီး၊ စောဗညား၏ဘေးတွင် ထိုင်မိသွား၏။ စောဗညားက တလကမှူ၏ခါးကျဉ်ကျဉ်လေးကို ညင်သာသိမ်မွေ့စွာ ဖက်တွယ်လိုက်သည်။

''နမတော်ဟာ သုရှင်ရဲ့နှမ ပီသပါတယ်၊ နမတော်ဟာ မောင်တော့်အတွက် အင်အားတစ်ရပ်ပါပဲ''

တလကမူက စောဗညား၏ရင်ခွင်အတွင်းတွင် ခေါင်းမှီပြီး ရွှန်းမြစွာသာနေသော လကို မော့ကြည့်သည်။ လမင်းဆီမှ ချို့မြခြင်းတွေ ဖိတ်လျှံကျဆင်းနေသည့်ပမာ စိတ်မှာ ထင်လာသည်။

''တကယ်တော့ စစ်ဆိုတာဟာ လောင်မြိုက်နေတဲ့ မီးပဲနော်၊ လောင်စာများလေ အရှိန်အဟုန်ပြင်းလေရှိကြတယ်၊ တကယ်လို့များ စစ်ပွဲတွေကို ရပ်ပစ်နိုင်ရင် လသာညတွေရဲ့အေးချမ်းမှုက ပိုလာမယ်၊ နေသာတဲ့နေ့တွေရဲ့ နွေးထွေးမှုကလည်း ပိုလာလိမ့်မယ်၊ နမတော်တို့ဟာ စစ်ကြောင့် လသာတဲ့ညရဲ့အေးချမ်းမှုကို အပြည့်အဝ မခံစားနိုင်ဘဲ သောကတွေ ရောက်နေကြရတယ်၊ နလုံးမသာမယာနဲ့ စိုးရိမ် ကြောင့်ကြ နေရတယ်''

စောဗညားက တလကမူ၏ပခုံးကို ညင်သာစွာ ဆုပ်ကိုင်သည်။ ထို့နောက် တလကမူအား စေ့စေ့ကြည့်ပြီး အသာအယာပြုံးသည်။

''မောင်တော် ကိုယ်တိုင်ကလည်း စစ်ကို မလိုလားပါဘူး၊ ဒါပေမဲ့ ရန်သူက ကျူးကျော်ရန်စလာပြီဆိုရင်တော့ လက်ပိုက်ပြီး ကြည့်မနေနိုင်ဘူး ... ငြိမ်မခံဘဲ တုံ့ပြန်ရမယ်လေ၊ ဒါက သဘာဝကျပါတယ်''

တလကမူ,က စောဗညားအား မော့ကြည့်ရင်းမှ ပင့်သက်ရှိုက်သည်။ ထို့နောက် ခေါင်းကို ညင်ညင်သာသာ ညိတ်သည်။

''ဟုတ်ပါတယ် မောင်တော် ... နမတော်တို့ဟာ စစ်ကိုစစ်နဲ့ ရင်ဆိုင်ရမယ်၊ ရန်သူတွေကို တိုက်ခိုက်ပြီးမှ ငြိမ်းချမ်းမှုကိုတည်ဆောက်ရပါမယ်''

• • •

# ဟံသာဝတီ

ညီလာခံခန်းမတစ်ခုလုံးမှာ အသံဗလံဟူ၍ မရှိ။ ပကတိ တိတ်ဆိတ်နေသည်။ ရာဇပလ္လင်ရှေ့တွင် ရှိနေကြသော မှူးမတ်သေနာပတိတို့မှာ ကြမ်းပြင်ပေါ်သို့ ဝပ်ချနေသည့်ပမာ ခေါင်းငုံ့ထားကြသည်။

ပလ္လင်ထက်တွင် ထိုင်နေသည့် မင်းတရားရွှေထီးသည် မီးထတောက်တော့မည့်နှယ် အရောင်လက်နေသော မျက်လုံးအစုံဖြင့် ပလ္လင်အောက်မှ ခစားနေသော မှူးမတ်သေနာပတိတို့အား ကြည့်သည်။

ကြမ်းပြင်ပေါ် ပျပ်ဝပ်ခစားနေသော မှူးမတ်သေနာပတိများကြား၌ မုတ္တမမှပြန်လာသော သံတမန်များ ရှိသည်။ ထိုသံတမန်တို့သည်လည်း အများနည်းတူ ကြမ်းပြင်ပေါ်တွင် ပြားပြားဝပ်နေ၏။

''မုတ္တမက ပြန်လာတဲ့ သံတမန်တွေ ... မုတ္တမစားတို့ပြန်ရေးသားလိုက်တဲ့ ရာဇသံစာကို ပြန်ဖတ်ပြစမ်း''

စောဗညားထံမှ အကြောင်းပြန်ကြားစာကို ယူလာသော သံအဖွဲ့မှူးက သူ့လက်ထဲတွင် ကိုင်ထားဆဲဖြစ်သည့် ပြန်ကြားစာကို ဖတ်ပြသည်။

ဟံသာဝတီနေပြည်တော်ကို စိုးမိုးအုပ်ချုပ်နေသော မင်းတရားရွှေထီးသိသာစေရန် ကျွန်ုပ် မုတ္တမဘုရင်စောဗညားက ပြန်ကြားစာ ပို့လိုက်သည်။

ကျွန်ုပ်တို့ မုတ္တမသုံးဆယ့်နှစ်မြို့သည် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်အချုပ်အခြာအာဏာနှင့်ကိုယ် နေလာခဲ့သည်မှာ ကြာပြီ။ ထီးဆောင်းမင်းအချင်းချင်း ခင်မင်လေးစား အရေးထားသော်လည်း၊ ကျွန်ုပ်တို့သည် မည်သူ့လက်အောက်ကိုမှ ခိုဝင်မှာမဟုတ်။ မည်သူ့ တစ်စုံတစ်ယောက်ကိုမှ ကျွန်ခံမှာ မဟုတ်ကြောင်း သိစေပါသည်။

မုတ္တမဘုရင် စောဗညား

သံအဖွဲ့မှူး၏အသံက နန်းရင်ပြင်တစ်ခုလုံးသို့ ပျံ့လွင့်နေသည်။ သူ၏အသံအဆုံးတွင် ရာဇပလ္လင်ပေါ်ရှိ တပင်ရွှေထီး၏ တက်ခေါက်သံ ကျယ်လောင်စွာ ပေါ်လာသည်။

''သင်းက သင်းကိုယ်သင်း မုတ္တမဘုရင်တဲ့လား''

တပင်ရွှေထီးက အေးစက်မာကျောသော အသံဖြင့် ပြောဆိုပြီးနောက်၊ မှူးမတ်သေနာပတိတို့၏ရှေ့ သလွန်ပေါ်တွင် ထိုင်နေသော ဘုရင့်နောင်ကျော်ထင်နော်ရထာအား လှမ်းကြည့်သည်။

''မုတ္တမစားရဲ့ပြန်ကြားစာကို ကြားရဲ့မဟုတ်လား နောင်တော်၊ မချေမင် တုံ့ပြန်ရဲတဲ့ ငမိုက်သားကို ချက်ချင်းအရေးယူ အပြစ်ပေးရမယ်။ ငါ့ကိုတောင် မချေင်တဲ့နောက် မုတ္တမစားဟာ သံအဖွဲ့အပေါ်မှာလည်း မောက်မာစော်ကားခဲ့လိမ့်မယ်၊ သံအဖွဲ့မှူး ... မုတ္တမစားက သင်တို့ကို ထိခိုက်နာကျင်အောင်ပြုခဲ့သလား၊ မောက်မာ စော်ကား ရမ်းကားတာ

တွေ ရှိခဲ့သလား ... လျှောက်တင်စမ်း''

တပင်ရွှေထီးသည် ဘုရင့်နောင်အားပြောနေရင်းမှ သံအဖွဲ့မှူးကို လှမ်းမေးသည်။ သံအဖွဲ့မှူးက လက်နှစ်ဖက်ကို ဦးထိပ်တင်ပြီး ...

''မှန်လှပါ ... မုတ္တမနန်းတော်က ကျွန်တော်မျိုးတို့ကို ကောင်းမွန်စွာ ကြိုဆိုခဲ့ပါတယ်၊ မုတ္တမရဲ့ပြန်ကြားစာကို စောင့်နေစဉ်မှာ ညော့ဝတ်ကျေပွန်ခဲ့ကြပါတယ်၊ ကျွန်တော်မျိုးတို့အပြန်မှာ လက်ဆောင်များ ပေးခဲ့ပါတယ်''

''ဒါဆို မုတ္တမစားက ငါ့ကိုသာ မခံ့မညားလုပ်လိုက်တာပေါ့၊ တောက် ... ရိုင်းလိုက်လေ၊ ဒါဟာ ရန်စစော်ကားမှုတစ်ခုပဲ နောင်တော်၊ ငါတို့ မုတ္တမကို ချီတက်တိုက်ခိုက်မယ်၊ အမြန်ဆုံး တပ်တွေကို ပြင်ဆင်ပါ၊ မုတ္တမစားဟာ ဘုရင်ဂျီကြေးစားတပ်တွေ အားကိုးနဲ့ ငါ့ကို သစ္စာမခံဆန့်ကျင်တာဖြစ်မယ်၊ ဒါကြောင့် ငါတို့အင်အားကို ပြဖို့လိုလိမ့်မယ်''

''မှန်လှပါ ... မုတ္တမစားဟာ နိုင်ငံရပ်ခြားတိုင်းတစ်ပါးက ကြေးစားတွေ အားကိုး၊ အမြောက်စိန်ပြောင်းလက်နက်ကောင်းတွေ အားကိုးနဲ့ ထောင်လွှားနေတာပါ၊ ညီတော်ဘုရင်မင်းမြတ်ကို သစ္စာမခံဆန့်ကျင်တဲ့အတွက် သင်းတို့ကို စစ်အင်အားအပြည့်အစုံနဲ့ ချီတက်တိုက်ခိုက်မှ အောင်မြင်ပါ့မယ်၊ ဒါကြောင့် မြင်းနှစ်ထောင့်တစ်ရာ၊ တိုက်ဆင် တစ်ရာ့သုံးဆယ်, စစ်သည်ရဲမက်အင်အား တစ်သိန်းကျော်နဲ့ ချီတက်တိုက်ခိုက်သင့်ပါတယ်''

''တိုက်ပွဲဝင်ဖို့ ဆင်မြင်းနဲ့တကွ စစ်သည်ရဲမက်တွေကို နောင်တော် အသင့်ပြင်ပါ၊ အထိန်းတော်ကြီး သတိုးဓမ္မရာဇာကို မြို့စောင့်အဖြစ်ထားခဲ့ပြီး၊ ငါတို့ တိုက်ပွဲထွက်မယ်''

ညီလာခံစဲသည်နှင့် ဘုရင့်နောင်က တပ်မှူးစစ်ကဲများကို ခေါ်ယူပြီး ဆင်တပ်၊ မြင်းတပ်၊ ခြေလျင်တပ်များ ဖွဲ့စည်းပေးသည်။ စစ်သည်ရဲမက်များကို ချက်ချင်း စစ်ထွက်ရန် ပြင်ဆင်စေပြီး၊ တပ်အပေါင်းကို ကိုယ်တိုင် စစ်ဆေးသည်။

ဘုရင့်နောင်က တပ်အပေါင်းကို လှည့်လည်စစ်ဆေးစဉ်တွင်

ကိုယ်ရံတော်တပ်မှူးလေး သမိန်မှာ နောက်တော်က ပါရသည်။ သခင်ဖြစ်သူ၏ စစ်စိတ်စစ်သွေး ပြည့်ဝတက်ကြွနေပုံကို ကြည့်ပြီး၊ သမိန်ကိုယ်တိုင်မှာလည်း စိတ်တက်ကြွနေရသည်။

"ညီတော်ဘုရင်မင်းမြတ်ဟာ စစ်သူရဲကောင်းပီသလွန်းတယ်၊ တိုက်ပွဲတွေမှာ အကြောက်အလန့် မရှိဘူး၊ တက်ကြွဝံ့စားတယ်၊ မင်းသူရဲကောင်းဖြစ်ချင်ရင် ညီတော့်ကို အတုယူပါ သမိန်"

ဆင်တပ်ကို စစ်ဆေးပြီး အပြန်တွင် ဘုရင့်နောင်က နောက်ပါးမှ ပါလာသော သမိန်အား ပြောသည်။ သမိန်က ကွမ်းတမြုံ့မြုံ့ဝါးနေရင်းမှ ပြုံးသည်။

"ငါ့စကားမှာ ဘာများပြုံးရယ်စရာပါလို့ မင်းကပြုံးနေတာလဲ သမိန်"

ဘုရင့်နောင်က နောက်သို့ လှည့်မကြည့်ဘဲနှင့် မေးသည်။ ထိုအမေးစကားကြောင့် သမိန် ထိတ်လန့်သွား၏။ နောက်သို့ လှည့်မကြည့်ဘဲနှင့် သူ ပြုံးသည်ကို သိနေခြင်းအတွက် စိတ်ထဲတွင် တအံ့တသြဖြစ်နေမိသည်။

"နောက်လှည့်မကြည့်ဘဲနဲ့ မင်းပြုံးတာကို ငါသိလို့ အံ့သြနေသလား သမိန်ငယ်၊ မင်းပြုံးလိုက်တုန်းက ပေါ်လာတဲ့ နှာမှုတ်သံကို ငါ သေသေချာချာ ကြားလိုက်တယ်၊ ကဲ ဆိုစမ်း . . . မင်းက ဘာဖြစ်လို့ ပြုံးရတာလဲ"

"ကျွန်တော်မျိုးက အရှင့်အတုကို ယူနေတာမို့ တခြားသူရဲ့ အတုကို ယူနေစရာ မလိုပါဘူး အရှင်၊ ကျွန်တော်မျိုးမှာ အတုယူစရာ အရှင်ရှိတယ်ဆိုတာ တွေးမိလို့ ပြုံးလိုက်တာပါ"

"ငါ့ထက် ညီတော်မင်းတရားရွှေထီးက ပိုပြီးရဲရင့်ပြတ်သားတယ် သမိန်"

"မှန်ပါ . . . ရဲတိုင်း သူရဲကောင်းလို့ ကျွန်တော်မျိုး မထင်ပါဘူး။ ကျွန်တော်မျိုးရဲ့ရောင်းရင်း ဗလရဲထင်ရဲ့အဖြစ်က သာဓကပါပဲ"

ဘုရင့်နောင်၏မျက်နှာတွင် အပြုံးရိပ်တွေ ဖျတ်ခနဲထင်သွားသည်။

''ဒီစကားကို ဒီမှာပဲ ရပ်၊ မင်း အခုပြောလိုက်တာတွေဟာ ရာဇဝတ်ဘေးနဲ့ နီးလှတယ်၊ ငါတို့ရဲ့အရှင်သခင် ညီတော်ဘုရင်မင်းမြတ်ဟာ မိုက်ရှုံမိုက်တတ်တဲ့ဘုရင်မျိုး မဟုတ်ဘူး . . . တကယ့်ကို ရဲစွမ်းသတ္တိရှိတဲ့ ဘုရင်၊ သူ့ရဲကောင်းလို့ အခေါ်ခံထိုက်သူ စစ်စစ်ပဲ သမိန်ငယ်၊ ငါ့အပေါ် ခင်မင်တာကြောင့် ဘုရင်မင်းမြတ်အပေါ် မစော်ကားမိစေနဲ့''

ပြတ်သားသော ဘုရင့်နောင်၏စကားက သမိန်အား နှုတ်ပိတ်တိတ်ဆိတ်သွားစေသည်။ သမိန်သည် ဘုရင့်နောင်၏နောက်မှ လိုက်ရင်း သူပြောခဲ့သည့်စကားများနှင့် ပတ်သက်ပြီး စဉ်းစားသည်။

''ငါစကားမှာ အမှားမပါပါဘူး၊ ဘုရင်မင်းမြတ်ဟာ သတ္တိရှိတဲ့ သူ့ရဲကောင်းဖြစ်ချင်ဖြစ်မယ်၊ ဒါပေမဲ့ ငါ့နှလုံးသားထဲမှာတော့ ငါ့အရှင် ကျော်ထင်အနော်ရထာဟာ သူ့ရဲကောင်းပဲ''

တပ်မှူးလေးသမိန်က သူ့အတွေးနှင့်သူ ကျေနပ်သွားသည်။ ယခုတစ်ကြိမ်မှာတော့ သူ မပြုံးဖြစ်လိုက်။ သူ၏စိတ်နှလုံးက မကြာခင် တွေ့ရတော့မည့် စစ်ပွဲများဆီသို့ ရောက်သွားလေသည်။

• • •

တောထူထူ တောင်မြင့်မြင့်တို့သည် ဟံသာဝတီတပ်ကို မတားဆီးနိုင်။ အင်အားတစ်သိန်းကျော်ရှိသော ဟံသာဝတီတပ်သည် တောထူထူကို တိုးဖြတ်သည်။ တောင်မြင့်မြင့်တို့ကို ကျော်ဖြတ်သည်။

ဟံသာဝတီတပ်များ၏ရှေ့ပြေး မြင်းတပ်သုံးတပ်ကို စစ်တုရင်သူ၊ အင်ယဉ်တုရင်၊ ဇေယျတာမန်တို့က အသီးသီး ဦးစီးအုပ်ချုပ်ကြသည်။

နန္ဒကျော်သူ၊ ဘယနန်သူ၊ ဗညားမရှု၊ နန္ဒယော်စာ၊ သီရိဇေယျကျော်ထင်၊ နန္ဒသကြံ၊ သက်ရှည်ကျော်ထင်တို့ ဦးစီးအုပ်ချုပ်သည့် ခြေလျင်တပ် ခုနစ်တပ်က မြင်းတပ်နောက်မှ လိုက်သည်။

မြင်းတပ်နှင့် ခြေလျင်တပ်တို့နောက်မှ ဆင်လေးဆယ်၊ မြင်းလေးဆယ်၊ စစ်သည်ရဲမက်အင်အားလေးသောင်းမျှပါသော ဟံသာဝတီပြည့်ရှင်မင်းတရားရွှေထီးကိုယ်တိုင်အုပ်ချုပ်သည့်တပ်က လိုက်ပါသည်။

တပ်မှူးလေးသမိန်သည် ရှေ့မှချီတက်သွားနေသည့် တပ်များကို လှမ်းမျှော်ကြည့်သည်။ ပြီးလျှင် ဘုရင့်နောင်ကျော်ထင်နော်ရထာကိုယ်တိုင်ဦးစီးသော နောက်ဆုံးမှချီလာသည့် မိမိတို့တပ်ကို မျက်လုံးဝေ့ပြီး ကြည့်သည်။ ဆင်သံ၊ မြင်းသံ၊ ခပ်ကြမ်းကြမ်း နင်းလျှောက်သည့်ခြေသံ . . . စသည့် အသံဗလံပေါင်းစုံညံနေသော မိမိတို့တပ် ချီလာရာလမ်းတစ်လျှောက်တွင် ဖုန်တလုံးလုံးထ ကျန်ရစ်သည်ကို တွေ့ရ၏။

ပထမနေ့တွင် တပ်သည် စစ်တောင်းမြစ်အနီးသို့အရောက်တွင် တပ်ချ ရပ်နားသည်။ ဒုတိယနေ့ စစ်တောင်းမြစ်ကို ကျော်မိသည်နှင့် တောက ပိုပြီး ထူလာသည်။ တောင်တွေကလည်း ပိုပြီးမြင့်လာသည်။ တစ်ညတာ အနားယူခဲ့ရသော စစ်သည်ရဲမက်တို့၏ခြေလှမ်းများမှာ ပိုသွက်လက်လာသည်။ သမိန်မှာ တပ်ရှေ့ကို ထွက်လိုက်၊ တပ်နောက်ကို ပြန်ကြည့်လိုက်နှင့် မြင်းဖြင့် လှည့်လည်ကြည့်ရှုတတ်သော ဘုရင့်နောင်၏ နောက်မှ မြင်းတစ်စီးနှင့် လိုက်ရသည်ကို ငြီးငွေ့စရာဟု မထင်။ ဘုရင့်နောင် အပါးမှာ နေရသည်နှင့်ပင် စိတ်တက်ကြွကာ တိုက်ချင်ခိုက်ချင် ရှိနေသည်။

တတိယနေ့တွင် သုဝဏ္ဏဘုမ္မိမြို့ဟောင်းအနီးသို့ ရောက်သည်။

သမိန်က ညအိပ်စခန်းချရာတွင် တပ်မင်းကြီးဘုရင့်နောင်ကိုယ်စား ကင်းများကို လှည့်လည် စစ်ဆေးရသည်။ ဘုရင့်နောင်မှာ မင်းတရား ရွှေထီး၏ ယာယီစံနန်းသို့ သွားရောက်အခစားဝင်နေရ၏။

ဗိုလ်မှူးသမိန်သည် မြင်းတစ်စီးနှင့် တပ်ပတ်ဝန်းကျင်တွင် လှည့်လည်ရင်း တောင်မြင့်မြင့်တစ်လုံးအနီးသို့ ရောက်သည်။ ထိုတောင်မှာ သုဝဏ္ဏဘုမ္မိမြို့ဟောင်းနှင့် အနီးဆုံး တောင်တန်းဖြစ်သည်ကို သိလိုက်ရ၏။ သူက မြင်းကို တောင်ခြေတွင် ထားခဲ့ပြီး၊ တောင်ပေါ်သို့ တက်သည်။ တောင်ပေါ်မှနေ၍ ပတ်ဝန်းကျင်ကို ကြည့်သည်။

ရှာဟောင်းရှာယယ်လေးတစ်ရွာမျှသာဖြစ်နေသော သုဝဏ္ဏဘုမ္မိမင်းနေပြည်တော်ကို ငေးမျှော်ကြည့်ရင်း၊ တစ်ခါက ကြက်ပျံမကျ စည်ကားခဲ့သည့် မြို့တော်ကို အတွေးဖြင့် မြင်ယောင်မိသည်။

သာသနာကို စောင့်ရှောက်လိုစိတ် ကြီးမားလွန်းသော မနူဟာဘုရင်၊ သူရဲကောင်းတစ်ယောက်ဖြစ်သော်လည်း သုဝဏ္ဏဘုမ္မိတွင် အပြစ်ဒဏ်သင့်ခဲ့ရသော ဗျတ်ဝိ၊ အသက်အသေမခံနိုင် အရှုံးမပေးနိုင်သဖြင့် ဘေးလွတ်ရာသို့ပြေးရင်း ပုဂံကို ရောက်သွားခဲ့သည့် သူရဲကောင်း ဗျတ္တတို့ကို အတွေးမှမြင်ယောင်လာသည်။

''သူရဲကောင်းတွေ ဓားနဲ့ရေးခဲ့တဲ့ သမိုင်းထဲက အဖြစ်အပျက်တွေဟာ သင်ခန်းစာ ရစရာတွေချည်းပါပဲလား၊ သူရဲကောင်းရဲ့အဓိကတာဝန်က သစ္စာစောင့်သိခြင်းပဲ၊ ဗျတ်ဝိဟာ သူ့အရှင်သခင်အပေါ်မှာ သစ္စာစောင့်တယ်၊ အထင်မှားခံရတဲ့အပြစ်နဲ့ အသတ်ခံရတာတောင် သစ္စာမပျက်ဘူး၊ အရှင်သခင်နဲ့ သုဝဏ္ဏဘုမ္မိကို စောင့်ရှောက်တယ်၊ ငါ အဲသလို သူရဲကောင်းမျိုး ဖြစ်နိုင်ပါ့မလား''

မြို့ဟောင်းဘက်သို့ငေးရင်း တွေးနေရာမှ ရိပ်ခနဲမြင်လိုက်ရသော လှုပ်ရှားမှုတစ်ခုကြောင့် ခန္ဓာကိုယ်တစ်ခုလုံး တောင့်ခနဲဖြစ်သွားရသည်။ သူက စူးရှအရောင်လက်သော မျက်လုံးအစုံဖြင့် လှုပ်ရှားမှုပေါ်လာရာဆီသို့ စူးစိုက်လျက်ကြည့်သည်။

လှုပ်ရှားမှု ပေါ်ထွက်လာသည်မှာ တောင်ခြေရှိ သစ်ပင်ကြီး

တစ်ပင်အောက်မှ ဖြစ်သည်။ ထိုသစ်ပင်အောက်တွင် ထင်းခွေသမား၊ သစ်ခုတ်သမားနှင့်တူသော လူတစ်ယောက်ရှိနေသည်။ ထိုသူက ခေါင်းပေါင်းထားသော ပုဆိုးပိုင်းကိုဖြည်၊ နဖူးပေါ်မှချွေးတို့ကို သုတ်ပြီးနောက် ဘေးပတ်ဝန်းကျင်သို့ မျက်လုံးဝေ့ကြည့်သည်။

ထင်းခွေသမား၊ သစ်ခုတ်သမားနှင့်တူသူ၏အကြည့်က စူးရှသည်။ သူ၏လှုပ်ရှားပုံက လေ့ကျင့်သားကျနေသည့်ဟန် ရှိသည်။ ထိုသူက ပုဆိုးပိုင်းကို ပခုံးထက်တွင်တင်၊ ထင်းစည်းကို ဘေးမှာချပြီး သစ်ပင်ခြေရင်း၌ ထိုင်ချလိုက်သည်။

''သူက ထင်းခွေသမားနဲ့တူအောင် ထင်းတစ်စည်း, ဓားမတစ်လက်ကို ဆောင်လာတယ်၊ ဒါပေမဲ့ ထင်းစည်းထဲမှာထိုးထားတဲ့ ဓားလွယ်ကို လုံအောင် မဝှက်နိုင်ဘူး၊ ဓားအိမ်မှာ စီထားတဲ့ကျောက်က အရောင်တဖျပ်ဖျပ်လက်သွားတာကို ငါ . . . ဒီနေရာကနေတောင် မြင်ရတယ်၊ ကျောက်စီဓားကို ဆောင်လာတယ်ဆိုတဲ့လူဟာ တော်ရုံ လူ မဟုတ်ဘူး၊ ငါ သူ့အနားရောက်အောင် သွားကြည့်မှပဲ''

ဗိုလ်မှူးလေးသမိန်က တောင်အောက်တွင် လွှတ်ထားသည့် သူ၏ မြင်းကို တစ်ချက်လှမ်းကြည့်သည်။ ထို့နောက် ထင်းခွေသမားရှိရာဘက်သို့ ခြေသံလုံလုံ နင်းပြီး ထွက်ခဲ့သည်။

ထင်းခွေသမားရှိနေရာသို့ နီးလာစဉ် စကားပြောသံသဲ့သဲ့ကို ကြားရသည်။ တောင်ပေါ်မှမြင်ရသော သစ်ပင်အောက်တွင် ထင်းခွေသမားတစ်ယောက်တည်း မဟုတ်တော့။ သူ၏အပေါင်းပါတွေ ရောက်နေကြပြီ ဟု သိလိုက်သည်။ ထို့ကြောင့် သမိန်က ဆောင်ဓားကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး၊ ခြေသံ လုံသည်ထက် လုံအောင် နင်းပြီး လျှောက်သည်။

စကားသံတွေ ပို၍ ကျယ်လာသည်။ ကြားရသည့်စကားသံများကြောင့် လူငါးယောက်ခန့်ရှိလိမ့်မည် ဟု ခန့်မှန်းရ၏။ သမိန်က ချုံတစ်ခုနှင့် ကွယ်နေသော သစ်ပင်နှင့် နီးနိုင်သမျှ နီးအောင် ချဉ်းကပ်သည်။ ရှေ့ကို အာရုံစိုက်နေသဖြင့် သစ်ကိုင်းခြောက်တစ်ခုကို နင်းမိ

သွား၏။ ဖျောက်ခနဲ မြည်သွားသော သစ်ကိုင်းခြောက်ကျိုးကြေသံကို မိုးထစ်ချုန်းသံလား ဟု စိတ်ကထင်မှတ်ပြီး သမိန်ထိတ်လန့်သွားသည်။

သူက လှုပ်ရှားမှုကို ရပ်တန့်ပြီး၊ ချုံကွယ်တစ်ခုသို့ ဝင်လိုက်သည်။ ထိုအချိန်လေးတွင် စကားပြောသံတွေ ရပ်တန့်သွားသည် ဟု စိတ်က ထင်မိ၏။ သူက ငြိမ်သက်တိတ်ဆိတ်စွာနှင့် အသံဗလံများကို နားစွင့်သည်။ ထိုအခါ စကားသံတို့ကို သဲကွဲစွာကြားရလေသည်။

''အခု ချီလာနေတာ ဟံသာဝတီတပ်တွေလို့ သိရတယ်၊ စစ်သည်အင်အား သိန်းနှင့် ချီနေတယ်၊ သူတို့က မုတ္တမကို တိုက်ခိုက်ကြမှာပဲ ဗိုလ်မှူး၊ ကျုပ်တို့ မုတ္တမကို အမြန်ဆုံးပြန်မှထင်တယ်''

''ပြန်ရမှာပေါ့၊ အခြေအနေကို သိနေရပြီဆိုတော့ ဒီကနေပဲ လှည့်ပြန်ရမယ်''

စကားပြောသံများ ပျောက်သွားပြီး၊ လှုပ်ရှားသံများ ပေါ်လာသည်။ သမိန်က ဓားကိုပြင်ပြီး ချုံအကွယ်မှ ထွက်လိုက်၏။

''ဟိတ် ... မလှုပ်နဲ့''

လူငါးယောက်က သမိန့်ကို လျင်မြန်စွာ ဝိုင်းရံလိုက်သည်။ စေစောက ထင်းခွေသစ်ခုတ်သမားပုံနှင့်ရှိနေသူက ကျောက်စီဓားကို ထင်ထင်ပေါ်ပေါ် ကိုင်ထားလျက်ရှိသည်။

''ရောင်းရင်းက ကျုပ်တို့ကို ဘာဖြစ်လို့ တိတ်တဆိတ် လာချောင်းရတာလဲ''

''မသင်္ကာလို့ လာချောင်းတာ၊ ကျုပ်က ဟံသာဝတီတပ်မင်းကြီး ဘုရင့်နောင်ကျော်ထင်နော်ရထာရဲ့ ကိုယ်ရံတော် သမိန်ပဲ''

''ဩော် ... တကယ့်လူနဲ့မှ လာတွေ့နေတာကိုး၊ ကျုပ်နာမည်က သီဟသူရ၊ မုတ္တမဘုရင်ရဲ့ နာခံတော်မှူးပဲ၊ ဘုရင့်အမိန့်နဲ့ ရှေ့တန်းကို ထွက်ပြီး ထောက်လှမ်းတာ၊ ရန်သူတပ်မှူးနဲ့တည့်တည့် လာတိုးနေတယ်''

''ကိုယ့်တာဝန် ကိုယ်ထမ်းဆောင်ကြတာပေါ့ ... ဟုတ်လား၊ ကျုပ်က ကျုပ်တာဝန်ကို ထမ်းဆောင်တဲ့အနေနဲ့ စပြီးတိုက်တောမယ်

. . . ဓားပြင်ပေတော့''

''နေပါဦး''

''ဘာလဲ . . . ကျုပ်ဆီက တစ်ခုခုသိရမယ်ထင်ပြီး တားတာလား၊ ဒါမှမဟုတ် ထွက်ပြေးဖို့ အချိန်ရအောင်လို့ တားတာလား''

''ကျုပ်တို့က ငါးယောက်၊ ရောင်းရင်းက တစ်ယောက်တည်းဖြစ်နေလို့ သတိထားဖို့ ပြောချင်လို့ပါ''

''အောင်မယ် . . . မုတ္တမသားက စော်ကားချင်စိတ် တယ်များတာကိုး၊ ကဲ . . . တစ်ယောက်တည်းသမားရဲ့အကျိုးကို ထိအောင်တိုက်စမ်း''

တပ်မှူးလေးသမိန်၏ လက်ထဲက ဓားမှာ ရုတ်ခြည်း အသက်ဝင်လာသည်။ သူက မုတ္တမနာခံတော်မှူး သီဟသူရနှင့် နောက်လိုက်တို့အား လျှပ်တစ်ပြက် တိုက်ခိုက်သည်။ လျင်မြန် သွက်လက်ပြီး ပိရိသေသပ်သော ဓားချက်ကြောင့် သီဟသူရတို့တစ်တွေ ရုတ်တရက်နောက်ဆုတ်လိုက်ကြသည်။ ထို့နောက်တွင် သီဟသူရ၏နောက်လိုက်လေးယောက်က ကြွေးသံပေးအော်ဟစ်ပြီး၊ သမိန်ကို တစ်ပြိုင်နက်တည်းဝင်တိုက်ကြသည်။

သမိန်က သူ့ထံသို့ တစ်ပြိုင်နက်တည်း ဝင်လာသော ဓားလေးလက်ကို ကျွမ်းကျင်လိမ္မာစွာ ရှောင်သည်။ ပြီးလျှင် သူ၏ရန်သူလေးယောက်ကို တစ်ပြိုင်နက်တည်း တိုက်ခိုက်သည်။ သမိန်၏ ဓားသည် အလက်ပေါင်းများစွာ ခွဲထွက်သကဲ့သို့ အရိပ်များ ခွဲထွက်ပြီး၊ ပြင်းထန်သောဓားချက်များ မုတ္တမသားတို့ထံ အဆက်မပြတ် ဝင်ရောက်နေသည်။ တစ်ခဏအကြာတွင် မုတ္တမသားထံမှ နာကျင်စွာ အော်ဟစ်သံ ပေါ်လာပြီး သွေးတွေ ဖြာခနဲ ထွက်လာသည့်ညာလက်ကို ဘယ်လက်ဖြင့်ဆုပ်ကိုင်ကာ နောက်ဆုတ်သွားသည်။ သမိန်က ရှေ့ကို တိုးပြီး ကျန်မုတ္တမသားများအား အရှိန်မြှင့်ပြီး တိုက်ခိုက်သည်။

''သူက တစ်ယောက်တည်းသမားပေမယ့် ဓားရေးကောင်းလှတယ်၊ ကျုပ်တို့ကို ဝင်ကူပါဦး မိုလ်မှူး၊ အခုလိုအချိန်မှာ သူ့ရဲကောင်း

စိတ်တွေ မွေးမနေပါနဲ့၊ ကျွန်တော်မျိုးတို့အတွက် အနိုင်ရဖို့ လိုနေပါတယ်၊ ကျွန်တော်မျိုးတို့တစ်တွေ မုတ္တမကို အသက်ရှင်လျက်နဲ့ ပြန်မှ ဖြစ်ပါမယ်''

မုတ္တမသားတစ်ယောက်က ဘေးမှာ နေပြီး ရပ်ကြည့်နေသော သီဟသူရအား လှမ်းပြောသည်။ သီဟသူရ ပင့်သက်ရှိုက်ပြီး၊ ဓားအိမ်ထဲမှ ဓားကို ဆွဲထုတ်သည်။

''မင်းတို့ နောက်ဆုတ်ကြ ... ငါတစ်ယောက်တည်း ရန်သူကို ရင်ဆိုင်မယ်''

''ဟာ ... မိုလ်မှူးကလည်း ပွဲမြန်မြန်သိမ်းအောင် ကျုပ်တို့အားလုံး တစ်ပြိုင်နက်တည်း တိုက်ကြမယ်''

မုတ္တမသားက ပြောပြောဆိုဆို သမိန့်ထံသို့ ဓားချက် သွင်းသည်။ သမိန်က သူ့ဓားဖြင့် လျှပ်တစ်ပြက်ကာသည်။ ဓားချင်းထိသံ ကျယ်လောင်စွာ ပေါ်လာပြီးနောက် မုတ္တမသား၏ဓား ကျိုးသွား၏။ သမိန်၏ဓားက မုတ္တမသား၏ဓားကို ချိုးရုံမက မုတ္တမသား၏ ဖက်ကိုပါ ဖြတ်လိုက်သည်။

''ဟင်''

''ဟာ''

မုတ္တမသားတွေ ထိတ်လန့်သွား၏။ ထိုအချိန်မှာပင် မြွေတစ်ကောင်တိုးဝင်သည့်ပမာသော ဓားချက် သမိန့်ထံသို့ တိုးဝင်လာသည်။ သမိန်မရှောင်နိုင်ခင်မှာပင် ထိုဓားချက်က သမိန်၏ ဓားကိုင်လက်ကို ရိုက်ချသည်။ ချွင်ခနဲ မြည်သံနှင့်အတူ သမိန့်လက်ထဲမှဓား လွတ်ကျသွားလေ၏။

• • •

သမိန်က ဘုရင့်နောင်ရှေ့တွင် ခေါင်းငုံ့လိုက်၏။ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားသည့်လက်နှစ်ဖက်မှာ တဆတ်ဆတ် တုန်နေသည်။

"ငါတို့တပ်အနားလာပြီး ထောက်လှမ်းတဲ့ရန်သူက မင်းကို တိုက်ခိုက်ပြီး ထွက်ပြေးလွတ်မြောက်သွားတယ် . . . ဟုတ်လား၊ ငါရဲ့ ကိုယ်ရံတော်တပ်မှူးက ရန်သူကို အရှုံးပေးလိုက်ရသတဲ့လား"

သမိန်က ဘုရင့်နောင်အား ဖြည်းညင်းစွာ မော့ကြည့်လာသည်။ တောက်ပအရောင်လက် နေတတ်လေ့ရှိသော သူ၏မျက်လုံးအစုံမှာ မျက်ရည်များ ပြည့်အိုင်လျက် ရီဝေနေသည်။

"ကျွန်တော်မျိုးကို အပြစ်ဒဏ်ချမှတ်ပေးပါ အရှင်၊ ကျွန်တော်မျိုးဟာ ရန်သူ့အထောက်တော်တွေကို မဖမ်းဆီးနိုင်ခဲ့ပါဘူး"

ဘုရင့်နောင်က သမိန်အားကြည့်ပြီး ခေါင်းဆတ်ခါလိုက်၏။

"ရန်သူတစ်ယောက် မင်းလက်ချက်နဲ့ သေဆုံးသွားခဲ့တယ်လေ၊ ဒီတစ်ခါ မင်းညံ့သွားပေမယ့် အဲဒီရလဒ်နဲ့ပဲ စိတ်ဖြေလိုက်ပါ၊ ငါတို့ အခြေအနေကို လာပြီး ထောက်လှမ်းတဲ့ ရန်သူတွေက ဘာရသွားသလဲ၊ ငါတို့ရဲ့အင်အား, ငါတို့ရဲ့အနေအထားကို သိသွားရုံပဲရှိတယ် မဟုတ်လား။ ဒါက အဲဒီထဲက အမြတ်လို့ပဲမှတ်ပါ၊ အခုတိုက်ပွဲကြောင့် မင်း မှတ်သားစရာတစ်ခု တိုးလာပြီ၊ အဲဒါ ဘာလဲဆိုတော့ ကိုယ့်ကိုယ်ကိုယ် အထင်မကြီးနဲ့၊ ရန်သူကို အထင်မသေးနဲ့ ဆိုတာပဲ၊ ကဲ . . . မင်းသွားနားတော့ . . . ကင်းတွေကို ငါကိုယ်တိုင်ပဲ စစ်မယ်"

သမိန်က ဘုရင့်နောင်အား အရိုအသေပြုပြီး အနားမှထွက်သည်။ ယခုအချိန်အထိ ကျင်နေဆဲဖြစ်သော ညာလက်ကို နှိပ်နယ်လာသည်။ ရှုံးနိမ့်ခြင်း၏ ခါးသီးမှုကို ခံစားရင်း၊ သူ၏ အားနည်းချက်များကို ပြန်စဉ်းစားသည်။

"အင်း . . . အရှင်ပြောတဲ့အတိုင်းပဲ . . . ငါ ရန်သူနဲ့တွေ့တဲ့ အချိန်မှာ စိတ်ကြီးဝင်နေခဲ့တယ်၊ သိပ်ပြီး သူ့ရဲ့ကောင်းဆန်ချင်နေခဲ့တယ်၊ ဒီလိုပြောကြစတမ်းဆိုရင် မုတ္တမနာခံတော်မှူးကလည်း သူ့ရဲ့ကောင်းဆန်

တာပါပဲ၊ သူက လက်နက်မရှိတော့တဲ့ ငါ့ကို ဘာမှမလုပ်ဘဲ ထားခဲ့တယ်၊ ငါ့ကို လေးစားကြောင်းပြပြီး၊ အသက်ချမ်းသာခွင့် ပေးသွားခဲ့တယ်''

သမိန်က ဘုရင့်နောင်၏ယာယီတဲနန်းအနီးတွင် ရပ်လိုက်သည်။ သူက တဲပတ်ဝန်းကျင်ကို မျက်လုံးတစ်ချက်ဝေ့ကြည့်ပြီး တဲအပြင်ဘက် သစ်ပင်ရိပ်တွင် ထိုင်ချလိုက်သည်။

ဟံသာဝတီရဲမက်တို့မှာ ညစာစားရန် ပြင်ဆင်နေကြ၏။ ဗိုလ်မှူးလေးသမိန်က တစ်ယောက်တည်းထိုင်နေရာမှ ရဲမက်များ ကြား သို့ ရောဝင်လိုက်သည်။

''ဟော ... ဗိုလ်မှူးလေး ကင်းလှည့်ရင်း ရန်သူအထောက်တော်တွေနဲ့တွေ့ပြီး တိုက်ခိုက်တာ ရန်သူတစ်ယောက် အသေရလိုက်တယ်ဆို၊ ကျန်တဲ့ရန်သူအထောက်တော်တွေလည်း ဗိုလ်မှူးလေးကို မယှဉ်နိုင်လို့ ထွက်ပြေးကြတယ်လို့ ကြားရတယ်''

သမိန်သည် သူ၏လက်အောက်ရှိ အကြပ်တစ်ယောက် မေးခွန်းကြောင့် ပင့်သက်ရှိုက်လိုက်သည်။

''သူတို့က ငါရှုံးခဲ့တာကို မသိကြပါလား၊ မုတ္တမဘုရင်ရဲ့ နာခံတော်မှူး သီဟသူရကြောင့် ငါ နာမည်မပျက်ခဲ့တာပဲ၊ ရန်သူပေမယ့် သူဟာ ကျေးဇူးတင်ထိုက်တဲ့သူပါပဲ''

သူ့ကိုယ်သူ အပြစ်တင်ရင်းမှ သမိန့်အတွက် ဖြေသိမ့်စရာ အတွေးကို တွေးမိသွား၏။

''ဗိုလ်မှူးလေး ဘာတွေ စဉ်းစားနေတာလဲ၊ ညစာ စားကြ ရအောင် ... ဒီမှာ ပြင်ပြီးပါပြီ''

သမိန်က အတွေးများကို ဖြတ်တောက်ပြီး ရဲမက်များနှင့်အတူ ညစာစားသည်။

''ဗိုလ်မှူးလေးက တပ်မင်းကြီးအနားမှာ နေရတာဆိုတော့ သတင်းစုံအောင် သိမှာပဲ၊ ကျုပ်တို့ရဲမက်တွေကြားမှာ မုတ္တမစားဟာ **ရက်စက်တယ်**, ကောက်ကျစ်စဉ်းလဲတယ်ဆိုတဲ့သတင်းကို ကြားနေရ **တယ်** ... အဲဒါ အမှန်ပဲလား ဗိုလ်မှူးလေး''

"မုတ္တမစားဟာ ငါတို့ရန်သူပဲ၊ ငါတို့ဟာ ရန်သူနဲ့ပတ်သက်ပြီး မကောင်းပြောချင်သလောက် ပြောလို့ရပါတယ်၊ ဒါပေမဲ့ မုတ္တမစားက မကောင်းဘူး၊ ရက်စက်တယ်၊ ကောက်ကျစ်စဉ်းလဲတယ် ဆိုတာကိုတော့ လက်မခံချင်ဘူး၊ မုတ္တမစားဟာ သူ့ရဲ့ကောင်းစိတ်ဓာတ် ရှိမယ်၊ မတော်မတရားမလုပ်ဘူးလို့ ငါပြောရဲတယ်"

သမိန်က သူ့သဘောထားကို ပြတ်ပြတ်သားသား ပြောလိုက်လေသည်။

• • •

# မုတ္တာမ

'မောင်မင်း သူ့အသက်ကို မသတ်ဘဲ လွှတ်လိုက်တာဟာ ယောက်ျားကောင်းတစ်ယောက်ရဲ့အလုပ်ကို လုပ်လိုက်တာပဲ၊ ဟံသာဝတီ တပ်မှူးရဲ့ရင်ထဲမှာ မောင်မင်း ... တစ်သက်လုံး ရှိနေလိမ့်မယ်၊ ပြီးတော့ အဲဒီတပ်မှူးဟာ မောင်မင်းနဲ့ဆက်နွယ်ပြီး မုတ္တမကိုလည်း လေးစားနေလိမ့်မယ်''

စောဗညားဏ်စကားက သီဟသူ နားစည်ကို တိုးဖြတ်ပြီး ရင်ထဲသို့တိုင် ဝင်ရောက် ပျံ့နှံ့သွားသည်။

''ဟံသာဝတီတပ်မှူးငယ်ဟာ တကယ် ရဲရင့်ပါတယ်၊ သူ့မှာ သူရဲကောင်းပီသတဲ့ စိတ်ဓာတ်လည်း အပြည့်ရှိပါတယ်''

စောဗညားက တည်ငြိမ်ရင့်ကျက်သော အမူအရာနှင့် သီဟသူရကို ကြည့်ရင်းမှ ခေါင်းညိတ်ပြသည်။

''သူက ဘုရင့်နောင်ကျော်ထင်နော်ရထာလို့ခေါ်တဲ့ တပ်မင်း

ကြီးရဲ့လူဆိုတော့ အခုလိုပဲဖြစ်ရမှာပေါ့၊ သူနဲ့ တွေ့ခဲ့တာကြောင့် မောင်မင်းတို့တစ်တွေ ဟံသာဝတီက ချီလာတဲ့တပ်တွေအကြောင်း ဘာမှ မသိခဲ့ဘူးပေါ့ . . . ဟုတ်လား''

စောဗညား၏ မေးသံအဆုံး၌ သီဟသူရက အသာအယာပြုံးသည်။ ထို့နောက် ဟံသာဝတီ၏စစ်အင်အားကို အသေအချာပြောပြသည်။

''ဟံသာဝတီက ချီလာတဲ့တပ်တွေမှာ ရဲမက်အင်အား တစ်သိန်းကျော်ကြောင်းပါ၊ ဆင်တပ်, မြင်းတပ်တွေမှာ တိုက်ဆင် တစ်ရာကျော်, မြင်းနှစ်ထောင်ကျော် ပါပါတယ်။ အလယ်တပ်မှာ ဟံသာဝတီပြည့်ရှင်မင်းတရားရွှေထီးကိုယ်တိုင် လိုက်ပါပြီး၊ နောက်ချီ တပ်ကိုတော့ ဘုရင့်နောင်က အုပ်ချုပ်ပါတယ်''

''ရေတပ်အင်အားကရော''

''သူတို့မှာ ရေတပ် မပါပါဘူး အရှင်၊ သူတို့က မုတ္တမကို ရေကြောင်းကနေ တိုက်ခိုက်ဖို့ စဉ်းစားမိကြပုံ မပေါ်ဘူး''

စောဗညား၏ မျက်ခုံးထူထူကြီးနှစ်ဖက် ကုတ်ကျလာသည်။ သူက အတန်ကြာအောင် မျက်မှောင်ကျုံ့ပြီး စဉ်းစားသည်။

''ဟံသာဝတီက မုတ္တမကို ရေတပ်အင်အားမပါဘဲ တိုက်ခိုက်ဖို့ မဖြစ်နိုင်တာကို မသိဘူး ထင်ပါရဲ့၊ ဒါမှမဟုတ် လေ့တပ်အင်အားကို မပြတာဟာ သူတို့ရဲ့ လျှို့ဝှက်ချက်ထင်ပါရဲ့''

''ဟံသာဝတီတပ်မင်းကြီးဟာ ပရိယာယ်ကြွယ်တာတော့ အမှန်ပါပဲ အရှင်၊ သူတို့က မုတ္တမရဲ့ရေတပ်အင်အားကို ခန့်မှန်းမိပုံ မရပါဘူး။ ပြီးတော့ သူတို့က မုတ္တမကို အထင်အမြင်သေးပုံလည်း ရပါတယ်''

''အင်း . . . အချိန်ကျရင်တော့ မုတ္တမဟာ အရေးထားစရာဆို တာ သူတို့ သိလာပါလိမ့်မယ်၊ အခုလို ရန်သူ့အခြေအနေကို သိအောင် စုံစမ်းပေးတဲ့အတွက် မောင်မင်းကို ဆုလာဘ်များ ချီးမြှင့်ရမယ်''

စောဗညားက သူ၏ လက်သူကြွယ်တွင် ဝတ်ဆင်ထားသည့်

ပတ္တမြားလက်စွပ်ကို ချွတ်ပြီး နာခံတော်မှူး သီဟသူရအား ပေးသည်။ သီဟသူရက စောဗညား၏ လက်ဝတ်ရတနာကို လက်မခံရဲဘဲ ငေးကြောင်စွာ ကြည့်နေ၏။

"ဒီလက်ဝတ်ရတနာက ကျွန်တော်မျိုးလို အညတရနဲ့ မထိုက်တန်ပါဘူး အရှင်"

"ငါက ထိုက်တန်လို့ ပေးတာ . . . ယူစမ်း။ ဒီဆုကို လက်ခံပြီးရင် မောင်မင်း မောရမြိုင်ကို သွားရမယ်၊ မောရမြိုင်စား ညီတော်ဗညားဦးကို ဟံသာဝတီရဲ့ ရန်နဲ့ပတ်သက်ပြီး သိသာအောင် ငါ . . . သဝဏ် ပို့ချင်တယ်၊ ငါ ပေးအပ်တဲ့တာဝန်ကို ထမ်းဆောင်ရင်း မင်းအမေနဲ့ မင်းရဲ့နှမကိုလည်း သွားတွေ့ပေါ့"

"ကျေးဇူးတော်ကြီးမြတ်လှပါတယ် အရှင်၊ ကျွန်တော်မျိုး ချက်ချင်းပဲ မောရမြိုင်ကို ထွက်ခွာပါ့မယ်"

"မောင်မင်းကလည်း သွားမယ်ဆို ချက်ချင်းပဲကိုး၊ ငါရေးတဲ့စာကို ယူသွားရမယ်လေ၊ ကေန္တ . . . မောရမြိုင်မှာ မင်းအမေနဲ့ ညီမ အပြင် တခြားတွေ့ရမယ့်လူ ရှိနေပြီထင်ပါရဲ့"

စောဗညားက ရယ်မောပြီး ပြောသည်။ သီဟသူရက ခေါင်းငုံ့ပြီး ပြုံးနေ၏။

"ကဲ . . . လာ . . . ငါရဲ့စာသဝဏ်ကို မောင်မင်းကိုယ်တိုင်ပဲ ရေးပါ"

စောဗညားက အမိန့်ပေးသည်နှင့် သီဟသူရက ပေ,ကညစ်စသည်တို့ကို ပြေးယူသည်။ စောဗညားက မောရမြိုင်စား ဗညားဦးထံ အကြောင်းကြားသည့်စာကို နှုတ်မှရွတ်ပေးသည်။ သီဟသူရက ထိုစာကို လိုက်ရေး၏။ စာရေးအပြီးတွင် . . .

"ဒီစာကို ဗညားဦးဖတ်ပါစေ၊ မင်းကိုယ်တိုင်ကလည်း မင်းတွေ့ခဲ့တာတွေကို တစ်ဆင့်ပြန်ပြောပြပါ"

"စိတ်ချပါ အရှင်"

"ဒါဆိုရင်လည်း သွားပေတော့၊ မောရမြိုင်မှာ အကြာကြီး

မနေနဲ့ . . . ရန်သူတွေရောက်လာရင် မြို့ကို အဝင်ရခက်နေလိမ့်မယ်''

''ကျွန်တော်မျိုး ချက်ချင်း ပြန်လာခဲ့ပါ့မယ်''

''ချက်ချင်း ပြန်လာဖို့ မလိုပါဘူး။ ဟိုမှာ နှစ်ရက်တော့ နေပါ။ နှစ်ရက်ဆိုရင် မင်း အလွမ်းပြေလောက်ပါပြီ''

အရှင်သခင်ဖြစ်သူ စောဗညား၏ ကျီစယ်စကားကြောင့် သီဟသူရ ပျော်သွားသည်။ သူ၏အာရုံမှာ ချောမောလှပသော မိန်းကလေး တစ်ယောက်၏ ရုပ်သွင် ပေါ်လာသည်။ ထိုမိန်းကလေး၏ ချိုမြသော စကားသံကို ကြားယောင်လာသည်။

''ကဲ . . . သွားပေတော့ နာခံတော်မှူး''

သီဟသူရက လက်နှစ်ဖက်ကို ထိပ်မှာ မိုးပြီး ဂါရဝပြုသည်။ ပြီးလျှင် မုတ္တမမင်း စောဗညားရှေ့မှ ထွက်ခဲ့လေသည်။

● ● ●

သီဟသူရက မောရမြိုင်မြို့စားစံအိမ်ရှိရာ ကုန်းပေါ်မှ ဆင်းသည်။ သံလွင်မြစ်ကြောင်းအတိုင်း ယှဉ်လျက်ရှိသည့်လမ်းဆီသို့ လျှောက်ခဲ့သည်။ လူသူအသွားအလာများသော ထိုအလမ်းအတိုင်း တောင်ဘက်သို့ ဦးတည်ပြီး လျှောက်ခဲ့သည်။

မြစ်နှင့်မျဉ်းပြိုင်တစ်ကြောင်းပမာရှိနေသော မြေလမ်းအတိုင်း လျှောက်ရင်း သီဟသူရ၏မျက်နှာမှာ အပြုံးတွေ ဝေနေသည်။

လှေဆိပ်တစ်ခုကို ကျော်မိစဉ် မြစ်ဘေးတစ်ဖက် မြေပြန့်ပြန့်တွင် ရှိနေသော လူနေအိမ်ခြေများကို တွေ့ရသည်။ ထိုအကွက်ကို သရက်ကုန်း ဟု ခေါ်ပြီး သီဟသူရမွေးဖွားကြီးပြင်းခဲ့ရာ ဇာတိချက်မြှုပ် ဖြစ်၏။

''ဟော့ . . . သီဟကြီးပါလား၊ မင်းမှုထမ်းဖြစ်နေလို့ ထင်ပါရဲ့ . . . တစ်သွေးတစ်မွေးနဲ့ အမေဆီ ပြန်လာတာလားကွဲ့''

အိမ်ခြေစုစုများ ရှိရာသို့ အဝင်တွင် သျှောင်ထုံးဖြူဖြူနှင့် အဘိုးအိုတစ်ယောက်က ဆီးပြီး နှုတ်ဆက်သည်။ မည်သူမည်ဝါ ဟု မမှတ်မိတော့သည့် ရပ်ဆွေရပ်မျိုး အဘိုးအိုအား သီဟသူရက လက်နှစ်ဖက်ကို ရင်ဘတ်ရှေ့တွင် ပူးကပ်ပြီး ဂါရဝပြုသည်။

''ဘကြီး . . . နေကောင်းရဲ့နော်''

''အေး . . . ကောင်းတယ်၊ မင်းအမေက တမျှော်မျှော်နဲ့ ဖြစ်နေတာ . . . မြန်မြန်သွားဟေ့''

သီဟသူရက ဈေးဝိုင်းတစ်ခုကိုကျော်ပြီး ဒူးရင်းပင်၊ တညင်းပင်များ အုပ်မိုးနေသော ခြံဝင်းတစ်ခုအတွင်းသို့ ဝင်သည်။ ထိုသို့ ဝင်လိုက်စဉ်မှာပင် ခွေးနက်ကြီးတစ်ကောင်က တဝုန်းဝုန်းနှင့် ထိုးဟောင်ပြီး သီဟသူရထံသို့ ပြေးဝင်လာသည်။

''ဟိတ် ကျားပေါက် . . . ငါ့များ ဟောင်ရတယ်လို့''

သီဟသူရ၏အသံကို ကြားသည်နှင့် ရန်လို၍ ပြေးလာသည့် ခွေးကြီးမှာ ဖျတ်ခနဲ ရပ်သွားသည်။ ချက်ချင်းလည်း အမူအရာ ပြောင်းလဲလာ၏။ အမြီးကလေးရမ်းပြီး သီဟသူရအား ကြိုသည်။

"အမေရေ ... မိဘုန်းရေ ..."

သီဟသူရက ခြံဝင်းအလယ်ရှိ သစ်သားအိမ်မည်းမည်းလေးဆီသို့ လှမ်းကြည့်ပြီး အော်သည်။ သူ့အော်သံအဆုံးတွင် မိန်းမပျိုလေး တစ်ယောက် အိမ်ပေါ်မှ ပြေးဆင်းလာသည်။

"ဟင် ... အစ်ကိုသီဟ၊ အမေရေ .. အစ်ကိုသီဟ လာတယ်"

မိန်းကလေးက သီဟသူရ အနီးသို့ အပြေးရောက်လာပြီး၊ သီဟသူရ၏လက်မောင်းကို တွဲခိုဆုပ်ကိုင် ဆီးကြိုသည်။

"အစ်ကို နေကောင်းရဲ့လား။ ကြည့်စမ်း ... အသားတွေ ညိုပြီး၊ လူကြမ်းကြီးဖြစ်နေပြီ၊ အမေက အစ်ကို့ကို သတိရလို့ဆိုပြီး မနေ့က တောင် ငိုနေသေးတယ်"

သီဟသူရက မိန်းမပျို၏ ခေါင်းကို ခပ်သာသာ ပုတ်သည်။ မိန်းမပျို၏ ပခုံးကို ဆုပ်ကိုင်သည်။

"မိဘုန်းကတော့ တွေ့တာနဲ့ လွမ်းပြတာပဲနော်"

"လွမ်းပြတာ မဟုတ်ပါဘူး ... တကယ်ပြောနေတာ၊ အမေနဲ့ မိသင်နဲ့ အစ်ကို့အကြောင်းပြောပြီး ငိုနေကြတာ အစ်ကိုရဲ့"

သီဟသူရက သူ၏ ညီမငယ် မိဘုန်းပြောသည့်စကားကို နားထောင်ရင်း ရင်မှာ နင့်ခနဲ ခံစားလိုက်ရသည်။ သူက ကြိုးစား၍ ပြုံးပြီး၊ မိဘုန်းနှင့်အတူ သစ်သားအိမ်ကြီးရှိရာသို့ လျှောက်ခဲ့သည်။ အိမ်အနီးသို့အရောက်တွင် အိမ်နောက်ဘက်မှထွက်လာသော သူ့မိခင်အား တွေ့ရ၏။

"မေမေ"

"သားကြီးရယ် ... မေမေ သတိရနေလို့များ ရောက်လာတာလား။ ငါ့သားကြီး နေထိုင်ကောင်းပါတယ်နော်"

"အမေ့မေတ္တာနဲ့ နေကောင်းပါတယ်ဗျာ"

သီဟသူရက ပြောင်ချောနေသော အိမ်ရှေ့မြေပြင်ပေါ် ထိုင်ချပြီး မိခင်ဖြစ်သူအား ကန်တော့သည်။

''ငါ့သားကြီး ဘုန်းကြီးပါစေ, အသက်ရှည်ပါစေ, ဘေးအန္တရာယ် အသွယ်သွယ်က ကင်းဝေးပါစေ''

''အမေ ပိန်သွားသလိုပဲ၊ သားလည်း လာချင်နေပါတယ် အမေရယ် . . . ဒါပေမဲ့ ဘုရင်မင်းမြတ်အပါးမှာ နေရတဲ့သူဆိုတော့ လာချင်တိုင်း လာလို့မရဘူး၊ အမေတို့ကလည်း မုတ္တမမှာ လာနေပါလို့ ခေါ်တာမရတော့ အကြောင်းကိစ္စရှိလို့ လာမှပဲ တွေ့ရတော့တယ်''

သီဟသူရနှင့် မိခင်ဖြစ်သူတို့ အိမ်ရှေ့ကွပ်ပျစ်ပေါ်တွင် ထိုင်ကြစဉ် မိဘုန်းက အနားမှ လှစ်ခနဲ ပြေးထွက်သွားသည်။

''သားက ချက်ချင်း ပြန်ရမှာလား''

''ဘုရင်မင်းမြတ်က သားကို အိမ်မှာ နှစ်ရက်နေခွင့်ပေးလိုက်ပါတယ်၊ မင်းခယောက်ျားဆိုတာ ကိုယ့်ကိုယ်ကိုယ် မပိုင်ဘူး အမေရဲ့''

''အင်းပါ သားရယ် . . . အမေ နားလည်ပါတယ်၊ အမေကလည်း သားအဖေ ခေါင်းချသွားတဲ့နေရာမို့ ဒီကနေ ဘယ်ကိုမှ မသွားချင်ဘူး၊ မပြောင်းချင်, မရွှေ့ချင်ဘူးကွယ်၊ ဪ . . . သားကိုတွေ့ပြီး ဝမ်းသာတာနဲ့ စားစရာတွေ မပြင်ဖြစ်ဘူး သား၊ တစ်ခါတည်း မနက်စာ စားတော့မှာလား''

''စားမှာပေါ့ အမေရဲ့၊ ဒါပေမဲ့ အခု မစားသေးပါဘူး . . . အမေနဲ့ စကားပြောချင်ပါသေးတယ်''

သီဟသူရက ခါးတွင် ချိတ်ထားသည့်ဓားကို ကွပ်ပျစ်ပေါ်သို့ ချထားရင်း၊ မိခင်ဖြစ်သူဘေးတွင် တိုးကပ်ပြီး ထိုင်သည်။ ထိုအချိန်မှာပင် အပြေးတစ်ပိုင်းလာနေသော ခြေသံများကို ကြားရ၏။

''ဟဲ့ . . . မိန်းကလေးတွေ ပြေးလာလိုက်တာများ ကလေးတွေ ကျနေတာပဲ''

သီဟသူရက ခြေသံကြားရာဆီသို့ လှမ်းကြည့်သည်။ မိဘုန်းနှင့်အတူ ပြေးလာနေသော မိန်းကလေးတစ်ယောက်ကို တွေ့ရ၏။ ပြေးရင်းပြုံးနေ၊ ပြုံးရင်းပြေးလာနေသော ထိုမိန်းကလေးမှာ သူ့နှလုံးသားကို စိုးပိုင်သော မိသင်ပင်ဖြစ်၏။

"အစ်ကို ... ဟောဒီမှာ မိသင်လေ"

"အေးပါ ... ငါသိပါတယ်၊ လာ မိသင် ... ဒီမှာ လာထိုင်၊ မနက်ကပဲ အမေနဲ့အတူ ငါ့ကိုလွမ်းလို့ ငိုတယ်ဆို"

သီဟသူရက အနားသို့ရောက်လာသော မိသင်အား အရယ်မျက်နှာနှင့် မေးသည်။ မိသင်က ရှက်ပြုံးလေးပြုံးပြီး၊ သီဟသူရ၏ မိခင်ဘေးတွင် ဝင်ထိုင်လိုက်သည်။

"အေး ... သားရယ်၊ မိသင်လေးလည်း သနားပါတယ်၊ ဒီတစ်ခါ သီတင်းကျွတ်ရင် လက်ထပ်ကြတော့၊ မိသင်ရဲ့အဘိုးကလည်း သူ မသေခင် လက်ထပ်စေချင်နေပြီ"

"အမေပြောသလိုပဲ ဒီသီတင်းကျွတ်မှာ လက်ထပ်တာပေါ့၊ ဒါထက် အဘိုးကော နေကောင်းရဲ့လား"

"အဘိုးက ဒေါင်ဒေါင်ကို မြည်နေတာပါပဲ၊ အစ်ကို မပြန်ခင် အဘိုးနဲ့ တွေ့လိုက်ပါဦး"

"တွေ့မှာပါ ... အစ်ကို ဒီမှာ နှစ်ရက်တောင်နေမှာ မိသင်ရဲ့ အလွမ်းတွေပြေမှ မုတ္တမကို ပြန်မယ်"

မိသင်၏ ချောမောလှပသော မျက်နှာတွင် အပြုံးရိပ်တွေ ထင်သွားသည်။ မိသင်ကို ကြည့်ရင်း ကြည်နူးခြင်းများ သီဟသူရ၏ ရင်တွင် နိုဝင်လာ၏။

• • •

"မုတ္တမမှာ ရန်မီးဝိုင်းနေလို့ပါဆိုတဲ့ မင်းရဲ့စကားကို အမေ လက်ခံလိုက်မယ်၊ ရန်တွေ အေးငြိမ်းသွားတာနဲ့ လက်ထပ်ဖို့ စီစဉ်ပါ သား။ မိသင်ခမျာ မင်းကို စောင့်ရင်း မျှော်ရင်း မောနေရှာပြီကွဲ့"

မောရမြိုင်မှ ထွက်ခွာမည့်ဆဲဆဲတွင် ပြောလိုက်သည့် မိခင် ဖြစ်သူ၏စကားက သီဟသူရ၏ နှလုံးသားကို အဆက်မပြတ်ရိုက်ခတ် နေသည့်ပမာရှိသည်။

"ကိုယ့်အရှင်သခင်ရဲ့အရေးကိစ္စကို စိတ်ဖြောင့်ဖြောင့်နဲ့သာ ဆောင်ရွက်ပါ အစ်ကို၊ အရေးကိစ္စတွေပြီးပြေတဲ့ထိ မိသင် စိတ်ရှည် ရှည်နဲ့ စောင့်နေပါ့မယ်"

လှေပေါ်သို့ တက်ခါနီးတွင် နှုတ်ဆက်ရင်း ပြောလိုက်သည့် မိသင်၏စကားကို အပြုံးဖြင့် နားထောင်ရင်း၊ ညင်သာဖွဖွ ဆုပ်ကိုင်ထား သည့် သူမ၏လက်ကို ဖြေလွှတ်မိသည်။

"သွားပြီနော် မိသင်"

"ဟုတ်ကဲ့ အစ်ကိုသီဟ"

နှုတ်ဆက်ရင်းနှင့် မိသင်က ပြုံးသည်။ မျက်တောင် တဖျပ်ဖျပ် ခတ်နေသော မိသင်၏မျက်ဝန်းအစုံတွင် မျက်ရည်ရိပ်ကို မြင်ရ၏။ 'ခဏလေးပါ ချစ်သူရယ် ...'ဟု သမိန်၏ စိတ်ထဲက အကြိမ်ကြိမ် အထပ်ထပ် ရေရွတ်နေမိ၏။

လှေငယ်ကို ကြိုးဖြုတ်ပြီး ကမ်းမှခွာစဉ် ရေစီးအတိုင်း အလိုက် သင့်မျောလာသည့် လှေငယ်တစ်စင်း ကမ်းကို ကပ်သည်။ လှေပေါ်တွင် လှေထိုးသားနှင့်အတူ အဖော်တစ်ယောက်သာပါသည်ကို သီဟသူရ သတိထားမိလိုက်၏။

"လှေပေါ်က မျက်လုံးစူးစူးတောက်တောက်နဲ့လူကို ငါ မြင်ဖူး နေသလိုပဲ ... ဘယ်သူဘယ်ဝါဆိုတာ ခွဲခွဲခြားခြားမသိပေမယ့် ဒီ မျက်နှာကို ငါ ရင်းနှီးနေသလိုပါပဲ"

သီဟသူရက တစ်ဖက်လှေပေါ်မှလူထံသို့ ရောက်နေသော အကြည့်ကို ရုပ်သိမ်းပြီး၊ ကမ်းပေါ်မှ လက်ပြနေသည့်မိသင်ကို လှမ်း

ကြည့်သည်။ ပြုံးမလို ညှို့နေသော ကောင်းကင်နှင့်ပမာတူသည့် မိသင်၏ မျက်နှာကို ကြည့်ရင်း လှိုက်လှဲဆို့နင့်သော ခံစားချက်တွေ သီဟသူရ ရင်ထဲသို့ တိုးဝင်လာသည်။

မိသင်အား လက်ပြ နှုတ်ဆက်ရင်း မျက်နှာလွှဲလိုက်သည်။ အကြည့်ကို မုတ္တမဘက်ကမ်းသို့ ရွှေ့ယူ၏။ စစ်သင်္ဘောများ ဆိုက်ရပ်ထားသော မုတ္တမဘက်ကမ်းမှာ အဝေးကမြင်ရစဥ်မှာပင် အားမာန်ပြည့်နေသကဲ့သို့ရှိ၏။

''ခုတစ်လော မုတ္တမဘက်ကမ်းမှာ အကြောင်းကိစ္စ အထူးအထွေ ရှိနေသလိုပဲ ... ဘာကိစ္စများ ပေါ်လို့လဲ မိုလ်မှူး''

လှေသမားက လှေကို ခေါင်းဆေးကျွန်းဘက်သို့ ဦးတည်လှော်ခတ်ရင်းမှ မေးသည်။ ထိုအမေးကြောင့် သီဟသူရက တွန့်ခနဲ ဖြစ်သွား၏။ လှေသမားက ရဲမက်တို့၏ အကြီးအကဲတစ်ဦးဖြစ်မည်ဟု ထင်မှတ်ပြီး ခေါ်လိုက်ခြင်းဖြစ်ကြောင်း သိသည်။ သို့သော် သူ့တွင် မည်သည့် အဆောင်အယောင်မှ မပါ။ ဓားတစ်လက်သာ ပါသဖြင့် လှေသမားက ရမ်းသမ်းပြီး ခေါ်နေခြင်းဖြစ်မည် ဟု ထင်လိုက်သည်။

''ဟံသာဝတီဘက်, ပုသိမ်ဘက်မှာ မငြိမ်မသက်ဖြစ်နေလို့ မုတ္တမဘက်ကလည်း သတိနဲ့ နေနေပုံရတယ်၊ ကျုပ်ကလည်း မင်းမှုထမ်း မဟုတ်လို့ သေသေချာချာ မသိပါဘူးဗျာ''

လှေသမားက သီဟသူရ၏ ကျောက်စီဓားကို မသိမသာ ကြည့်သည်။ သီဟသူရက လှေသမား၏ အတွေးကို မှန်းဆကြည့်ရင်း အသာအယာ ပြုံးလိုက်သည်။

''ဒီဘက်ကမ်းမှာကော ငြိမ်ငြိမ်သက်သက် အေးအေးချမ်းချမ်း ရှိရဲ့လား၊ ကျုပ်က ကုန်သည်ဆိုတော့ ဒီဘက်နယ်တွေကို ကုန်ကူးလို့ ကောင်း,မကောင်း လာကြည့်တာ''

လှေသမားက သီဟသူရစကားကို နားထောင်ရင်း ကျောက်စီဓားကို ဖျတ်ခနဲ ကြည့်သည်။

''ဩော် ... ကုန်သည်တစ်ယောက်ကိုး၊ ကျုပ်က ကျောက်စီ

မားကိုကြည့်ပြီး မင်းမှုထမ်း ထင်လို့၊ ဒီဘက်မှာ ရောင်းလို့ ဝယ်လို့ ကောင်းပါတယ်၊ ညီငယ်က ဘာကုန်တွေ ကူးမှာမို့လဲ''

''အညာကုန်တွေပေါ့ ... အညာ့က ကုန်တွေ ဒီကိုသယ်လာ၊ ဒီကနေ ငါးခြောက်ငါးခြမ်းတွေ သယ်သွားရင် အဆင်ပြေမယ် ထင်တာပဲ၊ ဒါမျိုးကလည်း နယ်မြေအေးချမ်းမှ လုပ်လို့ ကိုင်လို့ ကောင်းတာလေ''

''အညာကုန်သည်တွေ အသွားအလာရှိကြပါတယ်ဗျာ၊ ကျုပ်တို့ဘက်မှာ လုယက်တိုက်ခိုက်တာ မရှိပါဘူး၊ မုတ္တမမင်းက အအုပ်ချုပ်ကောင်းလို့ နယ်မြေအေးချမ်းပါတယ်''

လှေသမားသည် ပါးနပ်သူ၊ အခြေအနေအရပ်ရပ်ကို အကဲခတ်တတ်သူဖြစ်ကြောင်း သီဟသူရ သိလိုက်သည်။

''မုတ္တမနဲ့ မောရမြိုင်ဆိုတာက ဆွေမျိုးတွေ နေရာခွဲပြီး နေတယ်လို့တောင် ပြောလို့ရပါတယ်၊ မောရမြိုင်မှာ ရောင်းလို့ ဝယ်လို့ အဆင်ပြေရင် မုတ္တမမှာလည်း အဆင်ပြေမှာပါ''

''အခုလောက်သိရတာ တန်ဖိုးရှိလှပါပြီ ... ကျုပ် မကြာခင် ဒီနယ်ဘက်ကို ကုန်အရောင်းအဝယ်လုပ်ဖို့ လာပါမယ်''

သီဟသူရသည် မောရမြိုင်မှ မုတ္တမသို့ ကူးခဲ့သည်။ ရေလမ်းခရီးတစ်လျှောက်တွင် လှေသမားနှင့် စကားတွေ အပြန်အလှန်ပြော၊ သိချင်စရာများကို မေးနှင့် လိုရာခရီးကိုအရောက်တွင် လှေသမားကို နှုတ်ဆက်ပြီး ကုန်းပေါ်သို့ တက်သည်။ မုတ္တမနန်းတော်သို့ ဝင်ခဲ့သည်။

နန်းတော်သို့ အရောက်တွင် မုတ္တမမင်း စောဗညားအား သူ အပန်းမဖြေလေ့ရှိသော လေသာဆောင်တွင် တွေ့ရသည်။

''နာခံတော်မှူး ... မင်းရောက်လာတာနဲ့ အတော်ပဲ၊ မောရမြိုင်ဘက်ကမ်းမှာ ဘာများ ထူးခြားတာ တွေ့ခဲ့သလဲ''

''မောရမြိုင်ဘက်ကမ်းမှာ ထူးခြားတာ မရှိပါဘူး၊ ခါတိုင်းလိုပဲ အရောင်းအဝယ်ကောင်းပြီး စည်စည်ကားကားရှိနေပါတယ် အရှင်''

''မောရမြိုင်ဘက်ကို အထောက်တော်တွေပို့ထားရင် ကောင်း

မယ်ထင်တယ်။ မင်းတို့နဲ့ သုဝဏ္ဏဘူမိမြို့တော်အနီးမှာ တွေ့ခဲ့တဲ့ ဟံသာဝတီရဲ့မက်တွေ မုတ္တမကို တိုက်ခိုက်ဖို့လာရင် သူတို့အတွက် ကျောထောက်နောက်ခံပြုဖို့ မောရမြိုင်ကို ချဉ်းကပ်မယ် ထင်တယ်''

''မှန်လှပါ . . . အဲဒီအတွက် ကျွန်တော်မျိုး စီစဉ်ပြီးပါပြီ၊ ရန်သူရဲ့ လှုပ်ရှားမှုမှန်သမျှကို ကျွန်တော်မျိုး အလစ်မပေးပါဘူး၊ မောရမြိုင်ဆိပ်ကမ်း၊ မုတ္တမဆိပ်ကမ်းတွေမှာ ရန်သူဘက်က ထင်မှတ်မှာ မဟုတ်တဲ့ အထောက်တော်တွေကို တာဝန်ပေးထားပါတယ်''

စောဗညားက သဘောကျ ကျေနပ်ဟန်နှင့် ပြုံးပြီး ခေါင်းတဆတ်ဆတ် ညိတ်သည်။

''မင်းဟာ ယုံကြည်အားကိုးလောက်တဲ့လူဆိုတာ ငါ သိပါတယ်၊ မုတ္တမအရေးအတွက် အစွမ်းကုန်ကြိုးစားပါ နာခံတော်မှူး''

''မှန်လှပါ . . . ကျွန်တော်မျိုး အားသွန်ခွန်စိုက် ဆောင်ရွက်ပါ့မယ် အရှင်''

• • •

# ဟံသာဝတီ

လသာည၏ လရောင်သည် တစ်လောကလုံးအပေါ်သို့ စိုပြည်ဝင်းဝါသော အလင်းဖြင့် လွှမ်းမိုး ဖုံးအုပ်ထား၏။

သရက်ကုန်းဈေးအရှေ့ဘက် မြေကွက်လပ်တွင် ပွဲခင်းလေးတစ်ခုဖြစ်နေသည်။ မီးတုတ်များ ထွန်းညှိထားသည့် မြေကွက်လပ်တွင် ပန်တြာသည့်တို့ တီးကြ ဆိုကြ ကကြနှင့် ရှိနေသည်။ ထိုကခုန်နေရာ မြေကွက်လပ် ပတ်ပတ်လည်တွင် ပွဲကြည့်ပရိသတ်များဖြင့် ပြည့်နေ၏။

မိချောင်းတီးခတ်သံ ဝေဝေစည်စည်ပေါ်ထွက်နေသည့် ပွဲခင်းအနောက်ဘက်တွင် ဈေးတန်းလေးတစ်တန်းရှိသည်။ ထိုဈေးတန်းတွင် မုန့်ပဲသရေစာရောင်းချသော ဆိုင်များ၊ လူပျိုကာလသားများ ပိုင်းနေသည့် သေရည်ဆိုင်များ ရှိသည်။

သေရည်ဆိုင်တစ်ဆိုင်တွင် ကုန်သည်တစ်ယောက်အသွင် ဝတ်စားဆင်ယင်ထားသည့်သမိန် ရှိနေသည်။ သူက သေရည်ခွက်

တစ်ခွက်ကို ရှေ့မှာချကာ ထိုင်ရင်း၊ လရောင်ဖြင့် တွေ့မြင်နေရသော ပွဲခင်းဆီသို့ ကြည့်နေသည်။

သေရည်ဆိုင်မှာ ထောင့်အစွန်တွင် ရှိပြီး၊ အမိုးအကာ မရှိ။ ကွမ်းသီးပင်သား ခုံရှည်ကြီးတစ်လုံးကို ချထားသော ဆိုင်ဖြစ်၏။ ခုံရှည်ကြီးပေါ်တွင် သေရည်တခေါင်းတစ်လုံးနှင့် သေရည်ခွက်တစ်ခွက် တင်ထားပြီး၊ သမိန်က သေရည်ခွက်ရှေ့ ဖျာကြမ်းခင်းထားသည့် မြေပြင်ပေါ်တွင် ထိုင်နေခြင်းဖြစ်၏။

သမိန်ထိုင်နေရာ၏ ဘေးတစ်ဖက်ရှိ သေရည်ဆိုင်မှာ စည်ကားနေသည်။ သေရည်သောက်သူတို့၏ ငြင်းခုန်သံ၊ ရယ်မောသံတို့ဖြင့် စီစီညံနေသည်။

သမိန်ထိုင်နေသော သေရည်ဆိုင်ရှေ့တွင် အင်္ကျီအဖြူလက်ရှည်ပွပွကို ကိုယ်ကျပ်ဘောင်းဘီဖြင့် တွဲဖက်ဝတ်ဆင်ထားသူ တစ်ယောက် လာရပ်သည်။ ထိုသူလာရပ်လိုက်ချိန်မှာပင် သမိန်က သူ့ဘေးတွင် အဝတ်ဖြင့် ပတ်ပြီး ချထားသည့်ဓားကို လှမ်းကိုင်သည်။

''ငါပါ သမိန် ... ဒီဂါမာပါ''

အသံဝဲဝဲနှင့် ပြောဆိုသံကို စပြီးကြားရသည်။ သမိန်က သူ့ရှေ့တွင် လာရပ်သူကို ဝမ်းသာအားရနိုင်သော အမူအရာဖြင့် မော့ကြည့်လိုက်သည်။

''ဖာနန်ဒို ဒီဂါမာ''

''ဟား ဟား ... ငါတို့ မတွေ့တာကြာပြီနော် သမိန်''

အရပ်မြင့်မြင့်၊ ထွားထွားကျိုင်းကျိုင်းနှင့် မျက်နှာပေါ်တွင် မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးများ ပြည့်နေသူက သမိန်၏ရှေ့တွင် ထိုင်ချသည်။ ထို့နောက် သမိန်၏ ပခုံးကို ထန်းသီးလုံးပမာရှိသော သူ့လက်သီးဆုပ်ဖြင့် လှမ်းပြီး ခပ်သာသာထိုးသည်။

သမိန်က သူ့ပခုံးကို လက်သီးဖြင့် ထိုးသော ဒီဂါမာအား ကြည့်ပြီးရယ်သည်။ ထို့နောက် ဒီဂါမာ၏လက်ကြမ်းကြမ်းကို အားရပါးရ ဆုပ်ကိုင်သည်။

"မင်း ဒီကို ရောက်လာမယ်လို့ ငါ တစ်ခါမှ မစဉ်းစားမိဘူး သမိန်၊ ဒါပေမဲ့ ငါ မင်းကို အမြဲသတိရနေတယ်၊ မင်းနဲ့ ပြန်တွေ့ချင်နေတယ်"

"အခု ငါတို့တွေ့ကြပြီလေကွာ ... အမှန်အတိုင်းပြောရရင် မင်း ဒီမှာရှိနေမှန်း ငါမသိပါဘူး၊ မင်းရဲ့မွေးစားအဖေ ဖထီးနဲ့ မမျှော်လင့်ဘဲတွေ့လိုက်မှ မင်း ဒီနယ်မြေမှာရှိနေတာကို သိရတယ်"

"ငါလည်း မင်း ဒီကို ရောက်နေတယ်လို့ ဖထီးကပြောတော့ အံ့အားသင့်သွားတယ်၊ ပြီးတော့ မင်းနဲ့တွေ့ရတော့မယ်ဆိုပြီး သိပ်ဝမ်းသာမိတယ်၊ မင်းဟာ အရင်ကအတိုင်းပဲ ... ဘာမှမပြောင်းလဲဘူး သမိန်"

"မင်းကတော့ ပြောင်းလဲသွားသလိုပဲ၊ မင်းရဲ့ပုံစံက အရမ်းကို ထည်ဝါလာတယ်၊ မောရမြို့စားက မင်းကို ယုံကြည်အားကိုးတယ်နဲ့ တူတယ်"

ဒီဂါမာက သမိန့်ကို မျက်မှောင်ကြုတ်ပြီးကြည့်သည်။

"မင်း ဘာတွေပြောနေတာလဲ သမိန်၊ မော်ရမြို့စားက ငါ့ကို ဘာဖြစ်လို့ အရေးပေးရမှာလဲ၊ ငါ သူနဲ့ ဘယ်လိုမှ မပတ်သက်ဘူး၊ ငါက မုတ္တမဘုရင်ဆီမှာ အမှုထမ်းနေတာ"

ယခုတစ်ကြိမ်တွင် သမိန် မျက်မှောင်ကျုံ့သွားရသည်။ သူက ဒီဂါမာ၏ မျက်နှာကို စေ့စေ့ကြည့်သည်။

"မင်းက မုတ္တမဘုရင်ဆီမှာ အမှုထမ်းနေတယ် ... ဟုတ်လား"

ဒီဂါမာ ခေါင်းညိတ်ပြသည်။

"ဟုတ်တယ် သမိန် ... ငါက ပါအူလိုအေဆီးဇာ့စ်ရဲ့ လက်ထောက်ပဲ၊ ဆီးဇာ့စ်က မြို့စောင့်တပ်မှူးကြီးပေါ့"

"သူ့သတင်းကို ငါ ကြားဖူးပါတယ်၊ အခုအတိုင်းဆိုရင်တော့ မင်းနဲ့ ငါဟာ တိုက်ပွဲတွေမှာ ရန်သူတွေအဖြစ် ရင်ဆိုင်ကြရတော့မယ် ဒီဂါမာ၊ တကယ်တမ်း ရင်ဆိုင်တိုက်ခိုက်ပြီဆိုရင် ငါက မင်းကိုညှာမှာ မဟုတ်ဘူးနော်၊ မင်းဟာ တစ်ချိန်က ငါ့အသက်ကို ကယ်ခဲ့တဲ့ ကျေးဇူးရှင်

ဆိုပြီး အလျှော့ပေးမှာလည်း မဟုတ်ဘူး''

သမိန်၏ စကားအဆုံးတွင် ဒိဂါမာ ရယ်လိုက်သည်။

''ငါက မင်းနဲ့တိုက်ပွဲမှာ ရင်ဆိုင်တွေ့ရင် အနိုင်ရအောင် တိုက်မယ်၊ မင်းရဲ့အသက်ကို ရန်မရှာဘဲ အမိဖမ်းမယ်''

သမိန်က ဒိဂါမာအား စူးရဲတောက်ပသော မျက်လုံးအစုံဖြင့် ဖျတ်ခနဲ လှမ်းကြည့်သည်။ ထို့နောက် တွေ့စက ဒိဂါမာပြုမူသကဲ့သို့ ၎င်း၏ပခုံးကို လက်သီးဆုပ်ဖြင့် ခပ်ဖွဖွလှမ်းထိုးသည်။ ဒိဂါမာက မရှောင်ဘဲ အထိုးခံရင်း ရယ်လိုက်သည်။ သမိန်ကပါ ဒိဂါမာနှင့်အတူ လိုက်ရယ်၏။ တစ်ခဏအကြာတွင် အရယ်ရပ်သွားပြီး တစ်ယောက်မျက်နှာ တစ်ယောက် တည်ငြိမ်စွာ ကြည့်သည်။

''တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် တိုက်နေတဲ့ တိုက်ပွဲမှာ ငါတို့တွေ့ကြရင် တစ်ယောက်ကို တစ်ယောက် အသေအကျေတိုက် ခိုက်ကြရမှာပဲ၊ အဲဒီအတွက် မင်းကို ငါအပြစ်မတင်ဘူး၊ မင်းကလည်း ငါ့ကို အပြစ်မတင်ပါနဲ့''

သမိန်က ရန်လိုခြင်းကင်းသော အသံဖြင့် ပြောသည်။ သူ့စကားအဆုံးတွင် ဒိဂါမာက ခေါင်းညိတ်လိုက်၏။

''ငါ နားလည်ပါတယ် သမိန် ... ဒါထက် မင်း အခုငါ့ကို လာတွေ့တာ ဘာကိစ္စများ ရှိလို့လဲ''

သမိန်က ခေါင်းကို ညင်သာစွာ ခါသည်။

''မင်းက မုတ္တမဘုရင်ရဲ့အမှုထမ်းဖြစ်နေပြီဆိုတာ သိရမှတော့ ငါ့လာရင်းကိစ္စကို ပြောလို့ မဖြစ်တော့ဘူး''

''ပြောပါ ... ရပါတယ် သမိန်၊ မင်းက ငါ့သူငယ်ချင်းပဲ မဟုတ်လား၊ အခုအချိန်ကလည်း တိုက်ပွဲဖြစ်နေတဲ့အချိန် မဟုတ်တော့ လွတ်လွတ်လပ်လပ် ပြောလို့ ဆိုလို့ ရပါတယ်''

သမိန် ခေါင်းခါပြပြန်သည်။

''မဖြစ်ဘူး ဒိဂါမာ ... ငါ မင်းကို သစ္စာဖောက်တစ်ယောက် ဖြစ်အောင် ဘယ်တော့မှ မလုပ်ဘူး၊ မင်းက မုတ္တမဘုရင်ရဲ့အမှုတော်

ကို ထမ်းနေမှတော့ သူ့ကိုသစ္စာရှိရမယ်၊ ငါကလည်း ဟံသာဝတီဘုရင်ရဲ့အမှုတော်ကို ထမ်းနေတဲ့အတွက် ဟံသာဝတီအပေါ် သစ္စာရှိရမယ်''

ဒီဂါမာက သမိန်၏လက်မောင်းကို ခပ်တင်းတင်း ဆုပ်ကိုင်လိုက်သည်။ သမိန့်ထံစူးစိုက်နေသော ဒီဂါမာ၏ မျက်လုံးစိမ်းများမှာ မီးရောင်လဲ့လဲ့တွင် **အ**ရောင်တဖျပ်ဖျပ်လက်နေ၏။

''မင်း ပြောတာမှန်တယ် သမိန် ... ငါတို့ဟာ ငါတို့ရဲ့အရှင်သခင်အပေါ် သစ္စာစောင့်ရမယ်၊ သူ့ပဆန်စားရင် ရဲရမယ်၊ ငါ့အသက်ဆယ်နှစ်သားမှာ တောင်ငူကို ရောက်လာတော့ ငါ့မိဘတွေက ဖထီးကို အလုပ်သမားအဖြစ်နဲ့ အိမ်မှာ မွေးထားခဲ့တယ်၊ ငါ့မိဘတွေ ဓားပြသတ်လို့ သေတော့၊ ဖထီးက ငါ့ကို သားတစ်ယောက်အဖြစ် စောင့်ရှောက်တယ်။ အဖေတစ်ယောက်လိုပဲ အမြဲ ဆုံးမတယ်၊ ယောကျ်ားကောင်းတစ်ယောက်ဆိုတာ သစ္စာရှိရမယ်ဆိုတာ ငါ့ရင်ထဲမှာ စွဲနေပါတယ်''

''အေး ... ငါတို့နှစ်ယောက်တိုက်ပွဲတွေမှာ ထိပ်တိုက်မတွေ့ပါစေနဲ့လို့ ဆုတောင်းရမှာပဲ၊ တွေ့လို့ တိုက်ခိုက်မိရင်လည်း ထိခိုက်သူက ခွင့်လွှတ်စိတ်ကို မွေးကြမယ် ... ဟုတ်ပြီလား''

သမိန်နှင့် ဒီဂါမာတို့က တစ်ယောက်မျက်နှာကိုတစ်ယောက်ကြည့်ပြီး၊ တစ်ယောက်လက်ကိုတစ်ယောက် တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်လိုက်ကြသည်။ ထိုအချိန်မှာပင် ပွဲခင်းတစ်နေရာမှ ဆူဆူ ညံညံ အသံတွေ ပေါ်လာလေသည်။

● ● ●

အော်သံ ဟစ်သံ၊ ပြေးသံ လွှားသံတို့က သေရည်ဆိုင်တွင် သေရည် မသောက်ဘဲ ထိုင်နေကြသော သမိန်နှင့် ဒီဂါမာတို့၏ အာရုံကို ဆွဲဆောင်လိုက်သည်။

''ဘာဖြစ်တာလဲ မသိဘူး''

''လူဆိုးဓားပြတွေ ပွဲခင်းထဲဝင်ပြီး ရမ်းကားနေတာဖြစ်မယ်၊ ခုတစ်လော မောရမြို့ဘက်မှာ ကျွဲကြီးတို့ဓားပြအဖွဲ့ သောင်းကျန်းနေတယ်လို့ ကြားတယ်၊ အခုလည်း သူတို့ သောင်းကျန်းတာပဲဖြစ်မယ်''

သမိန်နှင့် ဒီဂါမာတို့နှစ်ယောက် အပြန်အလှန် ဝေဖန်ပြောဆိုနေကြစဉ်၊ ပွဲခင်းဘက်မှပြေးလာသော မိန်းကလေးနှစ်ယောက်အား တွေ့ရသည်။ သမိန်တို့က ပြေးလာသော မိန်းကလေးနှစ်ယောက်အား လှမ်းကြည့်သည်။ ကြောက်အားလန့်အားနှင့်ပြေးလာသော ထိုမိန်းကလေးနှစ်ယောက်နောက်မှ ဓားသမားငါးယောက်ခန့် ပြေးလိုက်လာသည်ကို တွေ့ရ၏။

''ဟေ့ ... မပြေးနဲ့ ... ရပ်လိုက်၊ ဆက်ပြေးနေရင် နင်တို့ ဒုက္ခရောက်မယ်နော်''

မိန်းကလေးနှစ်ယောက်က ဘေးလွတ်မည်ထင်ရာသို့ လှည့်ပတ်ပြီး ပြေးသည်။ ဓားသမားများက လှည့်ပတ်ပြီး လိုက်ရာက လူခွဲလိုက်သည်။ ထို့နောက် မိန်းကလေးနှစ်ယောက်အား ဝိုင်းနိုင်အောင် ကြိုးစားကြသည်။

''ဟေ့ ... နင်တို့ ပြေးလို့ မလွတ်ဘူးနော်၊ အသားအနာ မခံချင်ရင် အဖမ်းခံလိုက်''

ဓားသမားများထံမှ အော်ပြောသံကို ကြားရသည်။ တစ်ခဏအတွင်းမှာပင် ဓားသမားငါးယောက်က သမိန်တို့ထိုင်နေသည့် သေရည်ဆိုင်အနီးတွင် မိန်းကလေးနှစ်ယောက်အား ပတ်ဝိုင်းမိသည်။

သေရည်ဆိုင်မှ မီးရောင်ဖြင့် ထိတ်လန့်တကြားဖြစ်နေသော မိန်းကလေးနှစ်ယောက်ကို ထင်ထင်ရှားရှား မြင်ရသည်။ ဓားသမားငါးယောက်က သူတို့ ပတ်ဝိုင်းနေသည့်စက်ဝိုင်းကို တဖြည်းဖြည်း ကျဉ်းပစ်နေကြ၏။

"ငါတို့ဆရာက နင်တို့ကို သဘောကျလို့ ကမ်းလှမ်းတာ ဆယ်ကြိမ်,မကတော့ဘူး။ နင်တို့က အနုနည်းကို မကြိုက်တော့ အကြမ်းကိုင်ရတော့မယ်"

"ခွေးမျိုးတွေ ... ငါ့တို့အသားကို လာထိရဲ့ထိကြည့်၊ ငါ့အစ်ကိုက နင်တို့ကို အမှုန့်ချေပစ်လိမ်မယ်"

"ဟား ဟား ... နင့်အစ်ကိုက ငါတို့ကို အမှုန့်မချေခင်၊ ငါတို့က နင့်ကို ဆရာကြီးလက် ဝကွက်ပြီး အပ်လိုက်မယ်၊ ဆရာကြီးက စွန့်ပစ်တဲ့အခါ ငါတို့က ..."

ဓားသမားများက မကြားဝံ့မနာသာ စကားများကို ဆက်ပြောသည်။ ထိုအချိန်တွင် မိန်းကလေးနှစ်ယောက်အနက်မှ တစ်ယောက်က ခါးကြားတွင် ထိုးထားသည့် ဓားမြှောင်ကို ဆတ်ခနဲ ဆွဲထုတ်လိုက်သည်။

"လာစမ်း ... နင်တို့ ငါ့အနားကို ကပ်ရဲရင် ကပ်ကြည့်၊ နင်တို့ကို ငါနဲ့အတူ သေရွာအရောက် ခေါ်သွားမယ်"

"ဟား ဟား ... သတ္တိခဲလေးဟေ့၊ မင်းတို့ အသာနေ ... သူ့ကို ငါစမ်းကြည့်လိုက်မယ်"

ဓားသမားတစ်ယောက်က စည်းဝိုင်းအတွင်းဘက်သို့ ဝင်လာသည်။ ထိုသူက ဓားကို ပေါ့ပေါ့ဆဆကိုင်ပြီး ခြေလှမ်းသုံးလှမ်းခန့် လှမ်းမိစဉ်၊ ဓားမြှောင်ကိုင်ထားသည့် မိန်းကလေးက မမျှော်လင့်သော လှုပ်ရှားမှုကို ပြုသည်။ သူမက ဓားသမားထံ ခုန်ပျံဝင်လာပြီး ဓားကိုင်လက်ကို ဓားမြှောင်ဖြင့် ထိုးဖြတ်သည်။ ဓားမြှောင်အဖျားက ဓားသမား၏ ဓားကိုင်လက်ကို ထိပြီး၊ လက်ထဲမှ ဓားလွတ်ကျသွားသည်။

"အား"

ဓားသမားက ဓားမြှောင်ချက်မိသွားသော သူညာလက်ကို ဘယ်လက်ဖြင့် အုပ်ကိုင်ပြီး၊ နောက်ကို အပြေးအလွှား ဆုတ်သည်။ မိန်းမပျိုက ဓားသမားလက်မှ လွတ်ကျသွားသည့် ဓားရှည်ကို ကောက်ယူပြီး၊ သူမ၏ အဖော်ရှိရာသို့ ခုန်ဆုတ်သွားသည်။

''ဒီကောင်မ တယ်စွာပါလား''

''ညှာမနေနဲ့ ... တစ်ခါတည်း အပြတ်ရှင်း''

''ဆရာကြီးက မေးရင် လက်လွန်သွားတယ်လို့ပြော''

တစ်ယောက်တစ်ပေါက် ပြောသံနှင့်အတူ ဓားသမားများက ရှေ့ကို တိုးကပ်မည်ပြုသည်။ သို့သော် မတိုးဖြစ်။ ဓားသမားနှစ်ယောက် မလှုပ်ရှားနိုင်ခင်မှာပင် သမိန်နှင့် ဒီဂါမာတို့က ဓားကိုယ်စီကိုင်ပြီး လူရမ်းကားတို့ကို လမ်းပိတ်လိုက်သည်။

''ရပ်လိုက်စမ်း''

''ဟေ့ ... ဘာလဲ၊ မင်းတို့ ဘယ်သူတွေလဲ၊ ငါတို့ကိစ္စမှာ ဝင်မရှုပ်နဲ့ ... ဗိုလ်ကျဲကြီးဆိုတာ မကြားဖူးဘူးလား''

''ကျဲကြီးသော, နွားကြီးသော ငါတို့မသိဘူး။ ငါတို့ရှေ့မှာ မိန်းကလေးတွေကို အနိုင်ကျင့်နေတာ ရပ်ကြည့်မနေနိုင်ဘူး''

''ဒါဆိုရင်လည်း သေပေတော့''

လူရမ်းကားလေးယောက်က သမိန်တို့ထံသို့ ပြေးဝင်လာသည်။ သမိန်နှင့် ဒီဂါမာတို့က ဘေးချင်းယှဉ်ရပ်ပြီး လူရမ်းကားတို့အား တစ်ဟုန်ထိုး တိုက်ခိုက်သည်။ ငြာသံပေး အော်ဟစ်သံ၊ မာန်သွင်းသံ၊ လက်နက်ချင်းထိသံတို့ အဆက်မပြတ် ပေါ်ထွက်လာသည်။ သမိန်နှင့် ဒီဂါမာတို့က လူရမ်းကားနှစ်ယောက်စီကို ခွဲပြီးတိုက်သည်။

လူရမ်းကားတို့မှာ ဓားရေးကျွမ်းကျင်သူများ မဟုတ်ကြပေ။ သူတို့သည် သမိန်နှင့် ဒီဂါမာတို့၏ ဓားချက်များကို အသေအလဲ ရှောင်တိမ်းကြရင်းမှ တစ်ယောက်နှင့် တစ်ယောက်အချက်ပြပြီး နေရာမှ ပြေးထွက်ကြသည်။

''ဟေ့ ... မပြေးနဲ့''

သမိန်နှင့် ဒီဂါမာတို့က တစ်ပြိုင်နက်တည်း အော်လိုက်ကြသည်။ လူရမ်းကားလေးယောက်သည် လက်တွင် ဒဏ်ရာရထားသော သူတို့လူကို မခေါ်တော့ဘဲ ဘေးကင်းရာသို့ ရှောင်ပြေးကြသည်။

ဒီဂါမာသည် တစ်ယောက်တည်းကျန်နေသော လူရမ်းကားကို

ခါးဖြင့်ရွယ်ထားလိုက်သည်။

"မင်းက ဒီလူတွေရဲ့ ခေါင်းဆောင်မဟုတ်လား"

"ဟုတ် ... ဟုတ်ကဲ့"

"ဟိုဘက်ပွဲခင်းထဲမှာ ရမ်းကားနေတာလည်း၊ မင်းတို့လူတွေ မဟုတ်လား"

"ဟုတ်ပါတယ်"

"ငါ့နာမည် ဒီဂါမာလို့ခေါ်တယ်၊ မုတ္တမဘုရင်ရဲ့ ကိုယ်ရံတော် တပ်မှူးပဲ၊ မင်းကိုငါ ဖမ်းချုပ်လို့ရတယ်ဆိုတာ သိလား"

"ချမ်း ... ချမ်းသာပေးပါ ဗိုလ်မင်း"

"အေး ... မင်းကိုငါ ချမ်းသာပေးလိုက်မယ်၊ မင်းတို့ရဲ့ဆရာ ကျွဲကြီးကို ဒီနယ်ကနေ ထွက်သွားဖို့ ပြော၊ သူထွက်မသွားရင် ငါကိုယ်တိုင် တပ်နဲ့လိုက်ပြီး နှိမ်နင်းမယ်၊ အခုပွဲခင်းထဲမှာ ရမ်းကားနေတာလည်း ချက်ချင်းရပ်၊ မရပ်ရင် ငါ့ရဲမက်တွေ လာတိုက်လိမ့်မယ်၊ ငါက ပွဲမပျက် စေချင်လို့ အခုလို ပြောနေတာ ... မဟုတ်ရင် မင်းတို့ သေပြီ၊ သွား ... မြန်မြန်သွားပြော"

"ဟုတ် ... ဟုတ်ကဲ့"

ကျွဲကြီး၏နောက်လိုက် လူရမ်းကားက ဒဏ်ရာရထားသော ညာလက်ကို ဘယ်လက်ဖြင့် အုပ်ကိုင်ပြီး၊ ပွဲခင်းဘက်သို့ ထွက်သွားသည်။ ဒီဂါမာက သမိန်အား မျက်ရိပ်ပြပြီး မိန်းကလေးနှစ်ယောက် ရှိရာဘက်သို့ လှမ်းကြည့်သည်။

"ဒီက နှမငယ်တို့ အိမ်ကို ပြန်ကြမှာလား"

မိန်းကလေးနှစ်ယောက်က မေးခွန်းထုတ်လာသော သမိန်ကို လှမ်းကြည့်ပြီး ခေါင်းညိတ်ပြသည်။

"ဟုတ်ပါတယ် မောင်ကြီး"

"ဒါဖြင့်ရင် ရှေ့ကနေသွား ... ကျုပ်တို့နှစ်ယောက် လိုက်ပို့ မယ်"

"ကျေးဇူးကြီးလှပါတယ် မောင်ကြီး"

"ကျေးရူးနောက်မှတင် ... လောလောဆယ် နှမငယ်တို့ အိမ်ကို အမြန်ပြန်ရောက်ဖို့ လိုတယ်"

"ဟုတ်ကဲ့ပါ၊ ကဲ ... လာ မိသင် ... ပြန်ကြမယ်"

စောစောက လူရမ်းကားကို ခါးမြှောင်ဖြင့် တိုက်ခိုက်ခဲ့သူက သူ့အဖော်မိန်းကလေးအားပြောပြီး ရှေ့မှ လျှောက်ထွက်သည်။ မိသင်ဟု အခေါ်ခံရသူက နောက်မှလိုက်၏။

သမိန်နှင့် ဒိဂါမာတို့သည် ပွဲခင်းဘက်သို့ တစ်ချက်ကြည့်ပြီး မိန်းကလေးနှစ်ယောက်နောက်မှ လိုက်သည်။ ပွဲခင်းဆီမှ ဆူညံသံများ ငြိမ်သွားသဖြင့် လူရမ်းကားတို့ ထွက်ခွာသွားကြပြီ ဟု သိလိုက်ရလေ၏။

● ● ●

မြစ်နှင့် မျဉ်းပြိုင်ပမာ ရှိနေသော လမ်းကလေးသည် လရောင်အောက်တွင် ဖြောင့်ဖြူးနေ၏။

မိန်းမပျိုနှစ်ယောက်အား အိမ်တိုင်ရာရောက် လိုက်ပို့ဆောင်ပေးနေသော သမိန်နှင့် ဒီဂါမာတို့၏ ခြေလှမ်းများမှာ ရှေ့မှသွားနေသော မိန်းကလေးနှစ်ယောက်နီးတူ သွက်လက်နေသည်။

မိန်းကလေးနှစ်ယောက်အနက် ရန်သူတို့ကို ဓားဖြင့်ရင်ဆိုင်သည့်မိန်းကလေးက သမိန်တို့အား မသိမသာ လှည့်လှည့်ကြည့်သည်။ ထိုမိန်းကလေးက သူတို့အား သံသယမကင်း စိတ်မချသဖြင့် လှည့်လှည့်ကြည့်နေသည် ဟု ဆင်ပြီး စိတ်မကောင်းဖြစ်မိသည်။

''နှမလေးတို့ ခဏဆိုင်းပါဦး ... ကျုပ်ပြောစရာရှိလို့ပါ''

ရှေ့မှလျှောက်နေသော မိန်းကလေးနှစ်ယောက်၏ ခြေလှမ်းတွေ တုံ့သွားသည်။ မိန်းကလေးနှစ်ယောက်က လရောင်ဖြင့် မြင်နေရသော သမိန်တို့အား ဖြည်းညင်းစွာ လှည့်ကြည့်ကြသည်။

''ကျုပ်တို့အပေါ် သံသယမဖြစ်ကြပါနဲ့၊ ကျုပ်တို့က နှမလေးတို့ကို ကူညီတာဟာ စေတနာသက်သက်နဲ့ပါ၊ ဒါကြောင့် အိမ်ကိုစိတ်ချလက်ချပြန်ပါ၊ ကျုပ်တို့က သာမန်လူတွေ မဟုတ်ပါဘူး ... မင်းမှုထမ်းတွေပါ၊ ကျုပ်နာမည်က သမိန်၊ သူက ဖာနန်ဒို ဒီဂါမာ''

''ဟုတ်ကဲ့ ... ကျွန်မတို့က မောင်ကြီးတို့ကို မြင်မြင်ချင်း မင်းမှုထမ်းတွေမှန်း သိပါတယ်၊ ကျွန်မနာမည်က မိဘုန်းပါ၊ သူကတော့ မိသင်လို့ ခေါ်ပါတယ်''

ဓားစွမ်းပြသော မိန်းကလေးက သူမ၏အမည်ကို ထုတ်ဖော်ပြောလာသည်။

''ဒီဂါမာက မုတ္တမဘုရင်ရဲ့မြို့စောင့်တပ်မှူးတစ်ယောက်ပါ''

''မြို့စောင့်တပ်မှူး ... ဟုတ်လား၊ ဒါဆိုရင် နာခံတော်မှူးသီဟသူရကို သိမှာပေါ့နော်''

ဒီဂါမာက ခေါင်းညိတ်လိုက်သည်။

''သိတာပေါ့ . . . နာခံတော်မှူးက ခားရေးသိပ်ကျွမ်းတယ်၊ ဘုရင်မင်းမြတ်ရဲ့ အတွင်းလူတစ်ယောက်ပေါ့၊ နမငယ်တို့က သူနဲ့ ဘယ်လို ပတ်သက်လို့လဲ''

''ကျွန်မက သူ့ညီမပါ၊ ဟောဒီ မိသင်က အစ်ကိုသီဟာရဲ့ ဇနီးလောင်းပါ''

''ဒါဆိုရင်တော့ ကျုပ်တို့က ဆွေမျိုးသားချင်းတွေလို ဖြစ်နေကြပြီ၊ ကဲ . . . နမလေးတို့ ရှေ့က သွားကြပါ၊ နောက်ကြောင်းက သိပ်မအေးသေးတော့ နမလေးတို့အိမ်ကို မြန်မြန်ပြန်ရောက်မှ ဖြစ်မယ်''

မိသင်နှင့် မိဘုန်းတို့က ရပ်တန့်နေရာမှ မြေလမ်းလေးအတိုင်း လျှောက်ထွက်သည်။ သမိန်နှင့် ဒီဂါမာတို့က နောက်မှလိုက်ကြ၏။ မြေလမ်းလေးဘေးရှိ လူနေအိမ်ခြေရှိရာ ခြံဝန်းများကို ဖြတ်ကျော်ခဲ့ကြသည်။

''ရှေ့ကခြံဝင်းဟာ ကျွန်မတို့ခြံပဲ၊ မောင်ကြီးတို့ အိမ်ထဲကို ခဏတစ်ဖြုတ်ဝင်ကြပါဦး . . . အမေနဲ့ တွေ့စေချင်လို့ပါ၊ အမေက ကျွန်မတို့နှစ်ယောက်တည်း ပြန်လာတယ်ထင်ပြီး တောင်တောင်အီအီ တွေ တွေးနေမှာ စိုးလို့ပါ''

မိဘုန်းက အပြုံးမျက်နှာနှင့် ဖိတ်ခေါ်သည်။ သမိန်က အတုံ့စကားမဆိုဘဲ ဒီဂါမာအား လှမ်းကြည့်သည်။ ဒီဂါမာက မငြင်းပယ်နိုင်သည့်သဘောနှင့် ပခုံးနှစ်ဖက်ကို တွန့်ပြသည်။

''နာခံတော်မှူးက သူမပါဘဲ သူ့အိမ်ကို ဝင်တာထွက်တာ ကြိုက်ပါ့မလား နမလေး''

''အို . . . ဘာဖြစ်လို့ မကြိုက်ရမှာလဲ၊ သူ့ညီမတွေကို ဘေးရန်တွေကြားက ကယ်ခဲ့တာ၊ ကြိုက်ရုံမဟုတ်ဘူး . . . ကျေးဇူးတောင် တင်ရဦးမှာ၊ ဒီနားရောက်မှတော့ ငြင်းမယ်မကြံနဲ့ . . . ခြံဝန်းထဲကို ဝင်ကြပါ''

သမိန်နှင့် ဒီဂါမာတို့က မိသင်နှင့် မိဘုန်းတို့နောက်မှ လိုက်ပြီး ခြံဝင်းထဲသို့ ဝင်သည်။ ထိုအခါ ခွေးတစ်ကောင်၏ စူးစူးဝါးဝါး ထိုးဟောင်သံ ပေါ်လာ၏။

''ဟဲ့ ကျားပေါက် ... ဘယ်သူ့ကို ဟောင်နေတာလဲ''

မိဘုန်းက ခွေးဟောင်သံပေါ်လာရာနေရာသို့ လှည့်ပြီး တောက်ခေါက် ဟန့်တားလိုက်သည်။ ထိုအခါ ခြံဝင်းအလယ်မှ ခွေးတစ်ကောင် အနားသို့ရောက်လာသည်။ ခွေးက ကျားပေါက်တစ်ကောင်ဟု တင်စားလောက်အောင် အလုံးအထည်ကြီးလှ၏။

''ဒီခွေးက အစ်ကိုသီဟရဲ့ခွေးလေ၊ ညဘက်ကျရင် တကယ်အဖော်ရတယ်၊ ဪ အမေ ... ဟောဒီမှာ အစ်ကိုကြီးရဲ့မိတ်ဆွေတွေနဲ့ ပွဲခင်းထဲမှာတွေ့လို့ အိမ်ကို အလည်ခေါ်လာတယ်''

အိမ်အတွင်းမှ မီးခွက်ကြီးကိုင်ပြီး ထွက်လာသော မိဘုန်း၏ မိခင်ကို တွေ့ရသည်။

''ဒီကောင်မလေး ညာနေပြန်ပြီ ... ပွဲခင်းထဲမှာ ညည်းတို့ကို ကျွဲကြီးက ဖမ်းခေါ်တယ်ဆို၊ ဒီသူငယ်နှစ်ယောက်က ဝင်ကယ်ခဲ့တယ် မဟုတ်လား''

''ဟင် ... အမေက ဒါတွေကို ဘယ်လိုလုပ်သိနေတာလဲ''

''ပွဲခင်းထဲကနေ ထွက်ပြေးလာတဲ့လူတွေပြောလို့ သိတာပေါ့၊ လာ လာ ... ဟိုသူငယ်တွေ အိမ်ပေါ်ကိုတက်ကြ၊ မင်းတို့က မင်းမှုထမ်းတွေနဲ့ တူတယ်''

''ဟုတ်ကဲ့ ... ကျွန်တော်တို့က နာခံတော်မှူးနဲ့အတူ မုတ္တမဘုရင်ရဲ့ ကျွန်ရင်းတွေပါ''

''အေးကွယ် ... ဒီမိန်းကလေးနှစ်ယောက် မင်းတို့နဲ့ တွေ့လို့ပေါ့ကွယ်၊ မဟုတ်ရင် ဒင်းတို့ ဘေးတွေ့ပြီ၊ ဟဲ့ ... ဘာလုပ်နေတာလဲ ... ရေနွေးကြမ်းပြင်၊ သားတို့ ... ရေနွေးသောက် အမောဖြေပြီးမှ ပြန်ပါနော်''

''ကျုပ်တို့ မထိုင်တော့ပါဘူး၊ ဒီည မုတ္တမအရောက်ကူးကြရမှာမို့ ပြန်ခွင့်ပြုပါ''

ရေနွေးကြမ်းတစ်ခွက်တောင် မသောက်တော့ဘူးလားကွဲ့''

''နောက်တော့ လာသောက်ပါ့မယ် အမေ၊ လောလောဆယ်

အလုပ်တာဝန်တွေရှိနေလို့ ပြန်ခွင့်ပြုပါ”

သမိန်က မိဘုန်းတို့၏မိခင်ကို နှုတ်ဆက်စကားပြောပြီး နေရာမှ ခွာထွက်သည်။ မိဘုန်းတို့က အိမ်ပေါက်ဝအထိ လိုက်ပို့ပေးကြ၏။

“မင်းကလည်း အိမ်ပေါ်တက်ပြီး ခဏတစ်ဖြုတ်တောင် မထိုင်ဘူး”

“ငါက မုတ္တမဘုရင်ရဲ့ အမှုထမ်းမဟုတ်ဘူးလေ ... ငါက ဟံသာဝတီသား၊ ဒါကြောင့် ထွက်လာခဲ့တာ၊ ထွက်လာပြီးမှတော့ အခုလိုထွက်လာတာ ကောင်းတယ်လို့ သဘောထားလိုက်ရအောင်”

“ကောင်းပါပြီဗျာ ... မင်းပြောတဲ့အတိုင်းပါပဲ”

သမိန်နဲ့ ဒိဂါမာတို့ တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်သည်။ ပြီး ရယ်လိုက်ကြလေ၏။

● ● ●

# မုဋ္ဌာမ

သီဟာသူရက သူ့ရှေ့တွင် ရပ်နေသော ဒီဂါမာ၏မျက်နှာကို စိန်းစိန်းကြီး ကြည့်သည်။ ဒီဂါမာက လက်နှစ်ဖက်ကို ပိုက်ပြီး သီဟာသူရအား တည်ငြိမ်သည့်အမူအရာဖြင့် တုံ့ပြန်ကြည့်သည်။

''ငါ့နှမနဲ့ ငါ့ချစ်သူကို ကယ်ခဲ့တဲ့အတွက် မင်းကို ကျေးဇူးတင်ပါတယ်၊ မင်းနဲ့အတူ လူစိမ်းတစ်ယောက် ပါတယ်ဆို၊ သူက ဘယ်သူလဲဆိုတာ . . . ပြောပါဦး''

သီဟာသူရ၏စကားကြောင့် ဒီဂါမာက ပင့်သက်တစ်ချက်ကို ညင်သာစွာ ရှိုက်၏။

''သူ့နာမည်က သမိန်တဲ့ . . . ဟံသာဝတီတပ်မင်း ကျော်ထင်နော်ရထာရဲ့ ကိုယ်ရံတော်တပ်မှူးလေးပဲ''

''ဟင် . . . ဒါဖြင့် မင်းက ရန်သူနဲ့အတူ ငါ့အိမ်ကို သွားခဲ့တာပေါ့''

"သမိန့်ဟာ ခုချိန်အထိ ငါတို့ရဲ့ရန်သူမဖြစ်သေးပါဘူး။ သူက ငါနဲ့ ညီအစ်ကိုလို ချစ်ခင်တဲ့သူ၊ ကေတုမတီမှာ ငါနဲ့အတူနေခဲ့တဲ့သူ၊ သူက ငါနဲ့အတူ မိဘုန်းနဲ့ မိသင်တို့ကို ကယ်ခဲ့တယ်"

သီဟသူရက ဒိဂါမာအား တွေဝေသော အမူအရာနှင့် ကြည့်သည်။ ဒိဂါမာသည် နန်းတော်ရှိရာ တောင်ကုန်းအမြင့်ပေါ်မှနေ၍ အရှေ့ဘက်ရေပြင်ပေါ်တွင် ဆိုက်ရပ်ထားသော သင်္ဘောကြီးများကို လှမ်းကြည့်သည်။

"သမိန်က ယောကျ်ားပီသတဲ့လူပါ၊ ငါနဲ့ သူဟာ အရှင်သခင် တစ်ယောက်စီမှာ သစ္စာခံနေကြတဲ့အတွက် ရန်သူအဖြစ်နဲ့ ရင်ဆိုင်ရမယ်ဆိုတာ သူ လက်ခံတယ်၊ သူက ငါ့ကို သူတို့ဘက်ပါလာအောင် မဖြားယောင်းဘူး။ မုတ္တမဘုရင်ဆီမှာ အမှုထမ်းရင်း ကိုယ့်အရှင်သခင်ကို သစ္စာရှိရမယ်လို့ ပြောတယ်"

သီဟသူရ၏မျက်နှာပေါ်မှ တင်းမာမှုတွေ တဖြည်းဖြည်း ပြေပျောက်လာသည်။ စူးလက်ပြီး ရန်လိုသော သူ၏မျက်လုံးအကြည့်များက တည်ငြိမ်အေးချမ်းလာသည်။

"မင်းက အရှင်သခင်ကိုကယ်ခဲ့တဲ့သူ၊ အရှင့်အပေါ် သစ္စာရှိပြီး အရှင့်အမှုတော်ကို သေတဲ့အထိထမ်းဆောင်မယ့်လူလို့ ငါ ယုံကြည်တယ်၊ ဒါပေမဲ့ တခြားလူတွေကတော့ မင်းကို ငါ့လိုယုံကြည်မှာ မဟုတ်ဘူးနော် ... ဒါကိုလည်း သတိထားရမယ်"

ဒိဂါမာက ခေါင်းကို ညင်သာစွာ ညိတ်ပြသည်။

"အခုလို သတိပေးတဲ့အတွက် မင်းကို ကျေးဇူးတင်ပါတယ်၊ သမိန်နဲ့ပတ်သက်ပြီး ငါ ဆင်ဆင်ခြင်ခြင်နေပါ့မယ်၊ တကယ်တော့ ငါတို့ နောက်တစ်ခါပြန်တွေ့ရင် အရှင်သခင်တစ်ယောက်စီရဲ့ နောက်လိုက်တွေအဖြစ်, ရန်သူတွေအဖြစ်နဲ့ တွေ့ကြမှာပါ၊ အဲသလို တွေ့ရင် တစ်ယောက်ကိုတစ်ယောက် မညှာမတာ တိုက်ခိုက်ကြမှာပါ"

ဒိဂါမာက သီဟသူရအား ပြုံးလျက်နှင့်ပြောပြီး လှေဆိပ်ဘက်သို့ လှမ်းကြည့်သည်။ လှေဆိပ်တွင် ဆိုက်ကပ်လာသည့် သမ္ဗန်တစ်စီး

ပေါ်မှ ဆင်းလာသည့် ဥရောပသူတစ်ယောက်ကို လှမ်းမြင်စဉ် ဒီဂါမာ၏ ရင်ထဲမှာ သိမ်မွေ့ညင်သာစွာ လှုပ်ခတ်လာသည်။ သူ့စိတ်ထဲမှနေ၍ မာရီယာဆိုသည့်အမည်ကို ခေါ်မိ၏။

''မင်းအဖေ နေကောင်းရဲ့လား ဒီဂါမာ''

သီဟာသူရ၏အမေးစကားက မာရီယာထံသို့ စိတ်ရောက်နေသော ဒီဂါမာအား ကိုင်လှုပ်လိုက်သကဲ့သို့ ရှိသည်။ ဒီဂါမာသည် မာရီယာကို ကြည့်နေရာမှ သီဟာသူရဘက်သို့ လှည့်ကြည့်လိုက်သည်။

''နေကောင်းပါတယ်၊ ဖထီးက မင်း သူ့ဆီကို လာသွားတယ်လို့ ပြောတယ်၊ မင်းက မင်းအမေနဲ့ မင်းညီမ မောရမြို့မှာ ရှိနေတာ ငါ့ကို မပြောဖူးဘူး၊ အဲဒါ ဘာဖြစ်လို့လဲ . . . ငါ့ကို မယုံကြည်လို့လား သီဟ''

''မဟုတ်ပါဘူး၊ ငါက ငါ့မိသားစုအကြောင်း မင်းကိုမှ မဟုတ်ဘူး . . . ဘယ်သူ့ကိုမှ မပြောဖူးဘူး၊ အခု မင်း သိပြီမဟုတ်လား . . . ကျေနပ်ပါတော့''

ဒီဂါမာ၏အကြည့်က လှေဆိပ်ဆီသို့ ရောက်သွားပြန်သည်။ တစ်စုံတစ်ယောက်အား ထီးဆောင်းပြီး စောင့်မျှော်နေသော မာရီယာအား တွေ့နေရ၏။

''ဒီဂါမာ''

''ဟင် . . . ဘာလဲ သီဟ''

''လှေဆိပ်ကို ကြည့် . . . မာရီယာ ရောက်နေတယ်''

''သူ ဈေးထွက်ဝယ်တာနဲ့တူတယ်''

''ဟုတ်မှာပေါ့၊ သူတစ်ယောက်တည်း . . . အဖော်ရှိပုံ မရဘူး''

သီဟာသူရစကားကြောင့် ဒီဂါမာ ရယ်လိုက်သည်။

''ငါ အဖော်သွားလုပ်လိုက်မယ်''

''အေး . . . မြန်မြန်သွား''

ဒီဂါမာက အမြောက်ဆင်ထားသော မျှော်စင်ပေါ်မှ ဆင်းသည်။ မြေပြင်ပေါ်သို့ ရောက်သည်နှင့် နန်းမြို့ရိုးအတွင်းမှ ထွက်သည်။ ဝင်

ပေါက်တွင် အစောင့်ကျနေသော မီးပေါက်သေနတ်ကိုင်ရဲမက်က ဒီဂါမာ အား တွေ့သည်နှင့် အရိုအသေပြုသည်။

"ငါ လှေဆိပ်ကို ဆင်းလိုက်ဦးမယ်"

ဒီဂါမာက ရဲမက်အား အသိပေးပြောကြားပြီးနောက် လှေဆိပ် ရှိရာသို့ ခပ်သွက်သွက် လျှောက်သည်။ ထိုသို့လျှောက်ခဲ့ရင်း မာရီယာ အကြောင်းကို အပြေးအလွှား စဉ်းစားသည်။

မာရီယာသည် ဖာသာ၏သမီး ဖြစ်၏။ မောရမြိုင်ဆိပ်ကမ်း တွင် နေသည်။ သူ မောရမြိုင်သို့ရောက်စဉ်က မာရီယာထံ သွားခဲ့သော် လည်း လူချင်း မတွေ့ခဲ့ရ။

"ငါက မောရမြိုင်မှာ သူ့ကိုရှာနေတာ ... သူက ဒီကို ရောက် နေတာကိုး"

လှေဆိပ်သို့ ဒီဂါမာအရောက်တွင် မာရီယာ မရှိတော့။ ဒီဂါမာ က မာရီယာအားတွေ့လိုဇောနှင့် အပြေးအလွှား ရှာပုံတော်ဖွင့်သည်။

• • •

မာရီယာတစ်ယောက်မှာ သူမြင်ကွင်းထဲမှ ပျောက်ခြင်းမလှ ပျောက်သွားသဖြင့် ဒီဂါမာက မကျေနပ်။ သူက လေ့ဆိပ်ပတ်ဝန်း ကျင် နေရာအနှံ့အပြားသို့ သွားရောက်ရှာဖွေသည်။

လူစည်ကားရာ နေရာတစ်ခုပြီးတစ်ခုသို့ ရောက်သည်။ မာရီ ယာကို မတွေ့ရ။ မုတ္တမသားများက ပေါ်တူဂီဈေး ဟု ခေါ်ပြီး၊ ဥရောပ နိုင်ငံသားများက အန်ထော်နီဈေး ဟု ခေါ်သော ကုန်စည်ရောင်းဝယ်ရေး ကို အကြီးအကျယ် ပြုလုပ်သော ဈေးရှေ့သို့အရောက်တွင် ဒီဂါမာက တွေတွေဝေဝေနှင့် ရပ်လိုက်သည်။ သူ၏မျက်လုံးအစုံက တောင်တောင် မြောက်မြောက်ကြည့်ရင်း ကုန်အဝယ်ဒိုင်ကြီးတစ်ခုအတွင်းမှ ထွက်လာ သော မာရီယာအား တွေ့လိုက်ရသည်။

''မာရီယာ''

ဒီဂါမာက တုန်ယင်လှုပ်ခတ်နေသော အသံဖြင့် ခေါ်လိုက် သည်။ ကုန်တိုက်အတွင်းမှထွက်ပြီး ထီးကို ဖွင့်ဆောင်းလိုက်သော မာရီယာက ခေါ်သံပေါ်လာရာသို့ လှမ်းကြည့်သည်။ နေပူကျဲကျဲ အောက်တွင် ရပ်ပြီး၊ သူ့အား ပြုံးလျက်ကြည့်နေသည့်ဒီဂါမာကို တွေ့ရ သည့်အခါ ပန်းနုရောင်ထနေသော မျက်နှာလေးမှာ အပြုံးလေးတွေ ထင်လာသည်။

''မင်္ဂလာ နေ့ခင်းပါ ဒီဂါမာ၊ ကျွန်မ ဒီကနေထွက်တာနဲ့ ဒီဂါမာကို ရှာမယ် စိတ်ကူးထားတာ၊ ရှင်က ကျွန်မကိုမြင်လို့ နောက်က လိုက်တာတာလား''

''ဟုတ်တယ် မာရီယာ ... ငါ မနေ့က မောရမြိုင်ကို ရောက် တယ်၊ ရောက်ရောက်ချင်း မင်းကို သွားရှာတာ မတွေ့ဘူး၊ ဒါနဲ့ မြို့ထဲမှာ ကိစ္စရှိတာလေးတွေ လုပ်ပြီး၊ ဒီမနက်ပြန်ခါနီးမှာ တစ်ခါ သွားရှာတယ် ... ဒါပေမဲ့ မင်းကို မတွေ့ဘူး၊ သတင်းပေးမယ့်လူ တစ်ယောက်မှလည်း မတွေ့ဘူး၊ ဒါကြောင့် မုတ္တမကို ပြန်လာခဲ့တာ၊ ဒီကိုရောက်မှ မင်း လေ့ဆိပ်ကိုရောက်နေတာတွေ့လို့ ထွက်လိုက် လာတာ''

ဒီဂါမာက စကားကို ရှည်လျားစွာ ပြောသည်။ မာရီယာက ဒီဂါမာ၏ စကားကို ခေါင်းလေးငဲ့လိုက်၊ မျက်စလေးချီလိုက် မျက်နှာပေါ်တွင် အပြုံးကလေးဆင်လိုက်နှင့် နားထောင်သည်။ ဒီဂါမာ၏ စကားအဆုံးတွင် သူမက ချိုမြစွာ ရယ်မောလိုက်သည်။

''မနေ့က လူနာတစ်ယောက် အသည်းအသန်ဖြစ်လို့ အဖေ ပုဏ္ဏားကုန်းကိုသွားတာ ကျွန်မက အဖော်လိုက်သွားတယ်၊ လူနာကို စောင့်ကြည့်နေရလို့ ကျွန်မတို့ ညပြန်မလာနိုင်ဘူး၊ အခု ကျွန်မက အဖေ့ကိုယ်စား ဂိုအာကနေ ပို့လိုက်တဲ့ ဆေးတွေကို လာယူတာ''

''ဆေးတွေ လာယူတာဆိုပြီး လက်ထဲမှာလည်း ဘာမှ မပါပါလား မာရီယာ''

မာရီယာက ဒီဂါမာအား ပြုံးလျက်ကြည့်သည်။

''ခါတိုင်းလိုပဲ သူတို့က ဆေးတွေ လှေဆိပ်အရောက် ပို့ပေးမယ်လေ၊ ကျွန်မက အန်တီဒေါ်ရစ်ဆီလိုက်ပြီး မနက်စာစားမယ်၊ ပြီးတာနဲ့ ဆေးတွေ လှေဆိပ်ကို ရောက်လာရင် ဟိုဘက်ကမ်းကူးမယ်''

''အင်း . . . ဟုတ်သားပဲ၊ မင်း ဘာပဲလုပ်လုပ် အစီအစဉ်တကျ လုပ်တတ်တာကို မေ့သွားတယ်၊ အခု မင်း အန်တီဒေါ်ရစ်ဆီကို သွားတာ ငါလိုက်ခဲ့လို့ရမလား''

''ခါတိုင်းလည်း ရှင်လိုက်နေကျပဲဟာ . . . အဆန်းလုပ်ပြီး မေးနေတယ်၊ လိုက်ခဲ့လေ''

မာရီယာက ဒီဂါမာကို မျက်စောင်းလေးနှင့်ကြည့်ပြီး ပြောသည်။ ဒီဂါမာက မာရီယာ၏ ပန်းနုရောင်မျက်နှာလှလှလေးကို ငေးမတတ် ကြည့်ရင်းမှ ရယ်လိုက်သည်။

''လူဆိုတာ စိတ်ကြည်လင်တဲ့အခါ၊ စိတ်မကြည်လင်တဲ့အခါဆိုတာ ရှိတယ်၊ ဒါကြောင့် ခါတိုင်းလိုလားတာတွေကို မလိုလားတဲ့အခါလည်း ရှိနိုင်လို့ ငါက မေးတာပါ''

ဒီဂါမာ၏စကားအဆုံးတွင် မာရီယာက ရယ်သည်။ ရယ်ရင်း သူမက ဒီဂါမာ၏ပခုံးကို လက်သီးဆုပ်နုနုလေးဖြင့် ထိုးသည်။ ဒီဂါမာ

က နှုတ်မှ အိုး . . . ဟု အသံပြုပြီး မာရီယာ၏ လက်သီးဆုပ်နုနုကို ညင်သာဖွဖွ ဆုပ်ကိုင်လိုက်သည်။

''အိုး . . . ငှါပခုံးတွေက သိပ်ကြမ်းတမ်းတာ . . . မင်းရဲ့ လက်သီးဆုပ်တွေ နာသွားမှာပေါ့''

မာရီယာက ဒီဂါမာအား မျက်စောင်းလေးခဲလျက် ကြည့်ရင်းမှ ရယ်သည်။ ဒီဂါမာကလည်း မာရီယာနှင့်အတူ လိုက်ရယ်၏။

''ရှင်က တစ်ခါတစ်ခါကျရင် သိပ်ရယ်ရတာပဲ၊ မုတ္တမမှာ ရှင့်လို သူငယ်ချင်းကောင်းတစ်ယောက်ရှိတဲ့အတွက် ကျွန်မ သိပ်ဝမ်းသာပါတယ်''

ဒီဂါမာက တန်ပြန်၍ ပြန်ပြောဆိုခြင်းမပြု။ မာရီယာနှင့်အတူ လျှောက်ရင်း စိတ်ကြည်နူးပျော်ရွှင်ဟန်နှင့် ပြုံးနေသည်။ မာရီယာမှာလည်း အပြုံးရိပ်ထင်နေသော မျက်နှာနှင့် ဘေးမှလိုက်သည်။

လှေဆိပ်သို့ ရောက်ခါနီးတွင် ခြံဝင်းကျယ်ကျယ်၌ အုတ်နီနီဖြင့် ဆောက်ထားသော အိမ်တစ်လုံးကို တွေ့ရသည်။ မာရီယာက ထိုအိမ်ရှိရာ ခြံဝင်းအတွင်းသို့ ဝင်ခဲ့သည်။

မာရီယာနှင့် ဒီဂါမာတို့ အုတ်တိုက်နီနီလေးရှေ့ကို အရောက်တွင် အဆောက်အအုံအတွင်းမှ အညိုရောင်ဂါဝန်ဝတ်ထားသော မိန်းမကြီးတစ်ယောက်ထွက်လာပြီး မာရီယာအား ဝမ်းသာအားရ နှုတ်ဆက်သည်။

''ဟေး မာရီယာ . . . ဒီဘက်ကမ်းကို မလာတာ ကြာပြီ . . . ဖာသာ နေကောင်းရဲ့လား''

''ဟုတ်ကဲ့ . . . ကောင်းပါတယ် အန်တီ၊ ဂိုအာကနေ ဆေးတွေ ရောက်နေတယ်ဆိုလို့ လာယူတာ''

''ဩော် . . . ဟုတ်လား . . . ဒီကပ္ပတိန်နဲ့ ဘယ်မှာတွေ့လာတာလဲ''

''လှေဆိပ်မှာတွေ့လို့ သူက ကျွန်မကို လိုက်ကူညီနေတာ''

''သူက ဝတ္တရားမပျက်ဘူးနော် မာရီယာ၊ ဒီကို ရောက်လာ

တုန်း အန်တီ မနက်စာကျွေးရမှာပေါ့၊ အိမ်ထဲကို ဝင်ပါ ... ကပ္ပတိန် လည်း လာလေ''

အနည်းငယ် ဝဝဖိုင့်ဖိုင့်နိုင်သော ဒေါ်ရစ်က ပြုံးချိုသော မျက်နှာ အမူအရာနှင့် ပြောသည်။ ထိုသို့ပြောနေသော ဒေါ်ရစ်၏ မျက်လုံးအစုံမှာ ငြိုငြင်ဟန်တွေ ထင်နေသည်ကို ဒီဂါမာက သတိပြုမိ၏။ သို့သော် သူက မသိဟန်ဆောင်ပြီး မာရီယာနှင့်အတူ အိမ်ထဲသို့ လိုက်ဝင်သည်။

''ဒီနေ့ မနက်စာတော့ သိပ်တော့ မကောင်းဘူး မာရီယာ ... ပေါင်မုန့်၊ ဒိန်ခဲကြက်ဥမွှေကြော်၊ ခရမ်းချဉ်သီးဆော့ပဲ လုပ်ထားတယ်၊ မာရီယာရောက်လာတုန်း ဝိုင်ပုလင်းဖွင့်မှာနဲ့ အတော်ပဲ၊ ကပ္ပတိန်က ဒီအရပ်ဒေသက အစားအသောက်တွေနဲ့ အသားကျနေတော့ ကျွန်မတို့ စားတာကို ကြိုက်ပါ့မလား မသိဘူး''

''ကျွန်တော် မနက်စာ စားပြီးသွားပါပြီ၊ မာရီယာကို အဖော်လုပ်ပြီးတော့ပဲ ထမင်းစားပွဲမှာ ထိုင်ပါမယ်၊ ဒီမှာနေတဲ့လူတွေက မနက်စာ၊ ညစာတွေကို အစောကြီးစားတတ်တာ ကျွန်တော်လည်း အကျင့်ပါနေပြီ''

''ဟုတ်တယ်နော် ... ကပ္ပတိန်က ဒီအရပ်သားဖြစ်နေပြီပဲဟ ... ဒီက ထုံးစံအတိုင်း နေထိုင်စားသောက်မှာပေါ့၊ ဒါကို ကျွန်မ ခဏခဏ မေ့မေ့သွားတယ်''

ဒေါ်ရစ်က တမင် ရိသဲ့သဲ့ပြောလိုက်မှန်း ဒီဂါမာက သိသည်။ သို့သော် သူက မသိဟန်ပြုပြီး၊ မာရီယာနှင့်အတူ ထမင်းစားခန်းသို့ ဝင်သည်။ ထမင်းစားပွဲတွင် ဝင်ထိုင်သည်။

ဒေါ်ရစ်က ထိုးကွင်းမင်ကြောင်ထိုးထားသော ဒီဂါမာ၏ လက်မောင်းကို ရှုတ်ချဟန်အကြည့်ဖြင့် တစ်ချက်ကြည့်သည်။ ထို့နောက် မာရီယာအား နံနက်စာ တည်ခင်းကျွေးမွေးသည်။

ဒီဂါမာက ဒေါ်ရစ် တည်ခင်းသော လက်ဖက်ရည်ကျဲကျဲ တစ်ခွက်ကို သောက်ပြီး မာရီယာအား အဖော်ပြုသည်။ မာရီယာ

နံနက်စာ စားနေစဉ်တွင် သူက နှိမ့်ချသော လူတစ်ယောက်အသွင်နှင့် စောင့်နေရ၏။ ထိုအချိန်လေး၌ သူ့ရင်ထဲတွင် ကြည်နူးမှုတွေ ပြည့်လျှံနေကြောင်း ဒီဂါမာ တအံ့တသြနှင့် သိလိုက်ရလေသည်။

● ● ●

ဝင်လုဆဲနေရောင်ခြည်က သံလွင်မြစ်ပြင်ပေါ်သို့ ဝေ့ဝေ့စောင်း စောင်းနှင့် ကျရောက်နေသည်။ မြစ်တစ်ပြင်လုံးမှာ ကျနေရောင်အောက် တွင် ကြေးနီရောင်သန်းနေသည်။

ဒီဂါမာသည် ခံတပ်ထိပ်အမြောက်ပစ်စင်ပေါ်မှနေ၍ မြစ်ရေပြင် ကို ငေးကြည့်နေသည်။ ထိုရေပြင်၏ တစ်ဖက်ကမ်း မှိုင်းပျပျနိုင်သော မောရမြို့သို့ မာရီယာ ပြန်သွားခဲ့ပြီ။ ယခုအချိန်ဆို မာရီယာတစ်ယောက် အိမ်ပြန်ရောက်နေလိမ့်မည် ဟု တွေးရင်း လွမ်းမြမြခံစားချက်လေးများ ကို ခံစားရရှိနေသည်။

ဒီဂါမာ မြစ်ဘက်သို့ လှည့်ပြီးငေးနေစဉ် အမြောက်တပ်သား တစ်ယောက် အနားသို့ အပြေးအလွှား ရောက်လာသည်။

''ကပ္ပတိန် ... ရန်သူ့တပ်တွေရောက်နေလို့ ခုချက်ချင်း ညီလာခံခန်းမကို လာခဲ့ပါလို့ ကပ္ပတိန်ဆီးဇာ့စ်က ပြောလိုက်ပါတယ်''

''ရန်သူတွေ လာနေပြီ ... ဟုတ်လား။ ဒီအချိန်က ငါ ဒီနေရာမှာ နေနေရမယ့်အချိန်၊ လာ ... ငါ့ကိုယ်စား မင်း ဒီမှာနေ၊ ရန်သူတွေ ဟိုရှေ့က ကွင်းကိုဖြတ်တာနဲ့ အမြောက်နဲ့ပစ်ပေတော့ ... သူတို့ ကွင်းပြင်ထဲ ဝင်မလာသေးရင်တော့ မပစ်နဲ့''

''ဟုတ်ကဲ့ပါ ကပ္ပတိန်''

''တာဝန်ကို အလေးထားပါ၊ ဂရုစိုက်ပါနော်၊ ငါ အောက်ကို ရောက်တာနဲ့ မင်းအတွက် အဖော်ပြုမယ့်လူတွေကို လွှတ်လိုက်မယ်''

''ဟုတ်ကဲ့ပါ ကပ္ပတိန်''

ဒီဂါမာက အမြောက်ပစ်သမားကို ထားခဲ့ပြီး၊ ပစ်စင်ပေါ်မှ ဆင်းသည်။ ပစ်စင်အောက်သို့အရောက်တွင် တာဝန်ကျတပ်ဖွဲ့မှ အမြောက် သမားနှစ်ယောက်ကို ပစ်စင်ပေါ် တက်ရန် လွှတ်သည်။

''မင်းတို့ ပစ်စင်ပေါ်ကို တက်ကြ၊ ရန်သူတွေ လာနေပြီလို့ သတင်းရတယ်၊ ပစ်စင်ပေါ်ကနေ ရန်သူတွေကို မြို့ရိုးအနားမကပ်နိုင် အောင် ပစ်ပေးနေပါ ... ကြားလား''

''ဟုတ်ကဲ့ ... စိတ်ချပါ ကပ္ပတိန်''

ဒီဂါမာက တာဝန်ကျခံတပ်နှင့် တပ်ဖွဲ့ရှိရာမှ ခွာထွက်သည်။ သူ၏ဝတ်စုံကို သေသပ်အောင် ပြုပြင်ပြီးနောက် ဖိနပ်ချွတ်ပြီး ညီလာခံခန်းမသို့ ဝင်သည်။

ညီလာခံခန်းမတွင် မှူးမတ်သေနာပတိ အစုံအလင် ရောက်ရှိနေသည်။ ဒီဂါမာက သူ၏အထက်အရာရှိဖြစ်သော ကပ္ပတိန်ဆီးဇာ့စ်၏ အနီးတွင် ထိုင်ချလိုက်သည်။

မုတ္တမဘုရင် စောဗညားမှာ ညီလာခံသို့ ရောက်လာခြင်း မရှိသေး။ ရာဇပလ္လင်ပေါ်တွင် ထိုင်သူမရှိဘဲ ရှင်းနေ၏။ ခန်းမသို့ ရောက်နေသော မှူးမတ်၊ သေနာပတိတို့မှာ အချင်းချင်း တီးတိုးစကား ပြောနေကြ၏။

စည်တော်သံကို ကြားရသည်။ စကားသံတွေဖြင့် ကြွက်စီကြွက်စီဖြစ်နေသော ခန်းမကြီးတစ်ခုလုံး ငြိမ်ကျသွား၏။ တစ်ခဏအကြာတွင် ရာဇပလ္လင်ပေါ်သို့ ဘုရင်စောဗညားရောက်လာလေသည်။

''မှူးမတ် သေနာပတိအပေါင်းတို့ . . . ငါတို့ကို တိုက်ခိုက်ဖို့ ဟံသာဝတီတပ်တွေ မြို့အပြင်မှာ ရောက်နေကြပြီ၊ မကြာခင် မုတ္တမမှာ စစ်ပွဲကြီးတစ်ပွဲပေါ်ပေါက်တော့မယ်၊ ငါတို့ဟာ စစ်ကို ဖန်တီးသူ မဟုတ်ဘူး၊ စပြီး ကျူးကျော်သူ မဟုတ်ဘူး၊ ငါတို့ဟာ မုတ္တမ သုံးဆယ့်နှစ်မြို့ကို အစွမ်းကုန် ကာကွယ်ကြရမယ်၊ ငါတို့ ပြင်ဆင်ထားတဲ့စစ်ပွဲကို ပြင်းပြင်းထန်ထန်ဆင်နွှဲရမယ်၊ နာခံတော်မှူးက ရန်သူ့အင်အား ဘယ်လောက်ရှိတယ်ဆိုတာ ညီလာခံမှာ တင်ပြပါ''

နာခံတော်မှူး သီဟသူရက ရာဇပလ္လင်တော်နားဘွင် ဝပ်ဆင်းခစားနေရာမှ ခါးကို အနည်းငယ် မတ်လိုက်သည်။

''မှန်လှပါ . . . အထောက်တော်များ အစီရင်ခံချက်အရ ဟံသာဝတီတပ်မှာ စစ်သည်အင်အား တစ်သိန်းကျော်ပါပါတယ်၊ မြင်းနှစ်ထောင်ကျော်၊ ဆင်တစ်ရာကျော်နဲ့ မြို့ကို ဝိုင်းရံထားပါတယ်၊ ဒါပေမဲ့ ဟံသာဝတီတပ်မှာ လှေတပ် မပါပါဘူး''

''သူတို့က ဆင်တပ်၊ မြင်းတပ်တွေကို အားကိုး ပုံရတယ်၊

တပ်မှူးကြီးဆီးဇော့စ် ... မြို့ကို လုံခြုံအောင် ကာကွယ်ပါ။ မြို့ရိုးထိပ်က အမြောက်စိန်ပြောင်းတွေနဲ့ ရန်သူတပ်သားတွေ မြို့အနား မကပ်နိုင်အောင် အဆက်မပြတ် ပစ်ခတ်တားဆီးပါ။ မင်းရဲ့လက်ထောက် ဒီဂါမာနဲ့ တာဝန်ကို ခွဲဝေပြီး ယူပါ''

''မှန်လှပါ ... အမိန့်တော်အတိုင်း ဆောင်ရွက်ပါမယ်''

''ကပ္ပတိန်ကာအီဂိုက စစ်သင်္ဘောခုနစ်စင်းနဲ့ ရေကြောင်းကနေ ပိတ်ဆို့ပြီး မြို့ကို ကာကွယ်ပါ။ ဟံသာဝတီတပ်မှာ လှေတပ်မပါတဲ့အတွက် သူတို့ မြို့အနားကို ကပ်လို့ရမှာ မဟုတ်ဘူး၊ မောင်မင်းတို့က ရေကြောင်းက ဝင်လာမယ့် ရန်သူတွေကို ရှင်းလင်းပါ''

''မှန်လှပါ ... အမိန့်တော်အတိုင်း ဆောင်ရွက်ပါ့မယ်''

စောဗညားက ရာဇပလ္လင်အောက်တွင် နေရာယူခစားနေသော မှူးမတ်၊ သေနာပတိတို့ကို လှမ်းကြည့်သည်။ မုတ္တမဘုရင် စောဗညား၏ မျက်လုံးအစုံမှာ စစ်စိတ်စစ်သွေး ကြွနေဟန် အရောင်တဖျပ်ဖျပ် လက်နေသည်။

''နန်းရင်းဝန်က လွှတ်တော်ဝန်ချုပ်နဲ့တိုင်ပင်ပြီး မြို့တွင်းကို စားနပ်ရိက္ခာတွေ မပြတ်အောင် သွင်းပါ။ ဒီစစ်ဟာ ကြာရှည်မယ့်စစ်လို့ ယူဆရတယ်၊ စစ်ကြောင့် တို့ပြည်သူတွေ ငတ်မွတ်တာ မဖြစ်စေရဘူး၊ စစ်ကြောင့် ငါ့ပြည်သူတွေ တုန်လှုပ်ချောက်ချားတာ မဖြစ်စေရဘူး''

စောဗညား၏အမိန့်သံက ညီလာခံခန်းမတစ်ခုလုံး ပျံ့လွင့်နေသည်။ မှူးမတ်သေနာပတိတို့မှာ မိမိတို့၏ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရန် အသင့်ဖြစ်နေကြသည်။

''တပ်မှူးကြီးဆီးဇော့စ်နဲ့ တပ်မှူးဒီဂါမာတို့ တိုက်ပွဲဝင်ဖို့ သွားနိုင်ပြီ၊ တပ်မှူးကြီးကာယေးဂိုလည်း စစ်သင်္ဘောတွေဆီကို ပြန်နိုင်ပြီ''

ဒီဂါမာသည် တပ်မှူးကြီးဆီးဇော့စ်နှင့်အတူ ဘုရင်မင်းမြတ်အား လက်အုပ်ချီပြီး နောက်ဆုတ်၍ ညီလာခံမှ ထွက်သည်။ ခန်းမအပြင်ကို ရောက်သည်နှင့် တာဝန်ခွဲဝေယူပြီး မိမိတို့တာဝန်ကျရာသို့ ထွက်ခဲ့ကြသည်။

ဒီဂါမာက မြို့ရိုးထိပ် အမြောက်ပစ်စင်ပေါ်သို့ တက်သည်။ ပစ်စင်ပေါ်သို့ရောက်သည်နှင့် အဝေးကြည့်မှန်ပြောင်းကို ထုတ်ယူကာ မြို့မြောက်ဘက်သို့ ကြည့်သည်။ မြောက်ဘက်ရှိ တောတန်းအလွန်တွင် တလှုပ်လှုပ်တရွရွနှင့်ဖြစ်နေသော ဟံသာဝတီ ဆင်တပ်၊ မြင်းတပ်၊ ခြေလျင်တပ်တို့ကို တွေ့ရသည်။

ဟံသာဝတီတပ်ဖြန့်ချထားပုံကို ကြည့်ပြီး မကြာမီ မုတ္တမတွင် စစ်ပွဲကြီးတစ်ပွဲ ပြင်းထန်စွာ ဖြစ်ပွားတော့မည် ဟု အသွေးအသားထဲမှ ယုံကြည်စွာ သိနေ၏။ ထိုစစ်ပွဲတွင် မိမိ၏အရှင်သခင်အတွက် အသက်ပေးမည် ဟု ဒီဂါမာ ဆုံးဖြတ်ချက်ချထားလေသည်။

● ● ●

# ဟံသာဝတီ

မုတ္တမမြို့၏ မြောက်ဘက်ကျသော လွင်ပြင်ပြန့်တွင် ဟံသာဝတီ ဆင်တပ်၊ မြင်းတပ်၊ ခြေလျင်တပ်တို့ဖြင့် ပြည့်ကျပ်နေသည်။

ဘုရင့်နောင် ကျော်ထင်နော်ရထာကိုယ်တိုင် ဦးစီးသော တပ်သည် မြို့အနောက်ဘက်ရှိ တောင်ခြေတွင် တပ်ချထားသည်။ တပ်မင်းကြီး ဖြစ်သော ဘုရင့်နောင်ကျော်ထင်နော်ရထာက တောင်ခြေရှိ ယာယီ တဲနန်းတွင် မြေပုံကားချပ်များဖြင့် အလုပ်ရှုပ်နေသည်။ သူ၏အာရုံ မှန်သမျှသည် မြေပုံကားချပ်ထဲသို့ စူးစိုက်နစ်ဝင်နေသကဲ့သို့ ရှိ၏။

''အပြင်က ဘယ်သူလဲဟေ့''

မြေပုံကားချပ်ကို စူးစိုက်စွာ ကြည့်နေသော ဘုရင့်နောင်ထံမှ ခပ်ကျယ်ကျယ် မေးလိုက်သံပေါ်လာသည်။

''ကျွန်တော်မျိုး သမိန်ပါ အရှင်''

ဘုရင့်နောင်က မြေပုံကားချပ်ကို ချထားလိုက်သည်။ ထို့နောက် တဲနန်းဝင်ပေါက်သို့ လှမ်းကြည့်သည်။

''ဝင်ခဲ့ပါ သမိန်''

သမိန်က ကိုယ်ကိုကိုင်းညွတ်လျက် တဲနန်းအတွင်းသို့ ဝင်သည်။ ရှိကျိုးနိမ့်ချသော အမူအရာနှင့် ဘုရင့်နောင်၏ရှေ့တွင် ရပ်သည်။

''မင်း မောရမြိုင်ကိုသွားတာ ဘာများ ထူးခြားခဲ့လဲ သမိန်''

''မှန်လှပါ ... မောရမြိုင်က ကျွန်တော်မျိုးရဲ့မိတ်ဆွေဟာ မုတ္တမဘုရင်ရဲ့သစ္စာခံဖြစ်နေပါပြီ၊ ဒါကြောင့် သူ့ဆီက ဘာသတင်းမှ မယူခဲ့ပါဘူး၊ ကျွန်တော်မျိုးဆီကလည်း ဘာသတင်းမှ မပေးခဲ့ပါဘူး၊ တိုက်ပွဲမှာ မျက်နှာချင်းဆိုင်တွေ့ရင် တစ်ယောက်ကို တစ်ယောက် မညှာတမ်း တိုက်ခိုက်ဖို့ ကတိပြုခဲ့ကြပါတယ်''

ဘုရင့်နောင်က သမိန်၏စကားကို နားထောင်ရင်း မျက်မှောင်ကျုံ့လိုက်သည်။

''မင်းစကားရဲ့အဓိပ္ပာယ်က ဘာလဲ သမိန် ... ငါ့ကို ရှင်းရှင်းလင်းလင်း ပြောစမ်း''

''ကျွန်တော်မျိုးတို့ဟာ ကေတုမတီမှာကတည်းက အတူနေအတူကြီးခဲ့ကြပါတယ်။ သူက ပေါ်တူဂီသားပါ၊ သူ့မိဘတွေ ဆုံးသွားလို့ ကျွန်တော်မျိုးတို့နဲ့ ဆွေမျိုးအရင်းအချာလို ဖြစ်နေတဲ့ ဖထီးက မွေးစားခဲ့ပါတယ်၊ သူက ကျွန်တော်မျိုးရဲ့အသက်သခင်ပါ၊ ကျွန်တော်မျိုး ခပေါင်းချောင်းမှာ ရေနစ်တော့ သူကယ်ခဲ့ပါတယ်''

''သူက ဘယ်သူလဲ''

''မုတ္တမဘုရင်ရဲ့ မြို့စောင့်တပ်မှူးလေး ဖာနန်ဒိုဒီဂါမာပါ''

''ဓားရေးကောင်းလှတယ်ဆိုတဲ့ သူလား''

''မှန်ပါတယ် အရှင်''

''သူက မုတ္တမစားရဲ့ သစ္စာခံဆိုတော့ ... ငါတို့ ရန်သူပေါ့''

''မှန်ပါတယ်အရှင် ... ဒါကြောင့် ကျွန်တော်မျိုးတို့ဟာ ကိုယ့်အရှင်သခင်ကို သစ္စာစောင့်ပြီး၊ ရန်သူအဖြစ်တွေ့ကြတဲ့အခါ မညှာ

မတာ တိုက်ခိုက်ကြမယ်လို့ ကတိပြုခဲ့ကြပါတယ်၊ ကျွန်တော်မျိုးတို့ဟာ သူငယ်ချင်းရောင်းရင်းဆိုတဲ့ သံယောဇဉ်နဲ့ ကိုယ့်အရှင်သခင်ကို ကိုယ်သစ္စာမဖောက်နိုင်ပါဘူး''

''မင်းတို့က တစ်ယောက်ကို တစ်ယောက်လည်း ကိုယ့်ဘက်ပါလာအောင် မဆွဲဆောင်ကြဘူးပေါ့''

''မှန်ပါတယ် အရှင် ... ကျွန်တော်မျိုးက သူ့ကို ယောကျ်ားပီသသူ, သစ္စာရှိသူအဖြစ်ပဲ မြင်ချင်တယ်။ သူကလည်း ကျွန်တော်မျိုးကို အဲသလိုပဲ မြင်ချင်တယ်။ ဒါကြောင့် တစ်ယောက်ရဲ့သစ္စာတရားကို တစ်ယောက်က မဖျက်ဆီးပါဘူး''

ဘုရင့်နောင် တွေခနဲ ဖြစ်သွားသည်။ သမိန်၏ မျက်နှာကို စဉ်းစားတွေဝေသော အကြည့်ဖြင့် အတန်ကြာအောင် ကြည့်သည်။ ပြီးမှ အားရပါးရပြုံးပြီး သမိန့်ပခုံးကို လက်ဝါးဖြင့် လှမ်းပုတ်သည်။

''တကယ့် ယောကျ်ားတွေပါလား၊ မင်းလို လူမျိုး နောက်တစ်ယောက် ရန်သူ့ဘက်ကို ရောက်နေတာ နှမြောဖို့ ကောင်းသလို၊ စိုးရိမ်စရာလည်း ကောင်းတယ်၊ တိုက်ပွဲမှာ သူနဲ့တွေ့ရင် လက်မလွှတ်စေနဲ့ ... သူ့ကို ငါ အသက်ရှင်လျက်နဲ့ လိုချင်တယ်''

''ကျွန်တော်မျိုး အရှင့်အလိုပြည့်အောင် အစွမ်းကုန် ကြိုးစားပါ့မယ်''

ဘုရင့်နောင်က ခေါင်းတဆတ်ဆတ် ညိတ်သည်။ ခေါင်းညိတ်ရင်းက ယခုအချိန်ထိ ရပ်နေသော သမိန်အား အနီး၌ရှိ ထင်းတုံးကြီး တစ်တုံးပေါ်တွင် ထိုင်ရန် လက်ဟန်ပြသည်။

''ထိုင်ပါ သမိန် ... ရန်သူရဲ့အခြေအနေ မြို့စီးပြစီးလုပ်ထားတာတွေကို မင်း ကြည့်ခဲ့, လေ့လာခဲ့ရဲ့လား''

''ကျွန်တော်မျိုး ရန်သူ့တပ်နဲ့ လက်တစ်ကမ်းအကွာအထိ ဝင်စုံစမ်းခဲ့ပါတယ်၊ မုတ္တမပတ်ဝန်းကျင် ကျေးရွာမှာ နေသူတွေကို ချဉ်းကပ်ပြီး စုံစမ်းမေးမြန်းခဲ့ပါတယ်၊ ဒါကြောင့် ရန်သူ့အခြေအနေကို အကြမ်းဖျင်းတော့ သိထားပါတယ် အရှင်''

သမိန်က သူ ကြားခဲ့သိခဲ့ရသည့်ရန်သူ့သတင်းများကို ဘုရင့်နောင်အား လျှောက်ထားတင်ပြသည်။ ဘုရင့်နောင်က သမိန် လျှောက်ထားတင်ပြသမျှကို အာရုံစိုက် နားထောင်၏။

''မုတ္တမစားက လက်နက်ကောင်းတွေလည်း ရှိ၊ အမြောက်စိန်ပြောင်းတွေ ကျွမ်းကျွမ်းကျင်ကျင် ကိုင်တွယ် သုံးစွဲပစ်ခတ်တတ်သူတွေလည်း ရှိတာကြောင့် ဟံသာဝတီကို ပမာမခန့်ပြုချင်နေတယ်။ တစ်ချိန်တုန်းက သင်းဟာ သံဟာဝတီပြည့်ရှင်ဟောင်း သုရှင်တကာရွတ်ပိရဲ့ သစ္စာခံပဲ၊ သုရှင်တကာရွတ်ပိက ဘုရင်ခံအဖြစ် ချီးမြှင့်မြှောက်စားလို့ နေရာရလာသူပဲ။ ညီတော် မင်းတရားရွှေထီးက ငါ့ကို သစ္စာခံပါ၊ သုရှင်တကာရွတ်ပိ လက်ထက်ကလိုပဲ ချီးမြှင့်မြှောက်စားမယ်လို့ တပ်မှူးစေလွှတ်ပြီး ကမ်းလှမ်းတော့ သင်းက ခါးခါးသီးသီး ငြင်းဆန်ပြီး ရန်စစော်ကားခဲ့တယ်''

''စောဗညားဟာ ဘုရင်ခံဘဝမှာ နေရတာကြာတော့ သူ့ရရှိထားတဲ့စည်းစိမ်ကို မက်မောတွယ်တာနေပြီလို့ ထင်ရပါတယ်''

''ဒါ အမှန်ပေါ့ . . . သင်းဟာ သုရှင်တကာရွတ်ပိရဲ့ သစ္စာခံဘဝမှာ နေခဲ့ရတာကို မေ့လျော့ပြီး စိတ်ကြီးဝင်နေတာကြောင့် အခုလို ငါတို့ စစ်တံခွန်လွှင့်ရတာပေါ့။ အရေးကြီးတာက ငါတို့တစ်တွေ သင်းကို ဆုံးမနိုင်ဖို့ပဲ''

''ဆုံးမနိုင်ရုံမကဘူး . . . မုတ္တမက အရှင်မင်းတရား ရွှေထီးလက်အောက်ကို ရောက်မှာပါ''

ဘုရင့်နောင်က ခေါင်းညိတ်ပြသည်။

''အဲဒီအတွက် မင်းတို့ စွန့်စားဖို့, တာဝန်ကျေဖို့ လိုတယ်''

''ကျွန်တော်မျိုးက အရှင်နှစ်ပါးနဲ့ ဟံသာဝတီအတွက် အသက်စွန့်ပြီး တာဝန်ထမ်းဆောင်ပါ့မယ်''

ဘုရင့်နောင်၏ မျက်နှာတွင် အပြုံးရိပ်တွေ ထင်နေသည်။ သမိန်အား စူးစိုက်ကြည့်နေသော ဘုရင့်နောင်၏ မျက်လုံးအစုံမှာ သံယောဇဉ်အငွေ့အသက်များ ဖုံးလွှမ်းနေလျက် ရှိသည်။

''မုတ္တမကို ငါတို့တိုက်ခိုက်နေစဉ်မှာ သူတို့ရဲ့ညီနောင်ဖြစ်တဲ့ မောရမြို့င်က အကူအညီပေးမှာပဲ။ မောရမြို့င်နဲ့ပတ်သက်ပြီး ငါတို့ သေသေချာချာ သိထားဖို့ လိုတယ်၊ အဲဒီတာဝန်ကို မင်းကလွဲလို့ တခြား ဘယ်သူမှ မထမ်းဆောင်နိုင်ဘူး၊ တကယ်လို့ မင်း မောရမြို့င်ဘက်ကို ကူးချည်သန်းချည်လုပ်ရင် မင်းရဲ့မိတ်ဆွေက အနှောင့်အယှက် ပေးမယ် ထင်သလား''

''သူက သူတာဝန်ကျတဲ့နယ်မြေကို မဝင်ရင် ကျွန်တော်မျိုးနဲ့ ထိပ်တိုက်ရင်ဆိုင်မှာ မဟုတ်ပါဘူး၊ စစ်ပွဲမှာမဟုတ်ဘဲ ကြားခံနယ် မြေမှာတွေ့ရင် တစ်ယောက်ကိုတစ်ယောက် အနှောင့်အယှက်ပေးမှာ မဟုတ်ပါဘူး။ ဒီလိုပြောရတာကလည်း ကျွန်တော်မျိုးအနေနဲ့ မောရမြို့င် မှာ သူ့ကိုတွေ့ရင် ရန်သူအဖြစ် ဆက်ဆံမှာ မဟုတ်လို့၊ သူလည်း ဒီလိုပဲ ရှိမယ်ဆိုတာ ယုံကြည်လို့ပါ အရှင်''

ဘုရင့်နောင်ကိုယ်တော်ကြီးက သမိန်အား နားလည်ခွင့်လွှတ် သော အကြည့်ဖြင့် ကြည့်သည်။ ဘုရင့်နောင်၏ ထိုအကြည့်ကို ခံယူရင်း သမိန့်ရင်ထဲတွင် ပီတိတွေ ပြည့်လျှံနေသည်။

''မောင်မင်းအနေနဲ့ ကိုယ့်အနေအထားကို ကိုယ်သိ, ကိုယ့် ရပ်တည်မှုကို ကိုယ်သိဖို့တော့ လိုတယ်သမိန်၊ အစစအရာရာ သတိ ရှိပါလို့ပဲ ငါမှာချင်တယ်''

• • •

လှော်တက်ကိုကိုင်ပြီး အားသွန်ခွန်စိုက် လှော်ခတ်နေသော ဖထီး၏ လက်မောင်းတို့မှ ကြွက်သားတွေ အမြှောင်းလိုက်ထနေသည်။ သမိန်က လှေကို ကျွမ်းကျင်နိုင်နင်းစွာ လှော်ခတ်နေသော ဖထီးအား လှည့်ကြည့်ရင်း၊ ခပေါင်းချောင်းတွင် မိမိရေနစ်စဉ်က ဖထီးနှင့်အတူ ပါလာသော ဒီဂါမာက အသက်နှင့်ရင်းပြီး ကယ်တင်ခဲ့သည့်အဖြစ်ကို သတိရမိသည်။ ထိုစဉ်က ဒီဂါမာ ကယ်သဖြင့် မိမိ အသက်ရှင်ခွင့်ရခဲ့ သည်ကို ယနေ့ထိ မမေ့နိုင်ဘဲ ရှိသည်။

''မင်း ဘာတွေ စဉ်းစားနေတာလဲ သမိန်၊ ငါ့ကိုကြည့်ပြီး ခေါင်းတညိတ်ညိတ်လုပ်နေတာ ထောက်ရင် မင်း ဒီဂါမာအကြောင်းကို စဉ်းစားနေတာဖြစ်မယ်''

သမိန်က အသာအယာပြုံးပြီး ခေါင်းညိတ်ပြသည်။

''ဖထီးက ကျွန်တော့်ရင်ထဲကို ဖောက်ထွင်းပြီး မြင်နေသလိုပါလား၊ ဟုတ်ပါတယ် ... ကျွန်တော် ဒီဂါမာအကြောင်းကို စဉ်းစားနေတာ၊ ခပေါင်းချောင်းမှာ ကျွန်တော် ရေနစ်တော့ သူ ဝင်ကယ်ခဲ့တာကို ကနေ့ထိအောင် မမေ့ဘူး''

''သူကလည်း မင်းတို့မိသားစု သူ့အပေါ်ကောင်းခဲ့တာကို အမြဲ သတိရနေတတ်ပါတယ်။ ငါက သူ့ကိုမွေးစားခဲ့တယ်ဆိုပေမယ့် တကယ်တမ်း စောင့်ရှောက်ခဲ့တာ မင်းတို့မိသားစု မဟုတ်လား''

သမိန်က ဖထီး၏စကားကို ကြည်နူးစိတ်နှင့် နားထောင်နေစဉ် ရှေ့ရှိမြစ်ဆုံမှ မြင်ကွင်းကြောင့် ထိတ်လန့်တကြားဖြစ်သွား၏။

''ဟာ ... ဖထီး ... ဟိုမှာ ဟိုလှေမှောက်တော့မယ်''

''ဟာ ... ဒုက္ခပဲ ... မြစ်ဆုံမှာ ဝဲမိနေတာ၊ ကြည့်စမ်း ... လှေပေါ်မှာ လှေထိုးသားအပြင် ခရီးသည်တစ်ယောက်ပဲပါတယ်၊ ဘုရား ဘုရား ... ခရီးသည် မိန်းကလေးက မာရီယာပါလား။ သမိန်ရေ ... လှေနံရံကို သေသေချာချာကိုင်ထား၊ ရှေ့က လှေကို ငါတို့ ဝင်ကယ်မှ ဖြစ်မယ်''

"ဖထီး ... လေ့ချင်း ယှဉ်မိအောင် ကြိုးစား၊ ကျွန်တော် လှေနံရံကို ဆွဲကိုင်ပြီး၊ ဝဲထဲက ထွက်လာအောင် လုပ်မယ်"

ဖထီးက ခေါင်းညိတ်ပြပြီး၊ လှေကို အားစိုက်ပြီး လှော်သည်။ လှေက ဦးမော့ပြီး မြစ်ဆုံသို့ တစ်ရှိန်ထိုးပြေးဝင်၏။ ဝဲတွင် လည်နေသော လှေနှင့် လှေချင်းယှဉ်မိအောင် ကြိုးစားသည်။ လှေချင်းယှဉ်မိသည့်အခါ သမိန်က လက်တစ်ဖက်ဖြင့် သူတို့လှေနံရံကိုကိုင်၊ ကျန်သော တစ်ဖက်ဖြင့် တစ်ဖက်လှေနံရံကို ဆွဲကိုင်သည်။

"ဟော့ကောင်လေး ... ရှေ့ကို တစ်ရှိန်ထိုး လှော်ထွက် ... လှော်ဟေ့"

ဖထီးက အော်ဟစ်ပြောဆို၍ လှော်တက်ကို အားပါးတရ လျင်မြန်စွာ လှော်သည်။ တစ်ဖက်လှေကို လှော်ခတ်လာသည့် လူရွယ်ကလည်း လှော်တက်ကို အားစိုက်ပြီး လှော်သည်။ ထိုအခါ မြစ်ဆုံဝဲကတော့ထဲမှ လှေနှစ်စီး ဝေါခနဲ လွတ်ထွက်သည်။

"လှော် လှော် ... မရပ်နဲ့ ... ဆက်လှော်"

လှေနှစ်စီးမှာ ဘေးချင်းယှဉ်ပြီး ကမ်းဘက်သို့ ပြေးထွက်သည်။ သမိန်က တစ်ဖက်လှေကို မလွှတ်တမ်း ဆုပ်ကိုင်ထားပြီး လှေပေါ်တွင် ပါလာသူအား လှမ်းကြည့်သည်။ အပြာရောင်ပန်းပွင့်များ ပါသည့် ဂါဝန်ကို ဝတ်ထားသည့် တစ်ပြည်သူမိန်းကလေးကို မြင်ရစဉ် ရင်မှာ သိမ့်မွေ့ညင်သာစွာ လှုပ်ခုန်သွားသည်။

"မာရီယာ ... ဘယ်ကိုသွားမှာလဲ ... ပုဏ္ဏားကုန်းကို သွားမှာလား"

"ဟုတ်တယ် ဖထီး ... ရေလယ်မှာ ကျွန်မ သိပ် ကြောက်သွားတာပဲ၊ ဖထီးကို တွေ့မှ အားရှိသွားတယ်"

"ဖထီးတစ်ယောက်တည်းဆိုရင် မာရီယာတို့လှေကို ဝဲထဲက ဆွဲထုတ်နိုင်မှာ မဟုတ်ဘူး ... ဟောဒီ သမိန်ပါလို့၊ သူက တခြားလူ မဟုတ်ဘူး ... ဒီဂါမာရဲ့ ရောင်းရင်းမိတ်ဆွေပဲ"

သမိန်က ဗမာစကားကို မပီတပီနှင့် ပြောဆိုနေသော မာရီယာ

အား ငေးကြည့်မိသွားသည်။ ပန်းနုရောင်မျက်နှာ၊ ရွှေရောင်ဆံပင်၊ စိမ်းလဲ့လဲ့ မျက်လုံးတို့နှင့် မာရီယာသည် ငေးကြည့်လောက်အောင် လှသူ ဟု စိတ်ထဲက မှတ်ချက်ချမိ၏။

"သမိန် ... ဆိုတဲ့နာမည်ကို ဒီဂါမာ ခဏခဏ ပြောတယ်၊ သမိန်က ဒီဂါမာနဲ့ တွေ့ဖို့ လာတာလား"

"ဟုတ်တယ် ... ဒီဂါမာနဲ့လည်းတွေ့၊ ဖထီးနဲ့လည်း တွေ့ရအောင်ပေါ့"

မာရီယာက ပန်းနုရောင်ပါးပြင်ပေါ်တွင် ပါးချိုင့်ခွက်လေးများ ထင်သွားအောင် ပြုံးရင်း သမိန့်အား ကြည့်သည်။ သူမ၏ စိမ်းလဲ့လဲ့ မျက်လုံးအစုံမှာ ရွှန်းလဲ့တောက်ပနေသည်။

"ဒီဂါမာက ဟိုဘက်ကမ်းမှာ အလုပ်တွေ များနေတာ၊ ဒီဘက်ကမ်းကို မလာနိုင်ဘူး ထင်တယ်"

"ဟုတ်တယ် မာရီယာ ... သမိန်ကလည်း ဟိုဘက်ကမ်းကို သွားလို့မဖြစ်ဘူး၊ မုတ္တမစားရဲ့လူတွေက သမိန့်ကို ရန်ရှာလိမ့်မယ်။ အဲဒါဆို ဒီဂါမာ ကြားကနေ ဒုက္ခရောက်လိမ့်မယ်၊ ဒါကြောင့် ဖထီးက သမိန့်ကို မောရမြိုင်ဘက် ခေါ်လာခဲ့တာ"

ဖထီးက တစ်ဖက်လှေသမားကို အရေးမထားဘဲ ပြောချင်ရာ ပြောနေသဖြင့် သမိန် စိုးရိမ်လာသည်။ သူက ဖထီးအား လှည့်ကြည့် ပြီး မသိမသာ ခေါင်းယမ်းပြ၏။ ဖထီးက သမိန်၏ဆိုလိုရင်းကို သိသဖြင့် ရယ်သည်။

"သူက နားမကြားဘူး သမိန်၊ ပြီးမတော့ သူက ဒီဂါမာတို့၊ မာရီယာတို့ကို သိပ်ချစ်တဲ့သူပါ၊ သူ့အစ်ကိုအရင်း၊ အစ်မအရင်းတွေ လိုပဲ သဘောထားတယ်၊ ဒါကြောင့် သူနားကြားရင်တောင် အန္တရာယ် မရှိပါဘူး"

သမိန်က လှေထိုးသား လူရွယ်အား ကရုဏာသက်စွာနှင့် ကြည့်သည်။

"သူ နားမကြားရတာ ကြာပြီလား"

"မွေးကတည်းက မကြားတာ၊ နားမကြားပေမယ့် သူက သိပ် အကင်းပါးတယ်၊ ဒီဂါမာ သင်ထားပေးလို့ ဓားရေးလည်း ကျွမ်းတယ်"

လှေနှစ်စီးစလုံး ကမ်းကို ပြိုင်တူ ကပ်သည်။ သမိန်က လှေပေါ်မှ ပေါ့ပါးဖျတ်လတ်စွာ ခုန်ဆင်းပြီး၊ ကမ်းစပ်ရှိ သစ်ငုတ်တွင် လှေကြိုးကို ချည်သည်။ ထို့နောက် မာရီယာတို့လှေကြိုးကိုလည်း ဆွဲယူပြီး သစ်ငုတ်တွင် ချည်သည်။ ပြီးလျှင် သူက သစ်သားတံတားနားတွင် ကပ်ရပ်ထားသော လှေပေါ်ရှိ မာရီယာအား တံတားပေါ်သို့ ဆွဲတင်သည်။

လှေပေါ်မှနေ၍ သစ်သားတံတားပေါ်သို့ တက်ရန် ဟန်ပြင်လိုက်သည့် မာရီယာ၏ လက်ဖဝါးကို ဆုပ်ကိုင်ကာ တံတားပေါ်သို့ ဆွဲတင်စဉ် နွေးထွေးသော လက်ဖဝါးနုလေး၏ အထိအတွေ့ကြောင့် သမိန့်ရင် ညင်ညင်သာသာ ခုန်သွားပြန်သည်။

မာရီယာက စိမ်းလဲ့လဲ့ အရောင်လက်နေသော မျက်လုံး အစုံဖြင့် သမိန့်ကို ဖျတ်ခနဲ လှမ်းကြည့်သည်။ မျက်လွှာပင့်ပြီး ကြည့်လိုက်သည့် ထိုအကြည့်တစ်ကြည့်တွင် သမိန့်တစ်ကိုယ်လုံး လောင်ကျွမ်းသွားတော့မည့်ပမာ စိတ်တွင် ထင်သည်။

"သမိန်ရေ ... ငါတို့ မာရီယာကို လိုက်ပို့ရင်း သူ့အဖေနဲ့ တွေ့ကြရအောင်၊ ဆရာကြီး ဆိဟိုဒီတောရက်(စ်)ဟာ သူ တတ်တဲ့ ဆေးပညာနဲ့ မောရမြို့က လူတွေကို ဆေးကုပေးနေတာ ကြာလှပြီ"

"ဪ ... မာရီယာ့အဖေက ဆေးဆရာကိုး"

"ဟုတ်တယ် ... သူက ကုန်သည်သင်္ဘောတစ်စီးမှာ ဆေးမှူးအဖြစ်နဲ့ လိုက်လာတာ၊ မောရမြို့ကို ရောက်တော့ မာရီယာတို့ အမေနဲ့တွေ့ပြီး သံယောဇဉ်ဖြစ်တာနဲ့ သင်္ဘောအမှုထမ်းဘဝကနေ ထွက်ပြီး၊ သာသနာပြုအဖြစ်နဲ့ တစ်ဖက်က ဆေးကုရင်း မောရမြို့မှာ ပဲ အခြေချနေလိုက်တယ်"

"ဪ ... ဒါဆိုရင် မာရီယာက မောရမြို့သူပေါ့ ... ဟုတ်လား"

"ဟုတ်တာပေါ့ ... သူ့မှာ မွန်သွေးတစ်ဝက်ပါတယ်"

သမိန်က ဘေးတိုက်မြင်နေရသော မာရီယာ၏ မျက်နှာကို လှမ်းကြည့်သည်။ ပါးချိုင့်ခွက်လေးထင်အောင် ပြုံးနေသော မာရီယာ၏ မျက်နှာမှာ ပြစ်မျိုးမဲ့မထင် လှပနေသည်ကို တွေ့ရ၏။

''အစ်ကိုက ဖထီးနဲ့အတူ ကျွန်မတို့ကို ဝဲထဲမရောက်အောင် ကယ်ခဲ့တာဆိုတော့ ကျွန်မရဲ့ကျေးဇူးရှင်ပဲ။ ဖထီးနဲ့အတူ အိမ်ကို လိုက်ခဲ့ပါရှင်၊ ဖေဖေနဲ့လည်း တွေ့ပါ။ ပြီးတော့ ကျွန်မတို့အိမ်မှာ မနက်စာလည်း စားပါ''

သမိန်က ဝမ်းပန်းတသာပင် ခေါင်းညိတ်ပြလိုက်သည်။

''လိုက်ခဲ့ပါမယ်၊ အစ်ကိုက ဒီဂါမာနဲ့ တွေ့ချင်လို့လာတာ။ သူက မအားလို့ မလာနိုင်ဘူးဆိုတော့ မိတ်ဆွေတွေနဲ့တွေ့ပြီးမှပဲ ပြန်မယ်''

မာရီယာက အံ့အားသင့်သွားဟန်နှင့် သမိန်အား မျက်ခုံးလေး ပင့်ကြည့်သည်။

''ဒီဂါမာက မုတ္တမမှာ ရှိနေတယ်လေ . . . အစ်ကို အဲဒီကို ဘာဖြစ်လို့ မသွားတာလဲ''

''သူက ဟံသာဝတီကလာတာ မာရီယာရဲ့''

''အိုး . . . ဂေါ့(ဒ)''

ဖထီး၏စကားကြောင့် မာရီယာက သူ့နဖူးကိုသူ လက်ဝါးဖြင့် ရိုက်ပြီး ဘုရားတသည်။ ပြီး သမိန်အား ပြုံးလျက်ကြည့်သည်။

''အစ်ကိုက သိပ်သတ္တိကောင်းတာပဲ၊ ကျွန်မက ဒီလိုလူမျိုးကို သိပ်သဘောကျတယ်''

ရိုင်းခြားသားသွေးပါသော မာရီယာ၏ ပွင့်လင်းလွန်းသော စကားကြောင့် သမိန် နေရခက်သွားသည်။ တစ်ပြိုင်နက်တည်းမှာပင် သူ့ရင်ထဲတွင် ပီတိတစ်ရပ်ဖြင့် လှုပ်ရှားလာလေ၏။

• • •

# မုတ္တမ

စစ်၏ အငွေ့အသက်ကို မပြတ် ရရှိနေသည့် မုတ္တမတစ်မြို့လုံးမှာ မိမိတို့၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ရန် ပြင်ဆင်နေကြသည်။

မြို့ထိပ် ပြထိပ်တွင် အမြောက်စိန်ပြောင်း စသည့် လက်နက်များကို ရွှေ့ပြောင်းနေရာချထားကြ၊ ပစ်ခတ်ရန် ပြင်ဆင်ကြနှင့် ဖာနန်ဒိုဒီဂါမာအုပ်ချုပ်သည့် အမြောက်တပ်သားများ လှုပ်ရှားနေကြသလို၊ မုတ္တမဘုရင် စောဗညားနှင့် အနီးတွင်ရှိသော နာခံတော်မှူး သီဟသူရ၏ လက်အောက်ခံအထောက်တော်တို့က မြို့တွင်း၌ နေရာ အနှံ့အပြား သွားလာကာ အခြေအနေအရပ်ရပ်ကို ကြည့်ရှုမှတ်သား စစ်ဆေးထောက်လှမ်းနေကြသည်။

မုတ္တမမြို့၏အရှေ့ဘက် မြစ်အတွင်း၌ စစ်သင်္ဘောများ ရပ်နားနေကြသလို၊ မြစ်ဆိပ်တွင် လှေသင်္ဘောများ ကုန်တင်ချပြုရန် ရပ်တန့်နေကြသည်။

မြစ်ဆိပ်မှာ ယခင်ရှေးကာလနှင့်မခြား စည်ကားနေသည်။ နိုင်ငံရပ်ခြားမှလာသည့် ကုန်သည်ကြီးများသည် ကုန်အရောင်းမပျက်၊ အဝယ်မပျက်။ သူတို့သည် မုတ္တမမိုးကောင်းကင်အောက်တွင် လှုပ်ရှားရုန်းကြွနေသော စစ်နှင့်မဆိုင်သကဲ့သို့ ရှိနေသည်။

မုတ္တမပြည့်ရှင် စောဗညားသည် လသာဆောင်မှနေ၍ မြစ်ဆိပ်သို့လည်းကောင်း၊ မြို့ထိပ်သို့လည်းကောင်း၊ တစ်ဖက်ကမ်း မောရမြိုင်သို့လည်းကောင်း ကြည့်နေသည်။ ယောကျ်ားပီသခန့်ညားသော သူ၏မျက်နှာမှာ အနည်းငယ် ခက်ထန်သယောင် ရှိနေသည်။

စောဗညားရပ်နေရာအနီးရှိပြောင်စောင်းပေါ်တွင် မိဖုရားခေါင်ကြီး တလကမှူ ထိုင်နေသည်။ မိဖုရားကြီးသည် မြစ်ဆိပ်သို့ကြည့်လိုက်၊ မြို့ထိပ်သို့ကြည့်လိုက်နှင့် ရှိနေသော စောဗညား၏ အရိပ်အခြည်ကို ငြိမ်သက်စွာ ထိုင်ရင်း အကဲခတ်နေသည်။

''ယောက်ဖတော်က ဟံသာဝတီကို မကာကွယ်နိုင်ခဲ့ဘူး၊ ငါကတော့ မုတ္တမကို ရအောင် ကာကွယ်မယ်၊ ငါတို့ဟာ စစ်ကို မလွှဲမသွေရင်ဆိုင်ရတော့မယ်၊ စစ်ဟာ ငါတို့ယောကျ်ားတွေရဲ့ အရေးဆိုပြီး ပေါ့ပေါ့လျော့လျော့ မနေနဲ့ နှမတော်ဟာ မုတ္တမရဲ့ မဟေသီပဲ၊ မုတ္တမအရေးမှာ နှမတော်လည်း တာဝန်ရှိတယ်။ မုတ္တမ သုံးဆယ့်နှစ်မြို့မှာရှိတဲ့ နှမတော်ရဲ့ ဆွေမျိုးသားချင်းတွေနဲ့ ဆက်သွယ်ပါ။ မုတ္တမကို ကာကွယ်ဖို့အတွက် သူတို့အားကိုလည်း ငါလိုတယ်''

''မောင်တော့်အမိန့်ကို ဦးထိပ်ပန်ဆင်ပြီး ဒီတာဝန်ကို နှမတော်ယူပါ့မယ်''

စောဗညားက မိဖုရားခေါင်ကြီး တလကမှူအား ကြည့်ကာပြုံးရင်း ခေါင်းတဆတ်ဆတ်ညိတ်သည်။ ထိုအချိန်၌ လသာဆောင်သို့ထွက်သည့်အခန်းပေါက်ဝသို့ ရံရွေတော်တစ်ယောက် ရောက်လာသည်။

''အပြင်ဘက်မှာ လွှတ်တော်ဝန်, နာခံတော်မှူးနဲ့ မြို့စောင့်ဗိုလ်တွေ ရောက်နေပါတယ် အရှင်''

"သူတို့ ဝင်ခဲ့ကြပါစေ မိဖုရားကြီး ... ငါ့စစ်သူကြီးတွေနဲ့ ငါ စစ်ရေးကိစ္စ ဆွေးနွေးပါရစေ"

တလကမူက စောဗညားအား နားလည်သိတတ်သော အမူအရာနှင့် ကြည့်ပြီး နေရာမှ ထသည်။ ထို့နောက် လသာဆောင်မှ ထွက်သွားသည်။

မိဖုရားခေါင်ကြီး ထွက်သွားသည်နှင့် နန်းရင်းဝန် သမိန်စည်သူ၊ တပ်မမှူး သမိန်ထော၊ လွှတ်တော်ဝန်အုပ် ဗညားသင်၊ နာခံတော်မှူး သီဟသူရ၊ ရေကြောင်းဗိုလ် ဂျိုနီဝါကာယေးဂို၊ မြို့စောင့်တပ်မှူးကြီး ပါအူလိုအေဆီးဇာစ်၊ မြို့စောင့်တပ်မှူး ဖာနန်ဒိုဒီဂါမာတို့ ရောက်လာကြသည်။ သူတို့က စောဗညားရှေ့အနိမ့်ပိုင်းတွင် ထိုင်လိုက်ကြသည်။

"မောင်မင်းတို့ ဘာများထူးထူးခြားခြား လျှောက်တင်စရာရှိလို့ တစ်စုတစ်ဝေးတည်း ရောက်လာကြတာလဲ"

"မှန်လှပါ ... နန်းရင်းဝန်ကြီးအပါအဝင် လွှတ်တော်ဝန်နဲ့ စစ်သူကြီးများကို ကျွန်တော်မျိုး ခေါ်ဆောင်လာခဲ့တာပါအရှင်၊ ဟံသာဝတီတပ်တွေက လာရောက်တိုက်ခိုက်တာနဲ့ပတ်သက်ပြီး ကျွန်တော်မျိုး လျှောက်ထားတင်ပြစရာရှိနေပါတယ် အရှင်။ ဒီအကြောင်းအရာဟာ ဝန်ကြီးများလည်း သိသင့်ပြီး ဝန်ကြီးများနဲ့ စစ်သူကြီးများရဲ့ အကြံဉာဏ်ကို ရဖို့လိုပါတယ်"

"မောင်မင်းလျှောက်ထားပုံအရဆိုရင် အရေးကြီးပြီနဲ့တူတယ်၊ ဘာများလဲ ... လျှောက်တင်စမ်း"

သီဟသူရက ဘုရင်မင်းမြတ်နှင့်တကွ ဝန်ကြီး၊ အမတ်ကြီးများကို မျက်လုံးတစ်ချက်ဝေ့ပြီး ကြည့်သည်။

"ကျွန်တော်မျိုး အခု အစီရင်ခံလျှောက်ထားတင်ပြမယ့်ကိစ္စဟာ အထောက်တော်များဆီကရတဲ့ ရန်သူတွေရဲ့ သတင်းအချက်အလက်တွေ ဖြစ်ပါတယ်"

သီဟသူရက စကားစလိုက်ပြီးနောက် မှတ်တမ်းမှတ်ရာများကို ကြည့်သည်။ ထို့နောက် သားရေပြားပေါ်တွင် ရေးထားသော မြေပုံ

ကားလိပ်ကို ဖြန့်ချလိုက်သည်။

"ဒါ မုတ္တမမြစ်ဆုံနဲ့ မောရမြိုင်ပတ်ဝန်းကျင်ကို ရေးဆွဲထားတဲ့ မြေပုံပါ"

သီဟသူရက ကြမ်းပြင်ပေါ် ဖြန့်ချလိုက်သည်။ မြေပုံပေါ်တွင် အနီရောင်ပန်းဖွားပါသော အပ်လေးများကို စိုက်လိုက်သည်။

"ဒါ ရန်သူ့တပ်တွေ နေရာယူထားပုံပါ။ ရန်သူတွေဟာ ဇင်းကျိုက်တောင်ကို ကျောထောက်နောက်ခံပြုနေကြပါတယ်။ မုတ္တမကို အနောက်ဘက်ကနေ ပတ်ဝင်ဖို့ဟာ တောင်တွေ ကာနေလို့ ဝင်ဖို့ မလွယ်ပါဘူး။ ဒါကြောင့် ရန်သူတပ်တွေ မြေနိမ့်ပိုင်းလည်းဖြစ်, မြစ်နဲ့ လည်း နီးပြီး မုတ္တမကို လှမ်းမြင်နေရတဲ့ အနောက်တောင်ဘက်မှာ နေရာယူထားကြပါတယ်။ သူတို့ဟာ တောင်ပေါ်ကနေ ကျော်ပြီးလာလို့ မရသလို၊ မြစ်ထဲကနေပြီးတော့လည်း လာလို့ မရဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ မြစ်ထဲမှာ ကျွန်တော်မျိုးတို့ရဲ့စစ်သင်္ဘောတွေ ရှိနေလို့ပါ"

စောဗညား၏မျက်နှာတွင် ဂုဏ်ယူဝင့်ကြွားဟန်တွေ ဖျတ်ခနဲ ပေါ်လာသည်။ သူက အားရပါးရပြုံးပြီး ...

"ဒါနဲ့များ ဟံသာဝတီက ငါတို့ကို ရန်စစော်ကားချင်တယ်၊ မောင်မင်းတို့ ကြံ့ကြံ့ခံနိုင်မယ်ဆိုရင် မုတ္တမသုံးဆယ့်နှစ်မြို့ရဲ့အလံတော် လေထဲမှာ ဆက်ပြီး လွင့်နေမှာ အမှန်ပဲ"

စောဗညားက မှူးမတ်သေနာပတိတစ်ဦးစီ၏ မျက်နှာကို စေ့စေ့ စပ်စပ်ကြည့်သည်။ နောက်ဆုံးတွင် သူ၏အကြည့်က ရေကြောင်းဗိုလ် ကာယေးဂိုနှင့် မြို့စောင့်တပ်မှူးကြီး အေဆီးဇာစ်တို့ထံသို့ ရောက်သွား သည်။

"ရေကြောင်းဗိုလ် ... မောင်မင်းက မြစ်ထဲမှာရှိနေတဲ့ သင်္ဘော ခုနစ်စင်းကို သေသေချာချာ အုပ်ချုပ်ပါ၊ ဟံသာဝတီတပ်တွေ ရေကြောင်း ကနေ ဝင်မလာနိုင်အောင် ကြပ်မတ် တိုက်ခိုက်ဖို့ လိုတယ်"

"မှန်လှပါ ... ကျွန်တော်မျိုးအနေနဲ့ ရန်သူတွေ ရေကြောင်း ကနေ မဝင်အောင် ကာကွယ်ရုံမက၊ မြို့အနား ချဉ်းကပ်လာတဲ့ ကုန်း

ကြောင်းချီတပ်တွေကိုပါ မြစ်ထဲကနေ လှမ်းပြီး တိုက်ခိုက်ဟန့်တား ပေးပါ့မယ်။ ကျွန်တော်မျိုးတို့ တိုက်ခိုက်နေချိန်မှာ မြို့စောင့်တပ်ကလည်း မြို့ထိပ်မှာ တပ်ထားတဲ့အမြောက်စိန်ပြောင်းတွေနဲ့ ပစ်ခတ်တိုက်ခိုက်ရင် ဟံသာဝတီတပ် ရှေ့မတက်နိုင်ဘဲ နောက်ကို လန်သွားပါလိမ့်မယ်"

"ကောင်းတယ် ကောင်းတယ် ... မောင်းမင်းတို့ ရေတပ်နဲ့ မြို့စောင့်တပ် အပေးအယူမျှမျှ အစီအစဉ်ကျကျနဲ့ တိုက်ခိုက်ဖို့တော့ လိုတယ်"

"ကျွန်တော်မျိုးတို့ အချင်းချင်း အဆက်အသွယ်ပြုပြီး၊ အချိုးညီညီ အချိတ်အဆက်မိမိနဲ့ တိုက်ခိုက်ပါမယ် ဟံသာဝတီစစ်ကို အောင်နိုင်ရေးအတွက် စိုးရိမ်တော် မမူပါနဲ့ အရှင်"

မြို့စောင့်တပ်မှူးကြီး အေဆီးဇာစ်က ကြားဝင်ပြီး လျှောက်ထားပြောဆိုသည်။ စောဗညားက ကျေနပ်အားရသော အမူအရာနှင့် ခေါင်းညိတ်၏။

"မောင်မင်းတို့ရဲ့ တိုက်ရည်ခိုက်ရည်ကို ငါကိုယ်တော်မြတ်ယုံကြည်အားထားပါတယ်။ နန်းရင်းဝန်ကြီးနဲ့ လွှတ်တော်ဝန်ချုပ်တို့ကလည်း စစ်ရေးကိစ္စနဲ့ပတ်သက်ပြီး မောင်မင်းတို့ရဲ့သဘောထား အယူအဆကို လျှောက်တင်ကြပါဦး"

မုတ္တမဘုရင် စောဗညား၏စကားကြောင့် နန်းရင်းဝန်နှင့် လွှတ်တော်ဝန်ချုပ်တို့က တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။ ထို့နောက်တွင် နန်းရင်းဝန်က ...

"ကျွန်တော်မျိုးတို့ဟာ ဟံသာဝတီကို ရက်ရှည်လများ ခုခံကိုက်ခိုက်ရမယ်ထင်ပါတယ်။ ဟံသာဝတီဘုရင် မင်းတရားရွှေထီးဟာ တိုက်ရေးခိုက်ရေး ကောင်းလှပါတယ်၊ မင်းတရားရွှေထီးရဲ့ လက်ရုံးတစ်ဆူဖြစ်တဲ့ ဘုရင့်နောင်ကျော်ထင်နော်ရထာကလည်း သေနင်္ဂဗျူဟာအရာမှာ တစ်ဖက်ကမ်းခပ် ကျွမ်းကျင်ပါတယ်၊ တိုက်ရည် ခိုက်ရည် ရှိလှပါတယ်"

နန်းရင်းဝန်ကြီး၏စကားကို မုတ္တမဘုရင်စောဗညား သဘော ကျ၊ ကျေနပ်ပုံ မရ။ နန်းရင်းဝန်ကြီး၏စကားအဆုံးတွင် စောဗညား မျက်နှာထားတင်းသွားသည်။

''နန်းရင်းဝန်ကြီးက ရန်သူကို အထင်ကြီးပြီး၊ ငါတို့ကို အထင် အမြင်သေးနေသလား။ ငါတို့က စစ်ရေးမှာ မင်းတရားရွှေထီးနဲ့ ဘုရင့်နောင်ကို မလှန်နိုင်ဘူးလို့ ပြောနေတာလား''

''မဝံ့ကြောင်းပါအရှင် ... ကျွန်တော်မျိုးအနေနဲ့ စစ်ရေးကို မှန်ကန်စွာ သုံးသပ်ပြီး တစ်ဖက်စီရဲ့ အားသာချက်၊ အားနည်းချက်တွေ ကို တင်ပြလိုခြင်းဖြစ်ပါတယ်၊ ကျွန်တော်မျိုးကို အပြေပေါ် ရှင်းလင်းတဲ့ အထိ လျှောက်ထားတင်ပြခွင့်ပြုပါ''

''ကောင်းပြီ ... ဆက်ပြီး လျှောက်ထားတင်ပြပါ''

နန်းရင်းဝန်ကြီး၏ ဇရာရိပ်လွှမ်းနေသော မျက်နှာတွင် တည်ငြိမ်ရင့်ကျက်ဟန် လေးနက်ထက်သန်ဟန်တွေ ပေါ်လာသည်။

''ဟံသာဝတီတပ်က မုတ္တမနယ်ထဲကို ကျူးကျော်လာသူများ ပီပီ မြို့ပြင်မှာ လွတ်လွတ်လပ်လပ် လှုပ်ရှားသွားလာနေကြပါတယ်။ တပ်တွေ တစ်နေရာကနေ တစ်နေရာ လျင်လျင်မြန်မြန်ရွှေ့လျားပြီး တိုက်စစ်ကို တိုးချဲ့နိုင်ပါတယ်။ ကျွန်တော်မျိုးတို့က ကာကွယ်စစ်ကို ဆင်နွှဲကြသူများပီပီ မြို့တွင်းကနေ ငြိမ်ငြိမ်သက်သက်စောင့်ပြီး တိုက်ခိုက် တွန်းလှန်ရပါမယ်။ ရေကြောင်းတပ်ကတော့ မြို့စောင့်တပ်လို မဟုတ်ဘဲ လှုပ်ရှားတိုက်ခိုက်နိုင်ပါတယ်။ ဒါကြောင့် ကျွန်တော်မျိုးတို့ဟာ ရန်သူက တစ်ဟုန်ထိုး တိုက်ခိုက်လာမယ့် ထိုးစစ်ကို သတိထားရပါမယ်''

နန်းရင်းဝန်ကြီးက ခေတ္တနားရင်း လွတ်တော်ဝန်ချုပ်ကို ဖျတ် ခနဲ လှမ်းကြည့်သည်။

''မုတ္တမမှာ လက်နက်အင်အားကောင်းပါတယ်၊ သူရဲကောင်း တွေလည်း ပေါပါတယ်။ ဒီသူရဲကောင်းတွေ လက်နက်အင်အား ကောင်းကောင်းနဲ့ ရန်သူကို ရက်ရှည်လများ တိုက်ခိုက်နေဖို့အတွက် စားနပ်ရိက္ခာ ပြည့်စုံနေဖို့ လိုပါတယ်။ စားနပ်ရိက္ခာပြတ်လပ်ရင်

ကျွန်တော်မျိုးတို့တပ်တွေ လက်နက်ချ အရှုံးပေးရပါလိမ့်မယ်''

''တိတ်စမ်း ... လက်နက်ချ အရှုံးပေးရမယ်ဆိုတဲ့စကားကို မပြောနဲ့''

စောဗညား၏နှုတ်မှ ဒေါသတကြီး ပြောဆိုသံပေါ်လာသည်။ နန်းရင်းဝန်ကြီးမှာ စိတ်ပျက်သွားဟန် ခေါင်းငုံ့လိုက်လေ၏။

''ငါက လက်နက်ချ,အရှုံးပေးတယ်ဆိုတဲ့စကားကို မကြားချင်ဘူး။ ငါတို့တစ်တွေ စစ်ပွဲမှာ အောင်နိုင်နေရေးအတွက် စားနပ်ရိက္ခာ ဖူလုံနေဖို့ လိုတယ်ဆိုတာ ငါ လက်ခံတယ်။ နန်းရင်းဝန်ကြီးရဲ့ လျှောက်ထားတင်ပြချက်ဟာ သိပ်အရေးကြီးတယ်လို့ ငါ ယုံကြည်တယ်။ ဒါကြောင့် မောင်မင်းတို့တစ်တွေ စားနပ်ရိက္ခာ မပြတ်လပ်စေမယ့် နည်းလမ်းကို စဉ်းစားပါ''

''စားနပ်ရိက္ခာကို ရေကြောင်းကနေ တင်သွင်းရပါမယ် အရှင်။ အထက်အညာကနေ စားနပ်ရိက္ခာတွေကို ရေကြောင်းအတိုင်း တင်သွင်းနေတဲ့ နည်းလမ်းကိုပဲ ဆက်ပြီး အသုံးပြုရပါမယ်''

နန်းရင်းဝန်ကြီးအပါးမှာ ရှိနေသော နာခံတော်မှူး သီဟသူရက ဝင်ရောက် လျှောက်ထားသည်။ စောဗညားက သီဟသူရ၏ လျှောက်ထားချက်ကို သဘောကျဟန် ခေါင်းတဆတ်ဆတ် ညိတ်လေသည်။

''မောင်မင်းတို့တစ်တွေ ကိုယ့်တာဝန်ကိုယ်ကျေအောင် ဆောင်ရွက်ကြပါ။ မောင်မင်းတို့ရတဲ့ သတင်းမှန်သမျှ ငါ သိဖို့လိုတယ်။ ဟံသာဝတီကို ခုခံတိုက်ခိုက်ရာမှာ ဟန်ချက်ညီဖို့ သိပ်အရေးကြီးတယ်။ ငါတို့ ရှုံးလို့မဖြစ်ဘူး၊ အလျှော့ပေးလို့ မဖြစ်ဘူး၊ အားလုံး ညီညီညွတ်ညွတ်နဲ့ မုတ္တမကို ကာကွယ်ကြရမယ်''

စောဗညားက တည်ငြိမ်စွာနှင့် ပြောသည်။ သူ့အမူအရာက ဆိုးရွားပြင်းထန်သော တိုက်ပွဲများကို ရင်ဆိုင်ရန်အသင့်ရှိနေဟန် ပေါ်လွင်နေလေသည်။

• • •

သီဟသူရနှင့် ဒီဂါမာတို့ နှစ်ယောက်တည်း စီးလာသည့်လှေကမ်းကို ကပ်မိသည်နှင့် ဒီဂါမာက လှေကြိုးကို ကမ်းစပ်တွင် ရပ်နေသော ဖထီးထံသို့ ပစ်ပေးသည်။ ဖထီးက လှေကြိုးကို ဆွဲယူပြီး ငုတ်တိုင်တစ်တိုင်တွင် ချည်လိုက်သည်။

''မင်းလာမယ်ဆိုလို့ ငါ မနက်ကတည်းက စောင့်နေတာ၊ နာခံတော်မှူးပါ ပါလာတာဆိုတော့ အရေးတကြီးကိစ္စရှိပြီထင်တယ် ... ဟုတ်ရဲ့လား ဒီဂါမာ''

ဖထီးက ဒီဂါမာတို့ လှေပေါ်မှ ဆင်းဆင်းချင်း မေးသည်။ ဒီဂါမာက အပြုံးရိပ်ထင်သော အကြည့်ဖြင့် ဖထီးအားကြည့်သည်။

''အရေးကြီးလှတယ်တော့ မဟုတ်ပါဘူး၊ ဟောဒီက နာခံတော်မှူးကို မာရီယာ့အဖေနဲ့ တွေ့ပေးချင်လို့ပါ၊ မုတ္တမမှာ တိုက်ပွဲဖြစ်တော့မယ်ဆိုတော့ ဆေးဆရာ လိုအပ်နေတယ် ဖထီး ... အဲဒီအတွက် မာရီယာ့အဖေ အန်ကယ်တောရက်(စ်)ကို တာဝန်ပေးချင်လို့ပါ''

''ဩော်''

ဖထီး၏မျက်နှာပေါ်တွင် အရိပ်တစ်ရိပ် ဖြတ်ပြေးသွားသလိုရှိသည်။ သူ၏မျက်လုံးအစုံတွင် မှိုင်းညို့ဟန်တွေ ဖျတ်ခနဲ ထင်သွားပြီး၊ ချက်ချင်းပင် ထိုအမူအရာ ပျောက်သွားသည်။

''အန်ကယ်တောရက်(စ်) အိမ်မှာရှိတယ်မဟုတ်လား ဖထီး''

ဖထီးက ခေါင်းညိတ်ပြသည်။ ဒီဂါမာတို့ရှေ့မှ ဦးဆောင်ကာ လှေဆိပ်မှခွာထွက်ရင်း ...

''ရှိပါတယ် ... ငါ ထွက်လာတုန်းက လူမမာတစ်ယောက်ကို ဆေးကုပေးနေတယ်။ သူ မုတ္တမဘက်ကမ်းကို လိုက်သွားရင်တော့ ဒီမှာရှိတဲ့ လူမမာတွေ အခက်တွေ့ဦးမှာပဲ''

''ဖထီးကလည်း ဒီမှာ မာရီယာကျန်နေမယ့်ဟာပဲ၊ ဒီကလူတွေကို သူ ဆေးကုပေးမှာပေါ့။ ကျွန်တော်တို့က မာရီယာ့အဖေကိုပဲ ခေါ်သွားမှာပါ ... မာရီယာကို ဒီမှာထားခဲ့မှာပါ''

"အဲဒါဆိုရင်တော့ အဆင်ပြေပါတယ်၊ ဒီက လူတွေအတွက် မပူရတော့ဘူးပေါ့"

"ဖထီးရယ် ... ဘယ်သူမှ မရှိရင် ဖထီးပဲ ဆေးကုပေးပေါ့၊ ဒီအလုပ်ကို ဖထီးလည်း လုပ်တတ်တာပဲဟာ"

"ငါက တော်ရုံဝေဒနာလောက်ကိုပဲ ကုတတ်တာ၊ အပြင်း အထန် ဖျားနာလာတာ, ထိခိုက်ဒဏ်ရာရလာတာတွေဆိုရင် ငါ ဘာမှ မတတ်နိုင်ဘူး"

"ဖထီးက အဲဒါအတွက် တတ်အောင်သင်ထားရမှာ၊ အဲဒါဆို ဖထီးကိုပါ တိုက်ပွဲတွေရှိတဲ့နေရာကို ခေါ်လို့ရတာပေါ့"

ဖထီး ဆတ်ခနဲ ဖြစ်သွား၏။ သူက တစ်စုံတစ်ရာပြောတော့ မည်ပြုပြီးမှ သက်ပြင်းတစ်ချက်ရှိုက်ကာ မျက်နှာထားပြောင်း၍ နှုတ်ပိတ် နေလိုက်သည်။

ဖထီး၏ အခြေအနေကို မပြတ်ကြည့်နေသော ဒီဂါမာက ရုတ်တရက် ပြောင်းသွားသော ဖထီး၏မျက်နှာအမူအရာကို သတိပြုမိ သည်။ မိဘ မရှိသော သူ့ကို ဖခင်အဖြစ်လည်းကောင်း၊ မိခင်အဖြစ် လည်းကောင်း ထိန်းသိမ်းစောင့်ရှောက်လာသူဖြစ်၍ မျက်နှာအမူအရာ ကို မြင်ရုံနှင့် ဖထီး၏ ရင်ထဲတွင် မည်သို့ဖြစ်နေသည်၊ ဖထီး၏ ရင်ထဲ မည်သို့ခံစားနေရသည်ကို ဒီဂါမာ သိသည်။

ဖထီးသည် မုတ္တမနှင့် ဟံသာဝတီ၏ ပဋိပက္ခတွင် ပါဝင်ရန် ဝန်လေးသူဖြစ်သည်။ သူသည် ရန်ပွဲမှန်သမျှကို ရှောင်ရှားလိုသူ ဖြစ် သည်။ ယခု ဒီဂါမာ၏ အိမ်အပြန်ခရီးတွင် မုတ္တမဘုရင်၏ နာခံတော်မျှး သီဟာသူရပါလာခြင်းအတွက်လည်း စိတ်အနှောင့်အယှက် ဖြစ်နေဟန် ရှိသည်။

ဒီဂါမာက ဖထီးအား တစ်စုံတစ်ရာ ထပ်မပြောတော့ဘဲ သီဟ သူရအား စောင့်ခေါ်ပြီး၊ ဖထီး၏နောက်မှ လိုက်သည်။ ဖထီးက ကုန်း တစ်ခုကို ကျော်သည်။ ခင်တန်းတစ်ခုကို ဖြတ်သည်။ ထို့နောက် တဲအိမ်စုစုများရှိရာသို့အရောက်တွင် သစ်ပင်သီးပင်တွေ ဝေဝေဆာဆာ

ပေါက်နေသော ခြံဝင်းကျယ်ကြီးအတွင်းသို့ ဝင်သည်။

ခြံဝင်းကျယ်ကြီးအတွင်း၌ အမိုးချွန်ချွန်နှင့် အိမ်တစ်လုံး ရှိသည်။ ထိုအိမ်မှာ ခြေတံရှည်အိမ်ဖြစ်ပြီး၊ အိမ်အောက်ထပ်ကို ဆေးကုခန်း ပြုလုပ်ထားသည့် မာရီယာတို့၏အိမ်ပင်ဖြစ်၏။

''မာရီယာ ... မာရီယာ ...''

ခြံဝင်းအတွင်းသို့ ဝင်မိသည်နှင့် ဒီဂါမာက လှမ်းခေါ်သည်။ သူ့ခေါ်သံအဆုံးတွင် အိမ်အတွင်းမှ မာရီယာ ပြေးထွက်လာသည်။ အညိုရောင် ချည်ထဘီကို ဝတ်ဆင်ထားသည့် မာရီယာ့ခြေလှမ်းများ က သွက်လက်နေ၏။

''ဒီဂါမာပါလား၊ ဩော် ... ဧည့်သည်ပါလာတာကိုး''

မာရီယာက ဝမ်းသာအားရ ပြေးလာရာမှ ဒီဂါမာတို့အနားသို့ အရောက်တွင် ခြေလှမ်းတုံ့သွားသည်။ သူမ၏မျက်လုံးအစုံက ဒီဂါမာ နှင့်အတူ ပါလာသော သီဟသူရထံသို့ ရောက်သွားသည်။ သီဟသူရ အားကြည့်နေသော သူမ၏မျက်လုံးအစုံမှာ မယုံသင်္ကာဟန် ပါနေသည် ဟု ဒီဂါမာ ထင်မိ၏။

''နာခံတော်မှူးကို မမှတ်မိဘူးလား မာရီယာ ... တစ်ခါက သူ နေမကောင်းဖြစ်တော့ အန်ကယ့်ဆီမှာ ဆေးကုဖူးတယ်လေ''

ဒီဂါမာက မာရီယာအား မျက်စိတစ်ဖက်မှိတ်ပြရင်း ပြောသည်။ ထိုအခါကျမှ မာရီယာက ပြုံးပြီး ...

''ဩော် ... ဟုတ်ပြီ ဟုတ်ပြီ ... ရုတ်တရက်ဆိုတော့ မမှတ် မိဘူး၊ အခုကော နေမကောင်းဖြစ်လို့ ဆေးကုဖို့ လာတာလား''

''မဟုတ်ပါဘူး ... မုတ္တမဘုရင်ရဲ့အမိန့်နဲ့ အန်ကယ့်ကို လာ တွေ့တာပါ''

''ဩော်''

မာရီယာ၏ မျက်နှာထား တည်သွားသည်။ သီဟသူရသည် ရန်သူအဖြစ်နှင့် ရင်ဆိုင်ရခက်မည့်သူဟု မာရီယာ ခန့်မှန်းမိ၏။

''ကျုပ်က ဆရာကြီးဆီမှာ ဆေးမကုပါဘူး။ ဆရာကြီးကို

ဆေးကုဖို့ လိုတဲ့လူတွေဆီကို ခေါ်သွားမှာပါ။ ညီမက ဒီမှာနေခဲ့ရမယ်၊ ဆရာကြီးကိုယ်စား ဒီက လူတွေကို ဆေးကုပေးရလိမ့်မယ်''

မာရီယာက မျက်နှာထားတည်တည်နှင့် ပြောနေသော သီဟသူရအား လှမ်းကြည့်သည်။

''ဒါ ဘုရင်မင်းမြတ်ရဲ့အမိန့်လား နာခံတော်မူကြီး''

သီဟသူရက မျက်နှာထားတည်တည်နှင့် ခေါင်းညိတ်ပြသည်။

''ဟုတ်တယ် မာရီယာ''

''ကျွန်မ အဖေကိုကော မဖြစ်မနေ ခေါ်သွားမှာလား''

သီဟသူရ ခေါင်းညိတ်လိုက်ပြန်သည်။

''ဟုတ်တယ်၊ မုတ္တမက မကြာခင်မှာ စစ်မြေပြင်ဖြစ်တော့မယ်။ စစ်ဖြစ်ပြီဆိုရင် ထိခိုက်ဒဏ်ရာရကြမယ်၊ သွေးထွက်သံယိုတွေ ရှိမယ်၊ အဲဒါတွေကို ကုဖို့အတွက် ဒီနယ်မှာ ဆရာကြီးတစ်ယောက်ရှိတာဆိုတော့ ခေါ်သွားရပါလိမ့်မယ်''

မာရီယာ ဘာမှ ထပ်မပြောတော့။ ဒီဂါမာအား ဖျတ်ခနဲ လှမ်းကြည့်သည်။ သူမ၏ အကြည့်တွင် မကျေနပ်ဟန်တွေ သိသိသာသာ ပါနေသည်။ သို့သော် သူမက ထိုအမူအရာကို ချက်ချင်းပင် ထိန်းလိုက်သည်။

ဆေးကုသခန်းသို့ အရောက်တွင် အတွင်း၌ ထိုင်နေသော မိန်းမပျိုနှစ်ယောက်ကြောင့် သီဟသူရ ပြူးပြူးပျာပျာ ဖြစ်သွားသည်။ သူက မိန်းမပျိုနှစ်ယောက်အနီးသို့ လျင်မြန်စွာ ချဉ်းကပ်သွား၏။

''မိဘုန်း ... ဘယ်သူ နေမကောင်းဖြစ်လို့ နင်တို့ ဆရာကြီးဆီ လာတာလဲ''

''မိသင် နေမကောင်းဖြစ်လို့ လာပြတာ၊ အစ်ကိုကြီးက ညီမတို့ ဒီမှာရှိနေတာကို သိလို့လာတာလား''

''မဟုတ်ပါဘူး ... ငါက ဆေးဆရာကြီးနဲ့ကိစ္စရှိလို့ လာတာ''

''ဒါဆို အစ်ကိုကြီး အိမ်ကို မဝင်ဘူးပေါ့ ... ဟုတ်လား''

''ဝင်မယ်လေ ... ဒီကကိစ္စပြီးရင် လာခဲ့မယ်''

မိဘုန်းက သီဟသူရနှင့် စကားပြောရင်း မနီးမဝေးတွင် ရှိနေသော ဒီဂါမာအား လှမ်းကြည့်လိုက်သည်။ ဒီဂါမာက မသိမသာ ခေါင်းညိတ်ပြရင်းမှ အသာအယာ ပြုံးသည်။ ထိုအခါ မိဘုန်းကလည်း တုံ့ပြန်ပြုံးလိုက်၏။

သီဟသူရသည် မိဘုန်းနှင့် ဒီဂါမာတို့၏ အမူအရာကို သတိထားမိခြင်းမရှိ။ သူ့အာရုံက ဆေးဆရာတစ်ပိုင်းဖြစ်သော ဖာသာဆီဟိုဒီတောရက်(စ်)ထံသို့ ရောက်နေဟန်ရှိသည်။ သူ့အကြည့်သည် ဆေးဆရာကြီးရှိရာ အခန်းဆီသို့ စူးစိုက်စွာ ရောက်ရှိနေသည်။

''ငါ ဆရာကြီးနဲ့ ဝင်တွေ့လိုက်ဦးမယ်''

ရုတ်တရက် ပေါ်လာသည့် သီဟသူရ၏အသံကြောင့် ဒီဂါမာ လှည့်ကြည့်သည်။ ထို့နောက် ခေါင်းကို ညင်သာစွာ ညိတ်ပြလိုက်သည်။

''ဝင်တွေ့လိုက်လေ ... ငါ ဒီကပဲ စောင့်နေမယ်''

''မိဘုန်း မိသင် ... ခဏနေခဲ့ဦးနော်''

သီဟသူရက မိဘုန်းအား လှမ်းပြောပြီးနောက် ဖာသာ ဆီဟိုဒီတောရက်(စ်) ရှိရာ အခန်းအတွင်းသို့ ဝင်သွားသည်။ မိဘုန်းနှင့် မိသင်တို့က ဒီဂါမာ၏မျက်နှာကို စူးစမ်းဟန်ဖြင့် ကြည့်ကြသည်။

''နာခံတော်မှူးရှေ့မှာ အစ်ကို့ကို မသိဟန်ဆောင်နေစရာ မလိုပါဘူး၊ သူက ညီမတို့ အန္တရာယ်နဲ့တွေ့ချိန်မှာ အစ်ကိုနဲ့ သမိန် ဝင်ကယ်တာကို သိနေပါတယ်''

''ဟင် ... ဟုတ်လား၊ ဒီအကြောင်းကို အစ်ကို ပြောပြလိုက်တာလား''

''ဟုတ်ပါတယ် ညီမ''

မိဘုန်းက ရင်ဘတ်ကို လက်ဖြင့်ဖိရင်း စိတ်အေးသွားဟန်ဖြင့် သက်ပြင်းရှည်ကြီး ချလိုက်သည်။

''ဟူး ... တော်သေးတာပေါ့၊ ညီမတို့ချင်း ဘာစကားမှ မပြောမိခင် အစ်ကိုကြီး ဟိုအခန်းထဲ ဝင်သွားလို့၊ တစ်ခုခုများ ပြောမှား

ဆိုမှားရှိရင် အစ်ကိုကြီးက ဆူလို့ဆုံးမှာ မဟုတ်ဘူး''

''ဒါ သင်ခန်းစာပေါ့၊ ဘယ်တော့မဆို နှုတ်နည်းနိုင်သမျှ နည်းတာ အန္တရာယ်ကင်းတယ်''

''ဟုတ်တယ်နော် ... တစ်ခါတလေ ပါးစပ်ပိတ်ပြီးနေတာက လည်း အကျိုးရှိတာပါပဲ''

မိဘုန်း၊ မိသင်နှင့် ဒီဂါမာတို့ အပြန်အလှန်ပြောရင်း ပြုံးလိုက်ကြလေသည်။ သူတို့သည် တစ်ခဏအတွင်း ပို၍ ရင်းနှီးသွားသည့်ဟန် ရှိလေ၏။

• • •

ရွာတန်းရှည်ထဲသို့ အဝင်တွင် ရိပ်ခနဲ တွေ့လိုက်ရသော သူ တစ်ယောက်၏အသွင်ကြောင့် သီဟသူရ မျက်မှောင်ကျုံ့သွားသည်။ သူက မြင်ကွင်းထဲတွင် ရိပ်ခနဲ ပေါ်လာပြီး ရိပ်ခနဲပျောက်သွား သူအား ဟိုဟိုသည်သည် မျက်လုံးဝေ့ကြည့်ပြီး ရှာသည်။

''ဘာဖြစ်လို့လဲ သီဟ''

''ရွာထဲကို လူတစ်ယောက်ဝင်သွားတာ တွေ့လို့''

''ရွာထဲမှာ လူတစ်ယောက်မဟုတ်ဘူး ... အများကြီးရှိတဲ့ ဟာ တွေ့မှာပေါ့''

''မဟုတ်ဘူး ငါတွေ့လိုက်တာ ရွာသားမဟုတ်ဘူး ... ဟံသာဝတီသား၊ အရင်တစ်ခါကလည်း လှေဆိပ်မှာ လှေကပ်တော့ ဟံသာဝတီသားကို လှေတစ်စီးနဲ့ ထွက်သွားတာ တွေ့တယ်၊ အဲဒီတုန်း က ဘယ်သူဘယ်ဝါဆိုတာ မသိခဲ့ဘူး။ အခုတွေ့မှ ပြန်သတိရတာ၊ အဲဒီလူက ဟံသာဝတီတပ်မင်းရဲ့ ကိုယ်ရံတော်ပဲ၊ မင်းရဲ့မိတ်ဆွေ သမိန်ဘဲ''

''ဟံသာဝတီတပ်မင်းရဲ့ ကိုယ်ရံတော် ... ဟုတ်လား၊ နာခံ တော်မှူးက ဘယ်လိုလုပ်သိခဲ့တာလဲ''

''ဟံသာဝတီတပ်တွေ ချီလာစက ဘုရင်မင်းမြတ်အမိန့်နဲ့ အထောက်တော်အဖြစ် တာဝန်ယူပြီး၊ ငါ ရန်သူ့သတင်းကို လမ်းခုလတ် ကနေ ငါတို့ စောင့်ယူတယ်၊ အဲဒီမှာ ငါတို့ကို ကိုယ်ရံတော်တပ်မှူးက ဝင်တိုက်တယ်၊ သူက တစ်ယောက်တည်းသမားဆိုတော့ ရှုံးသွားတယ်၊ သူ့ရဲ့ကောင်းပီသတဲ့ သူ့စိတ်ဓာတ်ကို သဘောကျလို့ ငါတို့က သူ့ကို အရေးမယူဘဲ ပြန်လွှတ်ပေးလိုက်တယ်''

ဒိဂါမာသည် ထိုအကြောင်းအရာများကို သမိန်ထံမှ သိပြီးသား ဖြစ်သော်လည်း ဘာမှ မသိသေးဟန်ဖြင့် နားထောင်သည်။

''သူက တကယ့်ယောကျ်ားကောင်းပဲ၊ သူ့လိုလူမျိုး အကြောင်း မဲ့ သေသွားမှာကို ငါ မလိုလားဘူး၊ ဖြစ်နိုင်ရင် သူ့လိုလူမျိုးကို ငါ လိုချင်တယ်၊ သူ့ကို ငါနဲ့လက်တွဲတဲ့ လက်တွဲဖော်ဖြစ်စေချင်တယ်၊

ရန်သူအဖြစ်နဲ့လည်း သူ့လိုသူမျိုးကို ငါ ရင်ဆိုင်တိုက်ခိုက်ချင်တယ်၊ သူ့ကို တွေ့တာနဲ့ ယောကျ်ားတစ်ယောက်မှာ ရှိသင့်တဲ့အရည်အချင်းကို ငါ သိလိုက်ရသလို ခံစားရတယ်''

''နာခံတော်မှူးက ရန်သူတစ်ယောက်ကို သူ့ရဲကောင်းအဖြစ် သဘောထားလိုက်တာပဲနော်''

သီဟသူရက ခေါင်းကို ညင်သာစွာ ညိတ်သည်။

''သူက သူ့ရဲကောင်းပါပဲ၊ သူက ဒီပတ်ဝန်းကျင်ကို လာနေတာ အကြောင်းတစ်ခုခုတော့ ရှိလိမ့်မယ်၊ အဲဒါ ဘာလဲဆိုတာ ငါတို့ ရအောင် စုံစမ်းရမယ်''

ဒီဂါမာက သီဟသူရအား ခေါင်းညိတ်ပြလိုက်သည်။

''ဒီကိစ္စကို ငါ စုံစမ်းပေးပါမယ်''

''ကောင်းတယ် ... တပ်မှူးက မောရမြို့သားဆိုတော့ စုံစမ်းရတာ လွယ်လိမ့်မယ်''

''ဟား ဟား ... သီဟကလည်း မောရမြို့သားပဲဟာ၊ မောရမြို့သားမှ ကျွန်တော့်ထက်တောင် ပိုစစ်သေးတယ်''

''ငါက မောရမြို့သားပေမယ့် မောရမြို့နဲ့ ဝေးနေတာ ကြာပြီ၊ ဒီမှာ ငါ့နှမနဲ့ ငါ့အမေ ရှိနေပေမယ့် မောရမြို့ဟာ ငါနဲ့ စိမ်းနေသလိုပဲ၊ ငါနဲ့စာရင် မင်းက ဒီတာဝန်နဲ့ ထိုက်တန်ပါတယ်''

''ငါ ဒီတာဝန်ကို လိုလိုလားလားနဲ့ ယူပါ့မယ် သီဟ''

သီဟသူရက ပြုံးသည်။

''ငါတို့ အခု ငါတို့အမေဆီကို သွားရအောင်၊ မင်းကို ပြန်တွေ့ရရင် ကျေးဇူးရှင်လေးဆိုပြီး အမေက ဝမ်းသာမှာ''

ဒီဂါမက အားရပါးရ ပြောနေသော သီဟသူရအား ခေါင်းညိတ်ပြလိုက်သည်။

''ငါ့အမေနဲ့ ငါ့နှမကို ဒီဘက်ကမ်းမှာထားတာ စိတ်မချဘူး၊ သူတို့ကို ငါနဲ့အတူ ခေါ်ထားချင်ပေမယ့် အမေက မောရမြို့မှာပဲ ခေါင်းချမယ်ဆိုပြီး ဇွတ်ပြောနေလို့ မခေါ်ရက်တော့ဘူး၊ ငါ့အဖေ

ခေါင်းချသွားတဲ့နေရာမို့ အမေက ဒီမှာပဲ နေချင်ပုံရတယ်''

သီဟာသူရက စကားပြောရင်း ခြံဝင်းတစ်ခုအတွင်းသို့ ဝင်သည်။ ထိုခြံဝင်းမှာ မိဘုန်းတို့၏ခြံဝင်းဖြစ်ကြောင်း ဒီဂါမာ သိနေသည်။ သူက ဟန်မပျက်ပင် သီဟာသူရ နောက်မှလိုက်ရင်း တစ်ခါရောက်ဖူးထားသော ခြံဝင်းအတွင်းသို့ ဝင်လိုက်လေသည်။

• • •

# ဟံသာဝတီ

ဒီဂါမာကို ဖျတ်ခနဲ လှမ်းမြင်လိုက်စဉ် သမိန်၏ စိတ်ထဲ၌ လှုပ်ရှားဝမ်းသာသွား၏။ သူက ဒီဂါမာအား လှမ်းခေါ်မည်အပြုတွင် နောက်မှပါလာသော သီဟသူရကို ရိပ်ခနဲ မြင်လိုက်သဖြင့် သစ်ပင်တစ်ပင်အကွယ်သို့ ဝင်သည်။ ထိုမှတစ်ဆင့် သစ်ပင်များကို အကာအကွယ်ယူပြီး ရွာတန်းရှည်အတွင်းသို့ ဝင်သည်။

ခင်ဘုန်းတို့ခြံဝင်းမှာ ပုန်းခိုစရာအကောင်းဆုံး ဟု တွက်ဆမိသည်။ သမိန်က ခြံဝင်းအနောက်ဘက်မှ ဝင်သည်။ အိမ်ဘေးရှိ စပါးကျီအနားသို့ အရောက်မှာပင် ခြေတံရှည်အိမ်ဘက်မှ စကား ပြောသံများကို ကြားရသည်။

သမိန်က ခြေတံရှည်အိမ်ဘက်သို့ ချောင်းကြည့်သည်။ ထိုအခါ အိမ်အောက်ထပ် ကွပ်ပျစ်ပေါ်တွင် ထိုင်နေသော ဒီဂါမာနှင့် သီဟသူရတို့ကို တွေ့ရသည်။

သမိန်က စပါးကျီနောက်သို့ ပြန်ဝင်သည်။ ယခုနေ လှုပ်ရှားလိုက်လျှင် သီဟသူရတို့နှင့် ပက်ပင်းတိုးသွားနိုင်ကြောင်း စဉ်းစားမိသည်။ ထို့ကြောင့် သူက အခြေအနေပေးသည်အထိ ငြိမ်နေရန် ဆုံးဖြတ်သည်။ စပါးကျီနောက်တွင် ဆက်ပြီး ငြိမ်နေလိုက်သည်။

သီဟသူရတို့၏စကားပြောသံ တစ်ချက်တစ်ချက် စပါးကျီဘက်သို့ ပျံ့လွင့်လာသည်။ သမိန်က စကားပြောသံများကို နားထောင်ရင်း မေးခနဲ အိပ်ပျော်သွားသည်။ အိပ်ပျော်သွားရာက သူ ဖျတ်ခနဲ လန့်နိုးလာသည်။ ခွေးဟောင်သံနှင့် စကားပြောသံ၊ လှုပ်ရှားသံများကို ကြားရသည်။

''သမိန်ကို တွေ့အောင်ရှာဖို့က ငါတို့အတွက် တာဝန်ကြီးတစ်ခု ဖြစ်နေပြီ ဒီဂါမာ၊ သူ မောရမြို့ကနေ မခွာခင် အမိဖမ်းရမယ်၊ သူ့ကို ငါတို့ တွေ့အောင် ရှာရမယ်''

သမိန်က စကားသံများကို နားထောင်ရင်း စပါးကျီဘေးတွင် ပုနေလိုက်သည်။ သူ၏လက်တစ်ဖက်က ဓားအရိုးကို တင်းကျပ်စွာ ဆုပ်ကိုင်ထား၏။

''မောင်ကြီး''

တိုးညင်းသော ခေါ်သံကို ကြားရသည်။ သမိန် ဖျတ်ခနဲ လှည့်ကြည့်လိုက်၏။ မနီးမဝေးမှနေ၍ သူ့အား လက်ယပ်ခေါ်နေသော ခင်ဘုန်းကို တွေ့ရသည်။

သမိန်က ဘေးပတ်ဝန်းကျင်ကို တစ်ချက်ကြည့်ပြီး ခင်ဘုန်းရှိရာသို့ ပြေးထွက်သည်။ ခင်ဘုန်းက သမိန့်လက်ကိုဆွဲပြီး ခြံဝင်းအနောက်ဘက်သို့ ခေါ်သည်။

''မောင်ကြီး ဒီနေရာမှာ ပုန်းနေ၊ အစ်ကိုကြီးက တစ်မြို့လုံးကို လှည့်ပတ်ပြီးရှာမှာဆိုတော့ မောင်ကြီးအတွက် ပြေးပေါက် မရှိဘူး၊ မောရမြို့က ရဲမက်တွေပါ ရှာခိုင်းရင် ပိုဆိုးလိမ့်မယ်၊ ဒါကြောင့် ဒီတဲထဲမှာ ငြိမ်ငြိမ်လေး ခဏနေပါ၊ မောင်ကြီး သွားလို့လာလို့ဖြစ်မယ်ဆိုရင် ကျွန်မ လာပြောပါမယ်''

ယခုလောက်ထိ အခြေအနေဆိုးသွားလိမ့်မည် ဟု သမိန် မထင်မိပါ။ သူက မငြင်းကွယ်သာသဖြင့် ခင်ဘုန်း၏အစီအစဉ်အတိုင်း ထင်းများ သိုလှောင်ထားသည့် တဲအိမ်တွင်း ဝင်ပြီးပုန်းခိုနေလိုက်သည်။

ခင်ဘုန်းက သူ့ကိုထားပြီး ထွက်သွား၏။ တစ်ခဏအကြာတွင် ခပ်ကြမ်းကြမ်း နင်းလျှောက်လာသည့် ခြေသံများကို ကြားရသည်။

"သူက ဒီပတ်ဝန်းကျင်မှာတော့ ရှိမယ်မထင်ဘူး။ အခုလောက် ဆို ဝေးရာကို ပြေးရောပေါ့၊ မပြေးရင်လည်း ရွာထဲမှာ ရှိနေလိမ့်မယ်၊ ဒါကြောင့် ရွာထိပ်မှာ ပတ်ပြီး စောင့်နေပါ၊ ဒီလူဟာ မုတ္တမအရှင်ရဲ့ ရန်သူနော် ... ဂရုတစိုက်နဲ့ စောင့်ကြည့်ရှာဖွေပါ"

ပတ်ဝန်းကျင်မှ လှုပ်ရှားသံ စကားပြောသံများက သမိန်အား ငြိမ်သက်နေစေရန် သတိပေးနေသကဲ့သို့ ရှိသည်။ သမိန်က နေရာမှ မရွေ့ဘဲ ငြိမ်သက်စွာနေရင်း မောရမြိုင်မှ ထွက်နိုင်မည့်နည်းလမ်းကို စဉ်းစားသည်။

"မောရမြိုင်က ရဲမက်တွေက ငါ့ကို ဘယ်သူဘယ်ဝါဆိုတာ သိကြတာ မဟုတ်ဘူး၊ ငါ့ကိုသိတဲ့လူဆိုလို့ သီဟသူရနဲ့ ဒီဂါမာပဲ ရှိ တယ်၊ ငါ့ကို ဒုက္ခပေးနိုင်တာ သီဟသူရ တစ်ယောက်ပဲရှိတယ်၊ သူနဲ့ လွတ်ကင်းရာကနေ ကမ်းနားကိုဆင်း၊ အဲဒီကနေ တစ်ဖက်ကမ်းကို ကူးရုံပဲ ရှိတယ်၊ သီဟသူရနဲ့ ကင်းလွတ်ဖို့ဆိုတာကလည်း မိဘုန်းရဲ့ အကူအညီရမှ ဖြစ်မယ်"

သမိန်က မောရမြိုင်မှထွက်ရန် စဉ်းစားရင်း မိဘုန်းကို စောင့် သည်။ မွန်းတည့်ခါနီးအချိန်ထိ မိဘုန်းရောက်မလာ။ သမိန်မှာ ဆာလောင်စပြုလာသည်။

"ဒီပတ်ဝန်းကျင်မှာ လှုပ်ရှားတဲ့အသံတွေ မကြားရတော့ဘူး၊ ခဏလောက်စောင့်ကြည့်ပြီး မိဘုန်း မလာရင် ငါ ဒီကနေ ထွက်မယ်"

သမိန်က ဓားအရိုးကို တင်းတင်းဆုပ်ထားရင်းမှ စဉ်းစားသည်။

ထိုအချိန်မှာပင် ချွတ်နင်းသံတစ်သံကို သူကြားရသည်။ မိဘုန်း လာပြီဆိုသည့်အသိနှင့် စောင့်နေစဉ် ဓားသမားတစ်ယောက် သူ့ရှေ့

တွင် ဘွားခနဲ ပေါ်လာ၏။

''ဟေ့ . . . မပြေးနဲ့''

ဓားသမားက ဓားကို မြှောက်ရွယ်လိုက်၏။ သမိန့် လက်တစ်ဖက် လျှင်မြန်စွာ လှုပ်ရှားသွားသည်။ သူက ဘယ်လက်ဖြင့် စမ်းမိသော ထင်းစနှင့် ဓားသမားအား ပစ်ပေါက်လိုက်သည်။ ထင်းစက အရှိန်နှင့် ပြေးထွက်ပြီး ဓားသမား၏ ခေါင်းကို ထိသည်။ ဒုတ်ခနဲ မြည်သံနှင့်အတူ ဓားသမားမှာ ဓားတခြား လူတခြား လဲကျသွားသည်။

သမိန်က နှုတ်မှအသံမထွက်ဘဲ လဲကျသွားသော ဓားသမား အား ထင်းတဲအတွင်းသို့ ဆွဲသွင်းသည်။ ထို့နောက် ဓားသမား၏ ကိုယ်ပေါ်မှ မောရမြိုင်ရဲမက်တို့ဝတ်သည့် ဝတ်စုံကို ချွတ်ယူပြီး သူ့အဝတ် အစားနှင့် လဲလှယ်ဝတ်ဆင်သည်။

သူ၏အဝတ်အစားဟောင်းကို ကျစ်ကျစ်လျစ်လျစ် ခေါက်ပြီး ကိုယ်တွင် ဝှက်ယူကာ ထင်းတဲအတွင်းမှ ထွက်သည်။ ထိုသို့အထွက် တွင် အပြင်မှ ဝင်လာသော မိဘုန်းနှင့် ပက်ပင်းတိုးသည်။

''အမေ့''

''မိဘုန်း . . . မကြောက်နဲ့''

''ဟင် . . . မောင်ကြီး ဘယ်လိုဖြစ်တာလဲ''

''ဟိုမှာလေ ရဲမက်တစ်ယောက်က တွေ့သွားလို့ သူ့ကိုတိုက် ခိုက်ပြီး သူ့အဝတ်အစားတွေ ယူဝတ်ထားတာ''

''သူ . . . သူ သေသွားပြီလားဟင်''

''မသေပါဘူး . . . သတိမေ့နေတာပါ၊ သူ့ကိုယ်က သွေး တစ်စက်တောင်မှ မထွက်ပါဘူး''

''အို . . . သူ . . . သူ အဝတ်''

''သူ့အဝတ်တွေကို မောင်ကြီး ဝတ်ထားတယ်လေ၊ သူ့ကို တော့ ဒီအတိုင်းထားခဲ့မှ ဖြစ်မယ်၊ ဒါမှ သူ သတိပြန်ရလာရင် ချက်ချင်း အပြင်မထွက်ရဲမှာ''

''မျက်စိရှက်လိုက်တာနော်''

"ရှက်ရင် သူ့ဘက်ကို မကြည့်နဲ့ ... မောင်ကြီးလည်း အခုပဲ သွားမှာဆိုတော့ မိဘုန်း အိမ်ကိုပြန်တော့၊ အခုအဝတ်အစားနဲ့ဆိုရင် လမ်းမှာ စောင့်ကြပ်တဲ့လူတွေကို မောင်ကြီး လှည့်စားနိုင်မှာပါ"

မိဘုန်းက တဲအပြင်ဘက်သို့ မျက်နှာမူထားပြီး သူ့လက်ထဲရှိ ထမင်းထုပ်ကို သမိန်အား ပေးသည်။

"မောင်ကြီး စားဖို့"

သမိန်က ခေါင်းညိတ်ပြပြီး တောင်စွန်ဖက်ဖြင့်ထုပ်ထားသည့် ထမင်းထုပ်ကို ဖြည်စားသည်။ မိဘုန်းက ဝါးဆစ်ဘူးဖြင့် ထည့်ယူလာသည့်ရေကို သောက်၊ လက်ဆေး၊ ထမင်းထုပ်ထားသည့်ဖက်ကို သိမ်းသည်။

"အဲဒီဖက် ညီမကို ပေးပါ ... တော်ရာကို လွှင့်ပစ်လိုက်မယ်"

"မောင်ကြီး သွားမယ် ညီမ ... အခွင့်ကြုံရင် လာခဲ့မယ်နော်"

မိဘုန်း ခေါင်းညိတ်နေဆဲ သမိန် နေရာမှထွက်သည်။ သူက ထင်းတဲမှသည် ခြံဝင်းအပြင်ဘက်သို့ လှစ်ခနဲ ပြေးထွက်၏။ ထိုမှ တစ်ဆင့် မောရမြို့မြို့အရှေ့ဘက် တောင်ကုန်းများဆီသို့ ပြေးတက်သည်။ ထိုမှတစ်ဆင့် မြစ်ဆုံလှေဆိပ်ဆီသို့ ဆင်းခဲ့လေသည်။

• • •

လှေဆိပ်တွင် လှေတစ်စီးမှ မရှိ။ အစောင့်ရဲမက်တို့ဖြင့် လှေဆိပ်တစ်ခုလုံး ပြည့်နေသည်။

သမိန်သည် တောင်ကုန်းပေါ်ရှိ သစ်ပင်ကြီးတစ်ပင်နောက်မှ လှေဆိပ်ကို ကြည့်နေရာက နောက်ဆုတ်လိုက်သည်။ မောရမြို့ရဲမက် အဝတ်အစားဖြင့် လမ်းမှာ သွားနေခြင်းကို ရပ်တန့်မှုဖြစ်တော့မည်ဟု သူစဉ်းစားသည်။

''လှေဆိပ်လို အစောင့်အကြပ်တွေများတဲ့နေရာကို ငါ ဒီအဝတ်အစားနဲ့ ဝင်သွားလို့မဖြစ်ဘူး။ ဒီလိုဝင်သွားရင် သူတို့ အာရုံစိုက်မိသွားလိမ့်မယ်''

သမိန်က နောက်ဆုတ်ရင်း တောင်ကုန်းတစ်ဖက်သို့ ဆင်းသည်။ ထိုသို့ဆင်းလိုက်သည့်အခါ အမိုးချွန်ချွန်နှင့် ဆောက်ထားသည့်အိမ်ကို တွေ့ပြီး ဝမ်းသာသွားသည်။ သူက တစ်ဖက်ကုန်းပေါ်ရှိ အိမ်ရှိရာသို့ ချဉ်းကပ်သည်။ ခြံရှေ့တံခါးမှနေ၍ ခြံဝင်းအတွင်းသို့ မဝင်ဘဲ ခြံဝင်းကို ပတ်ပြီး လျှောက်သည်။ သရက်ပင်၊ ဒူးရင်းပင်၊ ကြက်မောက်ပင်တို့ဖြင့် အုပ်အုပ်ဆိုင်းဆိုင်း ရှိနေသည့်ခြံဝင်းအတွင်းသို့ ဘေးတစ်ဖက်မှ နေ၍ ခြံစည်းရိုးကို ခုန်ကျော်ပြီး ဝင်သည်။

ခြံဝင်းအတွင်း၌ ရှင်းလင်းတိတ်ဆိတ်နေသည်။ သမိန်က အမိုးချွန်ချွန်နှင့် အိမ်ရှိရာဘက်သို့ လျှောက်သည်။ ဒူးရင်းပင်တစ်ပင်အကွယ်မှထွက်စဉ် ဖွေးနုဖြူဥသော လက်တစ်ဖက်က သူ့လက်မောင်းကို ဖျတ်ခနဲ လာရောက်ဆုပ်ကိုင်သည်။ သမိန်က ထိုလက်ပိုင်ရှင်ကို ဆတ်ခနဲ ချုပ်ကိုင်လိုက်၏။

''ကျွန်မပါ သမိန်''

''မာ ... ရီ ... ယာ''

''ရှူး ... ရှေ့မှာ ဒီဂါမာတို့ ရောက်နေတယ်၊ သမိန် ... ကျွန်မနဲ့ လိုက်ခဲ့ပါ''

မာရီယာက သမိန့်လက်ကို ဆွဲပြီး အိမ်အနောက်ဘက်မှ ပတ်ကာ အိမ်အတွင်းသို့ ဝင်သည်။ အိမ်အတွင်းသို့ရောက်သည်နှင့် မာရီယာ

က သမိန့်ကို အခန်းတစ်ခန်းအတွင်းသို့ သွင်းလိုက်သည်။

"ဒီအထဲမှာနေပါ သမိန်၊ ကျွန်မ ဒီဂါမာတို့နဲ့ သွားတွေ့လိုက်ဦးမယ်"

"ဒီဂါမာ တစ်ယောက်တည်းလာတာ မဟုတ်ဘူးလား"

"မဟုတ်ဘူး ... သူနဲ့အတူ နာခံတော်မှူးလည်း ပါတယ်၊ သူတို့က အဖေ့ကို လာခေါ်ကြတာ"

"ဘာလုပ်ဖို့ လာခေါ်တာလဲ"

"စစ်ပွဲမှာ ဒဏ်ရာရကဲ့လူတွေကို ဆေးကုဖို့တဲ့ ... မုတ္တမစစ်အတွက် အသင့်ပြင်နေကြပြီ သမိန်"

"ဩော် ... ဟုတ်လား"

"ဒီမှာ ခဏနေနော် ... သူတို့က သမိန် ဒီကိုရောက်နေတာ သိပြီး လိုက်ရှာနေကြတာ၊ ကျွန်မတို့နဲ့ သမိန် အဆက်အသွယ်ရှိမယ်လို့တော့ သူတို့ မထင်ဘူး၊ ဒါကြောင့် ဒီမှာ အန္တရာယ်ကင်းပါတယ်"

မာရီယာက သမိန့်ကို ထားခဲ့ပြီး၊ အခန်းထဲမှ ထွက်သွားသည်။ သမိန်က ကြေးခုတင်ကြီးပေါ် ထိုင်ချလိုက်ပြီး၊ အခန်းတစ်ခုလုံးကို စေ့စေ့စပ်စပ်ကြည့်သည်။

အခန်းမှာ သန့်ရှင်းသပ်ရပ်နေသည်။ ခန်းဆီးစအဖြူ တပ်ဆင်ထားသည့် အခန်းပြတင်းပေါက်မှာ ပိတ်ထားလျက်ရှိသည်။ သို့သော် အခန်းထဲ၌ လင်းနေ၏။

အခန်းထဲတွင် မာရီယာ၏အနံ့အသက်တွေ ပျံ့လွင့်နေသကဲ့သို့ ရှိသည်။ သမိန်သည် သူ့ကိုယ်ပေါ်မှ မောရမြိုင်ရဲမက်ဝတ်စုံကို ချွတ်ပြီး သူ့အဝတ်အစားအဟောင်းကိုပြန်ဝတ်သည်။ ထိုသို့အဝတ်အစား လဲလှယ်ဝတ်လိုက်မှ လုံခြုံသွားသလို စိတ်က ခံစားရ၏။

"မုတ္တမက ဆေးဆရာကြီး လာခေါ်တယ်ဆိုတော့ သူတို့ဟာ စစ်ကို ရင်ဆိုင်ဖို့ ဆုံးဖြတ်ထားတာ ပေါ်လွင်နေတယ်၊ သူတို့က မာရီယာ့အဖေကို ခေါ်သွားရင် မာရီယာပါ ပါမယ်နဲ့တူတယ်၊ အဲဒီဆို ဒီအိမ်ကို ဖထီးက စောင့်ရှောက်နေရလိမ့်မယ်"

သမိန်က မာရီယာတို့နှင့်ပတ်သက်ပြီး စဉ်းစားနေစဉ် အိမ်ရှေ့ခန်းမှ စကားပြောသံ လှုပ်ရှားသံတို့ကို ကြားရသည်။ တစ်ခဏအကြာတွင် ညင်သာသော ခြေသံနှင့်အတူ မာရီယာ ပြန်ရောက်လာသည်။

''သူတို့ မြစ်ဆိပ်ကို ဆင်းသွားကြတယ်၊ တော်ကြာကျမှ အဖေ့ကို ပြန်လာခေါ်လိမ့်မယ်၊ သမိန် ဒီဘက်မှာပဲ ရှိနေသေးတယ်လို့ သူတို့ ယုံကြည်နေကြတယ်၊ သရက်ချောင်းက နာခံတော်မှူးတို့ အိမ်ဝိုင်းထဲမှာ အတိုက်အခိုက် ခံထားရတဲ့ ရဲမက်တစ်ယောက်ကို တွေ့ရတယ်၊ သမိန်က အဲဒီရဲမက်ရဲ့အဝတ်ကို ယူဝတ်သွားတယ်ဆိုပြီး ရဲမက်အတုကို လိုက်ရှာနေကြတယ်၊ သမိန် အခုလို အဝတ်အစား လဲထားလိုက်တာ သိပ်ကောင်းတယ်''

''ဒီဂါမာက ဘာပြောသေးသလဲ''

''သူက သမိန် ဒီကို ရောက်နေတာ သိပုံရတယ်၊ ဒီနေရာက အန္တရာယ်ကင်းတယ်ဆိုပြီး ပြောသွားတယ်''

''နေဦး ... မာရီယာကို တစ်ခုမေးမလို့''

''ဘာလဲ သမိန် ... ဘာမေးမလို့လဲ''

''မာရီယာ့အဖေကို မုတ္တမက ခေါ်သွားရင် မာရီယာရော လိုက်သွားမှာလား''

မာရီယာက ခေါင်းခါပြသည်။

''မာရီယာ့ကို သူတို့ မခေါ်ဘူး၊ မခေါ်အောင်လို့ ဒီဂါမာက ပြောထားပုံရတယ်၊ ဒီမှာ စောင့်ရှောက်ဖို့ ဖထီး လာနေလိမ့်မယ်''

''မာရီယာက ဒီမှာရှိတဲ့လူတွေကို ဆေးကုပေးရမှာပေါ့ ... ဟုတ်လား''

''ဟုတ်တယ် ... ကျွန်မကို ဖထီးက ကူညီလိမ့်မယ်၊ ဒါထက် ... သမိန် မနက်စာ စားပြီးပြီလား''

သမိန်က ခေါင်းညိတ်ပြသည်။

''ဒါဆိုရင် ဒီမှာ နားနေပါနော် ... မာရီယာ ခဏခဏ လာကြည့်ပါမယ်''

''ကျေးဇူးတင်ပါတယ် မာရီယာ''

သမိန်က မာရီယာအား ပြုံးလျက်ကြည့်ရင်းမှ ပြောသည်။ မာရီယာက ခုံတစ်လုံးပေါ်တွင် ထိုင်ချရင်းမှ သမိန့်ကို စူးစူးစိုက်စိုက် ကြည့်သည်။

''နာခံတော်မှူးက သမိန်နဲ့ သူညီမ အဆက်အသွယ်ရှိတာကို သိနေတယ်''

''ဟင် ... ဟုတ်လား''

''ဟုတ်တယ် ... သူက အဲဒီအတွက် သမိန့်ကို ကျေးဇူးတင်နေပုံရတယ်၊ တစ်ဖက်ကလည်း သူဟာ မုတ္တမဘုရင်ရဲ့သစ္စာခံဆိုတော့ သမိန်နဲ့ မိတ်ဆွေအဖြစ် နေလို့ မရဘူး''

''အင်း ... သူဟာ သူရဲကောင်းတစ်ယောက်ပါ၊ သူနဲ့ အခုလို ရန်သူတွေအဖြစ် မတွေ့ကြရင်ကောင်းမှာ''

မာရီယာက သမိန်၏စကားကို နားထောင်ရင်း ပြုံးသည်။

''သမိန် ခဏနေဦးနော်''

မာရီယာက သမိန့်ကိုထားခဲ့ပြီး အခန်းထဲမှ ထွက်သွားသည်။ တစ်ခဏအကြာတွင် ပြန်လာပြီး သမိန်နှင့် စကားတွေ ပြောသည်။ နောက် ပြန်ထွက်သွားပြန်သည်။

အချိန်တွေ တရွေ့ရွေ့နှင့် ကုန်သွားသည်။ မာရီယာက ဝင်လိုက် ထွက်လိုက်လုပ်ရင်း မိုးမချုပ်ခင်တွင် နာခံတော်မှူးနှင့် ဒီဂါမာတို့က မာရီယာ ဖခင်ကို ခေါ်ပြီး ထွက်သွားသည်။

''သူတို့ သွားကုန်ကြပြီ၊ သမိန်တော့ အခု သွားလို့မဖြစ်ဘူး၊ မနက်ကျမှ အဲဒီကနေပဲ ဒီကနေ ထွက်ပါ၊ ဒီည ဒီမှာပဲ အိပ်ပါ၊ တော်ကြာဆိုရင် ဖထီး ရောက်လာလိမ့်မယ်၊ သမိန် ဒီကနေ ထွက်ဖို့အတွက် ဖထီးနဲ့ တိုင်ပင်ကြည့်တာပေါ့''

သမိန်က ခေါင်းညိတ်ပြလိုက်သည်။ သူက သွက်သွက်လက်လက် လှုပ်ရှားနေသော မာရီယာအား ထိုင်ကြည့်နေသည်။ ထိုအချိန်လေးအတွင်း၌ သူ့ရင်တွင် ကြည်နူးခြင်းများ ပြည့်လျှမ်းနေသလို ခံစားနေရလေ၏။

• • •

# မုတ္တာမ

သီဟာသူရက မေးကြောကြီး ထောင်ထလာအောင် အံကြိတ်သည်။ လက်ဆစ်တွေ ဖြူဖွေးလာသည့်တိုင်အောင် ဓားအရိုးကို တင်းတင်းဆုပ်သည်။

"တောက် ... ရာဇဝင်ရိုင်းလိုက်လေ၊ ငါတို့နေရာကို ရန်သူက စိတ်တိုင်းကျ ဝင်ထွက်တယ်၊ ပြီးတော့ ငါနမနဲ့ ငါ့ချစ်သူရဲ့ အသက်ကို ကယ်တယ်တဲ့"

သီဟာသူရ မခံချိမခံသာဖြစ်နေဟန်ကို ကြည့်ပြီး ဒီဂါမာ ပင့်သက်ရှိုက်လိုက်သည်။ သမိန်နှင့် သီဟာသူရတို့ကြားတွင် အမုန်းပွားစရာတွေ တိုးလာတော့မည် ဟု သူ တွေးသည်။

"ဘုရင်မင်းမြတ်ရဲ့အမိန့်ကြောင့် ပြန်ခဲ့ရပေမယ့် ငါ မပြန်ချင်သေးဘူး၊ မောရမြိုင်မှာနေပြီး ရန်သူတပ်မှူးကို အမိဖမ်းချင်တယ်"

"ငါတို့မှာ လောလောဆယ် မဖြစ်မနေ လုပ်ကိုင်ဆောင်ရွက်ရမယ့်တာဝန်တွေ ရှိနေတဲ့အတွက် စိတ်လျှော့ထားလိုက်ပါ သီဟ၊ တစ်ခါက သူ့ကို မသတ်ဘဲ လွှတ်လိုက်တဲ့အတွက် သူက တုံ့ပြန်ကျေးဇူးပြုတာလို့ပဲ သဘောထားလိုက်ပါ"

ဒီဂါမာစကားကို အကြားတွင် သီဟသူရ ဆတ်ခနဲ ဖြစ်သွားသည်။ သူက စူးလက်တောက်ပသော မျက်လုံးအစုံဖြင့် ဒီဂါမာအား ကြည့်သည်။

"ဟံသာဝတီ တပ်မှူးလေးရဲ့စကားနဲ့ မုတ္တမမြို့စောင့်တပ်မှူးလေးရဲ့စကားက တူနေပါလား ဒီဂါမာ"

ဒီဂါမာက သီဟသူရအား မျက်မှောင်လေး မသိမသာကျုံ့ပြီး ကြည့်သည်။

"သီဟ ... ဘာကို ဆိုလိုတာလဲ"

သီဟသူရက စာတစ်ရွက်ကို ဒီဂါမာအား ပေးသည်။

"ဒါ ဟံသာဝတီတပ်မှူးလေးရဲ့စာ၊ သူက ငါ့နှမလေးဆီက တစ်ဆင့် ငါ့ဆီပို့လိုက်တာ"

"ဩော် ... သူက သူ့အပေါ်တင်နေတဲ့ကျေးဇူးကို နာခံတော်မှူးရဲ့ညီမကြောင့် ဖြစ်လာရတဲ့ကျေးဇူးနဲ့ ချေလိုက်ပါဆိုပါလား"

"ဟုတ်တယ် ... အဲဒါကြောင့် ငါ့စိတ်ထဲမှာ ခံပြင်းနေတာ"

ဒီဂါမာ ရယ်လိုက်သည်။ သီဟသူရက နားမလည်နိုင်သည့် အမူအရာနှင့် ဒီဂါမာအား ကြည့်နေသည်။

"မင်းအနေနဲ့ သူ့ရဲ့ကောင်းလို့ သတ်မှတ်မိတဲ့လူက အခုလိုပဲ ကျေးဇူးအတင်မခံ တုံ့ပြန်တာကြောင့် မကျေမနပ် ဖြစ်နေတယ် မဟုတ်လား၊ သူနဲ့မင်းက စိတ်ထားချင်း၊ သဘောထားချင်း တူမယ်လို့ ထင်တယ်"

"ဘာကြောင့် အဲသလို ထင်ရတာလဲ"

"မင်းနဲ့ ဟံသာဝတီသားရဲ့ လုပ်ပုံကိုင်ပုံကို အကဲခတ်ပြီး ထင်မြင်ချက်ပေးမိတာပါ"

သီဟသူရက ဒီဂါမာအား စေ့စေ့ကြည့်ပြီးနောက် အသာအယာ ပြုံးသည်။ ပြုံးရင်းနှင့်ပင် သူက မြို့ရိုးထိပ်မှနေ၍ ဟံသာဝတီတပ်များ ရှိနေသော အနောက်တောင်ဘက်သို့ လှမ်းကြည့်သည်။

အဝေးရှိ ဟံသာဝတီတပ်မှာ လှုပ်လှုပ်ရွရွနှင့် ရှိနေသည်။ အမြောက်နှင့် ပစ်၍ မမီနိုင်သော နေရာတွင် တပ်ချရပ်နားနေပြီး၊ မုတ္တမသားတို့ မခံချိမခံသာဖြစ်အောင် ပြုမူနေသည်။

"သူနဲ့ ငါနဲ့က မတူနိုင်ပါဘူး၊ သူက ကျူးကျော်သူ, ငါတို့က အကျူးကျော်ခံပဲ၊ သူတို့က အနိုင်ယူလိုစိတ်နဲ့ မုတ္တမကို လာတာ၊ ငါတို့က အရှုံးမပေးနိုင်တဲ့စိတ်နဲ့ ရင်ဆိုင်နေတာ၊ ဒီလို ခြားနားတဲ့ ဘက်တစ်ဖက်စီမှာရှိနေတဲ့ လူနှစ်ယောက်က မတူနိုင်ပါဘူး၊ အခုပဲကြည့် ... ငါက သူနဲ့တွေ့တော့ အင်အားများများနဲ့ အနိုင်မယူချင်လို့၊ ပြီးတော့ သူ့ရဲ့သတ္တိကို, ယောကျ်ားပီသတဲ့စိတ်ကို ကြိုက်လို့ လွှတ်ပေး လိုက်တာ၊ သူကျတော့ သူ့အပေါ်တင်နေတဲ့ ငါ့ရဲ့ကျေးဇူးကို ချေဖျက်ချင် လို့ ငါ့နှမကို ကယ်ခဲ့တာ"

ဒီဂါမာက သီဟသူရမျက်နှာကို တအံ့တဩနှင့် ကြည့်သည်။ ထို့နောက်တွင် ခေါင်းကို ညင်သာစွာ ခါယမ်းလိုက်သည်။

"သီဟနဲ့ ဟံသာဝတီတပ်မှူးလေးတို့ဟာ ရန်သူတွေအဖြစ်နဲ့ တစ်ယောက်ကိုတစ်ယောက် ရင်ဆိုင်ရင်း၊ တစ်ယောက်ကိုတစ်ယောက် သဘောကျနေကြပြီလို့ ငါထင်တယ်၊ မင်းက အဲဒီစိတ်ကို အတင်း ဖျောက်နေတဲ့အတွက် ကိုယ့်ကိုယ်ကိုယ် အပြစ်မြင်ရင်း ဒေါသ ဖြစ်နေ တာပါ၊ အမှန်အတိုင်းပြောရရင် သူလိုလူမျိုးဟာ ရန်သူအဖြစ်နဲ့ ကြောက်စရာ ကောင်းသလောက် မိတ်ဆွေအဖြစ်နဲ့ ခင်မင်စရာ ကောင်းပါလိမ့်မယ်"

သီဟသူရသည် ဒီဂါမာ၏စကားကို ဂရုတစိုက် နားထောင်နေ သော်လည်း တစ်စုံတစ်ရာ တုံ့ပြန်ပြောဆိုခြင်းမပြု။ သူက အမြောက်ပစ် စင်ပေါ်မှနေ၍ ဟံသာဝတီတပ်ရှိရာသို့ စူးစိုက်လျက် ကြည့်နေသည်။

"ဟံသာဝတီတပ်မှူးလေးအကြောင်းကို ပြောနေတာနဲ့ အဓိက ပြောရမယ့်ကိစ္စကို မပြောဖြစ်ဘူး၊ မင်း ဒီကိုရောက်လာတာ အဆင်

သင့်သွားတယ်၊ ငါ မင်းရှိရာကို လာတော့မလို့''

''ဟုတ်လား ... ဘာအရေးတကြီးကိစ္စ ရှိလို့လဲ၊ အဲဒါများ စောစောက ပြောရောပေါ့''

''မင်း သိထားသင့်တဲ့ ကိစ္စပေမယ့် အရေးတကြီးပြောရမယ့် ကိစ္စတော့ မဟုတ်ပါဘူး။ ဟံသာဝတီတပ်က ငါတို့ကိုတိုက်ဖို့ အခိုင်အမာ စခန်းချနေပါပြီ၊ ဟံသာဝတီတပ်က ကတုတ်တွေလည်း တူး၊ သစ်လုံးတွေနဲ့ အကာအရံလုပ်နေတယ်လို့ အထောက်တော်တွေဆီက သတင်းရပါတယ်''

နာခံတော်မှူးက ခေါင်းကို ညင်သာစွာ ညိတ်လိုက်သည်။

''အဲဒီသတင်းကို ငါ ရထားပြီးပါပြီ၊ နောက်နေ့ကျရင် သူတို့ စခန်းမြေပုံကိုပါ ရပါလိမ့်မယ်၊ ဒါထက် ငါတို့ခေါ်လာတဲ့ သမားတော်ကြီးက သူ့သမီးကို မောရမြိုင်မှာထားခဲ့ရတဲ့အတွက် ကျေနပ်ရဲ့လား''

''ကျေနပ်ပါတယ်၊ သူက သူ မရှိရင် သူ့သမီးကို မောရမြိုင်မှာ နေစေချင်တာ၊ ဒါမှ မောရမြိုင်မှာရှိတဲ့ ရောဂါဝေဒနာသည်တွေကို ဆေးကုသပေးနိုင်မှာ မဟုတ်လား။ မာရီယာကလည်း သမားတော်တစ်ပိုင်းပါပဲ၊ အသားထဲ ဖောက်ဝင်သွားတဲ့ ကညင်စေ့ကို ဓားနဲ့ခွဲထုတ်တာမျိုးတောင် ကျွမ်းကျွမ်းကျင်ကျင် လုပ်နိုင်ပါတယ်''

''အဲသလိုမှန်း သိရင် ငါ သူ့ကိုပါ ခေါ်ခဲ့တာပေါ့၊ ဒီမှာက သမားတော်များများရှိလေ ကောင်းလေ မဟုတ်လား''

အမြောက်ပစ်တပ်သားများက အမြောက်စင်ပေါ်သို့ အမြောက်များ တင်နေသည်။ အမြောက်ပစ်သမားက အမြောက်ကို စစ်ဆေးနေကြသည်။

''ရန်သူတွေဟာ မုတ္တမကို အဝေးကနေပဲ လှမ်းပြီး ပစ်ခတ်တိုက်ခိုက်နိုင်တာကြောင့် ဒီဘက်မှာ အထိအပါး၊ အရှုအနာ သိပ်များမယ် မထင်ပါဘူး။ ရန်သူက မြစ်လယ်မှာရှိတဲ့ စစ်သင်္ဘောတွေကို ဖျက်ဆီးနိုင်မယ်၊ ရေကြောင်း ကြည်းကြောင်းကနေ မုတ္တမကို တိုက်ခိုက်မယ် ဆိုရင်တော့ ငါတို့ရဲ့အသက်တွေကို သမားတော်တွေက မကယ်နိုင်

ကြတော့ပါဘူး''

သီဟသူရက အမြောက်ပစ်စင်ပေါ်မှ အမြောက်ကို ပြင်ဆင်နေသူများ၊ သူရဲခိုး သူရဲပြေးပေါ်တွင် နေရာယူထားကြသော ရဲမက်များကို ကြည့်သည်။ ၎င်းတို့သည် အပြင်းအထန် ဆင်နွှဲရမည့် တိုက်ပွဲအတွက် အသင့်ဖြစ်နေကြဟန်ရှိသည်။

''မင်း ဒီမှာ လုပ်စရာရှိတာ လုပ်ပါ၊ ငါ ဟိုတက်ကို သွားကြည့်လိုက်ဦးမယ်၊ တစ်ရက် နှစ်ရက်နေရင် ငါတို့ မောရမြို့ကို သွားဦးမယ်နော်၊ မင်းကလည်း မာရီယာကို တွေ့ချင်နေတာဆိုတော့ ငါနဲ့ လိုက်ခဲ့ပါ''

သီဟသူရက ပြုံးပြီးပြောသည်။ သူ ပြောလိုက်သည့် စကားကြောင့် ဒီဂါမာ အနေရခက်သွားလိမ့်မည် ဟု သီဟသူရ ထင်မိသည်။ ထင်သည့်အတိုင်းပင် ... ကြားရသည့်စကားကြောင့် သီဟသူရ အနေခက်သွား၏။ သူက ပြုံးရမလို၊ ရယ်ရမလို၊ တည်ရမလို မျက်နှာထားနှင့် သီဟသူရအား ကြည့်သည်။ သီဟသူရက ဒီဂါမာ၏ ပခုံးကို အသာအယာ ပုတ်သည်။

''မင်းရဲ့မျက်လုံးတွေထဲက လျှို့ဝှက်ထားလို့ မရတဲ့ အရိပ်အယောင်တွေ ပေါ်နေတယ်၊ ဒါကြောင့် ငါ မင်းရဲ့အခြေအနေကို သိလိုက်တာ''

ဒီဂါမာက သီဟသူရအား သတိထားဟန်ဖြင့် ကြည့်သည်။ မိမိအနေနှင့် အသေးအဖွဲ့မှစပြီး အရာရာကို သတိထားမှ ဖြစ်မည်ဟု ဒီဂါမာ တွေးမိ၏။

''မာရီယာက ငါ့ညီမလေးပါ၊ သူ့အပေါ်မှာ ငါ သံယောဇဉ်ရှိပေမယ့် ညီမတစ်ယောက်ထက် ပိုပြီး ခင်တွယ်လို့ မဖြစ်ပါဘူး''

''ဘာဖြစ်လို့လဲ ဒီဂါမာ''

''မာရီယာရဲ့အဖေက ငါ့ကျေးဇူးရှင်ဖြစ်နေလို့ပါ၊ ကျေးဇူးရှင်ရဲ့ သမီးကို ငါ မစော်ကားရဲပါဘူး''

သီဟဟသူရ၏ မျက်နှာပေါ် ထူးခြားသည့် အရိပ်တစ်ရိပ်

ဖြတ် ပြေးသွားသည်။ သူက ဒီဂါမာအား စူးစူးစိုက်စိုက် ကြည့်လိုက်ပြီး နောက် ခေါင်းကို ညင်ညင်သာသာ ညိတ်သည်။ သို့သော် နှုတ်မှ တစ်စုံတစ်ရာ ပြောဆိုခြင်းမပြုဘဲ ဒီဂါမာ၏ ပခုံးကို လှမ်းကိုင်ဖျစ်ညှစ်ပြီး နေရာမှ ခွာထွက်သွားသည်။ ဒီဂါမာမှာ စိတ်လှုပ်ရှားလျက်နှင့် ကျန်ရစ်ခဲ့လေသည်။

● ● ●

ဂိုအာမှလာသော ကုန်တင်သင်္ဘောတစ်စီး ဆိုက်ကပ်ထားသဖြင့် မြစ်ဆိပ်မှာ စည်ကားရှုပ်ထွေးနေသည်။ ဒီဂါမာသည် ရဲမက်ဆယ်ယောက်ခန့်နှင့် မြစ်ဆိပ်သို့ သွားလာရင်း တွေ့သမျှ မြင်သမျှ မျက်နှာစိမ်းများကို အကဲခတ် ကြည့်ရှုလာသည်။

မြစ်ဆိပ်တွင် စောင့်ကြပ်နေသော အစောင့်ရဲမက်တစ်ယောက်က ဒီဂါမာတို့အား မြင်သည်နှင့် အနားသို့ လျှောက်လာပြီး အရိုအသေပြု နှုတ်ဆက်သည်။

''မြစ်ဆိပ်ကို စစ်ဆေးဖို့ လာတာလား တပ်မှူး။ ဒီဘက်မှာ အခြေအနေကောင်းပါတယ်၊ ကုန်သင်္ဘောတစ်စီး ဆိုက်ပြီး သင်္ဘောကပ္ပတိန်က နန်းရင်းဝန်နဲ့ တွေ့ဆုံဖို့ သွားနေပါတယ်''

''မသင်္ကာစရာ ဘာမှ မတွေ့ဘူးလား''

''မတွေ့ပါဘူး တပ်မှူး''

''အဝင်အထွက်ကို သေသေချာချာကြည့်၊ လူစိမ်းတွေ့ရင် သတိထား၊ မသင်္ကာစရာတွေ့ရင် ငါ့ကိုချက်ချင်း အကြောင်းကြား ... ကြားလား''

''ဟုတ်ကဲ့ပါ တပ်မှူး''

''ကိုယ့်တာဝန်ကို ကိုယ်ဂရုစိုက်၊ မင်း အမှုထမ်းကောင်းတဲ့ အကြောင်း တပ်မှူးကြီးကို ငါ အသိပေးလိုက်မယ်''

''ကျေးဇူးတင်ပါတယ် တပ်မှူး''

ဒီဂါမာက သူ့နောက်ပါ ရဲမက်များကိုခေါ်ပြီး နေရာမှ ခွာသည်။ မြစ်ဆိပ်မှနေ၍ မြို့စောင့်တပ်မှူးကြီးရှိရာသို့ ထွက်ခဲ့သည်။

မြို့စောင့်တပ်မှူး ပါအူလိုအေဆီးဇာ့စ်ကို မြို့ထိပ်တပ်စခန်းတွင် တွေ့ရသည်။ တပ်မှူးကြီးသည် သူ၏လက်ထောက် တပ်မှူးငယ် ဒီဂါမာကို တွေ့သည်နှင့် ဝမ်းသာအားရကြိုသည်။ သူ့စားပွဲရှေ့တွင် ရပ်ပြီး အလေးပြုနေသော ဒီဂါမာအား ပြုံးလျက် ခေါင်းညိတ်ပြသည်။ ထို့နောက် သူ့ရှေ့ကုလားထိုင်တွင် ထိုင်ရန် လက်ဟန်ပြသည်။

''မင်း ကင်းလှည့်ထွက်လာတာလား ဒီဂါမာ''

"ဟုတ်ပါတယ် တပ်မှူးကြီး . . . ဟံသာဝတီတပ်က တိုက်ခိုက်ဖို့ အသင့်ပြင်နေကြလို့ ကျွန်တော်တို့ဘက်ကလည်း အသင့်ပြင်ဆင်နေပါတယ်"

"ကောင်းတယ် . . . ကြိုးကြိုးစားစား တာဝန်ထမ်းဆောင်ပါ၊ မင်းကို နာခံတော်မှူးကစပြီး သဘောကျကြတယ်၊ ရွှေနန်းရှင်က သူ့ရဲ့ကောင်းတွေကို ချစ်ခင်တဲ့အတွက် မင်းလိုလူမျိုးကို ချီးမြှင့်မြှောက်စားမှာ သေချာတယ်၊ ဒါထက် ဟံသာဝတီတပ်က အမြောက်တပ်ဗိုလ် ဒွန်ဂျွန်ကို မင်း သိသလား"

ဒီဂါမာက ခေါင်းခါပြလိုက်သည်။ ဆီးဇာ့စ် အသာအယာပြုံးပြီး

"ဒွန်ဂျွန်ကလည်း သူ့ရဲ့ကောင်းပဲ၊ ငါ သူ့ကိုဆက်သွယ်ပြီး ငါတို့နဲ့ ပူးပေါင်းဖို့ ဖိတ်ခေါ်တာ သူက လက်မခံဘူး၊ သူ့အရှင်သခင်အတွက် သေတဲ့အထိ တိုက်မယ်လို့ အကြောင်းပြန်တယ်၊ ဒီလို လူမျိုးကို ငါ သဘောကျတယ် ဒီဂါမာ"

"ကျွန်တော်လည်း အဲသလိုပဲ . . . မုတ္တမရွှေနန်းရှင်ကို သစ္စာရှိရှိနဲ့ အမှုထမ်းပါ့မယ် တပ်မှူးကြီး"

"ကောင်းတယ် . . . ရွှေနန်းရှင်က မင်းကို ယုံကြည်အားကိုးပါတယ်၊ ဟံသာဝတီက လာပြီး အကဲစမ်းတဲ့ပွဲဟာ မင်း လက်စွမ်းပြရမယ့်ပွဲပဲ၊ မုတ္တမကို သေသေချာချာ ကာကွယ်နိုင်ရင် ရွှေနန်းရှင်က မင်းကို အခုထက်ပိုပြီး ချီးမြှင့်မြှောက်စားလိမ့်မယ်"

ဒီဂါမာ၏ မျက်နှာတွင် တည်ငြိမ်ဟန်တွေ ဖျတ်ခနဲ ထင်လာသည်။ သူက တစ်စုံတစ်ရာကို အလေးအနက် စဉ်းစားဟန် ခေတ္တငြိမ်သွားပြီးနောက် ဆီးဇာ့စ်ဘက်သို့ လှည့်လိုက်သည်။

"အခုပွဲဟာ ဟံသာဝတီကလာပြီး အကဲစမ်းတဲ့ပွဲ မဟုတ်ပါဘူး တပ်မှူးကြီး၊ ဟံသာဝတီက မုတ္တမကို အပြတ်အသား ချေမှုန်းမယ့်ပွဲပါ၊ ဒါကြောင့် ကျွန်တော်တို့ကလည်း ဟံသာဝတီကို ပြတ်ပြတ်သားသား ရင်ဆိုင်ရပါမယ်၊ ဒီနယ်မြေကနေ အပြီးကို မောင်းထုတ်ရပါမယ်"

ဆီးဇာ့စ်၏ မျက်နှာအမူအရာ ပြောင်းသွားသည်။ သူက

စဉ်းစား တွေဝေဟန်ဖြင့် ဒီဂါမာအား လှမ်းကြည့်လိုက်သည်။

''အခုပွဲဟာ ဟံသာဝတီက မုတ္တမကို အကဲစမ်းတဲ့ပွဲ မဟုတ်ပါဘူးလို့ မင်း အသေအချာ ပြောနိုင်သလား ဒီဂါမာ''

''သေချာပါတယ် တပ်မှူးကြီး ... ဟံသာဝတီက စစ်အင်အား တစ်သိန်းကျော်, တိုက်ဆင်သုံးဆယ်, မြင်းနှစ်ထောင့်တစ်ရာနဲ့ လာတာ၊ ဒီလို အင်အားကောင်းကောင်းနဲ့ လာတာဟာ အကဲစမ်းချင်လို့ မဖြစ်နိုင်ပါဘူး။ မုတ္တမက ဟံသာဝတီလက်အောက်ကို မဝင်ချင်, ဟံသာဝတီကို အညံ့မခံချင်တာကြောင့် အပြစ်ပေးချင်လို့ လာတာပါ၊ ဒါကြောင့် ဟံသာဝတီက မုတ္တမကို အပြတ်အသား ချေမှုန်းရပါလိမ့်မယ်''

ဆီးဇာ့စ်သည် ဟံသာဝတီကို ခုခံရန် ပြင်ဆင်နေသော်လည်း ဟံသာဝတီစစ်နှင့် ပတ်သက်ပြီး လေးလေးနက်နက် စဉ်းစားမိဟန် မရှိပေ။ ယခု ဒီဂါမားကပြောမှ အခြေအနေအရပ်ရပ်ကို တွက်ဆ စဉ်းစားမိဟန် မျက်မှောင်ကျုံ့သွားသည်။

''မင်းပြောမှ ငါစဉ်းစားမိတယ် ... ငါက စစ်သားဆိုတော့ ရန်သူလာရင် စစ်တိုက်မယ်လို့ပဲ စိတ်ကူးနေတာ၊ ငါ့ကို သတင်းပေး စကားပြောတဲ့အတွက် မင်းကို ကျေးဇူးတင်တယ်၊ ငါက စစ်ပွဲတွေ ဆင်နွှဲရတာများလို့ မထက်မြက်တော့ဘူး''

''တပ်မှူးကြီးက ထက်မြက်ပါသေးတယ်၊ ခုတစ်လော မူးနေတာ များလို့ပါ၊ သောက်နေတာတွေ ရပ်လိုက်ရင် ခါတိုင်းလိုပဲ တိုက်ပွဲတွေမှာ ပြိုင်ဘက်မရှိတဲ့ တပ်မှူးကောင်းအဖြစ် စွမ်းရည်ပြည့်မှာပါ''

ဆီးဇာ့စ်က ခေါင်းတဆတ်ဆတ်ညိတ်သည်။ သူက ဒီဂါမား အား ညာလက်ကမ်းပေးပြီး လက်ဆွဲ နှုတ်ဆက်သည်။

''ငါ့ကို ကူညီပါ ဒီဂါမာ ... မင်းကို ငါ အားကိုးပါတယ်''

ဆီးဇာ့စ်က ဒီဂါမာအား မတိုးမကျယ်ပြောနေစဉ် ပေါ်တူဂီ အမှုထမ်းတစ်ယောက် အခန်းထဲသို့ ဝင်လာပြီး၊ ဆီးဇာ့စ်နှင့် ဒီဂါမာတို့ အား အလေးပြုသည်။

''နန်းရင်းဝန်ကြီးက တပ်မှူးကြီးကို အခေါ်လွှတ်လိုက်ပါတယ်''

"ဟင် ... ဟုတ်လား ... ဘာပြဿနာ ပေါ်လို့လဲ"

"ပြဿနာပေါ်လို့ မဟုတ်နိုင်ပါဘူး၊ ဂိုအာက ကုန်သည်တွေ ရောက်လာလို့ခေါ်တာ ဖြစ်ပါလိမ့်မယ်၊ မြစ်ထဲမှာ ကုန်သင်္ဘောတစ်စီး ရပ်ထားတာ တွေ့ပါတယ်"

"အိုး ... ဟုတ်လား၊ ဒါဆိုရင်တော့ ငါ့ဆွေမျိုးတွေ ရောက် လာတာ ဖြစ်ချင်ဖြစ်မယ်၊ မင်း အမြောက်ပစ်စင်တွေကို လိုက်စစ်ပါ ဒီဂါမာ၊ ငါ နန်းရင်းဝန်ဆီကို သွားလိုက်ဦးမယ်"

"ဟုတ်ကဲ့ တပ်မှူးကြီး"

ဆီးဇာ့စ်က နေရာမှ ထသည်။ ထိုင်နေစဉ်က ဣန္ဒြေရသော် လည်း ထရပ်လိုက်ချိန်တွင် ယိုင်သွား၏။ သို့သော် သူက ချက်ချင်းပင် သူ့ကိုယ်သူထိန်းသည်။ ထို့နောက် ဒီဂါမာအား ဖျတ်ခနဲ လှမ်းကြည့်ကာ ရယ်သည်။

"ညက သောက်တာများလို့ ခေါင်းကိုက်တာနဲ့ ဒီမနက် နည်း နည်း ပြန်သောက်ထားတာ၊ မူးလာတယ်"

"ဒီပုံစံနဲ့ နန်းရင်းဝန်ဆီကို ဝင်နိုင်ပါ့မလား တပ်မှူးကြီး"

"ငါက မူးလို့ မလဲဖူးဘူး ... ငါ့အတွက် မပူပါနဲ့"

ဆီးဇာ့စ်က အခန်းထဲမှ ထွက်မည်ပြုသည်။ ခြေလှမ်းပြင်ရင်းမှ တစ်စုံတစ်ရာကို သတိရဟန်နှင့် ခြေလှမ်းတန့်လိုက်ပြီး ...

"မင်းက ဟံသာဝတီစစ်ဟာ အကဲစမ်းတဲ့စစ်မဟုတ်ဘူးလို့ ဆိုတဲ့အတွက် ငါ ဆက်ပြီး မမူးတော့ဘူး၊ ဟံသာဝတီကို ရင်ဆိုင်ဖို့ အတွက် အရက်နဲ့ ဝေးဝေးနေမယ်"

ပြုံးလျက် ပြောသည်။ စကားအဆုံးတွင် ဆီးဇာ့စ်က အခန်း အပြင်သို့ ခြေလှမ်းခပ်ယိုင်ယိုင်နှင့် ထွက်သွားသည်။ ဒီဂါမာက ဆီးဇာ့စ် အား ကြည့်ပြီး သက်ပြင်းရှည်ကြီး ချလိုက်လေသည်။

• • •

ရွှေနန်းရှင် စောဗညားက မိဖုရားကြီး တလကမှူအား စူးစိုက်စွာ ကြည့်ရင်းက ပင့်သက်ရှိုက်လိုက်သည်။ ပြီး သူ၏အကြည့်ကို မြို့ထိပ်တပ်စခန်းဆီသို့ ရွှေ့သည်။ မြို့ထိပ်တပ်စခန်းဆီမှ လှုပ်လှုပ်ရှားရှားနိုင်သော ပုံရိပ်များကို တွေ့လာရ၏။

''မြို့စောင့်တပ်က တပ်မှူးလေး ဒီဂါမာဟာ ကြေးစားစစ်သားဖြစ်ပေမယ့် ကြေးစားစိတ် မရှိဘူး၊ မောင်တော့်အတွက်တော့ တကယ်ယုံကြည်စိတ်ချရတဲ့သူပဲ၊ သူဟာ မောင်တော်ရဲ့ လက်ရုံးတစ်ဆူလို့တောင် ပြောလို့ရတယ်''

''ဒါဆိုရင်လည်း သူ့ကို မောင်တော့်အနားမှာ ခေါ်ထားပါလား၊ မောင်တော့်အတွက် အကာအကွယ်ရတာပေါ့၊ သူနေရာမှာ နာခံတော်မျူးကို တာဝန်ပေးလို့ရတယ် မဟုတ်လား''

စောဗညားက ပြုံးပြီး ခေါင်းခါသည်။

''အဲသလိုလုပ်လို့ မဖြစ်ဘူး နှမတော်၊ နာခံတော်မျူးက သူ့နေရာနဲ့သူ တန်ဖိုးရှိတဲ့သူ, အသုံးကျတဲ့သူပါ၊ သူကလည်း မောင်တော့်အတွက် အသက်ပေးမယ့်သူပဲ၊ သူ့ကို မောင်တော် အနားကနေ ခွာထုတ်လို့ မရဘူး''

''ဒါဆိုရင် မောင်တော်က ဘယ်လို လုပ်မှာလဲ''

''ဘယ်လိုမှ မလုပ်ဘူးလေ၊ ဒီဂါမာနဲ့ပတ်သက်ရင် နှမတော် သိထားရအောင်လို့ ပြောပြနေတာ၊ သူတို့ကို နေရာလဲမယ်လို့ ပြောနေတာ မဟုတ်ဘူး''

''ဩော် ... ဒီလိုလား၊ မသိပါဘူး ... နှမတော်က သူတို့နှစ်ယောက်ကို နေရာချင်းလဲမယ်လို့ ထင်နေတာ၊ ဒီနိုင်ငံခြားသားက အသောက်အစား မရှိဘူး၊ ယဉ်ကျေးသိမ်မွေ့တယ်၊ နိုင်ငံခြားသားပေမယ့် မြန်မာတစ်ယောက်နဲ့ ဘာမှမခြားနားဘူး၊ ဒါတွေကိုတော့ နှမတော် သတိထားမိပါတယ်''

မိဖုရားကြီး တလကမှူက ပြုံးလျက်နှင့် ပြောသည်။ သူမက ရွှေနန်းရှင် စောဗညား ကြည့်နေသည့် မြို့ထိပ် အမြောက်ပစ်စင်ဆီသို့

လှမ်းကြည့်သည်။ ထိုနေရာတွင်ရှိသော အမြောက်တပ်သားတို့ လှုပ်လှုပ်ရှားရှားနှင့် ရှိနေသည်ကို တွေ့ရ၏။

"ဒီဂါးမားဟာ ငယ်ကတည်းက မိဘတွေ ဆုံးပါးသွားလို့ မြန်မာတွေလက်ထဲမှာ ကြီးပြင်းလာတာ၊ ဒါကြောင့် သူက မြန်မာရည်လည်တယ်၊ နေပုံထိုင်ပုံ, ပြောဆိုပုံ အမူအကျင့်တွေက မြန်မာတွေနဲ့ မခြားနားဘူး"

ရွှေနန်းရှင် စောဗညားနှင့် မိဖုရားခေါင်ကြီး တလကမူတို့ စကားပြောနေစဉ် ပြင်းထန်စွာ ပေါက်ကွဲမြည်ဟိန်းသွားသည့် အမြောက်သံကို ကြားရသည်။ မိဖုရားကြီးသည် အမြောက်သံကြောင့် ရုတ်တရက် လန့်ဖျပ်ပြီး တစ်ကိုယ်လုံး တဆတ်ဆတ်တုန်သွား၏။

"အမြောက်သံက ရုတ်တရက်ပေါ်လာတော့ နှမတော် လန့်သွားတယ် ထင်တယ်၊ ဒီအမြောက်သံက မောင်တော်တို့ဘက်ကနေ ပစ်ခတ်လိုက်တဲ့ အမြောက်သံပါ"

"အမြောက်သံက တော်တော်ကျယ်လောင်တာပဲ၊ ပေါက်ကွဲမှုအားအရှိန်ကတော့ ရန်သူတွေကို စိစိညက်ညက် ချေပစ်မယ့်အတိုင်းပါပဲလား၊ ရန်သူတွေဘက်မှာလည်း ဒီလို အားပြင်းတဲ့အမြောက်တွေ ရှိမယ်ထင်တယ် မောင်တော်"

"ရှိတာပေါ့၊ သင်းတို့ဘက်က ပစ်လိုက်တဲ့ အမြောက်ဆန်သာ မြို့ထဲကိုဝင်လာရင် ဆင်ကြီးတစ်ကောင်လုံးတောင် တစ်စစီ ဖြစ်သွားလိမ့်မယ်၊ အိမ်ကြီးရခိုင်တွေတောင် ပြိုကျပျက်စီးလိမ့်မယ်"

"ဘုရား ဘုရား ... ကြောက်စရာကောင်းလှပါလား မောင်တော် ရွှေနန်းရှင်"

"စစ်လေ နှမတော်ရဲ့ ... စစ်ဖြစ်တာ၊ ဒီနေ့ အမြောက်သံတစ်ချက်ကြားရပြီး နောက်ရက်တွေဆို ပစ်သံခတ်သံတွေကို အဆက်မပြတ်ကြားရလိမ့်မယ်"

"ကျွန်မတော့ ရင်ထဲမှာ မကောင်းနိုင်အောင် ဖြစ်မိပါတယ်၊ အင်း ... မုတ္တမကုန်းမြေမှာ အမုန်းမီးတွေ တောက်လောင်ဦးမှာကိုး"

"မဟုတ်ဘူး နမတော် ... ဒါဟာ အမုန်းမီး မဟုတ်ဘူး၊ ဟံသာဝတီက မုတ္တမကို လာပြီး တိုက်ခိုက်တာ အမုန်းကြောင့် မဟုတ်ဘူး အင်အားတိုးချဲ့ချင်လို့၊ မုတ္တမကလည်း အမုန်းကြောင့် မဟုတ်ဘဲ ကိုယ့်နယ်မြေနဲ့ကိုယ် အေးအေးချမ်းချမ်းနေချင်လို့၊ အင်အားတိုးချဲ့တာ မခံချင်လို့ စစ်ပြုကြတာပဲ၊ ဒါဟာ သူရဲကောင်းတွေရဲ့ပွဲပါ"

မိဖုရားကြီး တလကမ္မူက သက်ပြင်းတချချ ခေါင်းတခါခါနှင့် ရှိနေသည်။ ရွှေနန်းရှင် စောဗညားက မိဖုရားအား နှစ်သိမ့်ဟန်နှင့် သူမ၏ပခုံးကို ညင်သာစွာ ဆုပ်ကိုင်လိုက်သည်။

"ဒီအပြင်ဘက်မှာ ပစ်သံ ခတ်သံတွေ ကျယ်လောင်လှတယ်၊ အတွင်းဆောင်ကို ဝင်ကြရအောင် နမတော်"

စောဗညားက တလကမ္မူအား တွဲခေါ်သည်။ ထိုအချိန်မှာပင် ပစ်ခတ်သံတွေ ကျယ်လောင်စွာ ပေါ်ထွက်လာလေသည်။

• • •

# ဟံသာဝတီ

ပြင်းပြင်းထန်ထန် မြည်ဟည်း ပေါက်ကွဲသံများ တစ်ခဲနက် ပေါ်လာ၏။ တပ်ဦးဆီမှ ရဲမက်တို့ ထိခိုက်ကုန်သည်။ ပေါက်ကွဲသံက တပ်ဦးမှ ရဲမက်တို့အား ပြေးလွှားရှောင်တိမ်းစေသည်။ ရှောင်တိမ်းရင်း ကပင် ရဲမက်အချို့မှာ ကျည်သင့်ကာ လဲကျကြကုန်၏။

''ဆုတ်ကြစမ်း . . . အရဲမကိုးနဲ့၊ ရှေ့မတိုးနဲ့၊ နောက်ဆုတ်ကြစမ်း . . . ရန်သူတွေရဲ့ကျည်နဲ့ လွတ်ရာကိုဆုတ်''

ဗိုလ်မှူး၊ တပ်မှူး၊ သွေးသောက်တို့၏ အော်ဟစ်တားဆီးသံ၊ အမိန့်ပေးသံများ ပေါ်လာသည်။ ထိုအမိန့်သံတို့သည် မုတ္တမမြို့ထိပ်မှ ပစ်ခတ်လိုက်သည့် အမြောက်သံ၊ စိန်ပြောင်းသံများအောက်တွင် နစ်မြုပ်ပျောက်ကွယ်သွား၏။

မြင်းညိုကြီးကိုစီးပြီး တပ်ဦးထိပ်ဆီသို့ အပြင်းစိုင်းနှင်လာသည့် သမိန်မှာ အုံးခနဲ အုံးခနဲ မြည်ဟည်းသွားသည့် ပေါက်ကွဲသံများကြောင့်

မကြာခဏ အပေါ်မော့မော့ကြည့်သည်။ ရန်သူတို့၏ အမြောက်ကျည်များ တပ်ရှေ့ပိုင်းဆီသို့ တဖျောဖျောနှင့် ကျရောက်နေ သည်ကို မြင်ရ၏။

"ရဲမက်ဘယ်လောက် ဒဏ်ရာရသွားသလဲ"

"နှစ်ယောက်ကတော့ ပွဲချင်းပြီးပဲ"

"သွေးတွေ သံတွေနဲ့ နောက်တန်းကို မြန်မြန်ပို့စမ်း၊ ဒီအခြေအနေမှာ သမားတော်နဲ့တွေ့မှ, ဆေးကုသမှုခံယူမှ ဖြစ်မှာပေါ့"

သမိန်က ဒဏ်ရာရထားသူအနီးသို့အရောက်တွင် မြင်းကိုရပ်ပြီး မြင်းပေါ်မှ လွှားခနဲ ခုန်ဆင်းသည်။ ဒဏ်ရာရထားသူများထံသို့ အပြေးဝစ်ပိုင်း ချဉ်းကပ်သည်။

"လာကြစမ်း . . . ဒီက ဒဏ်ရာနဲ့လူတွေကို တွဲခေါ်သွား၊ အမြန်လုပ်ကြစမ်း၊ သူတို့တစ်တွေ သမားတော်နဲ့ အမြန်ဆုံးတွေ့မှဖြစ်မယ်"

ဒဏ်ရာမရသူတို့က ဒဏ်ရာရထားသူတို့အား ပွေ့ချီသူက ပွေ့၊ ချီတွဲခေါ်သူက ခေါ်၊ ကျောပိုးသွားသူက သွားနှင့် သမားတော်ရှိရာသို့ ပို့သည်။ နောက်တန်းတပ်ရင်းကြီးအတွင်းရှိ ဓနိမိုး ထရံကာ ဆေးကုသဆောင်များသို့ အရောက်တွင် ဒဏ်ရာရသူတို့အား သမားတော်များက ဆေးကုသပေးရန် ချက်ချင်းပြင်ဆင်သည်။

သမိန်သည် ဒဏ်ရာရသူတို့အား ဆေးကုသဆောင်သို့ ပို့ပြီးသည်နှင့် တပ်မင်းကြီး၏ တဲနန်းသို့ ဝင်သည်။ တဲနန်းအတွင်း၌ အမြောက်သံ၊ ပေါက်ကွဲသံများကို အရေးမထားဘဲ မြေပုံကားချပ်တစ်ခုနှင့် နယ်မြေကို လေ့လာနေသော တပ်မင်းကြီး ဘုရင့်နောင်ကျော်ထင်နော်ရထာအား တွေ့ရသည်။

"မင်း တပ်ဦးက ပြန်လာတာလား သမိန်"

"ဟုတ်ပါတယ် အရှင်"

"ဒဏ်ရာရတဲ့လူ တော်တော်များသလား"

"ဆယ်ယောက် ဒဏ်ရာရတယ်၊ နှစ်ယောက်က ပွဲချင်းပြီး သေဆုံးသွားပါတယ်၊ ကျွန်တော်တို့တပ်တွေကို ရှေ့မတိုးဖို့ မှာခဲ့ပါတယ် အရှင်"

"ရှေ့မတိုးဖို့ဘဲလား ... ရန်သူတွေရဲ့အမြောက်ကျည် မမီတဲ့ နေရာရောက်အောင် ဆုတ်ခဲ့ဖို့ကော မမှာခဲ့ဘူးလား၊ ရှေ့ချီတပ်ရဲ့ တပ်မှူးက ဘယ်သူလဲ"

"ဇေယျာတမန်ပါ အရှင်"

"အင်း ... ရှေ့ချီ မြင်းတပ်သုံးတပ်ကို စတုရင်္ဂသူ တစ်တပ်၊ အင်းယန်တုရင်က တစ်တပ်၊ ဇေယျာတမန်က တစ်တပ် အုပ်ချုပ်တာ ပဲ၊ ပထမဆုံး ထိုးစစ်ကို ဇေယျာတမန်ရဲ့တပ်က စတာနဲ့တူတယ် ... ဟုတ်လား"

"ဟုတ်ပါတယ် အရှင်"

"ဇေယျာတမန်က စစ်ဆင်စစ်တက် ကောင်းပါတယ်၊ မောင်မင်းက ရှေ့တန်းကို ရောက်ခဲ့တာဆိုတော့ မြင်ခဲ့သမျှ ရှေ့တန်းအခြေအနေကို ပြောပြစမ်း"

"ရှေ့တန်းမှာ မြင်းတပ်က မုတ္တမမြို့အနားကို မကပ်နိုင်သလို ခြေလျင်တပ်ကလည်း မကပ်နိုင်ပါဘူး၊ မုတ္တမဟာ မြို့စီးပြစီး ကောင်းလှ ပါတယ်၊ အရှေ့ဘက်မှာ ရေတပ်သင်္ဘောတွေရှိတဲ့ မြစ်၊ အနောက် ဘက်မှာ တောင်ကြားတွေရှိတဲ့အတွက် မြောက်ဘက်ဝင်ပေါက် ကျဉ်း ကျဉ်းလေးကနေ တိုက်ခိုက်ရမှာဖြစ်လို့ ရှေ့မတိုးသာပါဘူး"

တပ်မင်းကြီး ဘုရင့်နောင်ကျော်ထင်နော်ရထာက ခေါင်း တဆတ်ဆတ် ညိတ်သည်။

"ဟုတ်တယ် ... မုတ္တမဟာ လက်နက်အင်အားလည်း ကောင်း၊ မြို့အနေအထားလည်း ကောင်းတာကြောင့် မုတ္တမစားက မာနထောင် လွှားနေတာပဲ၊ မောင်မင်းအနေနဲ့ မုတ္တမရဲ့အားနည်းချက်ကို ရှာပါ သမိန်၊ ငါတို့ဟာ အားနည်းတဲ့နေရာကနေ ရန်သူမြို့အတွင်း တိုက်ရမယ်"

''ကျွန်တော်မျိုး မောရမြိုင်နဲ့ မုတ္တမကို ဝင်ကြည့်ပါ့မယ်၊ မောရမြိုင်ကို ဝင်ထွက်ဖို့အတွက် ခြေကုပ်ရထားပြီးပါပြီ၊ မုတ္တမ တိုက်ဖို့ အတွက်တော့ စွန့်စားရပါမယ် အရှင်''

''အင်း ... စစ်ထွက်ယောက်ျားဆိုတာ စွန့်စားရတာပါပဲ၊ အခုပွဲမှာ မောင်မင်းရဲ့အစွမ်းအစကိုပြပါ၊ ကဲ ကဲ ... တိုက်ပွဲအခြေအနေ နဲ့ ဒဏ်ရာရ ရဲမက်တွေရဲ့ အခြေအနေကို ကြည့်လိုက်ဦး၊ ထူးခြားတာ ရှိရင် ငါ့ကို ချက်ချင်းအကြောင်းကြားပါ''

''အမိန့်တော်အတိုင်းပါ အရှင်''

သမိန်က တပ်မင်းကြီး ဘုရင့်နောင်ကျော်ထင်နော်ရထာရှေ့မှ ခွာသည်။ တပ်မင်းကြီး၏ တဲနန်းအတွင်းမှ ထွက်ခဲ့ပြီးနောက် ရှေ့တန်း စစ်မျက်နှာဟု ဆိုရမည့် တပ်ဦးထိပ်သို့ ထွက်သည်။ ထိုနေရာတွင် ဒဏ်ရာရသူ အများအပြားကို တွေ့ရ၏။ အထိအခိုက် အရှအနာမရှိသော စစ်သည်ရဲမက်တို့က ဒဏ်ရာရသူတို့အား နောက်တန်းသို့ စောင်ပုခက် များဖြင့်လည်းကောင်း၊ တွဲခေါ်၍လည်းကောင်း သယ်ပို့နေကြသည်။

ပထမဆုံး ထိုးစစ်ကိုဆင်နွှဲသော တပ်၏ဟပ်မှူးကြီး ဖေယျတမန် သည် ဒဏ်ရာရသူတို့အား နောက်တန်းရှိ ဆေးကုသဆောင်သို့ ပို့ရာ တွင် ကိုယ်တိုင်ကြီးကြပ်နေသည်။ သမိန်က တပ်မှူးကြီး ဖေယျတမန် မမြင်အောင် ရှောင်ပြီး ဆေးကုသဆောင်သို့ ထွက်ခဲ့သည်။

ဆေးကုသဆောင်မှာ အရေးပေါ် ပြင်ဆင်ထားသည့် တဲ တန်းလျားကြီး ဖြစ်သည်။

ဒဏ်ရာရသူတို့မှာ ပွန်းပဲ့ရုံ သာမန်ဒဏ်ရာရကြခြင်း မဟုတ်။ အမြောက်ဆန်၊ သေနတ်ကျည်ဆန် ထိမှန်ခြင်းခံရသဖြင့် သေလုမျောပါး ဒဏ်ရာရသူများဖြစ်၏။ သမိန်က တဲတန်းလျားပြည့်မတတ် ရှိနေသော ဒဏ်ရာရသူများကို ကြည့်ပြီး ထိတ်လန့်သွားသည်။

''ရဲမက်တွေ ဒါလောက် အများကြီး ဒဏ်ရာရတာဟာ ထိုးစစ် မအောင်မြင်ဘူးဆိုတာကို သက်သေခံနေတာပဲ၊ အခုအတိုင်းသာဆိုရင် ဟံသာဝတီတပ်တွေ တပ်လုံး ပျောက်ရလိမ့်မယ်''

သမိန်သည် သမားတော်များက ဒဏ်ရာရသူတို့အား ဆေးကုသပေးနေပုံကို ကြည့်သည်။ သူက ကျရောက်နေသည့် အခြေအနေအပေါ် မကျေမနပ်တွေးကာ ခေါင်းဆတ်ခါရင်း နေရာမှ ခွာသည်။ ဆေးကုသဆောင်မှနေ၍ ရှေ့တန်းစစ်မျက်နှာသို့ ထွက်ခဲ့သည်။

ရှေ့တန်းစစ်မျက်နှာမှာ တစ်ဖက်နဲ့တစ်ဖက် ရင်ဆိုင်တိုက်ခိုက်ခြင်းမပြုဘဲ တပ်တွေ ရပ်နားနေသဖြင့် ငြိမ်သက်နေသည်။ အမြောက်တစ်ကမ်းအကွာတွင် တပ်ချ ရပ်နားနေသော တပ်ဆီသို့အရောက်တွင် သမိန်က မြင်းကို ဇက်ပုတ်ပေးပြီး ရှေ့သို့ တိုးထွက်သည်။ ထိုအခါ ဟံသာဝတီတပ်မှ လူရိပ်တစ်ရိပ် တိုးထွက်လာပြီး သမိန်၏ ရှေ့တွင် ရပ်ကာ လမ်းပိတ်လိုက်မည်။

''ရှေ့ဆက်မသွားပါနဲ့ တပ်မှူးလေး''

''ဘာဖြစ်လို့လဲ သွေးသောက်ကြီး ... ကျုပ် ရန်သူတွေရဲ့ အခြေအနေကို သွားကြည့်မလို့ပါ''

''ရှေ့တိုးသွားရင် ရန်သူရဲ့အမြောက်စာ မိသွားပါလိမ့်မယ်၊ ရန်သူတွေဟာ မြို့ရိုးပ်မှာ အမြောက်စိန်ပြောင်းတွေ ဆင်ထားတယ်၊ ကျုပ်တို့တစ်တွေ ရှေ့ကို တက်တဲ့အခါ အမြောက်၊ စိန်ပြောင်း မီရာရောက်တာနဲ့ မိုးသီး မိုးပေါက်ရွာချသလို ပစ်ခတ်တိုက်ခိုက်တယ်၊ ကျုပ်တို့ရဲမက်တွေ ဒဏ်ရာရတာ, သေတာ များလှပြီ''

''ဒါကို ကျုပ်သိပါတယ်၊ အခု ပိုပြီး တိတိကျကျသိရအောင် ရန်သူမြို့အနားကပ်ပြီး သို့''

''မြို့အနားကပ်ရင်တော့ ရန်သူ့အခြေအနေကို ပိုသိပါလိမ့်မယ် တပ်မှူးလေး၊ ဒါပေမဲ့ သေတဲ့လူက သူသိတာတွေကို ပြန်မပြောနိုင်တော့ပါဘူး''

သမိန်က သွေးသောက်ကြီး၏စကားကို ရုတ်တရက် နားမလည်သဖြင့် ခပ်ကြောင်ကြောင် အမူအရာနှင့် ကြည့်သည်။ ပြီးမှ သွေးသောက်ကြီး၏ ဆိုလိုရင်းကို တွေးမိကာ ဟက်ခနဲ ရယ်သည်။ သူက မြင်းပေါ်မှ လွှားခနဲ ခုန်ဆင်းပြီး သွေးသောက်ကြီးနှင့် မျက်နှာချင်းဆိုင်တွင် ရပ်လိုက်သည်။

"ဒါဆိုရင်တော့ ကျုပ် ရှေ့ကို မသွားသာသေးဘူးပေါ့၊ မသေချင်သေးတော့လည်း ဒီမှာပဲရပ်ပြီး အခြေအနေ ကြည့်တော့မယ်၊ ဒါထက် သွေးသောက်ကြီးတို့ကကော ဘာဆက်လုပ်ကြမလဲ"

"ကျုပ်တို့က အမိန့်ကိုစောင့်ရင်း နားနေရုံပေါ့၊ ကျုပ်တို့တပ်မှူးကြီးက တပ်မင်းကြီးဆီကို သွားပြီး၊ ဒီက အခြေအနေသိအောင် တင်လျှောက်လိမ့်မယ်၊ တပ်မင်းကြီးက အခြေအနေကို သိပြီးရင် အစီအစဉ်ပြောင်းချင်ပြောင်းမှာပေါ့၊ အဲဒီအခါကျလည်း ကျုပ်တို့က ခိုင်းတာလုပ်ရုံပါပဲ"

သမိန်က သွေးသောက်ကြီး၏စကားကို နားထောင်ရင်းမှ ခေါင်းတဆတ်ဆတ်ညိတ်သည်။ ထို့နောက်တွင် သွေးသောက်ကြီး၏ ပခုံးကို အသာအယာ ပုတ်လိုက်၏

"အမိန့်နာခံတာဟာ ရဲမက်ကောင်းတစ်ယောက်ရဲ့အလုပ်ပဲ၊ အမိန့်အတိုင်း မျက်စိမှိတ်ပြီး လုပ်တာမျိုးကိုတော့ ကျုပ် သဘောမကျဘူး၊ တိုက်ပွဲဝင်မယ့် ရဲမက်ဆိုတာ ဝေဖန်ချင့်ချိန်တတ်ဖို့လည်း လိုတယ်နော်၊ ဒါကို မမေ့ပါနဲ့ သွေးသောက်ကြီး"

သွေးသောက်ကြီးက သမိန်အား ပြုံးလျက်ကြည့်ပြီး ခေါင်းညိတ်ပြသည်။ သမိန်က သွေးသောက်ကြီး၏ပခုံးကို ဒုတိယအကြိမ် ပုတ်လိုက်သည်။

"ကျုပ် သွားမယ် ... တပ်နားတဲ့အခါ ကျုပ်ကို လာတွေ့ပါဦး၊ ရန်သူတွေနဲ့ တိုက်ခိုက်တဲ့ပွဲ အတော်များများမှာ သွေးသောက်ကြီးနဲ့ ကျုပ် တွဲပြီး တိုက်ပွဲဝင်ခဲ့သလို၊ နောက်တာဝန်တွေကိုလည်း အတူ ထမ်းဆောင်ရပါလိမ့်မယ်"

"ကျုပ် ဗိုလ်မှူးလေးနဲ့အတူ တာဝန်ထမ်းဆောင်ဖို့ အဆင်သင့်ပါပဲဗျာ ... ကြုံကြိုက်တဲ့တာဝန်သာ ပေးပါ"

သမိန်က မြင်းပေါ်သို့ လွှားခနဲ ခုန်တက်သည်။ ထို့နောက် သွေးသောက်ကြီးအား လက်မြှောက်ပြပြီး မြင်းကို စီးထွက်ခဲ့လေသည်။

• • •

လှေက မြစ်ဆုံကို တိုးဖြတ်သည်။ ဝဲကတော့များ ဖြစ်ပေါ်နေရာ မြစ်ဆုံကို လွန်သည်နှင့် မောရမြိုင်ကမ်းသို့ လျင်မြန်စွာ ရောက်သည်။ လှေထိုးသားက လှေကို ကမ်းကပ်လိုက်၏။ သမိန်က လှေနှင့် တစ်ပြေးညီနေသည့်ပမာရှိသော ကုန်းပေါ်သို့ ခုန်တက်လိုက်သည်။

မောရမြိုင်ဆိပ်ကမ်းသည် စည်စည်ကားကား လှုပ်လှုပ်ရှားရှား ရှိနေသည်။ သမိန်က လူတွေ ကြားထဲသို့ တိုးဝင်သည်။ ထိုသို့ ဝင်လိုက်စဉ် သူ့နောက်မှ လူတစ်ယောက်ကပ်ပါလာသည်။ ထိုသူမှာ မောရမြိုင်ဆိပ်ကမ်းမှ သမိန်အား စောင့်ကြည့်နေသူ ဖြစ်၏။

''သွေးသောက်ကြီး ... ကျုပ်ကို စောင့်နေရတာ ကြာပြီလား''

''မကြာလှသေးပါဘူး၊ ဗိုလ်မှူးလေးတို့လှေ မြစ်သုံးခွဆုံကို လွန်မှ ရောက်လာတာပါ''

သမိန်က နောက်ကို ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်၊ သူ့နောက်မှ ကပ်ပြီး လိုက်လာသော သွေးသောက်ကြီး တွံ့ခနဲ ရပ်သွား၏။

''သတိထားလေ သွေးသောက်ကြီး ... ဒီနယ်မြေက ကျုပ်တို့နဲ့ မိတ်ဆွေမဖြစ်သေးဘူး၊ အခေါ်အဝေါ် သတိထားပါ''

သွေးသောက်ကြီး၏မျက်နှာတွင် သတိထားဟန်တွေ ရိပ်ခနဲ ထင်သွားသည်။ သူက သမိန့်အား စူးစိုက်စွာကြည့်ရင်း ခေါင်းညိတ်လိုက်သည်။

''ကျုပ် ပေါ့ဆမိသွားတယ် ... ခွင့်လွှတ်ပါ''

''ညီမောင်ကလည်း သွေးသောက်ကြီးလို့ခေါ်တာ ပြင်ဖို့လိုတယ်နော်''

သမိန်ရယ်လိုက်သည်။ သူကိုယ်တိုင်ကလည်း သွေးသောက်ကြီးအား နှုတ်ကျိုးနေသည့်အတိုင်း ခေါ်မိသည်ကို သတိပြုမိလိုက်၏။

''အစ်ကိုကြီး မြတ်စံ ... နယ်ခံအထောက်တော်နဲ့ တွေ့ပြီးပြီမဟုတ်လား ... ဘာထူးလဲ''

''ညကအထိ မြို့စားမင်းဆီက အကြောင်းပြန်ကြားချက် မရသေးဘူး၊ အထောက်တော်က ဆေးကုခန်းမှာ စောင့်နေလိမ့်မယ်''

သမိန်နှင့် သွေးသောက်ကြီးမြတ်စံတို့သည် ကုန်းမြင့်လေး တစ်ခုပေါ်သို့ ခပ်သွက်သွက် လျှောက်တက်သည်။ ထိုသို့ တက်ခဲ့စဉ် ကုန်းမြင့်လေးပေါ်မှ ဆင်းလာသော မိန်းမသားနှစ်ယောက်နှင့် တွေ့သည်။ ထိုမိန်းမသားနှစ်ယောက်မှာ မိဘုန်းနှင့် မိသင်တို့ပင် ဖြစ်၏။

''ဟော ... မောင်ကြီးပါလား၊ ဘာဖြစ်လို့ ဒီနေရာကို ပေါ်ပေါ် ထင်ထင်ကြီး လာရတာလဲ''

စိုးရိမ်ဟန်နှင့် မေးနေသော မိဘုန်းကိုကြည့်ပြီး သမိန် ပြုံးလိုက် သည်။

''ဒီနေရာက ဘာဖြစ်လို့လဲ နှမငယ်''

မိဘုန်း မျက်မှောင်လေးကျုံ့သွားသည်။ မျက်မှောင်ကျုံ့ရင်း မျက်နှာထားတည်တည်လေးနှင့် သမိန့်ကို ကြည့်သည်။

''မောင်ကြီးက တကယ် မသိလို့ မေးနေတာလား၊ ဒါမှမဟုတ် သိရဲ့နဲ့ တမင်အရွဲ့တိုက်ပြီး မေးနေတာလား''

''မောင်ကြီးက ဘာဖြစ်လို့ အရွဲ့တိုက်ရမှာလဲ၊ နှမငယ်ရဲ့စကား ကို နားမလည်လို့ မေးနေတာပါ''

''ဒါက မောရမြို့င်လေ၊ မုတ္တမနဲ့ ညီနောင်လေ၊ ဟိုတစ်လော ကတောင် မောင်ကြီး ပြေးရ ပုန်းရသေးတယ် မဟုတ်လား''

''ခုတစ်ခါတော့ ပြေးရ ပုန်းရတော့မယ် မထင်ပါဘူး၊ မောင်ကြီး တို့က ဒီကို မြို့စားမင်းရဲ့ဧည့်သည်အဖြစ်နဲ့ လာကြတာပါ''

''ဟင် ... ဟုတ်လား''

သမိန် ပြုံးလိုက်သည်။

''စစ်မြေပြင်မှာ ရန်သူအဖြစ် မျက်နှာချင်းဆိုင် အသေအကျေ တိုက်ကြပေမယ့်၊ အလံဖြူပြပြီး ပြေငြိမ်းဖို့ ဆွေးနွေးညှိနှိုင်းချိန်မှာ တစ်ယောက်ကိုတစ်ယောက် ကာကွယ်စောင့်ရှောက်တာ, ရန်မပြုတတ် တာ သူရဲကောင်းတွေရဲ့အလုပ်၊ ယောကျ်ားကောင်းတွေရဲ့ အလုပ်ပါ နှမတော်၊ အခု မောင်ကြီးက မောရမြို့င်မြို့စားထံမှာ အရေးဆိုစရာ ကိစ္စတစ်ခုရှိလို့ သံတမန်အနေနဲ့ လာတာ၊ အန္တရာယ် မရှိနိုင်ပါဘူး''

''ဒီလိုဆိုရင်လည်း ပြီးပါရော၊ ကိုယ့်ကိုယ်ကိုယ် အန္တရာယ်ကင်းအောင်တော့ နေပါ၊ မောင်ကြီး ကျွန်မ သွားမယ်နော်''

သမိန်က ခေါင်းညိတ်ပြလိုက်သည်။ မိဘုန်းက ကုန်းဆင်းအတိုင်း မနှေးမမြန် လျှောက်ပြီး ဆင်းသွားသည်။

''သူက ဘယ်သူလဲ ညီငယ်''

''မုတ္တမနာခံတော်မှူးရဲ့ နှမပါ''

''ဟင်''

''ကျုပ် သူ့ကို လူဆိုးတွေရန်က ကယ်ဖူးလို့ သူက ကျုပ်ကို ကျေးဇူးရှင်အဖြစ် ခင်မင်နေတာ''

''ဩော် ဩော်''

သွေးသောက်ကြီးမြတ်စံက မေးခွန်း ထပ်မတုတ်တော့ဘဲ ကုန်းပြေပြေလေးကို တက်သည်။ ကုန်းပြေပြေလေးအဆုံးတွင် ကျယ်ဝန်းသော ခြံဝင်းတစ်ဝင်းကို တွေ့ရသည်။ သမိန်က ထိုခြံလေးကို လက်ညှိုးထိုးပြပြီး . . .

''အဲဒီ ခြံဝင်းထဲကို ဝင်ကြမယ်၊ အစ်ကိုကြီး မြတ်စံ''

သွေးသောက်ကြီးမြတ်စံက ခေါင်းညိတ်ပြကာ ခြံဝင်းကျယ်ကြီးအတွင်းသို့ ဝင်သည်။ ခြံဝင်းအလယ်တွင် အမိုးချွန်ချွန်နှင့် အိမ်တစ်လုံးရှိသည်။ ထိုအိမ်ရှေ့သို့အရောက်တွင် သွေးသောက်ကြီး၏ ခြေလှမ်းများ ရပ်တန့်သွား၏။ နောက်မှလိုက်လာသော သမိန်က သွေးသောက်ကြီးအား ကျော်ပြီး တံခါးရှေ့သို့ လျှောက်သွားကာ အိမ်အတွင်းသို့ ဝင်လိုက်သည်။

အိမ်ရှေ့ခန်းတွင် လူငါးယောက် ထိုင်နေကြပြီး အခန်းထောင့်ရှိ သစ်သားခုတင်ပေါ်မှ လူမမာတစ်ယောက်အား ကြည့်ရှုစမ်းသပ်နေသော မာရီယာကို ကြည့်နေကြသည်။ သမိန်နှင့် သွေးသောက်ကြီး မြတ်စံတို့ အခန်းထဲသို့ရောက်လာရာတွင် ထိုသူငါးယောက်က လှည့်ကြည့်လာကြ၏။

သမိန်သည် မာရိယာထံ ဆေးကုသရန် ရောက်လာပြီး၊ အလှည့်စောင့်နေသူတို့အား ဖြတ်ကျော်ကာ လူနာများ ထိုင်ရန် ချထားသည့် ခုံတန်းရှည်တွင် ဝင်ထိုင်လိုက်သည်။ သွေးသောက်ကြီးမြတ်စံကလည်း သမိန်ဘေးတွင် ဝင်ထိုင်လိုက်သည်။

မာရိယာသည် ခုတင်ပေါ်တွင် ရှိနေသော လူနာအား ကြည့်ရှု စမ်းသပ်ပြီးနောက်၊ ကိုယ်ကိုလှည့်လိုက်စဉ် သမိန်တို့အား မြင်သွားသည်။ သို့သော် မာရိယာက မသိဟန်ပြုပြီး စောင့်ဆိုင်းနေသူတစ်ယောက်အား လှမ်းခေါ်သည်။ ခုတင်ပေါ်တွင် ရှိနေသောလူက နေရာမှ ကပျာကယာ ထကာ ခုံတန်းတစ်ခုတွင် ပြောင်းထိုင်သည်။

မာရိယာသည် သူ ဆေးကုပေးနေရာသို့ လာရောက်ပြီး ဆေး အကုခံသူများအား တစ်ယောက်ပြီးတစ်ယောက် စမ်းသပ်ကြည့်ရှု ကုသ ပေးသည်။ လူနာတစ်ယောက်မှ မရှိတော့သည့်အခါ သမိန်နှင့် စကား ပြောရန် အနားသို့ ရောက်လာသည်။

"မောရမြို့မြို့စားက ဟံသာဝတီရဲ့ကိုယ်စားလှယ်နဲ့ တွေ့မယ်လို့ အကြောင်းပြန်တယ်ဆိုပြီး မောရမြို့မှာရောက်နေတဲ့ သမိန်တို့လူက လာပြောသွားတယ်၊ သမိန်တို့ ဒီကပဲ စောင့်နေကြပါတဲ့၊ မနက်စာ ထမင်း စားပြီးချိန်မှာ မြို့စားစံအိမ်က အကြိုရောက်လာလိမ့်မယ်တဲ့၊ ခဏလေး ထိုင်နေကြပါနော်၊ ကျွန်မ သမိန်တို့အတွက် မနက်စာစား ဖို့ သွားပြင်လိုက်မယ်"

"နေပါစေ မာရိယာ ... ကျုပ်တို့အတွက် ဒုက္ခမရှာပါနဲ့"

မာရိယာ မျက်နှာထား တည်ခနဲဖြစ်သွားသည်။ သမိန့်အား တစ်စုံတစ်ရာ ပြောမည်ပြုပြီးမှ မပြောတော့ဘဲ ခေါင်းတစ်ချက်ခါယမ်းပြီး နေရာမှာ ခွာထွက်သွားသည်။

"ညီငယ်ပြောတာကို မိန်းကလေးက သဘောကျပုံ မရဘူး ညီငယ့်စကားက သူ့စေတနာကို အရေးမထားသလို ဖြစ်နေတယ်"

သွေးသောက်ကြီးမြတ်စံ၏ စကားအဆုံးတွင် သမိန်က ပြုံးပြီး ခေါင်းညိတ်ပြသည်။

"ဟုတ်တယ် အစ်ကိုကြီးမြတ်စံ ... ကျုပ်က အားနာလို့ ပြောလိုက်တာ၊ မာရီယာအတွက် အဓိပ္ပာယ်တစ်မျိုး ကောက်စရာ ဖြစ်သွားတယ်"

သွေးသောက်ကြီးမြတ်စံက သမိန့်အား စူးစူးစိုက်စိုက် ကြည့်သည်။ ထို့နောက်တွင် သူက အသာအယာ ပြုံးလိုက်သည်။

"အစ်ကိုကြီးမြတ်စံ ဘာကို သဘောကျပြီး ပြုံးတာလဲ"

"ညီငယ်နဲ့ မာရီယာရဲ့သံယောဇဉ်အကြောင်းကို တွေးမိလို့ပါ"

"ဗျာ"

သွေးသောက်ကြီးမြတ်စံက မျက်လုံးအဝိုင်းသားဖြစ်သွားသော သမိန့်အားကြည့်ပြီး အားရပါးရ ရယ်သည်။

"ကျုပ်ပြောတဲ့စကားထဲမှာ ထိတ်လန့်စရာ ဘာမှ မပါပါဘူး ညီငယ်ရဲ့"

"ထိတ်လန့်စရာမဟုတ်ရင်တောင် အစ်ကိုကြီးပြောတဲ့စကားက အသက်ရှူမှားလောက်တဲ့စကားပါ၊ မာရီယာက ကျုပ်နဲ့"

"နေ နေ ... ရှင်းပြနေဖို့ မလိုပါဘူး၊ ကျုပ်က အခြေအနေ ကြည့်ရင် သိပါတယ်၊ ကျုပ်ကို ရှက်နေစရာ မလိုပါဘူး ညီငယ်ရာ"

သွေးသောက်ကြီးမြတ်စံက အရယ်ရပ်ပြီး ပြောသည်။ သူ့စကားကို သမိန် တုံ့ပြန်ချေပမည်အပြုတွင် မာရီယာ အခန်းထဲသို့ ပြန်ဝင်လာသည်။ သမိန်မှာ ချေပစကားမဆိုနိုင်တော့ဘဲ နှုတ်ပိတ်နေလိုက်ရင်း ...

"သမိန်နဲ့ ဒီက အစ်ကိုကြီးတို့ မနက်စာစားကြရအောင် ပ"

သွေးသောက်ကြီးမြတ်စံက တည်ငြိမ်သော အမူအရာနှင့် နေရာမှ ထသည်။ သမိန်က မာရီယာအား လှမ်းကြည့်ရင်း သက်ပြင်း ရှည်ကြီး တစ်ချက် ချလိုက်လေ၏။

မောရမြိုင်မြို့စား ဗညားဦးသည် သမိန်ယူဆောင်လာသော မင်းတရားရွှေထီး၏ ရာဇသံသဝဏ်လွှာကို ကိုယ်တိုင်ဖတ်ရှုစဉ် ...

ဇေယျဝဟုနတိုင်း၊ ရာမညတိုင်း စသော တိုင်းကြီးပြည်ကြီးတို့ကို အစိုးရတော်မူသော ဘဝရှင်မင်းတရား ကြားမှာစေသည်။ မောရမြိုင်မြို့စား၊ မွန်မင်းသုရှင်တကာရွတ်ပိသည် မှူးတော်မတ်တော်၊ သူရဲသူတော်ကောင်း၊ ဆင်ကောင်း၊ မြင်းကောင်း များသော်လည်း ငါလုပ်ကြံတော်မူလျှင် ဟံသာဝတီတွင် မနေဝံ့၍ ပြည်ဘုရင် နရပတိသို့ ပေါင်းလေသည်။ ယင်းသို့လျှင် ဟံသာဝတီကို ငါရတော်မူသည်။ ဟံသာဝတီက ပြည်သို့ချီသောအခါလည်း သုရှင်တကာရွတ်ပိနှင့် ပြည်ဘုရင်၊ အင်းဝဘုရင် သုံးပြည်တော် ပေါင်း၍ ခံကြသည်ကို ငါအောင်တော်မူ၍ ဆင်၊ မြင်း၊ သံ့ပန်းအများ ရတော်မူသည်။ နောက် သုရှင်တကာရွတ်ပိမရှိလျှင်လည်း အမှူးအမတ် စောဗညားအပေါင်းတို့သည် ရွှေဖဝါးတော်အောက် ရောက်လာ၍ ကျွန်တော်ခံရှာသည်။ ထိုသို့ ကျွန်တော်ခံလာသော အမှူးအမတ်တို့ကိုလည်း မရွတ်မချ အထိုက်အလျောက် သူကောင်းပြုတော်မူသည်။ မုတ္တမစား စောဗညားကိုလည်း ငါကစေ၍ အရေးအရာစုံစမ်းစေသည်ကို မည်သို့မျှ မလျှောက်နေသောကြောင့် ယခု ငါချီတော်မူရာ ဆင်လုံးမြင်းရင်းအများနှင့် ငါ ရှံတော်မူသည်ကိုလည်း မြို့နိုင်သည်ကိုသာ ယုံ၍နေသည်။ ငါ လုပ်ကြံတော်မူသည်ကို မုတ္တမများသည် ခံနိုင်ပါမည်မဟုတ်၊ ယခုလည်း မြို့တွင်းငါးသို့ ရှိလေပြီးသည်။ မော်ရမြိုင်စား ဗညားဦးကိုလည်း လူရေးလူရာနှင့် ပြည့်စုံသည်ဟူ၍ ကြားတော်မူသည်။ မောရမြိုင်ကို အပျက်အစီးသို့ မရောက်စေလို၍ အမိန့်တော်စာနှင့် စေတော်မူသည်။

မင်းတရားရွှေထီး၏ ရာဇသံသဝဏ်၊ စာသဝဏ်ကို ဖတ်ပြီးနောက် မောရမြိုင်စား ဗညားဦးမှ စဉ်းစားဟန် တွေဝေသွားသည်။ သူက သံအဖွဲ့ဝင်များအဖြစ် မြို့စားစံအိမ်သို့ ရောက်နေသော မြို့လုလင်စား၊ မရွှံစားနှင့် သမိန်တို့အား အကဲခတ်ဟန် ကြည့်သည်။

"တပ်မင်းကြီးက မြို့စားမင်းရဲ့ ပြန်ကြားစာကို တစ်ပါတည်း ယူခဲ့ရမယ်လို့ အမိန့်တော် ရှိလိုက်ပါတယ်၊ မြို့စားမင်းအနေနဲ့ . . ."

သမိန်၏စကားမဆုံးခင် ဗညားဦးက လက်ကာပြသည်။

"ကျုပ် အခုချက်ချင်းပဲ ပြန်ကြားစာကို ရေးသားဆက်သပါ့မယ်၊ တပ်မှူးတို့ ခဏလေး ဆိုင်းငံ့ကြပါ"

မောရမြိုင်မြို့စား ဗညားဦးက မင်းတရားရွှေထီးအား ဆက်သမည့်စာကို ကိုယ်တိုင် ရေးသားသည်။ သမိန်က တည်ကြည်လေးနက်ဟန် ပေါ်နေသော မျက်နှာအမူအရာနှင့် စာရေးနေသည့် ဗညားဦးအား စူးစိုက်စွာ ကြည့်နေ၏။

ဗညားဦးသည် မိမိကိုယ်တိုင် ပြန်ကြားစာရေးသား၍ ပြီးသွားသည်နှင့် စာကို အစအဆုံး ပြန်ဖတ်သည်။ စာဖတ်နေစဉ် သူ၏ မျက်နှာမှာ ရှိကျိုးဟန်တွေ ပေါ်နေ၏။

ကျွန်တော်ဗညားဦး သံတော်ဦးတင်ဝံ့ပါသည်။ ဘုန်းတော်ကြီးလှသော ဘဝရှင်ဘုရား ဟံသာဝတီကို အလိုပြည့်စကပင် မုတ္တမစားစောဗညားကို အကြာနေ၍မသင့်၊ ရွှေဖဝါးတော်အောက် အလျင်ရောက်မှ သင့်မည်ဟု ကျွန်တော်က စေပါသည်ကို မုတ္တမစားသော ဗညားသည် ပမာဏမပြု။ ကုလားပန်းသေးများ စကားကို နာ၍ အရေးတော်မပြီး ရှိလေသည်။ ယခုလည်း ချီလာပြီဟုကြားလျှင် သူများအလျင် ရွှေဖဝါးတော်အောက် ရောက်ပါမည် အကြံရှိသည်ကို၊ ကျွန်တော်တွင်လည်း သားသမီး အဆွေအမျိုးများသည်ကို ဖြစ်သည်။ တစ်ကြောင်းမှာလည်း မုတ္တမနှင့် မော်ရမြိုင်သည် မုတ္တမမှာ သားရှိလျှင် မော်ရမြိုင်မှာ အဖရှိသည်။ အစ်ကို မုတ္တမမှာရှိလျှင် ညီ မော်ရမြိုင်မှာ ရှိသည်၊ ကျွန်တော်သည် မြို့သားတို့ အာဏာကို ဆန်ချေသော် ကိုယ်မျှ လွတ်မည်ခက်သည်။ ထို့ကြောင့် ရွှေဖဝါးတော်အောက် မရောက်ရရှိသည်။ ဘုန်းတော်ကြီးသော ဘဝရှင်မင်းတရား မုတ္တမကို အလိုပြည့်လျှင် ကျွန်တော့်မှာ အထွေအထူးမရှိပြီ၊ ကျွန်· · · တော် အရင်းဖြစ်တော့သည်။

(မဟာရာဇဝင်ကြီး (ဒု) ၁၈၀ မှ)

ဗညားဦးက စာကို လက်သုံးတော်မှတစ်ဆင့် သမိန့်လက်ထဲသို့ ရောက်အောင် ပေးအပ်သည်။ သမိန်က ကတ္တီပါအိတ်အနီတွင် ထည့်ထားသည့်စာကို အရေးတယူ သိမ်းဆည်းလိုက်၏။

''တပ်မှူးတို့ အပြန်မှာ အန္တရာယ်ကင်းအောင် မြို့စောင့်တပ်မှူး ကိုယ်တိုင် လိုက်ပို့ပါလိမ့်မယ်''

''ကိစ္စမရှိပါဘူး မြို့စားငယ် ... ကျွန်တော်တို့ အန္တရာယ်ကို ရှောင်ကွင်းပြီး သွားတတ်ပါတယ်''

''တပ်မှူးတို့က အန္တရာယ်ကို အရေးမထားဘူးဆိုတာ ကျုပ်သိပါတယ်၊ ဒါပေမဲ့ မောရမြို့ကအပြန်မှာ အကြောင်းတစ်ခုခု ပေါ်ခဲ့ရင် ကျုပ်မှာ တာဝန်ရှိပါတယ်၊ ဒါကြောင့် ရေကြောမြေကြောသိတဲ့သူ၊ ရန်ရှောင်နိုင်မယ့်သူတွေကို အဖော်ထည့်ပေးချင်တာပါ၊ သူတို့က တပ်မှူးလေးတို့ကို စောင့်ရှောက်ရုံမကဘူး၊ ကျုပ်က ဘဝရှင်မင်းတရားဆီ ဆက်သမယ့် လက်ဆောင်ပဏ္ဏာများကိုလည်း စောင့်ရှောက်ရပါလိမ့်မယ်''

''မြို့စားမင်းက ဘဝရှင်မင်းတရားကြီးဆီကို လက်ဆောင်ပဏ္ဏာများ ပေးဆက်မယ်လို့ ပြောနေတာပါလား''

''ဟုတ်ပါတယ် တပ်မှူးလေး''

''ဒါဆိုရင်တော့ မြို့စောင့်တပ်မှူးကို အဖော်ထည့်ချင် ထည့်ပေါ့၊ ကျွန်တော်တို့က မြို့စားမင်းအတွက် တာဝန်ကြီးတစ်ရပ် မဖြစ်စေချင်လို့ ပြောနေတာပါ၊ တခြားတော့ မထင်စေချင်ပါဘူး''

ဗညားဦးက ယောကျ်ားပီသချောမောသော ရုပ်ရည်အသွင်အပြင်ရှိပြီး၊ ယဉ်ကျေးသိမ်မွေ့စွာ ပြောဆိုတတ်သော သမိန်ကို ပြုံးလျက်ကြည့်သည်။ သမိန်ကလည်း ပါးနပ်ထက်မြက်ဟန်ရှိသော ဗညားဦးကို တုံ့ပြန်ကြည့်ပြီး ပြုံးလေသည်။

''ဒီနေ့တစ်ရက်တော့ မောရမြို့မှာ ကျုပ်ရဲ့ဧည့်သည်အဖြစ်နဲ့ နေပါဦး တပ်မှူးလေး''

''ဟုတ်ကဲ့ ... မြို့စားမင်းရဲ့ အလိုအတိုင်း နေပါ့မယ်၊

ဒါထက် ကျွန်တော်တို့ တောင်းဆိုစရာတစ်ခု ရှိပါသေးတယ်''

''ဘာများလဲ တပ်မှူးလေး''

''တခြားမဟုတ်ပါဘူး၊ မောရမြို့မှာ သမားတော်ကြီး တစ်ယောက် ရှိတယ်လို့ သိရပါတယ်၊ တပ်မင်းကြီးက ဟံသာဝတီ ရဲမက်တွေ ဒဏ်ရာရကြ၊ ဖျားနာကြတာတွေ များလို့ ဆေးဝါးကုသ ပေးချင်နေပါတယ်၊ ဒါကြောင့် ဒီမှာရှိတဲ့ သမားတော်ကြီးကို ခေတ္တခဏ ခေါ်သွားချင်ပါတယ်''

ဗညားဦး မျက်မှောင်ကျုံ့သွားသည်။ သူ၏မျက်လုံးအစုံတွင် သတိထားဟန် ရိပ်ထင်လာ၏။ သို့သော် တစ်ခဏအတွင်းမှာပင် သူက ထိုအမူအရာကို အပြုံးဖြင့် ဖုံးကွယ်လိုက်သည်။

''မောရမြို့မှာ ဆေးဆရာကြီး ဆီဟိုဒီတောရက်ဆိုတာ ရှိပါ တယ်၊ ဒါပေမဲ့ သူ အခု ဒီမှာဆေးမကုနိုင်ပါဘူး၊ စောဗညားရဲ့အမိန့်နဲ့ မုတ္တမက လာခေါ်သွားလို့ မုတ္တမကို ရောက်နေပါတယ်၊ သူ မရှိပေမယ့် သူ့လိုပဲ ဆေးကုနိုင်သူတစ်ယောက် ဒီမှာရှိပါတယ်'

''ဘယ်သူပါလဲ''

''ဆရာကြီးရဲ့သမီး မာရီယာပါ''

''ဒါဆိုရင် အဲဒီ မာရီယာကို ကျွန်တော်တို့ ခေါ်သွားပါရစေ၊ ကျွန်တော်တို့က မာရီယာကို အမြဲတမ်းခေါ်ထားမှာ မဟုတ်ပါဘူး၊ ဒဏ်ရာရသူတွေကို ကြည့်ရှုကုသပြီးရင် မောရမြို့မှာ ပြန်နေလို့ ရပါ တယ်''

ဗညားဦး ခေတ္တငြိမ်သွားသည်။ တွေတွေဝေဝေနိုင်သော အမူ အရာနှင့် သမိန်တို့အား ကြည့်သည်။ ထို့နောက်တွင် ခေါင်းကို ငြင်သာစွာ ညိတ်လိုက်လေ၏။

''ကောင်းပါပြီ ... ဟံသာဝတီရဲမက်တွေကို ဆေးကုသပေးဖို့ အတွက် မာရီယာကို ပို့ပေးပါ့မယ်''

• • •

# မုတ္တာမ

ကြားရသည့်စကားကြောင့် ဒီဂါမာ၏ မျက်နှာထား တင်းခနဲ ဖြစ်သွားသည်။ သူက ရုတ်ခြည်း အရောင်တဖျပ်ဖျပ်လက်လာသော မျက်လုံးအစုံဖြင့် မောရမြိုင်ဘက်သို့ လှမ်းကြည့်သည်။ မြစ်အတွင်း၌ လှေသင်္ဘော အသွားအလာ မရှိ ရှင်းလင်းနေသကဲ့သို့ မောရမြိုင် ဘက်ကမ်းမှာလည်း လှုပ်ရှားမှု မရှိဘဲ ရှင်းလင်းငြိမ်သက်နေသည်။

''ဒီကိစ္စထဲမှာ သမိန်ပါသလား၊ သူက ဟံသာဝတီသစ္စာခံပဲ၊ သူ့သခင်ရဲ့အမိန့်ကို နာခံပြီး ခိုင်းသမျှ စေသမျှကို လုပ်ရမှာပေါ့၊ ဒါပေမဲ့ မာရီယာကို စစ်ထဲဆွဲသွင်းတာမျိုးတော့ ဘာအကြောင်းပဲရှိရှိ သူ မလုပ်သင့်ဘူး''

ဒီဂါမာက သူ့ရှေ့တွင် ငြိမ်သက်စွာ ရပ်နေသော အထောက်တော်အား လှမ်းကြည့်ပြီး ခေါင်းတစ်ချက်ညိတ်ပြလိုက်သည်။

"မင်း တာဝန်ကျေပါတယ်၊ တစ်ဖက်က သတင်းတွေကို စုံစမ်းပြီး ငါတို့ဆီ အမြန်ဆုံး အကြောင်းကြား . . . ဟုတ်လား၊ မင်း သွားချင်ရင် သွားတော့"

"ဟုတ်ကဲ့"

ဈေးသည်တစ်ယောက်အသွင်ဆောင်ထားသည့် အထောက်တော်က ဒီဂါမာအနီးမှ ခွာထွက်သွားသည်။ ဒီဂါမာသည် မြစ်ဆိပ်မှ နေ၍ မြို့တွင်းသို့ ဝင်လာသည်။ အကောက်ရုံးအနီးမှ ဖြတ်စဉ် အနားသို့ အပြေးအလွှား ချဉ်းကပ်လာသော ရဲမက်တစ်ယောက်အား တွေ့ရသည်။ ဒီဂါမာက ခါးပေါ်လက်တင်ပြီး ထိုရဲမက်အား ကြည့်သည်။

"နာခံတော်မျှူးက အရှေ့ဘက် အမြောက်ပစ်စင်ကနေ စောင့်နေမယ်လို့ မှာလိုက်ပါတယ် ဗိုလ်မင်း"

"ဩော် . . . အေး အေး"

ဒီဂါမာသည် အရှေ့ဘက်မြို့ရိုးပေါ်ရှိ အမြောက်ပစ်စင်သို့ တစ်ချက်လှမ်းကြည့်သည်။ အမြောက်ပစ်စင်ပေါ်တွင် ရှိနေသော နာခံတော်မျှူးအား ကျောဘက်မှ မြင်ရ၏။ ဒီဂါမာက မြို့ရိုးပေါ်သို့ တက်သည့် အရှေ့ဘက် လှေကားဆီသို့ လျှောက်ခဲ့သည်။

"ငါတို့က မာရီယာ့အဖေကို မုတ္တမမှာ ဆေးကုဖို့ခေါ်ခဲ့တာ ဟံသာဝတီသားတွေ သိပြီး သူတို့က မာရီယာကို ခေါ်သွားကြတာ ထင်တယ်၊ ဒါကို သမိန်က ဘာဖြစ်လို့ မကာကွယ်တာလဲ"

ဒီဂါမာက မျက်မှောင်ကျုံ့လျက် စဉ်းစားရင်း မြို့ရိုးပေါ်သို့ တက်သည်။ သူ၏ခြေလှမ်းတွေက သွက်လက်ခြင်း မရှိဘဲ လေးလံနေ၏။

"အင်း . . . သမိန့်အနေနဲ့ မာရီယာအပေါ် ထောက်ထားစရာ အကြောင်းမှ မရှိတာ၊ မဟုတ်သေးဘူး . . . သမိန်က မာရီယာဟာ ငါနဲ့ ပတ်သက်ဆက်နွှယ်နေတယ်ဆိုတာ သိပြီးသားပဲ၊ ပြီးတော့ သူကိုယ်တိုင်ကလည်း မာရီယာနဲ့ ခင်ခင်မင်မင်, ရင်းရင်းနှီးနှီး ရှိနေတာ၊ မာရီယာ အန္တရာယ်ဖြစ်မှာကိုတော့ သူ ကာကွယ်မှာပါပဲ"

ရင်ထဲမှ အမောများကိုဖြေရင်း ဒီဂါမာ သက်ပြင်းချသည်။ မြို့ရိုးပေါ်သို့ အရောက်တွင် လေးလံသော ခြေလှမ်းများဖြင့် အမြောက်ပစ်စင်ရှိရာသို့ လျှောက်ခဲ့သည်။

အမြောက်ပစ်စင်ပေါ်တွင် သီဟာသူရအား မြို့စောင့်တပ်မှူးကြီး ဆီးဇာ့စ်နှင့်အတူ ရှိနေသည်ကို တွေ့ရ၏။ သူတို့နှစ်ယောက်စလုံး မှတ္တမ၏ မြောက်ဘက်တွင် နေရာယူထားသော ဟံသာဝတီတပ်ရှိရာသို့ လှမ်းကြည့်နေကြသည်။

ဒီဂါမာသည် ခြေလှမ်းမှန်မှန် လှမ်းပြီး သီဟာသူရတို့အနီးသို့ ချဉ်းကပ်သည်။ သီဟာသူရနှင့် တပ်မှူးကြီးဆီးဇာ့စ်တို့က ဒီဂါမာ၏ ခြေသံကို ကြားသော်လည်း လှည့်မကြည့်ကြ။ သူ့တို့အကြည့်များက ဟံသာဝတီတပ်ဆီသို့သာ ရောက်နေ၏။

''ဟံသာဝတီက ငါတို့ကို ထိုးစစ်ဆင်တိုက်ခိုက်တော့မယ် ထင်တယ်၊ သူတို့လှုပ်ရှားနေပုံကိုကြည့်စမ်း ဒီဂါမာ . . . စစ်ပြုတော့မယ့်ပုံ မပေါ်ဘူးလား''

မြို့စောင့်တပ်မှူးကြီးထံမှ ယမကာနံ့ကို ရသည်။ တပ်မှူးကြီး၏ မျက်နှာမှာ ယမကာအရှိန်ကြောင့် ပန်းသွေးရောင်ကြွနေ၏။

''သူတို့က ကျွန်တော်တို့ကို စစ်ပြုနေပြီးသားပဲလေ၊ တပ်မှူးကြီး က သူတို့ ဒီနေ့ပဲ အပြတ်အသား တိုက်ခိုက်လာတော့မယ်လို့ ပြောချင်တာလား''

''အေး . . . ဟုတ်တယ်''

ဒီဂါမာက ဟံသာဝတီတပ်များ ရှိရာသို့ မျက်မှောင်ကျုံ့ပြီး လှမ်းကြည့်သည်။ ဟံသာဝတီရဲမက်တို့ ခါတိုင်းထက်ပိုပြီး လှုပ်ရှားနေသည်ကို သတိပြုမိလိုက်၏။ သူက တပ်မှူးကြီးထံမှ မှန်ပြောင်းကို လှမ်းယူပြီး မှန်ပြောင်းအကူအညီဖြင့် ဟံသာဝတီတပ်၏ အခြေအနေကို ကြည့်သည်။

မှန်ပြောင်းဖြင့် ကြည့်လိုက်သည်တွင် ဟံသာဝတီရဲမက်တို့၏ လှုပ်ရှားမှုကို အနီးကပ် မြင်ရသည်။ သူတို့သည် ကောက်ရိုးထုံးများ၏

နောက်တွင် အမြောက်တင်လှည်း ကပ်လိုက်နိုင်ရန် စီစဉ်ထားကြောင်း လှုပ်ရှားနေကြပုံကို မြင်သည်နှင့် ဒီဂါမာ သိလိုက်၏။

"သူတို့ ကောက်ရိုးလှည်းတွေ အကူအညီနဲ့ ရှေ့ကို တက်လာကြလိမ့်မယ်၊ ဒီဘက်က အမြောက်နဲ့ပစ်ရင် သူတို့ကလည်း ပြန်ပစ်ဖို့ အမြောက်တင်လှည်းတွေပါ ပါလာလိမ့်မယ်"

"လာကြပါစေလေ ... ငါတို့ ဒီကနေ အမြောက်တစ်ချက်စီ ပစ်ပြီး သူတို့ မုတ္တမအနား မကပ်နိုင်အောင် ကာကွယ်ရမှာပေါ့"

တပ်မှူးကြီးက လက်ဖျောက်တစ်ချက်တီးပြီး ပြောရာ တပ်မှူးကြီး၏ စကားကို နားထောင်ရင်းမှ ဒီဂါမာက သီဟသူရအား လှမ်းကြည့်လိုက်သည်။

"မင်းရဲ့မာရီယာကို ဟံသာဝတီက ခေါ်သွားပြီ ဒီဂါမာ၊ ငါ အဲဒါပြောချင်လို့ မင်းကို ခေါ်လိုက်တာ"

"မောရမြိုင်အထောက်တော်က သတင်းလာပို့လို့လား"

"မဟုတ်ဘူး၊ ငါ့တပည့်တစ်ယောက် ဟိုဘက်ကမ်းကို ရောက်နေတုန်း တွေ့ခဲ့လို့ ငါ့ကို လာပြောပြတယ်"

"ဒီအကြောင်းကို မောရမြိုင်က အထောက်တော် ခုလေးတင်ပဲ လာပြောသွားပါတယ်၊ ဟံသာဝတီတပ်က သူတို့ရဲ့မက်တွေကို ဆေးကုပေးဖို့အတွက် မာရီယာကို ခေါ်သွားတာတဲ့"

"အေး ... မင်းက ငါ့ထက်တောင် ပိုသိနေတာပဲ၊ ဒီကိစ္စကို ငါတို့ ဘယ်လို လုပ်မလဲ၊ မာရီယာကို ငါတို့ ရန်သူလက်ထဲကနေ ပြန်ကယ်မလား"

သီဟသူရ၏ စကားကို နားထောင်ရင်း ဒီဂါမာ တွေခနဲ ဖြစ်သွားသည်။ သူက တစ်ခဏမျှ ငြိမ်နေပြီးနောက် ပင့်သက်တစ်ချက် ရှိုက်လိုက်သည်။

"ဟံသာဝတီတပ်က သူတို့ရဲ့မက်တွေကို ဆေးကုပေးဖို့အတွက် မာရီယာကို ခေါ်ထားတာဖြစ်မယ်၊ သုံ့ပန်းသဘောနဲ့ ဖမ်းထားတာ ဟုတ်ပုံ မရဘူး"

''မင်းက အဲဒါကို သေချာပေါက် ပြောနိုင်လို့လား''

ဒီဂါမာ တွေခနဲ ဖြစ်သွားပြန်သည်။ သူက မှန်ပြောင်းဖြင့် ဟံသာဝတီတပ် ဖြန့်ချထားရာ ကွင်းပြင်ကို ကြည့်သည်။ မှန်ပြောင်းဖြင့် နေရာအနှံ့ကြည့်ရင်း တောင်ခြေရှိ ယာယီတဲအိမ်များရှိရာသို့ အရောက်တွင် ရပ်တန့်သွားသည်။ ယာယီတဲများအလယ်တွင် တစ်မူ ထူးခြား ပေါ်လွင်နေသော မာရီယာအား တွေ့လိုက်ရသည်။

မာရီယာ့အနားတွင် သမိန်ရှိ မနေပါ။ ဟံသာဝတီရဲမက် တစ်ယောက်ကိုသာ မာရီယာအား စောင့်ရှောက်နေဟန် အနားမှာ ရှိနေသည်ကို တွေ့ရ၏။

''သူတို့က မာရီယာ့ကို အစောင့်အကြပ်နဲ့ ထားပုံရတယ်၊ ဟိုတောင်ခြေကိုကြည့် သီဟ၊ အဲဒီမှာ တဲအိမ်လေးတွေ ရှိတယ်၊ အဲဒီတဲအိမ်တွေကြားမှာ မာရီယာ ရှိနေတယ်''

သီဟသူရက ဒီဂါမာထံမှ မှန်ပြောင်းကို ယူပြီးကြည့်သည်။ တစ်ခဏအကြာ သူ့ထံမှ သက်ပြင်းချသံ ပေါ်လာသည်။

''မာရီယာကို ဟံသာဝတီက ဖမ်းဆီးထားတာ သေချာတယ် ဒီဂါမာ၊ ငါတို့ မာရီယာကို ပြန်ကယ်သင့်တယ်၊ မင်း ဟန်မဆောင်ဘဲ ပြောစမ်းပါ၊ ငါတို့ မာရီယာကို ကယ်သင့်တယ် မဟုတ်လား''

ဒီဂါမာက ရုတ်တရက် မဖြေ။ ဟံသာဝတီတပ်များ ရှိရာသို့ ငေးမောလျက်ကြည့်သည်။ သူ၏ ဝါကြင်ကြင်မျက်လုံးများမှာ စိုးရိမ်ဟန်တွေ ထင်နေသည်။

''ဘယ်လိုလဲ ဒီဂါမာ''

''ငါ စဉ်းစားနေတာ၊ မာရီယာကို သွားကယ်ဖို့က သိပ် အန္တရာယ်များတယ်၊ ရန်သူ့စခန်းထဲ ဖောက်ဝင်ရမယ့်ကိစ္စဆိုတာ အသက်နဲ့ ရင်းရမှာပဲ၊ အဲဒီအတွက် ဒီကနေခေါ်သွားတဲ့ လက်ရွေးစင်တပ်သားတွေ အပေါ် မတရားပြုရာ ကျနေမလားလို့''

သီဟသူရထံမှ ရယ်သံတစ်ချက် ပေါ်ထွက်လာသည်။ သူက ဒီဂါမာ၏ပခုံးကို လှမ်းကိုင် ဖျစ်ညှစ်လိုက်၏။

''အခု မုတ္တမနဲ့ ဟံသာဝတီ စစ်ဖြစ်နေတာလေ ဒီဂါမာရဲ့၊ စစ်ဆိုတာ အသက်နဲ့ ရင်းရတဲ့ကိစ္စပဲ၊ ဒါကိုမင်းက ဘာဖြစ်လို့ တုန်လှုပ်နေရတာလဲ''

ဒီဂါမာနှင့် သီဟာသူရတို့၏ စကားဝိုင်းတွင် ဝင်မပါဘဲ ငြိမ်နေသော မြို့စောင့်တပ်မှူးကြီးက ရုတ်တရက် ရယ်ချလိုက်သည်။

''တပ်မှူးကြီး ... ဘာကို သဘောကျပြီး ရယ်တာလဲ''

''ကပ္ပတိန် ဒီဂါမာ စိုးရိမ်နေတာကို သဘောကျလို့ပါ၊ နာခံတော်မှူးပြောသလိုပဲ အခု ငါတို့ ဟံသာဝတီနဲ့ စစ်ဖြစ်နေတယ်၊ သူတို့က ငါတို့ကို အနိုင်ရဖို့အတွက် နည်းပေါင်းစုံနဲ့ ကြိုးစားလိမ့်မယ်၊ အဲဒီအတွက် ငါတို့ကလည်း နည်းပေါင်းစုံနဲ့ ကြိုးစားယူမှာပဲ၊ မင်း လက်ရွေးစင်ရဲမက်ငါးယောက်ခေါ်ပြီး မာရီယာကို သွားကယ်ပါ''

''ဟို ... ဒါက''

''မင်း သေမှာ ကြောက်နေလို့လား၊ ငါ မင်းကို အမိန့်ပေးတယ်၊ မာရီယာကို ရန်သူ့လက်ထဲကနေ သွားကယ်ပါ၊ အဲဒီအတွက် အမြန်ဆုံး စီစဉ်ပါ''

''ဟုတ်ကဲ့''

ဒီဂါမာက ဝန်လေးဟန်ဖြင့် ခေါင်းညိတ်သည်။ တစ်ခဏအကြာတွင် ညှိုးမှိန်နေသော သူ့မျက်လုံးအစုံ အရောင်တဖျပ်ဖျပ် လက်လာသည်။ စိန်ခေါ်ဟန်ကို မျက်လုံးအန္တတွင် တွေ့ရလေ၏။

• • •

"မင်း သေမှာကို ကြောက်နေလို့လား၊ မင်း သေမှာကို ကြောက်နေလို့လား၊ မင်း သေမှာကို ကြောက်နေလို့လား"

တပ်မှူးကြီး၏စကားကို နားတွင် အကြိမ်ကြိမ် ပြန်ကြားသည်။ ခံပြင်းနာကျင်သည့်ဝေဒနာ ဖျတ်ခနဲပေါ်လာပြီး ဒီဂါမာ အံတင်းတင်း ကြိတ်သည်။ လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး ရင်မှာ လှုပ်ရှားလာသည့် ဝေဒနာများကို တင်းခံသည်။

"တပ်မှူးလေး ... ကျွန်တော်တို့ အဆင်သင့်ဖြစ်နေကြပါပြီ၊ မုတ္တမကနေ ဘယ်အချိန်ထွက်မယ်ဆိုတာ အမိန့်ရှိပါ"

အနားတွင် ရှိနေသော သွေးသောက်ကြီး ဗညား၏ မေးသံကို ကြားရသည်။ ဒီဂါမာက ခေါင်းကို ဗညားဘက်သို့ ဖြည်းညင်းစွာ လှည့်သည်။ ဆုံးဖြတ်ချက်ပါသော သူ့တုံ့ပြန်စကားကို စောင့်နေသည့် ဗညားအား တစ်ချက်ကြည့်ပြီးနောက် ကောင်းကင်ပေါ်သို့ မော်ကြည့် သည်။

ကောင်းကင်ပြာပြာတွင် ကြယ်ကလေးများ ကြဲဖြန့်ထားသည့် ပမာ လင်းလက်နေသည်။ ကြယ်တွေကြားမှ အမြီးထောင်စ ခုနစ်စဉ် ကြယ်ကို သိသာထင်ရှားစွာ တွေ့ရသည်။

"ငါတို့ အခုပဲ ထွက်ကြမယ် ဗညား၊ အားလုံး သွားကြမယ်"

ဒီဂါမာက ဗညားအပါအဝင် လက်ရွေးစဉ်ရဲမက် ငါးယောက် အား ဖျတ်ခနဲ လှမ်းကြည့်သည်။ ထို့နောက် လှေဆိပ်သို့ ဦးတည်ပြီး ခြေလှမ်းကျဲကျဲ လှမ်းကာ လျှောက်သည်။ ဗညားတို့ လက်ရွေးစဉ် ငါးယောက်က ဒီဂါမာ၏ နောက်မှ ထက်ကြပ်မကွာလိုက်၏။

လှေဆိပ်တွင် ကြိုတင်စီစဉ်ထားသည့်အတိုင်း လှေတစ်စင်း အသင့်ရှိနေသည်။ ဒီဂါမာက လှေသမားကို လေချွန်သံဖြင့် အချက် ပေးလိုက်၏။ ချက်ချင်းပင် လှေသမားထံမှ တုံ့ပြန် လေချွန်သံကို ကြားရသည်။

"လှေပေါ်ကို တက်ကြမယ်၊ လှေဝမ်းထဲမှာ လှော်တက်တွေ ရှိတယ်၊ ငါတို့အားလုံး ကိုယ့်လှေကို ကိုယ်လှော်ကြရမယ်၊ အခု အချိန်

က ရေဆင်းချိန်ဆိုတော့ ငါတို့လှေကို ခပ်သွက်သွက်လှော်ရမယ်၊ အပြန်ကျရင်လည်း ရန်သူလက်က ရုန်းထွက်ရမှာဆိုတော့ လှေကို ခပ်သွက်သွက်လှော်ရမှာပဲ၊ မင်းတို့ဟာ လှေကျင့်သားကျနေတဲ့ လူတွေဆိုတော့ ငါ ရှည်ရှည်ဝေးဝေး မပြောဘူး၊ အခုပွဲဟာ ငါတို့ အသက်နဲ့ ရင်းရမယ့် ပွဲပဲ''

ဒီဂါမာက မတိုးမကျယ် ပြောသည်။ ဗညားတို့ငါးယောက် လှေပေါ်သို့တက်ကြပြီးသည်နှင့် သူ လှေပေါ်သို့ တက်သည်။ ပဲ့ပိုင်းတွင် ရှိနေသော လှေသမား၏ရှေ့တွင် ဝင်ထိုင်လိုက်သည်။

''ထွက်မယ် ... မင်း ကပ်ရမယ့်ကမ်းကို သိတယ်နော်''

''ဟုတ်ကဲ့''

''ကမ်းကပ်တဲ့နေရာမှာ လှေနဲ့အတူ မင်းနေခဲ့ရမယ်၊ အဲဒီ အချိန်မှာ မင်းကိုယ်မင်း လုံခြုံအောင် ကာကွယ်ရမယ်၊ ပြီးတော့ ရန်သူ့စခန်းထဲကနေ ငါတို့ပြန်ထွက်လာရင်လည်း ဘေးကင်းကင်းနဲ့ မုတ္တမကို ရောက်နိုင်ဖို့အတွက် ကြိုးစားပြီး ပို့ဆောင်ပေးရမယ်''

လှေသမားထံမှ ဟင့်ခနဲ မြည်သွားသော အသက်ရှူသံပြင်းပြင်းကို ကြားရသည်။ မိမိ၏စကားက လှေသမားအတွက် မခံချင်စရာ ဖြစ်သွားမှန်း ဒီဂါမာ သိလိုက်၏။ သို့သော် သူက မသိလိုက် မသိဘာသာ နေလိုက်သည်။

လူခုနစ်ယောက်ပါသော လှေသည် မုတ္တမဆိပ်ကမ်းမှ လျှို့ဝှက်တိတ်ဆိတ်စွာ စတင်ထွက်ခွာသည်။ လှော်တက်နှင့် ရေပြင် ထိတွေ့သံက ညင်သာတိုးတိတ်သော်လည်း ညက တိတ်ဆိတ်လွန်းသဖြင့် ကြားသာရုံ ပေါ်ထွက်နေသည်။

လှေငယ်သည် ရန်သူများ စခန်းချထားရာ မြို့မြောက်ဘက်ဆီသို့ ဦးတည်ထွက်ခွာနေသည်။ ဒီဂါမာသည် စူးရှအရောင်လက်နေသော မျက်လုံးအစုံဖြင့် မီးရောင်လှဲ့လှဲ့ပေါ်ထွက်နေသော ရန်သူ့စခန်းဘက်သို့ ကြည့်သည်။ ထို့နောက် ညအမှောင်အောက်မှာပင် ခန့်ညားထည်ဝါဟန်ရှိနေသော မုတ္တမဘက်သို့ ကြည့်သည်။

မုတ္တမမြို့ကွက်သည် တဖြည်းဖြည်း ဝေးကျန်ရစ်၏။ ဒီဂါမာတို့၏ လှေက ရန်သူစခန်းချထားရာဘက်သို့ ရောက်သည်ထက် ရောက်လာသည်။

''တပ်မှူးတို့ ... ရှေ့နားက ကွေ့လေးမှာ လှေပေါ်က ဆင်းပြီး ကုန်းပေါ်တက်ရလိမ့်မယ်၊ အဲဒီရှေ့ဆီ လှေနဲ့သွားရင် ရန်သူ့လက်ထဲ ကိုယ့်ကိုယ်ကိုယ် ထိုးအပ်လိုက်သလို ဖြစ်သွားမယ်''

''ဟုတ်ပြီလေ ... အဲဒီကွေ့မှာ လှေဆိုက်လိုက်ပေတော့''

လှေသမားက ကမ်းကွေ့တစ်ခုတွင် လှေကို ထိုးဆိုက်သည်။ ဒီဂါမာနဲ့ ရဲမက်ငါးယောက်တို့သည် ကုန်းပေါ်သို့ လျင်မြန်စွာ တက်လိုက်ကြ၏။ ကုန်းပေါ်သို့ ရောက်ရောက်ချင်းမှာပင် အကာအကွယ်ရှိရာ သစ်ပင်အောက် ချုံနွယ်ဘေးသို့ ပြေးဝင်လိုက်ကြသည်။

ဒီဂါမာက ရန်သူ့စခန်းရှိရာသို့ လှမ်းကြည့်သည်။ ပင်မစခန်းမှာ အတော်လှမ်းလှမ်းတွင် ရှိသည်။ မုတ္တမမှ မှန်ပြောင်းဖြင့် လှမ်းကြည့်စဉ်က တွေ့ရသော မာရီယာရှိနေသည့် အိမ်စုစုလေးမှာ ပင်မစခန်းနှင့် အနည်းငယ် လှမ်းသည်။ ပင်မစခန်းတွင် မီးရောင်တလက်လက် လင်းသည့်နေရာက လင်း၊ မှောင်သည့်နေရာက မှောင်နေသော်လည်း တဲအိမ်စုစုလေးများ ရှိရာမှာမူ မီးရောင်ထိန်ထိန်လင်းနေသည်။

''ဟိုမှာကြည့် ... မီးရောင်လှဲ့လှဲ့လေးမြင်ရတာ ရန်သူ့ရဲ့ ပင်မတပ်စခန်း၊ ဒီဘက်က မီးထိန်လင်းနေတာက ဆေးကုဆောင်လို့ ထင်ရတယ်၊ ငါတို့လှေ မြစ်လယ်ကနေ ဖြတ်ကျော်လာတဲ့အတွက် ငါတို့အခု ရန်သူ့တပ်စခန်းရဲ့အနောက်ကို ရောက်နေတယ်၊ ငါတို့အနေနဲ့ ရန်သူ့လက်ထဲရောက်နေတဲ့ သုံ့ပန်းကို ကယ်ပြီးပြန်လာရင် မြစ်လယ်ကို ပြန်ထွက်ရမယ်၊ မောရမြိုင်ကမ်းနဲ့ မနီးမဝေးကနေ မုတ္တမကို ပြန်ရမယ်''

''သွားရမယ့်လမ်းကြောင်းကို ကျွန်တော် သိပါတယ် တပ်မှူးလေး''

''အေး ... အခုပွဲမှာ ငါတို့ အသက်နဲ့ရင်းရမှာ၊ ငါတို့တစ်တွေ ရန်သူ့လက်ထဲ သုံ့ပန်းအဖြစ်ရောက်နေသူကို အသက်နဲ့ရင်းပြီး ကယ်

ရမှာ၊ တကယ်လို့များ ငါတို့လူကို ကယ်တဲ့အခါ ငါသေမယ်ဆိုရင်တောင် ထားခဲ့ပြီး ကယ်ရမယ့်လူကို ကယ်ပါ . . . ဟုတ်ပြီလား၊ ကယ်ရမယ့်လူက တခြားလူမဟုတ်ဘူး၊ မောရမြိုင်က ဆရာကြီး ဆီဟိုဒီတောရက်(ခ)ရဲ့ သမီးပဲ''

''ဗျာ . . . ဒါဆို ဆရာမလေး မာရီယာက အခု ရန်သူ့အဖမ်း အဆီးခံထားရတာပေါ့ . . . ဟုတ်လား တပ်မှူးလေး''

''ဟုတ်တယ် . . . ငါတို့တစ်တွေ တာဝန်ကို ကျေကျေပွန်ပွန် ထမ်းဆောင်ကြစို့၊ ငါတို့တစ်တွေ ရန်သူ့စခန်းမှာ ဘယ်လိုအဖြစ်မျိုးနဲ့ပဲ ရင်ဆိုင်ရ ရင်ဆိုင်ရ၊ မိုးမလင်းခင် ဒီကနေ ထွက်နိုင်ဖို့ လျှော့ရှိရာကို အရောက်လာကြရမယ်၊ ကဲ . . . ရန်သူတွေရဲ့ ဆေးကုဆောင်ကို ဝင်မယ်၊ အတတ်နိုင်ဆုံး တွေ့တဲ့ရန်သူကို မသတ်မိအောင် သတိထားပါ၊ ငါတို့ရဲ့ ဆောင်ရွက်မှုမှာ လူအသေအပျောက် အနည်းဆုံးဆိုရင် အကောင်းဆုံး ပဲ၊ ငါ ဆိုလိုတာကို သဘောပေါက်ပါတယ်နော်''

''ဟုတ်ကဲ့''

''ဒီနေရာမှာရှိတဲ့ လူအများစုဟာ ဆေးဆရာတွေ, လူနာကို ပြုစုပေးတဲ့လူတွေပဲ၊ လက်နက်ကိုင် အစောင့်အရှောက် သိပ်များများ ရှိမှာ မဟုတ်ဘူး''

''ဟုတ်ကဲ့ တပ်မှူးလေး၊ ကိုယ့်အပေါ် ရန်မမူတဲ့လူတွေကို ကျွန်တော်တို့က တမင်သက်သက် အနိုင်ကျင့်ပြီး မသတ်ပါဘူး . . . စိတ်ချပါ''

ဒီဂါမာက ရန်သူ့စခန်းဘက်သို့ ကြည့်ရင်းမှ ပြောလိုက်သော ဗညားဏ်စကားကြောင့် အသာအယာ ပြုံးသည်။ ပြုံးရင်းမှ လူက ရှေ့ကို ထိုးထွက်၏။

တဲအိမ်စုစုတွင် မီးရောင် ထိန်ထိန်လင်းနေသော်လည်း လှုပ်ရှားမှုကို မတွေ့ရ။ တစ်ချက်တစ်ချက်တွင် တဲအိမ်စုစုဆီမှ ညည်းသံ နှင့်တူသော အသံပေါ်ထွက်လာသည်ကို သဲ့သဲ့ကြားရ၏။ ဒီဂါမာနှင့် လက်ရွေးစင် ရဲမက်ငါးယောက်သည် တဲအိမ်စုစုရှိရာသို့ ခြေသံလုံလုံ

နင်းပြီး ချဉ်းကပ်သည်။ တဲအိမ်စုအရှေ့ဘက်တွင် မီးဖိုတစ်ဖိုနှင့် မီးဖိုရှေ့တွင် ထိုင်ကာ ရေနွေးကြမ်းသောက်နေသူ နှစ်ယောက်ကို တွေ့ရသည်။

မီးပုံရှေ့တွင် ထိုင်နေသူနှစ်ယောက်သည် အတွေးကိုယ်စီနှင့် ရှိနေဟန်တူ၏။ တစ်ယောက်က တောင်ကို ငေးပြီး၊ တစ်ယောက်က မြောက်ကို ငေးနေသည်။

ဒီဂါမာသည် မီးပုံရှေ့တွင် ထိုင်နေသူနှစ်ယောက်ကို တွေ့သည်နှင့် အနီးရှိ ဗညားပခုံးကို လှမ်းပုတ်သည်။ သူနှင့် ဗညားတို့နှစ်ယောက် မီးပုံရှေ့မှ လူနှစ်ယောက်ကို ရှင်းမည်ဟု လက်ဟန်ပြ၏။ ကျန်ရဲမက်များကို နေရာတွင် ရပ်နေရန် အချက်ပြသည်။

ဗညားက ဒီဂါမာ ဆိုလိုရင်းကို နားလည်သဘောပေါက်ဟန် ခေါင်းညိတ်ပြသည်။ ပြီးလျှင် ဒီဂါမာနှင့်အတူ မီးပုံရှေ့တွင် ထိုင်နေသူ နှစ်ယောက်ထံ လှစ်ခနဲ ပြေးဝင်သည်။

ရိပ်ခနဲပေါ်လာသော လှုပ်ရှားမှုကြောင့် မီးပုံရှေ့တွင် ထိုင်နေသူတို့ လှည့်ကြည့်သည်။ သူတို့ထံ ပြေးဝင်လာသူနှစ်ယောက်မှာ ရန်သူဟု သိပြီး အနားတွင် ချထားသည့်ဓားကို လက်လှမ်းစဉ် ပြင်းထန်သော တိုက်ခိုက်မှုကို ခံလိုက်ရသည်။ ထိုသူနှစ်ယောက်စလုံး လက်ဝါးစောင်းရိုက်ချက်များကြောင့် ခွေခနဲ လဲကျ၏။ ဒီဂါမာက လဲကျသွားသူ နှစ်ယောက်စလုံး၏ မေ့ကြောများကို နှိပ်သည်။ ပြီး ဗညားနှင့်အတူ ထိုသူနှစ်ယောက်အား မှောင်ရိပ်သို့ ဆွဲထုတ်လိုက်သည်။

''မင်းတို့ နှစ်ယောက် ဒီမှာစောင့်နေ''

ဒီဂါမာက ရဲမက်နှစ်ယောက်အား ခပ်တိုးတိုးပြောသည်။ ရဲမက်နှစ်ယောက်က သူတို့အား ရန်သူနှစ်ယောက်နေရာတွင် ဟန်ဆောင်ပြီး စောင့်နေရန် ခိုင်းစေကြောင်း သိပြီး ခေါင်းညိတ်လိုက်ကြသည်။

''ဝင်မယ်''

ဒီဂါမာက ဗညားနှင့် ကျန်ရဲမက်နှစ်ယောက်တို့ကို လက်ဟန်ပြပြီး တဲအိမ်စုစုဆီသို့ ပြေးဝင်သည်။

''ဆရာမလေးကို လူခွဲပြီးရှာ''

ဒီဂါမာသည် ဗညားတို့အား ပြောပြီး အရှေ့ဘက် တဲအိမ်ဆီသို့ ပြေးဝင်သည်။ ဗညားနှင့် ကျန်ရဲမက်နှစ်ယောက်က တစ်ယောက် တစ်နေရာစီ ပြေးထွက်ကြသည်။

ဒီဂါမာ ပြေးဝင်သည့် တဲအိမ်မှာ ညည်းသံသဲ့သဲ့ ပေါ်ထွက်နေရာဖြစ်သည်။ ထိုတဲအိမ်အတွင်းသို့ ဝင်လိုက်သည့်အခါ အဖော်တစ်ယောက်နှင့်အတူ ဒဏ်ရာရထားသော လူတစ်ယောက်အား ပြုစုကုသနေသော မာရီယာအား တွေ့လိုက်ရသည်။

ပေါင်တွင် ဒဏ်ရာရသူအား ဆေးထည့်ပေးနေသည့်မာရီယာက ခြေသံကြားသဖြင့် လှည့်ကြည့်သည်။ ထိုအချိန်မှာပင် ညာလက်တွင် ဓား၊ ဘယ်လက်တွင် ပြောင်းတိုသေနတ် ကိုင်ထားသော ဒီဂါမာ သူမ အနားသို့ ရောက်လာသည်။

''ဟင် ... ဒီဂါမာ''

''ဟုတ်တယ် မာရီယာ ... ငါ မင်းကို ရန်သူ့လက်ကနေ ကယ်ဖို့ လာခဲ့တာ၊ လာ ... ငါနဲ့လိုက်ခဲ့ပေတော့''

ဒီဂါမာက သေနတ်ကို ခါးကြားထိုးပြီး မာရီယာလက်ကို ဆွဲကိုင်လိုက်လေသည်။

● ● ●

မာရီယာက ပင့်သက်တစ်ချက်ကို ဖြည်းညင်းစွာ ရှိုက်သည်။ ပြီးလျှင် ဒီဂါမာ ဆုပ်ကိုင်ခြင်းခံထားရသော သူ့မလက်ကို ညင်သာစွာ ရုန်းဖယ်သည်။

"ကျေးဇူးတင်ပါတယ် ဒီဂါမာ ... ဒါပေမဲ့ ကျွန်မကို ကယ်ဖို့ မလိုပါဘူး"

"ဘာဖြစ်လို့လဲ မာရီယာ ... မင်းက ဘာအဓိပ္ပာယ်နဲ့ ဒီစကားကို ပြောတာလဲ"

"ကျွန်မ အခု အဖမ်းခံထားရတာ မဟုတ်ပါဘူး၊ သမိန်တို့က အကူအညီလာတောင်းလို့ ဒီမှာရှိတဲ့ လူနာတွေကို ဆေးကုပေးဖို့ ကျွန်မ သဘောနဲ့ ကျွန်မ လာတာပါ၊ ဒါကြောင့် ကျွန်မ ကို ကယ်ဖို့ မလိုဘူးလို့ ပြောတာပါ"

"ဟင် ... မင်းက သူတို့ကိုကူညီမယ် ... ဟုတ်လား"

မာရီယာ ပြုံးသည်။ ထို့နောက် ခေါင်းကို ညင်သာစွာ ညိတ်သည်။

"ဟုတ်ပါတယ် ဒီဂါမာ"

ဒီဂါမာက မာရီယာ၏မျက်နှာကို စေ့စေ့ကြည့်သည်။ တဲအိမ်အတွင်း၌ ထွန်းညှိထားသော မီးခွက်အလင်းတွင် ကြည်လင်ဝင်းပနေသော မာရီယာ၏မျက်နှာ ထင်ရှားစွာ တွေ့ရသည်။ မာရီယာ၏ မျက်လုံးအစုံမှာ ကြီးရောင်တွင် အရောင်တဖျပ်ဖျပ်လက်နေသည်။

မာရီယာနှင့် ဒီဂါမာတို့ တစ်ယောက်ကိုတစ်ယောက် အပြန်အလှန်ကြည့်နေစဉ် မာရီယာ့အနား၌ ရှိနေသော အဖော်က နေရာမှ ထွက်ပြေးမည်ပြုသည်။ မာရီယာက အဖော်ဖြစ်သူလက်ကို ဖျတ်ခနဲ ဖမ်းဆုပ်ထားလိုက်သည်။

"ဒီကိစ္စကို ကျွန်မ ရှင်းပါရစေ၊ ရှင် ခဏလေး ငြိမ်ငြိမ်နေပေးပါ"

မာရီယာ့အနားတွင်ရှိနေသူမှာ အသက်ငါးဆယ်ဝန်းကျင်အရွယ် တုတ်ခိုင်သန်မာသူတစ်ယောက် ဖြစ်သည်။ ထိုသူက စိုးရိမ်မကင်းဖြစ်နေ

သည့် အမူအရာနှင့် ဒီဂါမာအား ကြည့်သည်။

''သူက ကျွန်မ အစ်ကိုပါ၊ ကျွန်မ အဖမ်းခံထားရတယ်လို့ ထင်ပြီး ကယ်ဖို့လာတာ၊ သူပြောတဲ့စကားကို ရှင်ကြားလိုက်တယ် မဟုတ်လား''

''ဟုတ်ကဲ့ . . . ကြားပါတယ် ဆရာမလေး''

''ဒါဆိုရင် ပြဿနာရှုပ်သွားအောင် အော်လား ဟစ်လား မလုပ်ပါနဲ့နော်၊ ကျွန်မ သူ့ကို ပြန်လွှတ်လိုက်ပါ့မယ်''

''ဟုတ်ကဲ့ ဆရာမလေး''

မာရီယာက ဒီဂါမာအား လှမ်းကြည့်သည်။ အမှောင်ကွယ်နေသဖြင့် ဒီဂါမာ၏ မျက်နှာအမူအရာကို ထင်ထင်ရှားရှား မမြင်ရ။ ထို့ကြောင့် ဒီဂါမာ အံတင်းတင်းကြိတ်ထားသည်ကို မသိလိုက်ဘဲ ရှိသည်။

''ပြန်ပါတော့ ဒီဂါမာ . . . မုတ္တမမှာ ကျွန်မ အဖေရှိနေပြီဆို တော့ ဒဏ်ရာရတဲ့လူတွေအတွက် စိုးရိမ်စရာ မရှိတော့ဘူး၊ ဒီမှာက ဆေးကုပေးမယ့်လူ မရှိလို့ ကျွန်မ ရှိနေမှ ဖြစ်မယ်''

ဒီဂါမာက မာရီယာအား တစ်စုံတစ်ရာ ပြောဆိုခွင့်မပြု။ ဓား အရိုးကို တင်းတင်း ဆုပ်ကိုင်လိုက်သည်။

''မင်း ပြန်မလိုက်ဘူးဆိုတော့ ငါလည်း ဘာမှမတတ်နိုင်ဘူး၊ ဒါပေမဲ့ မင်းကို စစ်ထဲ ဆွဲသွင်းတဲ့အတွက် သမိန့်ကိုတော့ ငါမကျေနပ်ဘူး''

''သူက ကျွန်မကို အတင်းအကျပ်ခေါ်လာတာ မဟုတ်ဘူး၊ ကျွန်မ သဘောနဲ့ ကျွန်မ လာတာပါ၊ ဒါထက် ဒီကိုလာတာ ဒီဂါမာ တစ်ယောက်တည်း မဟုတ်ဘူး ထင်တယ်''

''ဟုတ်တယ် . . . ငါတစ်ယောက်တည်း မဟုတ်ဘူး၊ ငါ့လူတွေ ပါတယ်''

''ဒုက္ခပဲ . . . ဒီစခန်းထဲမှာ တစ်ယောက်ယောက်နဲ့တွေ့ရင် လူသတ်ပွဲကြီး ဖြစ်သွားလိမ့်မယ်၊ ကျွန်မ ရှေ့မှာတော့ အဲဒီလို မလုပ်ပါနဲ့

ဒီဂါမာ၊ ကျွန်မ ...''

''ငါ ပြန်မှာပါ''

''ရှင်''

''ငါ ပြန်မယ်၊ မင်းကို သမိန်က ဖမ်းခေါ်လာတာ မဟုတ်ဘဲ မင်းသဘောနဲ့ မင်းလာတာကို သိခဲ့ရင် ငါ မင်းကို ကယ်ဖို့မလာပါဘူး၊ မင်းကျေနပ်တဲ့နေရာမှာ နေခဲ့ပါ မာရီယာ''

''မဟုတ်ဘူးလေ၊ ကျွန်မက ...''

''ငါ သွားမယ်''

ဒီဂါမာ နေရာမှ လှစ်ခနဲ ထွက်သည်။ အပြင်သို့ ရောက်သည်နှင့် အမှောင်ရိပ်ထဲ တိုးဝင်လိုက်သည်။ အမှောင်ရိပ်မှနေ၍ ငှက်တစ်ကောင်အော်မြည်သံမျိုးပြု၍ သူ့နောက်လိုက်များအား အသံပေးသည်။

မနီးမဝေးမှ ငှက်အော်သံ သုံးသံပေါ်လာသည်။ ဒီဂါမာက နောက်တစ်ကြိမ် ထပ်ပြီး အသံပြုသည်။ သူ့ထံမှ ငှက်အော်သံ ပေါ်လာသည့် မနေ့မနှောင်း ခြေဖော့နင်းပြီး ပြေးလာသံများကို ကြားရသည်။

ဒီဂါမာက ဓားကို အသင့်ပြင်ပြီး စောင့်သည်။ သူ စောင့်နေဆဲတွင် မှောင်ရိပ်ထဲ တိုးဝင်လာသူ သုံးယောက်ကို တွေ့ရသည်။ ထိုသုံးယောက်ထဲတွင် ဗညား မပါ။ ဒီဂါမာက တတိယအကြိမ်အဖြစ် ငှက်လို အော်လိုက်သည်။

စူးစူးရှရှနိုင်သော ငှက်အော်သံက ညယံကို ထွင်းဖောက်ပြီး ပေါ်လာသည်။ ထိုအသံကို တုံ့ပြန်သည့်အသံ မကြားရ။ ဒီဂါမာ စိတ်မရှည်နိုင်အောင်ဖြစ်လာသည်။ သူ နေရာမှထွက်မည်အပြုတွင် ရုတ်တရက်ပေါ်လာသော သံချင်းထိသံ၊ အမိန့်ပေးသံတို့ကို ကြားရသည်။

''ဗညား ရန်သူနဲ့ တွေ့နေပြီ၊ မင်းတို့ လှေဆိုက်ထားတဲ့ဆီကို ပြန်ကြ၊ ငါ ဗညားကို ခေါ်ပြီး ပြန်လာမယ်''

''ကျွန်တော်တို့ ...''

''ငါ မင်းတို့ကို အမိန့်ပေးနေတာ၊ လှေရပ်ထားတဲ့နေရာက

သွားစောင့် ... မြန်မြန်လုပ်''

ဒီဂါမာ၏ နောက်လိုက်သုံးယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်သည်။ ပြီး နေရာမှ လျင်မြန်သွက်လက်စွာ ထွက်သွားသည်။ ဒီဂါမာ လက်ထဲမှဓားအရိုးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ကာ စောစောက ကြားလိုက်ရသည့်အသံ ပေါ်ထွက်လာရာကို မှန်းဆသည်။ ထိုအသံက ရှေ့တည့်တည့် တောတန်းမှ ပေါ်ထွက်နေခြင်းဖြစ်၍ ထိုတောတန်းဆီသို့ ခြေဖော့နင်းပြီး ပြေးဝင်သည်။

တောတန်းအတွင်းမှာ သစ်ပင်စုစုများ ဝိုင်းရံထားသော မြေကွက်လပ်တစ်ခုရှိသည်။ ထိုမြေကွက်လပ်တွင် လူနှစ်ယောက် ဓားချင်း ယှဉ်ခုတ်နေသည်။ သူတို့နှစ်ယောက်၏ပတ်လည်တွင် လူငါးယောက်က မီးတုတ်များ ကိုင်ပြီး ရပ်နေကြသည်။

ဒီဂါမာက ဓားရေးပြိုင်နေသူနှစ်ယောက်အား ကြည့်လိုက်သည်။ ထိုသူနှစ်ယောက်မှာ ဗညားနှင့် သမိန်တို့ဖြစ်နေသည်ကို တွေ့ရသဖြင့် ရင်ထိတ်သွား၏။ ဗညားတစ်ယောက် မကြာခင် သမိန့်ဓားချက်မိတော့မည်ဖြစ်ကြောင်း သူ သိလိုက်၏။

ဒီဂါမာက ဗညားနှင့် သမိန်တို့ တိုက်ခိုက်နေသည်ကို တစ်ချက်ကြည့်သည်။ ပြီး မြေပြင်ပေါ် တောင်စမ်းစမ်း မြောက်စမ်းစမ်း စမ်းကာရှာသည်။ ခဲလုံးနှစ်လုံးကို စမ်းမိသည်နှင့် ညာလက်မှဓားကို ဘယ်ဘက်သို့ ပြောင်းကိုင်သည်။ ညာလက် အားသွားသည်နှင့် ခဲလုံးတစ်လုံးကို ဆုပ်ကိုင်လိုက်ပြီး တိုက်ပွဲဘေးမှ မီးတုတ်ကိုင်ထားသူ တစ်ယောက်အား လှမ်းပစ်သည်။

ဒီဂါမာ၏လက်ထဲမှ ခဲလုံး အရှိန်ပြင်းစွာ ပြေးထွက်ပြီး မီးတုတ်ကိုင်ထားသူအား ထိမှန်သည်။ ထိုသူမှာ ကိုင်အရိုက်ခံရသည့်ပမာ ဘိုင်းခနဲ လဲကျ၏။ ဒီဂါမာက ကျန်ခဲလုံးတစ်လုံးကို ကောက်ယူပြီး ကျန်မီးတုတ်ကိုင်သမားကို လှမ်းပစ်သည်။

ခဲလုံးက အရှိန်နှင့် ပြေးထွက်သည်။ ဒီဂါမာသည် ခဲလုံးသွားရာနောက်သို့ ပြေးလိုက်၏။ ဒုတိယမီးတုတ်သမား ခဲလုံးစာမိပြီး မီးတုတ်

တခြား လူတခြားဖြစ်ကာ လဲကျ၏။ ဒီဂါမာက တတိယမီးတုတ်သမား ထံသို့ ပြေးဝင်သည်။ ထိုအချိန်မှာပင် အပြန်အလှန် တိုက်ခိုက်နေသော ဗညားနှင့် သမိန်တို့ထံမှ နာနာကျင်ကျင် အော်သံတစ်သံ ပေါ်လာသည်။ အော်လိုက်သူမှာ ဗညားမှန်းသိသည်နှင့် ဒီဂါမာ ခြေလှမ်းတုံ့သွားသည်။

"တပ်မှူးလေး ... ကျွန်တော့်ကို ထားခဲ့ပါ၊ ကျွန်တော် မနေရ တော့ဘူး၊ ကျန်တဲ့လူတွေကိုခေါ်ပြီး ပြေးပါ"

"ဟိတ် ... မင်းလည်း မလွတ်ဘူး၊ မင်းတပ်မှူးလည်း မလွတ် ဘူး၊ ငါ့ဓားချက်ကို ခံနိုင်ရင် ခံစမ်း"

ဗညား၏အသံ၊ သမိန်၏အသံတို့ကို ကြားရသည်။ ဒီဂါမာက ခါးကြားတွင် ထိုးထားသော ပြောင်းတိုကို ဆွဲထုတ်ပြီး သမိန်အား ချိန်ရွယ်လိုက်၏။ သမိန်မှာ ဗညားကို တိုက်ခိုက်ရသဖြင့် ရှေ့မတိုးနိုင် သလို နောက်လည်း မဆုတ်နိုင်။ ဒီဂါမာ၏ပစ်ကွင်းထဲတွင် စင်းစင်းကြီး မိနေသလိုရှိ၏။

သမိန်၏ဓားချက်တစ်ချက် ဗညားအပေါ်သို့ ကျသည်။ ဗညား မှာ လဲတော့ ပြိုတော့မလို ယိုင်သွား၏။ သို့သော် သူက သမိန်ရှေ့မှ မဖယ်။ သမိန် ရှေ့မတိုးသာအောင် ပိတ်ကာထားသည်။

ဒီဂါမာသည် ဝင်ရောက်တိုက်ခိုက်ခြင်းဖြင့် ဗညား၏အသက်ကို မကယ်နိုင်တော့မှန်း သိသည်။ ယခုအချိန်တွင် သူ မရောင်တိမ်းပါက နောက်ထပ် ရှောင်တိမ်းခွင့်မရတော့မှာကိုလည်း သိသည်။ သမိန်သည် သူ့နောက်ကို လိုက်ချင်၊ သူ့ကို ဖမ်းဆီးချင်သဖြင့် ဗညားအား ပြင်းပြင်း ထန်ထန် တိုက်ခိုက်နေခြင်းဖြစ်သည်။ သူ့ကို ဖမ်းဆီးရန် မဖြစ်နိုင်လျှင် ဗညားအား အသေသတ်ဘဲ ထားကောင်းထားမည် ဟု တွေးမိသည်။

"တပ်မှူးလေး မြန်မြန်ပြေး ... ကျွန် ကျွန်တော် ..."

ဒီဂါမာ အံတင်းတင်းကြိတ်သည်။ လက်ထဲမှ ပြောင်းတိုသေနတ်ဖြင့် သမိန့်အား ပစ်နိုင်ပါလျက်နှင့် မပစ်ဘဲ တွေဝေနေသော သူ့ကိုယ်သူ သတိထားမိသည်။ သူက ခေါင်းတစ်ချက် ဆတ်ခါပြီး နေရာမှ လှစ်ခနဲ ပြေးထွက်သည်။

''ငါ့နေရာမှာ သမိန်ဆိုရင် ငါ အခုလို ရှောင်ပြေးသလို ပြေးပါ့မလား၊ သမိန်က ငါ့လို မတွေဝေဘူး၊ ယောကျ်ားပီသတယ်၊ ပြတ်သားတယ်၊ ငါ့ကို ရန်သူအဖြစ်နဲ့တွေ့ရင် သူက ချမ်းသာခွင့်ပေးမှာ မဟုတ်ဘူး''

ဒီဂါမာသည် ပြေးလွှားရင်းမှ မျက်ရည်ဝဲလာသည်။ သူ့နေရာမှာ သမိန်သာဆိုလျှင် ပြောင်းတိုသေနတ်မှ ကျည်ဆန်တစ်တောင့်ဖြင့် ပြဿနာရှင်းအောင် လုပ်ကိုင်မည်ဖြစ်ကြောင်း ဒီဂါမာသိ၏။

''မင်း . . . ငါ့ပစ်ကွင်းထဲကို ရောက်နေပေမယ့် ငါမပစ်ရက်ဘူး သမိန်၊ မင်းနဲ့ငါ တိုက်ပွဲမှာတွေ့ခဲ့ရင် အသေအကျေ တိုက်ခိုက်ရမယ့် ရန်သူတွေပဲလို့ ပြောခဲ့ပေမယ့် ငါ မင်းကို ရန်သူလို့ မမှတ်နိုင်ဘူး သမိန်''

ဒီဂါမာက ကြေကွဲစွာတွေးရင်း လှေရပ်ထားရာဆီသို့ လျင်မြန်စွာ ပြေးသည်။ သူ့ရင်တွင် နင့်နင့်သီးသီး နာကျင်သော ဝေဒနာတစ်ရပ် ပေါက်ဖွားလာလေ၏။

''ငါ့ကိုခွင့်လွှတ်ပါ ဗညား''

• • •

မာရီယာက ဗညား၏ မျက်လုံးအစုံကို ညင်သာစွာ ပိတ်ပေးလိုက်သည်။ အနားတွင် ရှိနေသော သမိန်က တစ်ကိုယ်လုံး နေရာလွတ်မကျန် ဒဏ်ရာဗရပွနှင့် ရှိနေသော ဗညားကိုကြည့်ရင်း သက်ပြင်းရှည်ကြီးချလိုက်သည်။

''ညကတော့ အဲဒီလူဟာ ဒီဂါမာဖြစ်တယ်ဆိုတာ မသိလိုက်ဘူး။ ကျုပ်စိတ်ထဲမှာတော့ သေနတ်ကိုင်ထားတဲ့ရန်သူက ကျုပ်ကို မပစ်ဘဲထွက်ပြေးသွားတဲ့အတွက် အံ့ဩနေတာ၊ ဟောဒီလူက သူ့အသက်နဲ့လဲပြီး ကယ်တဲ့ တပ်မှူးလေးဆိုတဲ့သူဟာ ဒီဂါမာဆိုတာသိရင် ...''

သမိန်က စကားကို အဆုံးမသတ်ဘဲ ရပ်လိုက်၏။ မာရီယာသည် အသက်ကင်းမဲ့နေပြီဖြစ်သော ဗညား၏ကိုယ်ပေါ်သို့ အဝတ်ဖြူကိုလွှမ်းခြုံပေးရင်းမှ သမိန့်အား ဖျတ်ခနဲ လှမ်းကြည့်သည်။

''သူက ဒီဂါမာဆိုတာသိရင် သမိန် ဘာလုပ်မှာလဲ ဟင်''

''အဲဒါ ကျုပ်မသိဘူး။ ကျုပ်ကို ဒီဂါမာက အသက်ချမ်းသာခွင့်ပေးသလို ကျုပ်က သူ့အသက်ကို ချမ်းသာခွင့်ပေးပါ့မလားလို့ သံသယဖြစ်မိတယ်''

မာရီယာက သမိန်၏မျက်နှာကို ခပ်စူးစူးတစ်ချက်ကြည့်ရင်း သက်ပြင်းချလိုက်သည်။

''သမိန်တို့နှစ်ယောက်က တစ်ယောက်အပေါ်တစ်ယောက် ဒါလောက် သံယောဇဥ်ကြီးကြတာ၊ စစ်မြေပြင်မှာ မျက်နှာချင်းဆိုင်မိရင်တော့ တိုက်ခိုက်ဖြစ်ကြမှာ မဟုတ်ပါဘူး''

သမိန်သည် မာရီယာတွေးထင်ချက်အပေါ်တွင် မည်သို့မှ မတုံ့ပြန်။ သူက မုတ္တမမြို့ဘက်သို့ ဝေးရီရီနိုင်သော အကြည့်ဖြင့် ကြည့်နေ၏။

''သမိန်''

မာရီယာက သမိန့်မျက်နှာကို အကဲခတ်သလို ကြည့်နေရင်းမှ တိုးတိုးခေါ်သည်။ မာရီယာ၏ခေါ်သံက တိုးတိတ်ညင်သာသော်လည်း ထိုခေါ်သံကြောင့် သမိန် ဆတ်ခနဲ ဖြစ်သွားသည်။

"ဘာလဲ မာရီယာ ... ဘာလဲဟင်"

"သမိန် ဘာတွေ စဉ်းစားနေတာလဲ"

"ဒီဂါမာ ကျုပ်တို့ စခန်းထဲရောက်အောင် ဝင်လာတာကို စဉ်းစားမရလို့၊ သူက ဒီလို စွန့်စွန့်စားစားနဲ့ ဝင်လာပြီး ဘာမှမလုပ်ဘဲ ပြန်ထွက်သွားတာကို အံ့ဩလို့၊ သူ ဘာအဓိပ္ပာယ်နဲ့ ဒီလို လုပ်သလဲဆို တာ သိပ်သိချင်တယ်"

မာရီယာက သမိန်၏ ယောကျ်ားပီသ ချောမောသော မျက်နှာ ကို ခပ်စူးစူးကြည့်ရင်း သက်ပြင်းချလိုက်သည်။

"သူ ဘာဖြစ်လို့ ဒီကို လာသလဲဆိုတာ သမိန် စဉ်းစားလို့ မရဘူးလား"

"ဟုတ်တယ် မာရီယာ"

"သူက ကျွန်မကို ကယ်ဖို့လာတာ"

"ဘာ ... ဘယ်လို"

"ကျွန်မ သမိန်တို့ဆီကို ရောက်နေတဲ့သတင်း မုတ္တမက ရသွား ပုံပေါ်တယ်၊ သူတို့က ကျွန်မ ဒီကိုရောက်နေတာဟာ အဖမ်းခံရတာလို့ ထင်နေပုံရတယ်၊ ဒါကြောင့် ဒီဂါမာက ကျွန်မကို ကယ်ဖို့ လာတာ၊ ညက ကျွန်မနဲ့ တွေ့တော့မှ သူ အဖြစ်မှန်ကို သိသွားတယ်၊ ကျွန်မ သဘောနဲ့ ကျွန်မ ဟံသာဝတီက လူတွေကို ဆေးကုဖို့ လိုက်လာတယ် ဆိုတာ သိတာနဲ့ သူ ပြန်အထွက် သမိန်နဲ့ တွေ့တာပဲ"

"ဩော် ... သူက မာရီယာကို လာခေါ်တာကိုး၊ မာရီယာက ဒီကို ရောက်နေတာ အဖမ်းခံရလို့ မဟုတ်မှန်းသိတော့ သူ ဘာပြော သလဲ"

"သမိန်က ဖမ်းခေါ်တာ မဟုတ်ဘဲ ကျွန်မ သဘောနဲ့ ကျွန်မ လာတယ်ဆိုတာသိရင် သူ ကယ်ဖို့ မလာပါဘူးတဲ့၊ အဲဒါပြောပြီး ပြန်ထွက်သွားတာပဲ"

သမိန့်ထံမှ ပင့်သက်ရှိုက်သံတစ်ချက် တိုးတိတ် ညင်သာစွာ ပေါ်ထွက်လာသည်။ သူက အနားတွင် ရှိနေသော မာရီယာအား

ရီဝေသော မျက်လုံးအစုံဖြင့် ကြည့်သည်။ ထိုအကြည့်တွင် ထူးခြားသော အရိပ်တွေ ပါနေသည်ကို မာရီယာသိသည်။ တစ်ပြိုင်နက်တည်းမှာပင် အမည်မဖော်တတ်သော ခံစားချက်တစ်ရပ် သူမ၏ရင်ထဲသို့ တိုးဝင်လာသည်။ ထိုခံစားချက်ကြောင့် ရင်မှာ ညင်ညင်သာသာ လှုပ်ခုန်လာသည်။

"ကျုပ် မာရီယာကို တစ်ခုမေးချင်တယ်"

"မေးလေ သမိန် ... ဘာမေးချင်လို့လဲ"

ခွင့်တောင်းပြီးမှ မေးရမည့်မေးခွန်းအတွက် ဝန်လေးပြီး သမိန့်နှုတ်က ဆွံ့အနေသည်။ အတန်ကြာသည်အထိ သမိန့်နှုတ်မှ စကားသံထွက်မလာသည့်အခါ မာရီယာ ဖျတ်ခနဲ မျက်နှာပင့်ပြီး ကြည့်သည်။

"မေးစရာရှိတယ်ဆို ... ဘာမေးမှာလဲ၊ မေးလေ သမိန် ... ကျွန်မ နားထောင်နေပါတယ်"

"ဩော် ... အင်း ... ဟိုလေ ... ဒီဂါမာက မာရီယာကို"

"ဟုတ်ကဲ့ ပြောပါ ... ဒီဂါမာဟာ ကျွန်မကို ဘာဖြစ်လို့လဲ"

"သိပ် စိုးရိမ်နေပုံထောက်တော့ သူ မာရီယာ့အပေါ် မရိုးသားဘူးနဲ့တူတယ်"

"ရှင်"

"ဒီဂါမာက မာရီယာကို ချစ်နေတာများ ဖြစ်မလားလို့"

မာရီယာ၏မျက်လုံးအစုံ ပြူးကျယ်ဝိုင်းစက်သွားသည်။ သူမက အံ့အားတသင့်နိုင်သော အကြည့်ဖြင့် သမိန့်အား ကြည့်သည်။ ကြည့်နေရင်းကပင် သူမ၏မျက်နှာအမူအရာမှာ အပြောင်းအလဲတွေ ပေါ်လာသည်။

"မဖြစ်နိုင်ပါဘူးရှင်၊ ဒီဂါမာက ကျွန်မ အစ်ကိုပါ၊ အစ်ကိုတစ်ယောက်အနေနဲ့ သူက ကျွန်မကို ကယ်ဖို့ လာတာပါ၊ သူ့အနေနဲ့ ကျွန်မကို ဒီစစ်ကြီးထဲမှာ မပါစေချင်ဘူး၊ စစ်နဲ့ ဝေးတဲ့နေရာမှာပဲ ရှိနေစေချင်တယ်"

မာရီယာ၏စကားကို အကြားတွင် သမိန်ပြုံးသည်။

"ကျုပ်ကလည်း မာရီယာကို စစ်ကြီးထဲ မပါစေချင်ပါဘူး၊

ဒီမှာ အရေးပေါ် ဆေးကုသနေတာတွေပြီးရင် မာရီယာကို မောရမြိုင် ပြန်ပို့မှာပါ''

မာရီယာ ပြုံးသည်။ ပြုံးရင်းမှ ခေါင်းဆတ်ခါသည်။

''ကျွန်မ ဒီက လူနာတွေကို ပစ်ပြီး မောရမြိုင် မပြန်နိုင်ပါဘူး ရှင်၊ ကျွန်မကို ဘယ်သူကမှ အတင်းအကျပ် ဆေးကုခိုင်းလို့ မရသလို ဆေးမကုပါနဲ့လို့လည်း တားလို့ မရပါဘူး''

''ဒီစကား ဒီဂါမာကိုကော မာရီယာ ပြောလိုက်သေးသလား''

''မပြောလိုက်ပါဘူး။ ဒါပေမဲ့ ကျွန်မမှာ ဒီသဘောထား ရှိတယ် ဆိုတာ သူ သိသွားပါတယ်၊ အဲဒါကြောင့်လည်း သူ ဒီကို စွန့်စွန့်စားစား နဲ့ ဝင်လာခဲ့ပြီး ဘာမှမလုပ်ဘဲ ပြန်သွားတာပေါ့''

သမိန်က စကားပြောရင်းမှ တဲတန်းအပြင်သို့ ထွက်မည့်ဆို သည့်သဘောနှင့် မာရီယာအား လက်ဟန်ပြသည်။ မာရီယာက အပေါ် အင်္ကျီဖြူကို ချွတ်လိုက်ပြီး သမိန်နှင့်အတူ တဲအပြင်သို့ ထွက်သည်။

''မာရီယာ''

တဲအပြင်သို့ ဘေးချင်းယှဉ်ကာ ထွက်ရင်းမှ ခေါ်လိုက်သည့် သမိန့်အသံမှာ တုန်ယင်နေသလိုရှိသည်။

''ဟုတ်ကဲ့ သမိန် ... ဘာပြောမလို့လဲ''

''ကျုပ် သိပ်ပြောချင်တဲ့ စကားတစ်ခွန်းကို ပြောမလို့ပါ''

''ဟုတ်ကဲ့ ... ပြောပါရှင်''

မာရီယာက လမ်းလျှောက်နေရင်းမှ သမိန့်ပြောလာမည့်စကား ကို နားစွင့်သည်။ သမိန့်ထံမှ စကားသံပေါ်မလာသည့်အခါ မျက်မှောင် လေး မသိမသာ ကျုံ့ပြီး လှည့်ကြည့်သည်။

''သမိန် ဘာပြောချင်လို့လဲဟင် ... ပြောစရာရှိတာ ပြောလေ''

''ဟိုလေ ... ကျုပ် ကျုပ် မာရီယာကို မေတ္တာရှိတယ်''

''ရှင်''

''ကျုပ် မာရီယာ့ကို ချစ်မိလို့ လက်ထပ်ခွင့်ပေးပါ''

သမိန့်၏နှုတ်မှ ထစ်ထစ်ငေါ့ငေါ့နှင့် ထွက်လာသည့် စကားကို

အကြားတွင် မာရီယာ့မျက်လုံးအစုံ ပြူးကျယ် ဝိုင်းစက်သွားသည်။ တစ်ပြိုင်နက်တည်းမှာပင် သူမ,ရင် တသိမ့်သိမ့် ခုန်လေသည်။

• • •

မြို့စောင့်တပ်မှူးကြီး ပါအူလိုအေဆီးဇာစ်၏ မျက်နှာမှာ တင်းမာဟန် ရိပ်ရိပ်ထင်နေသည်။ သူက သူ့ရှေ့တွင် ခေါင်းငုံ့ပြီး ရပ်နေသော ဒီဂါမာကို ကြည့်ပြီး တောက်တစ်ချက် ပြင်းပြင်းခေါက်လိုက်သည်။

''ဒီဂါမာ''

''ဟုတ်ကဲ့ ... အမိန့်ရှိပါ တပ်မှူးကြီး''

''မင်း ဟံသာဝတီတပ်ထဲ စွန့်စွန့်စားစားနဲ့ဝင်ခဲ့တာ ဘာကြောင့်လဲ ... မာရီယာကို ကယ်ဖို့ မဟုတ်လား။ အခုတော့ မင်းက မာရီယာကို မကယ်နိုင်ရုံမကဘူး ... နောက်လိုက်တစ်ယောက်ကိုပါ ရန်သူ့လက်ထဲ အပ်ခဲ့တယ်၊ မင်းက မာရီယာကို ခေါ်နိုင်ရဲ့သားနဲ့ မခေါ်ခဲ့တာဆို ... ဟုတ်လား''

''ဟုတ်ပါတယ်၊ သူ့ကို ကျွန်တော် အတင်းဖမ်းခေါ်မယ်ဆို ခေါ်လို့ရပါတယ်၊ ဒါပေမဲ့ သူက သူ့သဘောနဲ့သူ ဟံသာဝတီရဲ့မက်တွေကို ဆေးကုပေးနေတာဆိုတော့ ကျွန်တော် လက်လျှော့ပြီး ပြန်လာခဲ့တယ်၊ ကျွန်တော်မျိုး ဒီအတိုင်း သက်သောင့်သက်သာနဲ့ ပြန်လာခဲ့တာ မဟုတ်ပါဘူး၊ အသက်စွန့်ပြီး ပြေးခဲ့တာပါ''

''မင်း ဘာပဲပြောပြော ဖြစ်ပျက်ခဲ့တာ အားလုံးကို ပြန်စဉ်းစားကြည့်ရင် မင်း ငါ့အမိန့်ကို ဖီဆန်တာ ထင်ထင်ရှားရှား ပေါ်နေတယ်၊ အခု မင်းလုပ်လိုက်တဲ့အလုပ်က ဟံသာဝတီကို အကျိုးပြုလိုက်တာနဲ့ တူနေပြီ''

''ကျွန်တော် အဲဒီလောက်ထိ မစဉ်းစားပါဘူး၊ ကျွန်တော်တို့က မာရီယာ အဖမ်းခံထားရတယ် ထင်ပြီး သွားကယ်တာ၊ မာရီယာက သူ့သဘောနဲ့သူ ဟံသာဝတီတပ်ထဲ ရောက်နေတာဆိုလို့ ကယ်စရာ မလိုတာနဲ့ ပြန်လာခဲ့တာ၊ ဒါဟာ ကျွန်တော့်အနေနဲ့ လုပ်သင့်တဲ့အလုပ်ကို လုပ်လိုက်တယ်လို့ပဲ ထင်မိပါတယ်''

ဆီးဇာ့စ်က ဒီဂါမာအား စိန်းစိန်းကြီး ကြည့်ပြီး စားပွဲကို လက်ဝါးဖြင့် ဘုန်းခနဲ မြည်အောင် ပုတ်လိုက်သည်။ ပြီးလျှင် သူက ဒီဂါမာအား လက်ညှိုးငေါက်ငေါက်ထိုးပြီး ...

''မင်းဟာ သစ္စာဖောက်တစ်ယောက်ပဲ''

''မဟုတ်ဘူး ... ကျွန်တော် သစ္စာမဖောက်ဘူး''

''မင်းက မုတ္တမဘုရင်ကို သစ္စာခံထားတာ၊ အခု မုတ္တမရဲ့ အရေးကိစ္စကို မဆောင်ရွက်တာဟာ သစ္စာဖောက်တာ မဟုတ်လို့ ဘာဖြစ်မလဲ ... ပြောပါဦး''

''စစ်သားကောင်းတစ်ယောက်အနေနဲ့ ကျွန်တော်လုပ်သင့်တာကို လုပ်ခဲ့တာပဲ၊ ကျွန်တော် မာရီယာကို ခေါ်တယ်၊ သူက လူနာတွေကို ထားခဲ့ပြီး မလိုက်နိုင်လို့ မလိုက်ဘူး''

''ဒါနဲ့ပဲ ပြန်လာရသလား ... သူ့ကို အတင်းဆွဲခေါ်ခဲ့ပေါ့''

''ကျွန်တော် အဲသလိုမလုပ်နိုင်ဘူး။ သူက မုတ္တမရဲ့လက်ပါစေ မဟုတ်ဘူး၊ သစ္စာခံ မဟုတ်ဘူး၊ ဒါကြောင့် သူ့သဘောနဲ့သူ နေချင်ရာ နေခွင့်ရှိတယ်''

''ဟေ့ ... အခုအချိန်က စစ်ဖြစ်နေတဲ့အချိန်ကွ၊ သူက ဒဏ်ရာရထားတဲ့ ရန်သူ့တပ်သားတွေကို ဆေးထည့်ပေးနေတာ၊ ဒီ ရန်သူတပ်သားတွေ ဆေးအကုမခံရဘဲ သေသွားရင် ငါတို့ကို တိုက်မယ့် အင်အား လျော့မသွားဘူးလား''

ဒီဂိုမာက ခေါင်းကို သွက်သွက်ပါအောင်ခါပြီး နေရာမှ ထသည်။ သူက ဆီးဇာ့စ်၏ ရှေ့မှ ဖျတ်ခနဲ ထွက်သည်။

''ဟေ့ နေစမ်း ... ငါ မင်းကို သွားဖို့ မပြောသေးဘူး၊ မင်း ဘာဖြစ်လို့ ထွက်သွားရတာလဲ''

ဒီဂိုမာက ဆီးဇာ့စ်အား စကားလှည့်မပြောဘဲ နန်းတော်ရှိရာဘက်သို့ လျှောက်သည်။ ထိုသို့လျှောက်ခဲ့ရင်း ဗညားအကြောင်းကို စဉ်းစားသည်။

ဗညားသည် ပြင်းထန်သော ဓားဒဏ်ရာဖြင့် သေဆုံးသွားခဲ့ပြီ။ ထိုသို့သေဆုံးရခြင်းအတွက် သူ အပြစ်မကင်း။ သူကိုယ်တိုင်က ဗညားကို သတ်လိုက်သလို စိတ်မှာ ခံစားရသည်။

ဗညားနှင့် ပတ်သက်ပြီး မိမိမှာ စိတ်ထိခိုက်ခံစားနေရစဉ် ဆီးဇာ့စ်,က အပြစ်တင်စကားပြောလာခြင်းအတွက် မခံရပ်နိုင် ရှိမိရ၏။ ထို့ကြောင့် သူက ဆီးဇာ့စ် အတိုက်အခံပြောခဲ့၊ ဆန့်ကျင်ခဲ့သည်။ ထိုအတွက် သူ နောင်တမရ။

''ဒီဂါမာ''

ခေါ်သံကြောင့် ဒီဂါမာ လှည့်ကြည့်သည်။ လှေဆိပ်သို့ ဆင်း လာနေသော နာခံတော်တပ်မှူးကိုတွေ့သည်နှင့် သူက တုံ့ခနဲ ရပ်လိုက်သည်။

''ဘယ်ကို သွားမလို့လဲ''

''ဘုရင်းမင်းမြတ်ရှေ့ကိုဝင်ပြီး အပြစ်ဝန်ခံမလို့''

''ဘာပြောတယ် ... ဘာအပြစ်ကို ဝန်ခံရမှာလဲ''

ဒီဂါမာက သူ ဟံသာဝတီတပ်များ တပ်ချထားရာသို့ ခိုးဝင်ခဲ့ပုံ၊ မာရီယာအား ကယ်ရန် ကြိုးစားခဲ့ပုံ၊ မာရီယာက သူမ၏သဘောနှင့် သူမ ဟံသာဝတီတပ်ထဲ ရောက်နေကြောင်း သိရသည့်အခါ နောက်ကြောင်း ပြန်လှည့်ခဲ့ပုံတို့ကို ပြောပြသည်။

''မာရီယာက မင်းနဲ့ တွေ့တာတောင် ပြန်မလိုက်ဘူး ... ဟုတ်လား''

''ဟုတ်တယ် သီဟ၊ သူက လူနာကို ထားခဲ့ပြီး မလိုက်နိုင်ဘူး ဆိုတာ ငါသိတယ်၊ ဒါကြောင့် အတင်းအကျပ် မခေါ်တော့ဘူး''

နာခံတော်မှူး မျက်မှောင်ကျုံ့လိုက်သည်။ သူက ဒီဂါမာအား စူးစူးစိုက်စိုက်ကြည့်သည်။ တစ်ခဏအကြာတွင် သူပြုံးသည်။

''မင်းက မာရီယာ မလိုက်နိုင်ဘူးဆိုတာနဲ့ ထားခဲ့တဲ့အတွက် ငါ ဘာမှမပြောချင်ဘူး။ အဲဒီကိစ္စအတွက်နဲ့ ငါတို့ဘက်က သူရဲကောင်း တစ်ယောက် ကျဆုံးခဲ့တာတော့ မကောင်းဘူး''

''အေး ... အဲဒါကြောင့် ငါ ဘုရင်မင်းမြတ်ဆီမှာ အပြစ်ဝန်ခံဖို့ ထွက်လာတာ''

နာခံတော်မှူးက ခေါင်းကိုညင်သာစွာ ခါသည်။ သူက သက်ပြင်းချပြီး ဒီဂါမာ၏ ပခုံးပေါ် လက်တင်လိုက်သည်။

''မင်း လုပ်သင့်တဲ့အလုပ်ကို လုပ်လိုက်တာမို့ ဘုရင်မင်းမြတ်က အပြစ်တင်မှာ မဟုတ်ပါဘူး၊ မြို့စောင့်တပ်မှူးရဲ့ စကားကြောင့် စိတ်မကောင်း ဖြစ်မနေပါနဲ့၊ လာ ... ငါနဲ့လိုက်ခဲ့ပါ''

''ဘယ်ကို လိုက်ခဲ့ရမှာလဲ''

''ဟိုဘက်ကမ်းကို သွားမလို့၊ မောရမြိုင်စားက ဟံသာဝတီကို သစ္စာခံလိုက်ပြီဆိုတော့၊ ငါတို့ ဟိုဘက်ကမ်းကို သွားတဲ့အခါ၊ ရန်သူအဖြစ် သတ်မှတ်ခံရလိမ့်မယ်။ ဒါကြောင့် ဟိုဘက်ကမ်းကို သွားတာဟာ အန္တရာယ်တောထဲကို တိုးဝင်တာပဲ၊ ဒါကြောင့် မင်း ငါနဲ့ အဖော်လိုက်ခဲ့ပါ'

ဒီဂါမာက နာခံတော်မှူးအား ခေါင်းညိတ်ပြလိုက်သည်။

''မင်းတစ်ယောက်တည်း သွားမယ်ဆိုလည်း ငါက မနေပါဘူး။ လိုက်ခဲ့မှာပါ၊ အန္တရာယ်တောထဲကို တစ်ယောက်တည်း တိုးဝင်သွားလို့ ဘယ်ဖြစ်ပါ့မလဲ''

နာခံတော်မှူး ရယ်သည်။ ရယ်ရင်း ဒီဂါမာနှင့်တွဲပြီး လှေဆိပ်သို့ ဆင်းသည်။ လှေဆိပ်တွင် လှေငယ်များ အပင်အထွက် ရှုပ်နေသည်ကို တွေ့ရ၏။ လှေဆိပ်သို့ လှမ်းကြည့်ရင်းမှ ဒီဂါမာ မျက်မှောင်ကျုံ့လိုက်သည်။

''ဒီနေ့ လှေအဝင်အထွက် တော်တော် ရှုပ်ပါလား''

''မြို့ထဲကို ရိက္ခာတွေ သွင်းနေလို့ပါ၊ စစ်ပွဲက နောက် ဘယ်လောက်ကြာမယ်မှန်း မသိလို့ ရိက္ခာပြည့်နေဖို့ လိုတယ်မဟုတ်လား''

ဒီဂါမာ ခေါင်းညိတ်သည်။

''စစ်ပွဲကတော့ ကြာမယ်ထင်ပါတယ်၊ စစ်ပွဲမပြီးခင် ငါတို့နဲ့ မောရမြိုင် ရန်ဘက်ဖြစ်မယ်၊ ငါတို့ပတ်ဝန်းကျင်က အခွင့်အရေးသမားတွေ ဟံသာဝတီဘက်ကို ရောက်ကုန်လိမ့်မယ်''

"ဘယ်သူပဲ သစ္စာဖောက်ဖောက် ငါတို့က အရှင်သခင်အပေါ် သစ္စာရှိဖို့လိုတယ် ဒီဂါမာ၊ ငါတို့ သေတဲ့အထိ သစ္စာတရားကို ဆုပ်ကိုင်ထားကြမယ်"

● ● ●

မောရမြို့ဆိပ်ကမ်းတွင် အစောင့်အကြပ်တွေ ထူနေသဖြင့် ဒီဂါမာနှင့် နာခံတော်မှူးတို့က လှေကို မြစ်ညာဘက်သို့ လှော်တက်ပြီး ဆိပ်ကမ်း မဟုတ်သော ဓနိတောထဲမှ နေ၍ ကုန်းပေါ်သို့ တက်သည်။ ဒီဂါမာသည် ဖြတ်လမ်းမှနေပြီး နာခံတော်မှူးအား မောရမြို့မြို့တွင်းသို့ ခေါ်ခဲ့၏။

''မောရမြို့ကို ဘာလုပ်ဖို့ လာတာလဲလို့ မမေးတော့ဘူးလား ဒီဂါမာ၊ မင်း ငါခေါ်တဲ့ဆီ လိုက်ခဲ့ပေမယ့် တစ်လမ်းလုံး ဘာမှ မမေးလို့ ငါ့စိတ်ထဲမှာ ထူးဆန်းနေတယ်''

ချုံတောထဲမှထွက်၍ ကုန်းမော့မော့တစ်ခုပေါ်သို့ တက်နေရင်းမှ နာခံတော်မှူးက မေးသည်။ ဒီဂါမာသည် နာခံတော်မှူးဘက်သို့ လှည့်မကြည့်ဘဲ ပြုံးလိုက်သည်။

''မောရမြို့ကို ဝင်ရင် အန္တရာယ်ရှိမယ်ဟုန်း သိရဲ့နဲ့ စွန့်စွန့်စားစားနဲ့လာတာ အကြောင်းထူးရှိလို့ပဲ ဖြစ်ရမယ်လို့ ငါတွေးတယ်၊ မင်းက အပိုအလုပ် မလုပ်တတ်တဲ့လူဆိုတော့ မင်းလုပ်သမျှဟာ ကိုယ့်အရှင်သခင် အတွက်ပဲ ဖြစ်မယ်ဆိုတာလည်း တွေးမိတယ်၊ ဒါကြောင့် မင်းကို ငါ ဘာမှ မမေးတာပါ''

နာခံတော်မှူးက မပြုံးမရယ် တည်ကြည်သော မျက်နှာနှင့် ပတ်ဝန်းကျင်ကို ကြည့်သည်။ ပတ်ဝန်းကျင်မှာ ဖြတ်သန်းသွားလာသူ မရှိ။ ရှင်းလင်းတိတ်ဆိတ်နေသည်ကို တွေ့ရ၏။

''ငါတို့ ဆရာကြီး ဆိဟန်ဒီတောရက်(ခ)ရဲ့အိမ်ကို သွားကြမယ်၊ ဆရာကြီးက လိုအပ်တဲ့ဆေးတွေ ယူခိုင်းလိုက်တယ်။ မုတ္တမမှာ ရေ မသန့်လို့ ဝမ်းလျှောတဲ့လူတချို့ ရှိနေတယ်၊ ဒါကြောင့် ဝမ်းရောဂါ အတွက် ဆေးလိုတယ်တဲ့၊ ကြိုတင်ကာကွယ်မှုတွေ လုပ်တာဟာ အကောင်းဆုံးလို့ ဆရာကြီးက ပြောတယ်''

''ဆေးက ဘာဆေးတဲ့လဲ''

''ငါ ဘယ်သိမလဲ၊ ဆရာကြီးက စာရေးပေးလိုက်တယ်၊ သူ့စာကို ဖထီးလက်ထဲသာ အပ်လိုက်လို့ မှာတယ်''

ဒီဂါမာက မေးခွန်းဆက်မမေးတော့ဘဲ တောင်ကုန်းတစ်ဖက်သို့ ဖဲ့ဆင်းသည်။ ကုန်းဆင်းတစ်ခုကို လွန်သည်နှင့် တောတန်းလေးတစ်ခုကို တွေ့သည်။ တစ်ဖက်တွင် တဲအိမ်စုစုတို့ရှိပြီး တဲအိမ်များ အနီးတွင် ခြံဝင်းကျယ်ကြီးရှိသည်။ ဒီဂါမာက ထိုခြံဝင်းထဲသို့ ဝင်သည်။

သစ်သီး သစ်ပင်တွေ ဝေဝေဆာဆာ ပေါက်နေသော ခြံဝင်းကျယ်ကြီးအတွင်းတွင် အမိုးချွန်ချွန်နှင့် အိမ်တစ်လုံးရှိသည်။ ထိုအိမ်မှာ မာရီယာနှင့် ဖခင်ဖြစ်သူတို့ နေထိုင်ရာဖြစ်၏။

အမိုးချွန်အိမ်အောက်ထပ်၌ ဖွင့်ထားသည့် ဆေးခန်းတွင် ဖထီးကို တွေ့ရသည်။ ဖထီးက ဒီဂါမာအား တွေ့သည့်နှင့် နေရာမှ ကပျာကယာ ထလာ၏။

''ဘာဖြစ်လို့လဲဟင် မင်းတို့က''

ဒီဂါမာက ပြုံးပြုံးပျာပျာနိုင်သော ဖထီးအား လက်ကာပြသည်။ အရေးမကြီးပါဘူးဆိုသည့်သဘောနှင့် ခေါင်းခါပြသည်။

''လန့်မသွားပါနဲ့ ဖထီး ... ကျွန်တော်တို့က ဆေးလာယူတာပါ''

''ဆေး ... ဟုတ်လား''

''ဟုတ်ပါတယ် ... ဟောဒီမှာ ဆရာကြီးက ရေးပေးလိုက်ပါတယ်''

နာခံတော်မျိုးက သူ့အိတ်ထဲမှစာကို ထုတ်ပေးသည်။ ဖထီးကလည်း စာကိုဖတ်ပြီးနောက် ခေါင်းညိတ်ပြသည်။

''ဒီဆေးတွေကို အခုပဲ ယူပေးပါ့မယ် ... ခဏစောင့်ပါဦး၊ အန္တရာယ်ကင်းအောင် အိမ်ထဲဝင်နေပါ''

''မဝင်ဘူး၊ ကျွန်တော် အမေ့ဆီကို ခဏသွားမလို့၊ ဒီဂါမာ ... မင်း ဒီမှာနေခဲ့ပါ''

''ဟာ ... မနေဘူး၊ မင်းတစ်ယောက်တည်း လျှောက်သွားလို့ ဘယ်ဖြစ်မလဲ ... ငါပါ လိုက်မယ်''

''ဒီမြို့ထဲမှာ ငါ ရှပ်ဖျက်ပြီး သွားလို့ရတယ်၊ မင်းကသာ

ရုပ်ဖျက်လို့ မရတာ၊ အန္တရာယ်မဖြစ်စေချင်ရင် မင်း ဒီမှာပဲစောင့်နေ၊ ငါ အမေတို့ ညီမတို့နဲ့ တွေ့ပြီး ပြန်လာမယ်''

''အမေနဲ့ ညီမပဲလား''

''ဘယ်ကမလဲ ... ငါ့ချစ်သူနဲ့ပါ တွေ့ရမှာပေါ့၊ မင်း ဆေးယူပြီး အသင့်စောင့်နေ၊ ငါ ချက်ချင်း ပြန်လာမယ်''

နာခံတော်မှူးက ပြောပြောဆိုဆို နေရာမှ လှစ်ခနဲ ထွက်သွားသည်။ ဒီဂါမာသည် ဖထီးနှင့်အတူ အိမ်ထဲသို့ ဝင်လိုက်၏။

ဖထီးသည် ဒီဂါမာအား အိမ်ရှေ့ခန်းတွင် ထားခဲ့ပြီး ဆေးများ သိုလှောင်ထားရာသို့ ဝင်သည်။ ဆေးဆရာကြီး ဆီဟိုဒီတောရက်(စ) အလိုရှိသည့်ဆေးတွေကို အိတ်တစ်လုံးထဲ ထည့်ပြီး အိမ်ရှေ့ခန်းသို့ ပြန်ထွက်လာသည်။

''မင်းတို့ ဒီကိုလာတာ သိပ်အန္တရာယ်များတယ်၊ အခု မောရမြိုင်က ဟံသာဝတီနဲ့ ပေါင်းလိုက်ပြီ''

''ကျွန်တော် သိပါတယ် ဖထီး၊ ဒါထက် မာရီယာကို သမိန်က လာခေါ်သွားတာ ကြာပြီလား''

''ရက်ပိုင်းသာ ရှိပါသေးတယ်၊ သမိန်က မာရီယာလိုက်ချင်မှ လိုက်ခဲ့ဖို့ ပြောပါတယ်၊ ဒါပေမဲ့ သူက အမိန့်နဲ့လာတယ်ဆိုတာ သိနေတော့ မာရီယာက လိုက်သွားတယ်၊ ဟိုမှာ လူနာတွေရှိနေတယ် မဟုတ်လား''

''ကျွန်တော် သိပါတယ်၊ မာရီယာနဲ့လည်း တွေ့ပြီးပါပြီ၊ သူ့ကို သမိန်တို့ ဖမ်းသွားတယ်ထင်ပြီး၊ ကယ်ဖို့သွားတာ သူက သူ့သဘောနဲ့ သူ ဆေးကုဖို့ လာတာဆိုလို့ ကျွန်တော် မကယ်ဘဲ ပြန်ခဲ့တယ်''

''ဩော်''

''ကျွန်တော် တစ်ခုမေးချင်တယ် ဖထီး''

''ဘာလဲ ဒီဂါမာ ... ဘာမေးမှာလဲ''

ဒီဂါမာက အောက်နှုတ်ခမ်းကို တစ်ချက်ကိုက်သည်။ သူက စိတ်ကို တင်းလိုက်ဟန်ဖြင့် ပင့်သက်တစ်ချက် ရှိုက်၏။

''မင်း မေးမယ်ဆိုတာ မေးလေကွာ''

''မာရီယာနဲ့ သမိန်က တစ်ယောက်ကိုတစ်ယောက် သံယောဇဉ် ဖြစ်နေကြသလား ဖထီး''

ဖထီး တွေခနဲ ဖြစ်သွားသည်။ တစ်ခဏမျှကြာသော် ဒီဂါမာကို စူးစိုက်ကြည့်သည်။ ထို့နောက် ခေါင်းကို ညင်သာစွာ ညိတ်လိုက်သည်။

''အေး ... အဲဒီလို ဖြစ်ပုံရတယ်၊ မာရီယာက သမိန့်ကို မေတ္တာရှိလို့ တစ်ဖက်ကမ်းအရောက် စွန့်စွန့်စားစား လိုက်သွားတာပေါ့''

ဖထီး၏စကားကို အကြားတွင် ဒီဂါမာ ငိုင်ကျသွားသည်။ ထိခိုက်နာကျင်သော ဝေဒနာ ခံစားရဟန်နှင့် သူက ခေါင်းငိုက်ချလိုက်သည်။ ဖထီးသည် ဒီဂါမာ့လက်မောင်းတစ်ဖက်ကို ညင်သာစွာ ဆုပ်ကိုင်သည်။ ထို့နောက် တစ်စုံတစ်ခု ပြောမည်ပြုရာ ဒီဂါမာက လက်ကာပြလိုက်သည်။

''ကျွန်တော် ကျေနပ်ပါတယ် ဖထီး၊ မာရီယာနဲ့ သမိန့်ကို ကျွန်တော် သဘောတူပါတယ်၊ သူတို့ ပျော်ရွှင်နေတာကို ကျွန်တော် မြင်ချင်ပါတယ်''

ဒီဂါမာက ပြုံးပြီး ပြောသည်။ ပြုံးနေသော သူ့မျက်လုံးအစုံတွင် မျက်ရည်ရိပ်တွေ ထင်နေလေ၏။

• • •

# ဟံသာဝတီ

ပတ်ဝန်းကျင်တစ်ခုလုံး တသိမ့်သိမ့်တုန်သွားမတတ်အောင် ပြင်း ထန်ကျယ်လောင်သော ပေါက်ကွဲသံက နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသော မာရီယာအား လန့်ဖျပ်နိုးထသွားစေသည်။

ပေါက်ကွဲသံက ဆက်ကာဆက်ကာ ပေါ်ထွက်နေသည်။ ပေါက်ကွဲသံများနှင့်အတူ အော်သံ၊ ဟစ်သံ၊ အမိန့်ပေးသံ စသည့် အသံဗလံများကိုပါ ကြားရသည်။ ကြားရသည့်အသံများကြောင့် ပြင်းထန်သော တိုက်ပွဲကြီးတစ်ပွဲ ဖြစ်နေပြီဟု တွေးမိကာ မာရီယာ အိပ်ရာမှ ထသည်။ အဝတ်အစားကို သပ်ရပ်အောင် ပြင်ဆင်ပြီး၊ တဲအိမ်အပြင်သို့ ထွက်သည်။ အပြင်ဘက်တွင် လက်နက်ခဲယမ်းများသယ်၊ အပြေးအလွှား တွန်းရွှေ့ပြေးလွှားနေသော ဟံသာဝတီရဲမက်တို့ကို တွေ့ရသည်။

''ဘာဖြစ်လို့လဲ ... မုတ္တမရဲမက်တွေက လာတိုက်လို့လား''

''မဟုတ်ပါဘူး ... ကျုပ်တို့က သွားတိုက်တာ၊ မုတ္တမက

အသင့်ပြင်ထားတဲ့အမြောက်တွေနဲ့ ပြန်ပစ်လို့ သေကုန်တာ မနည်းဘူး''

ရဲမက်တစ်ယောက်၏တုံ့ပြန်စကားသံကို မာရီယာ ကြားရသည်။ ရဲမက်က 'သေကုန်တာ မနည်းဘူး' ဟု ပြောနေသော်လည်း ဟံသာဝတီရဲမက်တို့မှာ စစ်လက်နက်များ ပြင်ပြီး ရှေ့ကိုတက်နေကြသည်။ သေကွင်းထဲသို့ အတင်းဝင်မည့်ဟန်ရှိနေသော ရဲမက်တို့ကိုကြည့်ရင်း မာရီယာ စိတ်ပူသွားသည်။ ထိုအခါမှာပင် ပစ်သံခတ်သံတွေကြားမှ ပေါ်လာသည့် မောင်းသံစူးစူးကို ကြားရသည်။

ရုတ်တရက် ပေါ်ထွက်လာသည့်မောင်းသံမှာ မည်သို့သော မောင်းသံဟု မာရီယာ မသိ။ ထိုမောင်းသံ ပေါ်လာပြီးသည်နှင့် ရှေ့ကိုတိုးသွားနေသော ရဲမက်များ ရုတ်တရက် တန့်သွားသည်။ ထို့နောက်တွင် ၎င်းတို့က စစ်လက်နက်ပစ္စည်းများနှင့်အတူ နောက်ဆုတ် လာကြ၏။

ဟံသာဝတီရဲမက်တို့ အရေးမလှသဖြင့် တပ်ဆုတ်လာကြပြီဟု မာရီယာ သိလိုက်သည်။ ထိုတပ်ဆုတ်လာသူများအနက် အချို့က ဒဏ်ရာရသူများအား တွဲခေါ်လာသဖြင့် အပြင်ထွက်နေသော မာရီယာ တဲအိမ်အတွင်းသို့ ပြန်ဝင်သည်။ သူမက အပေါ်အင်္ကျီအဖြူ ခါးရှည်ကို ပြန်ဝတ်ပြီး အရေးပေါ်ဆေးကုရန် စီစဉ်ထားရာသို့ ဝင်လိုက်သည်။

''ဒဏ်ရာရတဲ့လူနာတွေကို ခေါ်လာပါတယ် ဆရာမလေး''

''ဒီကိုခေါ်လာပါ ... ဆရာမ သူတို့ကို ကြည့်ပေးပါ့မယ်''

ရဲမက်တို့က ဒဏ်ရာရသူများအား တဲအိမ်အတွင်းသို့ ဆွဲခေါ်လာပြီး ဝါးကွပ်ပျစ်များပေါ် တင်ထားလိုက်ကြသည်။

''ဒဏ်ရာပြင်းပြင်းထန်ထန်ရလာတဲ့ လူနာက ဘယ်နှယောက်လဲ''

''အားလုံး ခုနစ်ယောက်ပါ၊ သူတို့ကို အရင်ဆုံး ဆေးကုသပေးပါ ဆရာမလေး''

ပြင်းထန်သော ဒဏ်ရာများရထားသည့် ရဲမက်ခုနစ်ယောက်ကို

..... တစ်ယောက်ပြီး တစ်ယောက် အနာအကျင် သက်သာစေရန် ပထမဆုံး လုပ်ကိုင်ပေးသည်။ ထိုနောက် ခွဲသင့်သည့် ဒဏ်ရာကိုခွဲ၊ ချုပ်သင့်သည့်ဒဏ်ရာကိုချုပ်၊ ဆေးထည့်ပေးသင့်သူကို ဆေးထည့်ပေးနှင့် မာရီယာတစ်ယောက်တည်း လက်မလည်နိုင် ဖြစ်သွားရ၏။

မာရီယာတစ်ယောက်တည်း အပြင်းအထန် ဒဏ်ရာရထားသူ ခုနစ်ယောက်ဖြင့် အလုပ်ရှုပ်နေစဉ်၊ တိုက်ပွဲမှ ပြန်လာဟန်ရှိသော သမိန် အနားမှာ လာရပ်သည်။ သမိန်၏နောက်တွင် မိန်းကလေး တစ်ယောက် ပါလာသည်ကို တွေ့ရသဖြင့် မာရီယာမှာ မအားလပ်သည့်ကြားက မျက်မှောင်ကျုံ့ပြီး ကြည့်မိသည်။ ထိုမိန်းကလေးသည် မောရမြိုင်မှ မိန်းကလေးတစ်ယောက်ဖြစ်ကြောင်း မုတ္တမရှိ နာခံတော်မှူး သီဟသူရ၏နှမ မိဘုန်းဖြစ်ကြောင်း မှတ်မိလိုက်သည်။

''ဟင် ... သူက ဒီကို ဘယ်လိုလုပ် ရောက်လာတာလဲ''

''မုတ္တမကို လှေတစ်စင်းနဲ့ ကူးနေတုန်း မြစ်ထဲမှာ ကင်းလှည့်နေတဲ့ ရဲမက်တွေက တွေ့ပြီး ဖမ်းခေါ်လာတာ၊ ရဲမက်တွေက ဖမ်းခေါ်လာလို့ပေါ့၊ အဲသလိုမှမဟုတ်ရင် စောစောကတိုက်ပွဲမှာ ကြားညပ်ပြီး ကျည်သင့်ခံရပြီ''

''ဟင် ... ဟုတ်လား''

မာရီယာက အကြောက်အရွံ့ကင်းမဲ့စွာ ရပ်နေသော မိဘုန်းကို အံ့အားတသင့်နှင့် ကြည့်မိသည်။ မိဘုန်းက ဒဏ်ရာရထားသူတို့အား မျက်လုံးတစ်ချက်ဝေ့ကြည့်ပြီးနောက် မာရီယာတစ်ယောက်တည်း လုပ်ကိုင်နေသည်ကို ဝင်ကူညီသည်။

''မမ တစ်ယောက်တည်း လုပ်ကိုင်နေရတာ ပင်ပန်းပါတယ်၊ ကျွန်မ မမကို ကူမယ်နော်''

''မိဘုန်း ကူမယ်ဆိုရင် သိပ်အဆင်ပြေမှာပဲ၊ ညီမက သွေးသံရဲရဲ ဖြစ်နေတာကို မကြောက်ဘူးနော်''

''ဟုတ်ကဲ့ ... ကျွန်မက တိုက်တဲ့ခိုက်တဲ့အလုပ်တွေနဲ့ ရင်းနှီးနေတော့ ဒါမျိုးတွေကို မကြောက်ပါဘူး၊ ဒီလူကို ကျွန်မပဲ အဝတ်

သွားပေးလိုက်ပါ့မယ်နော် မမ''

သမိန်က ချက်ချင်း အပေးအယူ မျှသွားသော မာရီယာနှင့် မိဘုန်းတို့ကို ကြည့်ပြီး ပြုံးသည်။ ထို့နောက် သူ့တာဝန်ကို သတိရပြီး ဒဏ်ရာရသူတစ်ယောက် ဒဏ်ရာကို အဝတ်ဖြင့်စည်းနှောင်ပေးနေသော မိဘုန်းကို လက်တို့လိုက်သည်။

''မာရီယာကို ကူညီရင်းနဲ့ ကျုပ်မေးတဲ့ မေးခွန်းတွေကို ဖြေပါ နော် ညီမ၊ မင်းက လှေတစ်စင်းနဲ့ မြစ်ထဲကို ဘာထွက်လုပ်တာလဲ၊ မင်းကို ခေါ်လာတဲ့ သွေးသောက်ကြီးက ပြောတော့ မင်း ဒီဘက်ကမ်း ကို ကူးလာဖို့ လုပ်နေတာဆို''

''ဟုတ်ပါတယ် မောင်ကြီး၊ ကျွန်မက မောင်ကြီးနဲ့ တွေ့ရ အောင်လို့ ဒီဘက်ကမ်းကို လာခဲ့တာပါ''

''ကျုပ်နဲ့တွေ့ရအောင် ... ဟုတ်လား၊ ဘာကိစ္စများရှိလို့လဲ''

''မောင်ကြီးကို သတိပေးချင်တာရှိလို့၊ မောင်ကြီးတစ်ယောက် တည်း မောရမြို့ကို မလာပါနဲ့၊ မောင်ကြီးတို့ဆီမှာ ဒဏ်ရာရသူတွေများ ရင် ဆေးဝါးလိုမယ်၊ အဲဒါအတွက် မောရမြို့ကို ကူးပြီးယူမယ်ဆိုတာ မုတ္တမက သိနေတယ်၊ ဆေးဝါးလိုလို့ ယူရမယ်ဆိုရင်လည်း မောင်ကြီး ကိုယ်တိုင် ထွက်ယူမယ်ဆိုတာကိုလည်း သိနေတယ်၊ ဒါကြောင့် မောင်ကြီး မောရမြို့ဘက်ကူးတာနဲ့ ဖမ်းဆီးရအောင် စီစဉ်ထားတယ်၊ မောရမြို့ မြို့စားက မောင်ကြီးတို့ ဟံသာဝတီကို သစ္စာခံပေမယ့် မောရမြို့မှာ မုတ္တမနဲ့ နီးစပ်သူတွေက အများကြီး ရှိနေပါတယ်''

မိဘုန်း၏ စကားကို နားထောင်ရင်းမှ သမိန်က အသာအယာ ပြုံးသည်။

''ကျုပ်အတွက် အခုလို ဒုက္ခခံတာကို ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ ညီမတစ်ယောက်တည်း ဒီဘက်ကိုလာတာတော့ သိပ်စွန့်စား လွန်းရာ ရောက်ပါတယ်''

''ဒီလမ်းက ကျွန်မ သွားနေလာနေကျလမ်းပါ၊ တစ်ယောက် တည်း လာလို့လည်း ဘာပြဿနာမှ မရှိပါဘူး၊ တစ်ယောက်တည်း

ပြန်ရင်လည်း ဘာမှမဖြစ်လောက်ပါဘူး''

သမိန်က မိဘုန်းအားကြည့်ပြီး သက်ပြင်းချလိုက်သည်။

''ညီမ အခု ဒီကိုရောက်လာပြီးမှတော့ လွယ်လွယ်နဲ့ ပြန်ခွင့် ရမှာမဟုတ်ဘူး၊ ကျုပ်တို့က''

''ကျွန်မကို ဖမ်းထားမယ်ပေါ့ . . . ဟုတ်လား၊ ဖမ်းထားလည်း ရပါတယ်ရှင်၊ ကျွန်မ ဒီမှာနေရင်း ဟောဒီ မမကို ကူညီနေလိုက်တာ ပေါ့''

''အဲဒါ အကောင်းဆုံးပဲ၊ ကျုပ်တို့က ဒီရက်ပိုင်းအတွင်း မုတ္တမ ကို ရအောင် သိမ်းမှာဆိုတော့ မြို့သိမ်းပွဲပြီးမှပဲ မင်းကို မောရမြိုင် အရောက်ပို့ပေးမယ်''

သမိန်က မိဘုန်းအား စူးစိုက်ကြည့်ရင်း တည်ငြိမ်သော အမူ အရာဖြင့် ပြောသည်။ မိဘုန်းက သမိန်ကို ရီဝေသော မျက်လုံးအစုံဖြင့် ကြည့်၏။

မာရီယာသည် သမိန်နှင့် မိဘုန်းတို့ အပြန်အလှန် ပြောဆိုနေ သည့်စကားကို နားထောင်သည်၊ တစ်ဆက်တည်းမှာပင် သူတို့နှစ်ယောက် ကို အကဲခတ်ကြည့်ပြန်သည်။

မိဘုန်းနှင့် အပြန်အလှန်စကားပြောနေသော သမိန့် အမူအရာ က ရိုးရှင်းလှ၏။ သူ့အကြောင်း၊ သူ့အပြောတို့က ရိုးသားနေသည်။ သို့သော် သမိန်ကို ဝေ့ပြန်ကြည့်ရှုပြောဆိုနေသော မိဘုန်းမှာမူ အနည်းငယ် ထူးခြားနေသည် ဟု ထင်၏။ ရီဝေဝေနှင့် ကြည့်တတ်သော မိဘုန်း မျက်လုံးအစုံတွင် သံယောဇဉ်အငွေ့အသက်တို့ကို တွေ့နေရလေသည်။

• • •

ဟံသာဝတီတပ်များကို ဦးစီးအုပ်ချုပ်နေသော တပ်မင်းကြီး ဘုရင့်နောင်ကျော်ထင်နော်ရထာသည် မြင်းစီး၍ ရှေ့မှဦးဆောင်ပြီး သွားနေသော မွန်အမတ် သမိန်ပရူနောက်သို့ မြင်းတစ်စီးနှင့် လိုက်သည်။ သမိန်နှင့် တပ်မင်းကြီး၏ကိုယ်ရံတော်တပ်သားများက နောက်မှနေ၍ မြင်းကိုယ်စီနှင့် လိုက်သည်။

''အခု ငါတို့ မုတ္တမမြို့အထက်ဘက်ကို ရောက်နေပြီနော် သမိန်ပရူ''

''မှန်ပါ့ . . . ရှေ့တစ်ကွေ့ဆိုရင် ကျွန်တော်မျိုးတို့ တည်ဆောက်နေတဲ့ ဝါးဖောင်ဝေ့ ရှိရာကို ရောက်ပါပြီ၊ ဝါးဖောင်တွေကို မြစ်ထဲမျှောချရလွယ်အောင် မြစ်ကမ်းဘေးမှာပဲ လုပ်နေပါတယ်၊ ဒီနေရာက မုတ္တမမြို့ရဲ့ အထက်ဘက်ဖြစ်ပြီး မြစ်ညာကျပါတယ်''

ဘုရင်နောင်ကျော်ထင်နော်ရထာသည် သမိန်ပရူ၏စကားကို နားထောင်ရင်းမှ အကြောင်းအရာတစ်ခုကို သိလိုက်ဟန် ခေါင်းထောင်ကြည့်သည်။

''နေဦး . . . ငါ တစ်ခုမေးပါရစေ၊ မင်း အခု ဆောက်နေတဲ့ ဖောင်တွေဟာ မုတ္တမမြို့ဘက်ကို မျှောချဖို့ ရည်ရွယ်ပြီး ဆောက်နေတာလား''

''မှန်ပါ့ . . . ဒီဝါးဖောင်တွေကို မီးဖောင်အဖြစ်နဲ့ မျှောချရပါ့မယ်၊ ဒါဟာ မုတ္တမရေတပ်ကို ဖျက်ဆီးဖို့အတွက်ပါပဲ''

''ဒီဘက်ကနေ ငါတို့တပ်ဆီကို သစ်တွေ ဝါးတွေ သယ်နေတာကရော''

''သစ်တပ်ဆောက်ဖို့ပါ၊ မုတ္တမမြို့ရိုးထက်မြင့်ပြီး ပြ, လက်ရမ်း, သူရဲပြေး, သူရဲခိုတွေပါတဲ့ သစ်တပ်မှာ အမြောက်လက်နက်တပ်ဆင်ပြီး ရေလမ်းကနေ မုတ္တမမြို့ကို ချဉ်းကပ်ရပါမယ်၊ မီးဖောင်တွေကြောင့် မုတ္တမရေတပ်အပျက်မှာ သစ်တပ်ဖောင်ကြီးနဲ့ မြို့ကို ချဉ်းကပ်ပြီး တိုက်ခိုက်ရင် မုတ္တမမြို့စား မခံနိုင်ဘဲ အရှုံးပေးရပါလိမ့် မယ်''

ဘုရင့်နောင်ကျော်ထင်နော်ရတာက သမိန်ပရူ၏စကားကို နား ထောင်ပြီးနောက် အခြေအနေအရ အရပ်ရပ်ကို တွက်ဆကြည့်သည်။ သမိန်ပရူ၏ စီစဉ်မှုက ထူးခြားကောင်းမွန်နေသဖြင့် ယခုတစ်ကြိမ်တွင် မုတ္တမကို အောင်နိုင်လိမ့်မည် ဟု တွေးမိ၏။

မုတ္တမမြို့၏အထက်ဘက် သံလွင်မြစ်အနီးတွင် ရှိသော ဝါး ဖောင်များ ဆောက်လုပ်နေရာသို့ အရောက်တွင် ဘုရင့်နောင်ကျော်ထင် မြင်းပေါ်မှ ဆင်းသည်။ သမိန်က ကိုယ်ရံတော်တပ်ကို ပတ်ဝန်းကျင်တွင် ဖြန့်ချပြီးနောက် တပ်မင်းကြီးဘုရင့်နောင်နှင့်အတူ ဝါးဖောင်များ လုပ် နေရာသို့ လာရောက် ကြည့်ရှုသည်။

"ဒီဝါးဖောင်တွေက အလျားပေ ခြောက်ရာ, အနံပေ သုံးရာ ရှိတယ်၊ ဒီဖောင်တွေပေါ် မီးအားကောင်းကောင်းနဲ့ လောင်စာအပြည့် တင်ပြီး မျှောချ၊ တစ်ဖက်ကနေ အလျားပေ တစ်ထောင့်နှစ်ရာ, အနံပေ သုံးရာရှိတဲ့ သစ်တပ်ဖောင်နဲ့ တိုက်ရင် မုတ္တမ မခံနိုင်ပါဘူး၊ ဒီက ပြန်ရင် ကျွန်တော်မျိုးတို့ သစ်တပ်ဝါးဖောင်ကြီး ဆောက်နေတာကို ဝင်ကြည့်ပါ့မယ်"

"ကောင်းတယ် ကောင်းတယ် ... မောင်မင်းရဲ့အစီအမံက မုတ္တမကို နိုင်မယ့်အစီအစဉ်လို့ ငါ ယုံကြည်လာပြီ"

ဘုရင့်နောင်ကျော်ထင်နော်ရထာက မီးဖောင်အဖြစ် အသုံးပြု မည့် ဝါးဖောင်ကြီးများကို စစ်ဆေးကြည့်ရှုသည်။

"မနက်ဖြန်ဆိုရင် ရေကြောင်းတပ်ဖွဲ့တွေ ရောက်လာလိမ့်မယ်၊ လှေတပ်တစ်တပ်ကို ဒီမှာချထားပြီး မီးဖောင်တွေ မျှောချတဲ့အလုပ်၊ မီးဖောင်တွေ နောက်ကနေလိုက်ပြီး မုတ္တမသင်္ဘောတွေ မီးလောင်တဲ့ အခါ ထွက်ပြေးမယ့် ကြေးစားတပ်သားတွေကို တိုက်ခိုက်ရှင်းလင်းတဲ့ အလုပ်ကို လုပ်လိမ့်မယ်"

"ကောင်းတယ် ... ဒီကိစ္စကို မောင်မင်းပဲ ဦးစီးပြီး လုပ်ပါ၊ ငါတို့က ကုန်းပိုင်းကနေ မြို့တွင်းကို ဝင်မယ်"

ဝါးဖောင်များ အပြီးသတ် ဆောက်လုပ်နေသည်ကို စစ်ဆေးပြီး

နောက်၊ ဘုရင့်နောင်ကျော်ထင်နော်ရတာက ကျေနပ်ဟန် ခေါင်း တဆတ်ဆတ် ညိတ်၏။

''သမိန်ပရူ''

''အမိန့်ရှိပါအရှင်''

''ဒီနေရာမှ အစောင့်တပ်ဖွဲ့ကို သေသေချာချာ ချထားဖို့တော့ လိုမယ်၊ မီးဖောင်မျှောချတဲ့အခါ တပ်မကြီးက သိအောင်, အချိတ် အဆက်မိအောင် စီစဉ်ဖို့လည်း လိုလိမ့်မယ်''

''အဲဒီအတွက် စီစဉ်ပြီးပါပြီ အရှင်၊ မနက်ဖြန် ရေကြောင်းတပ်ဖွဲ့ ရောက်လာတာနဲ့ တိုက်ပွဲစပါ့မယ်၊ တပ်ဖွဲ့တွေ ရောက်လာပြီး မီးဖောင် တွေ မျှောချတော့မယ်ဆိုတာနဲ့ ဒီကနေ မြင်းသည်တော်လွှတ်ပြီး အကြောင်းကြားပါ့မယ်၊ မြင်းသည်တော်က တပ်မကြီးနဲ့ ဆက်သွယ်ပြီး ပြန်လာတော့မှ ဒီမှာရှိတဲ့ ရေကြောင်းတပ်ဖွဲ့မှူးက မီးဖောင်တွေကို မီးပြင်းတိုက်ပြီး မျှောချပါလိမ့်မယ်''

''ဟုတ်ပြီ ... ဒီက အခြေအနေကို သိပြီဆိုတော့ ငါတို့ သစ်တပ်ကို သွားကြည့်ကြမယ်၊ သစ်တပ်ကရော ရေချဖို့ အသင့် ဖြစ်နေပြီလား''

''ဖြစ်နေပါပြီ အရှင်၊ သစ်တပ်ကို တပ်မကြီးနဲ့နီးတဲ့ မြစ်ကွေ့မှာ ဝှက်ထားပါတယ်၊ သစ်တပ်အပေါ်ကို ဒီညပဲ လက်နက်ခဲယမ်းတွေ, အမြောက်လက်နက်တွေ အပြီးအစီး တင်ကြပါလိမ့်မယ်''

တပ်မင်းကြီး ဘုရင့်နောင်ကျော်ထင်နော်ရထာသည် နေရာမှ ခွာမည့်ဟန် လက်မြှောက်ပြသည်။ သမိန်က ကိုယ်ရံတော်တပ်ဖွဲ့ကို ချက်ချင်း စုစည်းလိုက်၏။ ထို့နောက် ဝါးဖောင်များ ဆောက်လုပ် နေရာမှ ခွာကြသည်။

သမိန်ပရူသည် တပ်ဖွဲ့ရှေ့မှနေ၍ ဦးဆောင်သွားသည်။ မုတ္တမ မြို့နှင့် ဟံသာဝတီတပ်မကြီးကြား မြစ်ကွေ့သို့ အရောက်တွင် ကမ်း ကပ်ပြီး အကွယ်တွင် ရပ်ထားသော ဝါးဖောင်ခံထားသည့် သစ်တပ်ကြီး ကို တွေ့ရသည်။

သစ်တပ်ပေါ်တွင် အစောင့်တပ်ဖွဲ့များ ရှိနေသည်။ အမြောက်တပ်သားများက အမြောက်များကို နေရာချနေကြ၏။ သူတို့၏လှုပ်ရှားမှုက လျင်မြန်တိကျပြီး တိုးတိတ်ညင်သာလှသည်။ အသံဗလံတွေ မပေါ်ထွက်အောင် ထိန်းချုပ်ထားသည့်ဟန်မျိုး ရှိသည်။

ဘုရင့်နောင်ကျော်ထင်နော်ရထာက သစ်တပ်ပေါ်ရှိ သူရဲခို၊ သူရဲပြေး၊ ပြ၊ လက်ရမ်းတို့ကို အသေအချာ စစ်ဆေးကြည့်ရှုသည်။

"မောင်မင်းက တပ်တွေကို ဒီအပေါ်ကနေ အုပ်ချုပ်ပြီး လိုက်မှာလား သမိန်ပရူ"

"ကျွန်တော်မျိုး တိုက်လှေနဲ့ မြစ်အတွင်းကနေ စီမံခန့်ခွဲပါ့မယ်၊ ဒီတပ်မှာက အရှင်ကိုယ်တိုင် အုပ်ချုပ်ပြီး လိုက်ပါသင့်ပါတယ်"

ဘုရင့်နောင်ကျော်ထင်နော်ရထာ တွေခနဲဖြစ်သွားသည်။ သူက တစ်စုံတစ်ရာ ပြောမည်ပြုပြီးမှ မပြောတော့ဘဲ ငြိမ်နေလိုက်သည်။

"မုတ္တမကို ဝိုင်းထားတဲ့ရက်က ကြာနေပါပြီ အရှင်၊ ဟံသာဝတီကလာတဲ့ ရဲမက်တွေ ပင်ပန်းဆင်းရဲသလို မုတ္တမက ရဲမက်တွေနဲ့ ပြည်သူတွေလည်း ဆင်းရဲပင်ပန်းနေကြပါပြီ၊ ဒါကြောင့် . . . ဒီစစ်ပွဲကို အမြန်အဆုံးသတ်ဖို့ ကျွန်တော်မျိုး ကြိုးစားချင်ပါတယ်"

"အေး . . . ကြိုးစားပါ၊ မောင်မင်းကိုရော ဟောဒီမှာ ရှိတဲ့ တပ်မှူးတွေကိုရော ငါတစ်ခုတော့ သတိပေးချင်တယ် . . . သူရဲကောင်းတွေရဲ့အသက် အလဟဿ မဆုံးရှုံးပါစေနဲ့ . . . ကြားကြရဲ့လား"

• • •

# မုတ္တာမ

လောင်စာအပြည့်ပါသော မီးဖောင်များသည် မီးတဟုန်းဟုန်း တောက်လောင်လျက်နှင့် မုတ္တမရေတပ်ရှိရာသို့ တစ်ရှိန်ထိုး ဝင်လာသည်။

ရေစီးသန်လှသော သံလွင်မြစ်အတွင်း တစ်ရှိန်ထိုးမျှောပါလာသော မီးဖောင်များသည် မြစ်လယ်တွင် ရပ်ထားသော ရွက်သင်္ဘောများရှိရာသို့ တစ်ဟုန်ထိုး တိုးဝင်သည်။ မီးဖောင်ပေါ်တွင် တဟုန်းဟုန်း တောက်လောင်နေလျက်ရှိသည့် မီးက ရွက်သင်္ဘောသို့ ကူးခတ်သည်။ ချက်ချင်းဆိုသလိုပင် ရွက်သင်္ဘောပေါ်၌ ချက်ချင်း မီးစွဲလောင်သည်။

ရွက်သင်္ဘော တစ်စီးပြီးတစ်စီး မီးစွဲလောင်သည်နှင့် သင်္ဘောပေါ်မှ ပေါ်တူဂီတပ်မှူး၊ ဗိုလ်တို့အပါအဝင် မုတ္တမရဲမက်တို့မှာ ဘေးအန္တရာယ်မှ လွတ်မြောက်စေရန် မြစ်အတွင်းသို့ ခုန်ချသည်။ ထိုအခါ အသင့်စောင့်နေသော ဟံသာဝတီရေတပ်က လိုက်လံ တိုက်ခိုက်၏။

ဟံသာဝတီတပ်မင်းကြီး ဘုရင့်နောင်ကျော်ထင်နော်ရထာသည် မုတ္တမမြို့ရိုးနှင့် အမြင့်ညီအောင် တည်ဆောက်ထားသည့်သစ်တပ် တပ်ဖောင်ကို ကိုယ်တိုင်ဦးစီးပြီး မြစ်အတွင်းမှနေ၍ မုတ္တမကို ချဉ်းကပ်သည်။ သစ်တပ်ပေါ်မှ သူရဲရို့ သူရဲပြေးတို့ မုတ္တမမြို့ရိုးနှင့် တစ်တန်းတည်း ဖြစ်လာ၏။ ထိုအခါ ဟံသာဝတီတပ်က အမြောက် စိန်ပြောင်းတို့ဖြင့် ပစ်ခတ်သည်။ မြို့ရိုးပေါ်တွင် ရှိနေသော မုတ္တမ ရဲမက်တို့ အတုံးအရုံး ကျဆုံး၏။

ရေကြောင်းမှ တိုက်ခိုက်နေသော ဟံသာဝတီတပ်ကို အားဖြည့်သည့်အနေနှင့် ကုန်းတပ်က ဆင်မြင်းအစုံဖြင့် မုတ္တမမြို့တွင်းသို့ ဝင်ရန် ကြိုးစားသည်။ မုတ္တမရဲမက်တို့က တံတိုင်းကြီးသဖွယ်မြို့ကို အခိုင်အမာ ကာကွယ်ရန် ဝင်ပေါက်မှန်သမျှကို ပိတ်သည်။ မုတ္တမ၏ အရှင်သခင် စောဗညားကိုယ်တိုင် ဆင်စီးပြီး မြို့ပြင်ကို ထွက်၏။

မုတ္တမရဲမက်များက သူတို့၏အရှင်သခင်ကို ဝိုင်းရံကာကွယ်သည့် အနေအထားနှင့် လိုက်ပါသည်။ မုတ္တမြို့အပြင်ကို ရောက်သည်နှင့် ၎င်းတို့က မြို့တွင်းသို့ ဝင်ရန် ကြိုးစားနေသော ဟံသာဝတီတပ်ကို တစ်ဟုန်ထိုး တိုက်ခိုက်သည်။

မြင်းနှင့် မြင်းချင်း၊ ဆင်နှင့် ဆင်ချင်း တိုက်ခိုက်သည့်တိုက်ပွဲမှာ လွန်စွာ ပြင်းထန်၏။ နှစ်ဖက်စစ်သည်ရဲမက်တို့သည် မိမိတို့၏ ဂုဏ်သိက္ခာအတွက် တိုက်နေရခြင်းဖြစ်ပြီး၊ တိုက်ခိုက်နေရင်းကပင် တစ်ဖက်၏ အခြေအနေကို တစ်ဖက်က သိလာသည်။ မုတ္တမသားတို့မှာ အရှုံးမပေးလိုစိတ် ပြင်းထန်နေပြီး ဟံသာဝတီသားတို့မှာ အနိုင်ယူလိုစိတ် ပြင်းထန်နေကြသည်။

မုတ္တမနှင့် ဟံသာဝတီတို့သည် သတ္တိအရာတွင် တူညီကြ၊ စိတ်ဓာတ်ပြင်းထန်ရာတွင် တူညီကြသော်လည်း အင်အားချင်း မတူညီ။ ဟံသာဝတီက မုတ္တမထက် အင်အား သာလွန်ပြီး အပြန်အလှန် တိုက်ခိုက်ရာတွင် အသာစီးရနေ၏။ မုတ္တမရဲမက်တို့မှာ ပြင်းထန်သော တိုက်ခိုက်မှုတွင် အထိနာနေသည်။

ဒီဂါမာသည် အမြောက်တပ်သားများကို အုပ်ချုပ်ပြီး သစ်တပ်ပေါ်မှနေ၍ မုတ္တမမြို့ရိုးပေါ်သို့ ခုန်ကူးပြေးဆင်းကာ အနီးကပ်တိုက်ခိုက်လာသော ဟံသာဝတီရဲမက်များကြောင့် အမြောက်စိန်ပြောင်း စသည့် လက်နက်ကြီးများကို မသုံးနိုင်။ အနီးကပ်တိုက်ပွဲအတွင်း ဓားလှံလက်နက်တို့ကိုသာ သုံးနေရ၏။

''ဟံသာဝတီသားဟေ့''

''မုတ္တမသားတွေ အသက်ရှည်ရှည်နေချင်ရင် လက်နက်ချကြစမ်း''

''မုတ္တမသားရေ . . . ငါတို့ သွေးမကြောင်ဘူး၊ ငါတို့ အရှင်အတွက် အသေခံမယ်၊ တိုက်ကြစမ်း''

ဟံသာဝတီတပ်မှ ကြွေးသံပေး အော်ဟစ်သံကို မုတ္တမတပ်က ဝံ့ပြန်သည်။ တစ်ဆက်တည်းပင် တစ်ဖက်နှင့်တစ်ဖက် မျက်နှာချင်းဆိုင်ကာ ဓားဓားချင်း, လှံလှံချင်း ယှဉ်ပြိုင်တိုက်ခိုက်ကြ၏။

ဒီဂါမာက ဓားရှည်တစ်လက်ဖြင့် ဟံသာဝတီရဲမက်တို့အား တိုက်ခိုက်သည်။ ဒီဂါမာ၏ဓားချက်တိုင်းက တိကျမှန်ကန်ပြီး ပြင်းထန်ထိရောက်သဖြင့် ဟံသာဝတီရဲမက် တစ်ယောက်ပြီးတစ်ယောက် ကျဆုံးသည်။ ဟံသာဝတီသားတို့က ဒီဂါမာ၏အနားသို့ မကပ်နိုင်။ ဝိုင်းပတ်ရုံဝိုင်းပတ်ထား၏။ ထိုသူတို့၏နောက်တွင် တပ်မှူးလေး သမိန် ရှိနေသည်။

''တပ်မှူးလေး . . . ရန်သူဘက်က ပေါ်တူဂီတပ်မှူးက ဓားရေးကောင်းလှပါတယ်၊ ကျွန်တော်မျိုးတို့ အနားကို မကပ်နိုင်ကြပါဘူး''

''ဟုတ်လား . . . ဒါဆိုရင် ငါပဲ သူ့အနားကို ကပ်ရတော့မှာပေါ့''

သမိန်က ဓားကိုဝင့်ပြီး ဒီဂါမာအနားသို့ ပြေးဝင်သည်။ သူ့နှုတ်မှလည်း ဒီဂါမာကြားအောင် အော်လိုက်သော အသံ တိုးထွက်သွားသည်။

ဒီဂါမာက သမိန့်အသံကိုကြားသည်နှင့် ဖျတ်ခနဲ လှည့်ကြည့်သည်။ ရဲရင့်တည်ကြည်ဟန်တွေ ဖုံးလွှမ်းနေသော သူ့မျက်နှာတွင်

ထူးခြားသော အပြုံးတစ်ရပ် ပေါ်လာသည်။ ပြုံးရင်းကပင် သူသည် သူ့ပတ်ဝန်းကျင်တွင်ရှိနေသော ဟံသာဝတီရဲမက်တို့အား တိုက်ခိုက်သည်။

"ငါ လာပြီ ဒီဂါမာ၊ မင်းကို ငါ့သတ်ချင်ဘူး၊ လက်နက်ချလိုက်ပါ၊ အဲဒါဆို မင်းအသက်ကို ငါ ချမ်းသာပေးမယ်"

ဒီဂါမာ ခေါင်းခါသည်။

"သူ့ဆန်စားရင် ရဲရတယ် သမိန်၊ ငါ သေရမှာကို မကြောက်ဘူး၊ သစ္စာဖောက်ရမှာကိုပဲ ကြောက်တယ်၊ အချိန်ကုန်တယ်၊ မင်းတို့ကို သတ်မယ်ဆိုရင် ရှေ့တက်ခဲ့ပေတော့"

"အေး ... ငါလာပြီဟေ့"

သမိန်က ငြာသံပေးအော်ဟစ်ပြီး ရှေ့ကို ပြေးတက်သည်။ သမိန်၏ ပြေးလမ်းပေါ်တွင်ရှိသော ဟံသာဝတီရဲမက်များ ဘေးတစ်ဖက်သို့ ရွှေ့ဖယ်ရှောင်တိမ်းကြ၏။

သမိန်သည် ဒီဂါမာရှိရာသို့ ပြေးဝင်ပြီး ဓားဖြင့် တစ်ဟုန်ထိုးဝင်ရောက်တိုက်ခိုက်သည်။ ဒီဂါမာက သမိန်၏တိုက်ကွက်ကို လျင်မြန်ပေါ့ပါးစွာ ရှောင်တိမ်းသည်။ သမိန်က ဒီဂါမာ ရှောင်တိမ်းရာဘက်သို့ ရှောင်လိုက်ပြီး တိုက်ခိုက်သည်။

ဒီဂါမာသည် ရှောင်တိမ်း၍ မရတော့သဖြင့် သမိန်အား ပြန်လည် တိုက်ခိုက်သည်။ သူ၏တိုက်ခိုက်မှုက လျင်မြန်ကြမ်းတမ်းသော သမိန်၏ တိုက်ခိုက်မှုနှင့် မတူ။ အလေးသာနေသကဲ့သို့ ရှိသည်။ သူက တုံ့ပြန်တိုက်ခိုက်ခြင်းထက် ရှောင်တိမ်းခြင်းကိုသာ ပို၍ အားစိုက်နေ သည့်ဟန်ရှိသည်။

"ဟိတ် ... ဘာလုပ်နေတာလဲ၊ မင်း ... ယောကျ်ား မဟုတ်ဘူးလား၊ ငါ့ကို ပြန်တိုက်လေ"

သမိန်၏အသံ ကျယ်လောင်စွာ ပေါ်လာသည်။ ဒီဂါမာသည် ရှောင်လိုက်တိမ်းလိုက် တစ်ချက်တစ်ချက်တွင် တုံ့ပြန်တိုက်ခိုက်လိုက် လုပ်နေရာမှာ သမိန်၏မျက်နှာကို ဖျတ်ခနဲ လှမ်းကြည့်သည်။ ဒီဂါမာ၏

ထိုအကြည့်က အပြင်းအထန်တိုက်ခိုက်နေသော သမိန့်ဓားချက်များ တုံ့နှေးသွားစေသည်။

"တက်ကြစမ်းဟေ့၊ ဟံသာဝတီတွေ ဘာလုပ်နေတာလဲ၊ သူတို့ကို အမိဖမ်း၊ အသက်မသေစေနဲ့"

သမိန်က ဒီဂါမာအား ဆက်လက် တိုက်ခိုက်ခြင်း မပြုတော့ဘဲ ဓားချက်ကို သိမ်းသည်။ သူက အပြင်မှဝိုင်းအုံထားသော မုတ္တမတပ်သားများကို လှည့်ပြီးတိုက်ခိုက်ဖို့ ဟန်ပြင်သည်။ မုတ္တမရဲမက်များက နောက်ကို ခြေတစ်လှမ်းဆုတ်ပြီး အသင့်ပြင်၏။ ထိုအချိန်မှာပင် သမိန်၏ခြေကန်ချက်တစ်ချက် ဒီဂါမာထံသို့ တန်းခနဲဝင်လာသည်။ ထိုခြေကန်ချက်က ဒီဂါမာနဲ့၏နံကြားသို့ ဝင်သည်။ ဖြောင်းခနဲ မြည်သံနှင့်အတူ ဒီဂါမာ လဲကျသွားသည်။ သမိန်က ဒီဂါမာအား ဆက်လက်တိုက်ခိုက်ခြင်း မပြုတော့ဘဲ နောက်ဆုတ်လိုက်သည်။

"သူ့ကို ဖမ်းခေါ်သွားတော့"

ဟံသာဝတီရဲမက်များသည် ဒီဂါမာ၏ဘေးတွင် ဝိုင်းသွား၏။ သမိန်က ဓားတစ်လက်ဖြင့် မုတ္တမရဲမက်များကြားထဲသို့ ပြေးဝင်သည်။ သမိန်ပြေးလာသည်ကိုမြင်ပြီး မုတ္တမရဲမက်များ ဖရိုဖရဲ ဖြစ်ကုန်၏။

"ဟံသာဝတီဟေ့ . . . အသက်သေချင်ရင် လက်နက်ချကြ"

သမိန်က ကြသံပေးအော်ဟစ်ပြီး မုတ္တမရဲမက်များကို ဝင်ရောက်တိုက်ခိုက်သည်။ သမိန်၏နောက်မှ ဟံသာဝတီရဲမက်များ ကပ်ပါလာ၏။

တိုက်သံခိုက်သံတွေ ဆူညံလာသည်။ သစ်တပ်ပေါ်တွင် ရှိနေသော ဟံသာဝတီရဲမက်တို့ တစ်ယောက်ပြီးတစ်ယောက် မုတ္တမမြို့ရိုးပေါ်သို့ ခုန်တက်ကြသည်။

မုတ္တမရဲမက်တို့က အသက်စွန့်ပြီး တိုက်ပွဲဝင်သည်။ မုတ္တမမြို့ထိပ်တွင် အလောင်းချင်း ထပ်ကုန်၏။

● ● ●

မုတ္တမပတ်ဝန်းကျင်မှာ ပစ်သံ၊ ခုတ်သံ၊ တိုက်ခိုက်သံ၊ ငြာသံပေး အော်ဟစ်သံတို့ဖြင့် ဝက်ဝက်ကွဲမျှ ဆူညံနေ၏။

ဟံသာဝတီရဲမက်တို့သည် မြို့တွင်းသို့ တစ်ဟုန်ထိုးဝင်သည်။ မုတ္တမသားတို့ကလည်း အလျှော့မပေး၊ အညံ့မခံ။ ရှပ်ရှပ်ခွံခွံ ပြန်လည်တိုက်ခိုက်သည်။

ဆင်စီးပြီး မြို့ပြင်ထွက်၍ တိုက်ခိုက်နေသော စောဗညားသည် အကြောက်အလန့် မရှိ။ မုတ္တမကို ကာကွယ်နိုင်ရေးအတွက် သေကွင်းသေကွက်များထဲသို့ပင် တိုးဝင်တိုက်ခိုက်သည်။

ဘုရင့်နောင်ကျော်ထင်နော်ရထာ ဦးစီးသော တပ်မှ သူရဲကောင်းတစ်ဦးဖြစ်သော နန္ဒကျော်သူသည် တိုက်ပွဲတွင် ဦးစီးနေသော စောဗညားကို မြင်သည်နှင့် ဆင်စီးပြီး လိုက်သည်။

နာခံတော်မှူးသည် နန္ဒကျော်သူ ဆင်ကို ချွန်းဖွင့်ပြီး ဝင်လာတာကို မြင်သည်။ သူက စောဗညားအား ကာကွယ်ရန်ပြင်၏။

''သတိထားပါ အရှင် ... ဟံသာဝတီရဲမက်တွေက အရှင့်ကို ဦးတည်ပြီး တိုက်ခိုက်လာကြပါလိမ့်မယ်၊ ကျွန်တော်မျိုးတို့ အရှင့်ကိုယ်စား ရန်သူကို တိုက်ခိုက်ပါ့မယ်၊ ဘေးလွတ်ရာကို ရွှေ့ပါ အရှင်''

''တိတ်စမ်း ... မင်းက ငါ့ကို ထွက်ပြေးတိမ်းရှောင်ခိုင်းနေတာလား''

''မပြုဝံ့ပါ အရှင်''

''ငါ့ကို သတိပေးနေမယ့်အစား မင်း ရှေ့က ရန်သူကို တိုက်ပါ၊ နာခံတော်မှူး ... ငါ့ဆီလာတဲ့ ရန်သူကို ငါ မရှောင်ဘူး။ ငါ့ကို အနှောင့်အယှက်ဖြစ်အောင် မလုပ်နဲ့ ... လမ်းရှင်းစမ်း''

နာခံတော်မှူးက စောဗညား၏ရှေ့မှ ကာဆီးမည်ပြုရာက ဖယ်သည်။ ထိုအခါ စောဗညားက ချွန်းဖွင့်ပြီး ဝင်လာသော နန္ဒကျော်သူကို ရင်ဆိုင်တိုက်ခိုက်သည်။

စောဗညားနှင့် နန္ဒကျော်သူတို့ တိုက်ခိုက်နေသည်ကို ဟံသာဝတီ၏ ဆင်စီး မြင်းစီးသူရဲကောင်းများက မြင်ပြီး ဝိုင်းလာသည်။

စောဗညား၏ဘေးတစ်ဖက်တွင် ရံနေသော နာခံတော်မှူးမှာ ရန်သူများကြားသို့ ရောက်သွား၏။ သူက ရန်သူတို့အား တိုက်ခိုက်ရင်း စောဗညားဘက်သို့ လှမ်းကြည့်သည်။ မုတ္တမ၏အရှင်သခင် စောဗညားမှာ ဆင်အထွေးထွေး၊ မြင်းအထွေးထွေးကြားမှာ ပျောက်နေသကဲ့သို့ ရှိသည်။

"မုတ္တမရဲမက်တွေ . . . ငါတို့အရှင်သခင်ကို ကာကွယ်ကြစမ်း"

နာခံတော်မှူးက အော်ဟစ်ပြောဆိုရင်း စောဗညားထံသို့ ဝင်နိုင်ရန် ကြိုးစားသည်။ ထိုအချိန်မှာပင် မြားတစ်စင်းက နာခံတော်မှူး၏ရင်ကို ထိုးဖောက်ဝင်ရောက်သည်။ နာခံတော်မှူးမှာ မြားချက်ကြောင့် ဆင်ထက်မှ ကျ၏။

စောဗညားမှာ နာခံတော်မှူးအဖြစ်ကို မသိ။ မိမိအပါးတွင် ဝိုင်းနေသော ဟံသာဝတီရဲမက်တို့အား ပြင်းပြင်းထန်ထန် ပြန်လည်တိုက်ခိုက်နေသည်။

ဆင်နှင့်လူ၊ မြင်းနှင့်လူ ရောရောနှောနှော၊ ရှုပ်ရှုပ်ထွေးထွေးရှိနေစဉ် ပြင်းထန်သော အရှိန်တစ်ခု စောဗညား၏ဆင်ကို ဝင်ဆောင့်၏။ ဟံသာဝတီသူရဲကောင်း၏ဆင်က စောဗညား၏ဆင်ကို အစွယ်ဖြင့်ထိုးကာ တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။ ထိုသို့ အတိုက်အခိုက်ခံရမှုကြောင့် စောဗညား ဆင်ထက်မှ ကျသည်။

လူတခြား၊ လှံတခြား မြေပြင်ပေါ်သို့ အကျတွင် စောဗညားက အတင်းကုန်းထသည်။ ထိုအချိန်တွင် ဆင်တစ်စီးပေါ်မှ လူတစ်ယောက်ရိပ်ခနဲ ခုန်ဆင်းလာပြီး စောဗညား၏ချိုစောင်းကို ဓားနှောင့်ဖြင့် ထုသည်။ နင့်သီးနာကျင်သော ခံစားချက်နှင့် စောဗညားအတွက် တစ်လောကလုံး အမှောင်ဖုံးသွား၏။

စောဗညားအား လက်ရဖမ်းဆီးလိုက်နိုင်သော နန္ဒကျော်သူက သတိလစ် မေ့မြောနေသော စောဗညားအား တပ်မှူးငယ်တစ်ဦးလက်သို့ အပ်သည်။ ထို့နောက် မြင်းစီးသူရဲကောင်းတစ်ယောက်ထံမှ မြင်းကို သူစီးပြီး ဗြောသံပေး အော်ဟစ်ကာ တိုက်ပွဲဆက်ဝင်သည်။

''မင်းတို့အရှင်သခင်ကို ငါတို့ရပြီ၊ စောဗညားကို ငါတို့ရပြီ၊ လက်နက်ချကြဟေ့၊ မုတ္တမသားတွေ အရှုံးပေးကြဟေ့''

နန္ဒကျော်သူ၏အော်ဟစ်သံက တိုက်ပွဲကွင်းပြင်ကြီးတစ်ခုလုံးသို့ ပျံ့သွားသည်။ အနိုင်မခံ အရှုံးမပေးဘဲ တိုက်ပွဲဝင်နေကြသော မုတ္တမရဲမက်တို့သည် ၎င်းတို့၏အရှင်သခင် အဖမ်းအဆီးခံလိုက်ရပြီဆိုသည့် အသိနှင့် ဆက်လက်တိုက်ပွဲဝင်ခြင်း မပြုတော့။ အံတကြိတ်ကြိတ် တက်တခေါက်ခေါက်နှင့် လက်နက်ချလိုက်ကြသည်။

ဟံသာဝတီရဲမက်တို့သည် အစုလိုက်အပြုံလိုက် မုတ္တမမြို့တွင်းသို့ ဝင်သည်။ မုတ္တမမြို့တွင်း၌ ငိုသူငို၊ ပြေးသူပြေးနှင့် ရုတ်ရုတ်သဲသဲ ရှိနေ၏။

တပ်များကို ဦးစီးအုပ်ချုပ်နေသော ဘုရင့်နောင်ကျော်ထင်နော်ရထာက ကုန်းကြောင်းချီတပ်မှလည်းကောင်း၊ သစ်တပ်ပေါ်မှ မြို့တွင်းသို့ ဝင်သည့်တပ်မှလည်းကောင်း၊ မြစ်အတွင်းရှိ မုတ္တမရေတပ်ကို မီးဖောင်များ မျှောချဖျက်ဆီးကာ အနိုင်ယူလိုက်သော ရေကြောင်းဝပ်မှလည်းကောင်း အောင်ပွဲရကြောင်း သတင်းပို့သည်နှင့် မုတ္တမကို အောင်မြင်စွာ သိမ်းပိုက်နိုင်ပြီဖြစ်ကြောင်း ဟံသာဝတီပြည့်ရှင် မင်းတရားရွှေထီးထံ လျှောက်တင်ကာ မြို့ကို အပ်လေသည်။

ဟံသာဝတီပြည့်ရှင်မင်းတရားရွှေထီးသည် အဆောင်အယောင်အခမ်းအနားဖြင့် မြို့တွင်းသို့ ဝင်သည်။ မုတ္တမစား စောဗညား၏ ထီးနန်းထက်တွင် တက်ရောက်စံမြန်းသည်။ ဟံသာဝတီကို စိန်ခေါ်ခဲ့သော စောဗညားသည်လည်းကောင်း၊ မုတ္တမသူရဲကောင်း နာခံတော်မှူးသည်လည်းကောင်း၊ မုတ္တမစား၏ သစ္စာခံတပ်မှူး ဒီဂါမာတို့သည်လည်းကောင်း အရှုံးနှင့် ရင်ဆိုင်ကာ ဟံသာဝတီ၏ အကျဉ်းသားအဖြစ်သို့ ရောက်ရှိခဲ့ကြလေ၏။

• • •

မုတ္တမနန်းတော်၏ နန်းရင်ပြင်တွင် ငြိမ်သက်ခြင်းက လွှမ်းမိုးထားသည်။ စစ်နိုင်သူ ဟံသာဝတီပြည့်ရှင် မင်းတရားရွှေထီးသည် နန်းပလ္လင်ထက်မှ နေ၍ ညီလာခံသို့ ရောက်ရှိ ခစားနေသော ဟံသာဝတီ မှူးမတ်များ၊ စစ်သေနာပတိ အပါအဝင် သူရဲကောင်းများ၊ စစ်ရှုံးသော မုတ္တမစားနှင့် မှူးမတ်များ၊ မုတ္တမသူရဲကောင်း စစ်သူကြီးများကို မျက်လုံးတစ်ချက် ဝေ့ကြည့်သည်။ ကြမ်းပြင်နှင့် နဖူးထိအောင် ဦးညွှတ်အောင် ခစားနေသူတို့အတွင်းမှ ထင်ရှားစွာ ပေါ်လွင်နေသော မုတ္တမစား စောဗညားထံသို့ အကြည့်ရောက်သွားစဉ်၊ မင်းတရားရွှေထီး၏ မျက်လုံးအစုံ အရောင်တဖျပ်ဖျပ်လက်လာသည်။

''မုတ္တမစား စောဗညား ... သင့်ကို ငါ စစ်ဆေးမေးမြန်စရာရှိလို့ မော်ဖူးစေဗျာ''

စစ်နိုင်သူ ဟံသာဝတီဘုရင်ရှေ့တွင် ဒူးထောက်ခေါင်းငုံ့ခစားနေသော စောဗညားက ဖြည်းညင်းစွာ မော်ကြည့်ပြန်လာသည်။ အရှုံးကို ရင်ဆိုင်နေရသူဖြစ်သော်လည်း စောဗညား၏ မျက်နှာအမူအရာက တည်ကြည်၏။ အရောင်လက်နေသော စောဗညား၏ မျက်လုံးအစုံမှာ အကြောက်တရား မရှိ။ မင်းတရားရွှေထီးက စောဗညားအား ကြည့်နေရင်းမှ ပြုံးတော့မယောင်ဖြစ်သွားသည်။

''မုတ္တမစား ... သင်ဟာ စစ်ရှုံးပေးမယ့် ဝမ်းနည်းတဲ့ဟန်မရှိ၊ ကြောက်ရွံ့တဲ့ဟန် မရှိ၊ ငါ့ကို မခန့်မငြား အားပြိုင်စိန်ခေါ်ချင်စိတ်မကုန်ခန်းသေးဘူးလား''

မင်းတရားရွှေထီး၏ မေးသံက ညီလာခံခန်းမကြီးတစ်ခုလုံးပျံ့နှံ့သွားမတတ် တည်ငြိမ်အေးစက်စွာ ပေါ်လာသည်။ ထိုမေးသံ၏နောက်ကွယ်မှာ ရက်စက်ခြင်း၊ ပြတ်သားခြင်း စသည့် အရိပ်နိမိတ်တွေပါနေသည် ဟု ညီလာခံခန်းမတွင် ရှိနေသူတို့ ခံစားခန့်မှန်းမိကြသည်။

''မှန်လှပါ ... ယောကျ်ားကောင်းဆိုတာ အရှုံးနဲ့ ရင်ဆိုင်ရပေမယ့် သွေးမကြောင်သင့်ပါဘူး အရှင်မင်းမြတ်၊ ကျွန်တော်မျိုးဟာ အရှင်မင်းမြတ်ကို အားပြိုင်နိုင်ခြင်း မရှိလို့ အကျဉ်းသားဖြစ်နေရပေ

မယ့် ယောက်ျားကောင်းပီပီ သေခြင်းနဲ့ ရင်ဆိုင်ဖို့ ဆုံးဖြတ်ထားပြီး သားမို့ ကျွန်တော်မျိုးရဲ့ရင်မှာ အကြောက်တရား မရှိပါ အရှင်မင်းမြတ်''

မင်းတရားရွှေထီး အပြုံးအရယ် မရှိသော မျက်နှာနှင့် စောဗညား အား ကြည့်သည်။

''သင်ဟာ တိုက်ခိုက်ရည် ကောင်းသလို၊ အပြောအဆိုလဲ လိမ္မာပါးနပ်ပါတယ်၊ သင်က ငါ့စစ်သူကြီးကို ဆင်နဲ့ စီးချင်းတိုက်ခဲ့ တယ်လို့ ဆိုတယ်၊ ဆင်နဲ့ စီးချင်းတိုက်သူဟာ ဘယ်သူများလဲ''

''မှန်လှပါ ... လူကို ကျွန်တော်မျိုး မသိပါဘူး၊ ဆင်စီးအမတ် ဟာ အသားနီပါတယ်၊ နှာရောင်ကောက်ပါတယ်၊ သူ စီးတဲ့ဆင်က သန်မြန်ပါတယ်၊ အစွယ်ကောက်ပါတယ်''

မင်းတရားရွှေထီးက ခေါင်းတဆတ်ဆတ် ညိတ်သည်။ ထို့နောက် ရာဇပလ္လင်တော်ဘက် သလွန်ထက်တွင် ရှိနေသော ဘုရင့်နောင် ကျော်ထင်နော်ရထာအား လှမ်းကြည့်သည်။

''နောင်တော် စစ်မေးပါဦး''

ဘုရင့်နောင်ကျော်ထင်နော်ရထာက စောဗညားဘက်သို့ လှည့် လိုက်သည်။

''သင်က တိုက်ပွဲ ဝင်နေရင်း ရန်သူစစ်ကြီးကို အသေအချာ မှတ်မိအောင် ကြည့်နိုင်သလား အမှန်ကို ပြောပါ မုတ္တမစား''

''ကျွန်တော်မျိုး အမှန်ကို ပြောနေတာပါ၊ ဆင်စီးအမတ်ကို မြင်ရင် မှတ်မိပါတယ်''

''ကောင်းပြီ ... ဒါဆိုရင် ဒီမှူးမတ်တွေထဲမှာ သင်နဲ့ တိုက် ခိုက်တဲ့ ဆင်စီးအမတ် ပါ,မပါ ကြည့်စမ်းပါ''

စောဗညားက ညီလာခံခန်းမတွင် ရှိနေသော မှူးမတ်များကို ကြည့်သည်။ မှူးမတ်များကြားတွင် ရှိနေသော နန္ဒကျော်သူကို မြင်သည် နှင့် ညွှန်ပြပြီး ...

''ကျွန်တော်မျိုးနဲ့ စီးချင်းတိုက်ခဲ့သူဟာ သူပါပဲ''

စောဗညားထံမှ အဖြေကို ရသည်နှင့် ဘုရင်နောင်ကျော်ထင်နော်ရထာသည် နန်းပလ္လင်ထက်တွင် ရှိနေသော မင်းတရားရွှေထီးဘက်သို့ လှည့်လိုက်သည်။

"တိုက်ပွဲမှာ စောဗညားကို လက်ရ ဖမ်းနိုင်သူဟာ စစ်သူကြီးနန္ဒကျော်သူ ဖြစ်ပါတယ် အရှင်၊ စစ်ရှုံးသူ စောဗညားဟာ ရှုပ်ထွေးနေတဲ့ တိုက်ပွဲကြားမှာ တွေ့ခဲ့တဲ့ ပြိုင်ဖက်ကို မှတ်မိတယ်၊ ကြည့်နိုင်ခဲ့ပါတယ် ညီတော် ဘုရင်မင်းမြတ်"

ဘုရင့်နောင်ကျော်ထင်နော်ရထာ၏ စကားကို အကြားတွင် မင်းတရားရွှေထီးက အသာအယာ ပြုံးသည်။

"သင်ဟာ၊ စစ်ပွဲလည်း မကြောက်၊ အရှုံးကိုလည်း မကြောက်၊ သေရမှာကိုလည်း မကြောက်တဲ့အပြင် တိုက်ပွဲအတွင်း ဆင်အထွေးထွေး၊ မြင်းထွေးထွေး ရှိချိန်မှာတောင် သင့်ရန်သူကို အသေအချာ မှတ်မိအောင် ကြည့်နိုင်တယ်၊ စိတ်ဓါတ်ကြံ့ခိုင်လို့ ယောကျ်ားပီသတဲ့အတွက် သင့်လိုလူကို ရန်သူဆိုပြီး ငါ မသတ်လိုဘူး။ ရဲရင့်ပြီး သတ္တိရှိတဲ့ သင့်အသက်ကို ငါ ချမ်းသာပေးတယ်၊ သင် တောင်းလိုရာဆုကို ဒီနေရာမှာ တောင်းပါ စောဗညား"

စောဗညားကိုယ် တဆတ်ဆတ် တုန်သွားသည်။ သူက တစ်ခဏမျှ နေပြီးနောက် သူ့အပါးတွင် ရှိနေသော မုတ္တမစစ်သူကြီးများအား ကြည့်သည်။

"မှန်လှပါ ... ကျွန်တော်မျိုးကို မုတ္တမမှာ ဆက်နေခွင့်ပေးပါ၊ ကျွန်တော်မျိုးနဲ့အတူ နာခံတော်မှုနဲ့ တပ်မှူးလေး ဒီဂါမာ့တို့ကိုပါ နေခွင့်ပေးပါ အရှင်မင်းမြတ်"

မင်းတရားရွှေထီးက စောဗညား၏ စကားကို နားထောင်ရင်း မျက်မှောက်ကျုံ့ကြည့်လိုက်သည်။

''မင်း တောင်းဆိုတာကို ငါလက်ခံတယ်၊ ဒါပေမဲ့ တစ်ခုကိုတော့ ရှင်းလင်းအောင် ပြောပါ … နာခံတော်မူးက သင့်ရဲ့လက်ရုံးမို့ အနားမှာ ခေါ်ထားချင်တာ သဘာဝကျပါတယ်၊ ဒီဂါမာဆိုတဲ့ အမျိုးခြားကတော့''

''မှန်လှပါ … သူဟာ ကျွန်တော်မျိုးအပေါ် သစ္စာရှိသူ၊ ကျွန်တော်မျိုးအတွက် အသက်ပေးဝံ့သူဖြစ်ပါတယ်၊ ဒါကြောင့် သစ္စာကြီးတဲ့ တပ်မှူးလေးရဲ့အသက်နဲ့လူကို တောင်းဆိုခြင်း ဖြစ်ပါတယ်''

''ကောင်းပါပြီဗျာ၊ မောင်မင်း သစ္စာရှိ လူယုံများနဲ့ နေစေ၊ တစ်ခုတော့ မှတ်ထားပါ မုတ္တမစား … နောက်ကစ်ကြိမ် ငါ့အပေါ် မခန့်မငြားပြုရင် အသက်ပေးရပါလိမ့်မယ်''

● ● ●

# အနိုင်နှင့် အရှုံး

# သို့

# ရယူခြင်းနှင့် ပေးဆပ်ခြင်း

ဝင်လုဆဲ နေလုံးကြီးသည် အနောက်ဘက် တောင်တန်းများ ပေါ်တွင် မှေးတင်နေသည်။ ဟံသာဝတီတပ်များသည် မုတ္တမမြေမှ တစ်ဖွဲ့ပြီးတစ်ဖွဲ့ ထွက်ခွာနေ၏။ ရဲမက်တို့၏ ခြေသံပြင်းပြင်းကလည်း ကောင်း၊ ဆင်သံ၊ မြင်းသံတို့ကလည်းကောင်း မုတ္တမကို နှုတ်ဆက်နေ သည့်ဟန်နှယ်။

သစ်သားချိုင်းထောက်တစ်ချောင်းဖြင့် အားပြုရပ်ပြီး မုတ္တမ မြေမှ ခွာနေသည့် ဟံသာဝတီရဲမက်တို့ကို ငေးကြည့်နေသော ဒီဂါမာ သည် ညှောင်းညာဟန်ဖြင့် ကိုယ်နေဟန်ထားကို ပြင်သည်။ ပြီးလျှင် တစ်သုတ်ပြီးတစ်သုတ် ထွက်ခွာနေသော ရဲမက်များကို ကြည့်ရင်း ထိုသူတို့ကြားတွင် သူ တွေ့လိုသူ မပါသေးသဖြင့် ပင့်သက်တရှိုက်ရှိုက် နှင့် ရှိနေ၏။

''ဒီဂါမာ''

အနားကပ်ပြီး ကြားလိုက်ရသည့်အသံကြောင့် ဒီဂါမာ ဖျတ်ခနဲ လှည့်ကြည့်သည်။ ငေးရီရီ မှိန်ထွေထွေ ဖြစ်နေသော သူ့မျက်လုံး။ သူ့မျက်လုံးတွင် အပြုံးတွေ လက်ခနဲ ပေါ်လာသည်။

''သမိန်''

''အေး ... ငါ သွားတော့မယ်။ မင်းကို ဒီမှာ ထားခဲ့ရပေမယ့်၊ မင်းတို့ဆီက တစ်ယောက်ကိုတော့ ငါ ခေါ်သွားမယ်။ မင်းအရှင်သခင်ကို သစ္စာရှိရှိနေခဲ့ပါ ဒီဂါမာ''

ဒီဂါမာက ပြုံးလျက် မျက်လုံးအစုံတွင် မျက်ရည်များ ရစ်ဝဲလျက်နှင့် ခေါင်းညိတ်သည်။

''မင်းဟာ ... ယောကျ်ား ပီသပါတယ် ဒီဂါမာ၊ ပြီးတော့ ... မင်းဟာ ငါ့အပေါ်ကို ညီအစ်ကိုအရင်းတစ်ယောက်လို ကောင်းပါတယ်၊ ငါ့ထက် ပိုပြီး မင်းက သံယောဇဉ်ကို သိတဲ့လူ, သံယောဇဉ် ထားတတ်တဲ့လူပါ''

ဒီဂါမာက တုံ့ပြန်စကားမဆို။ သမိန်ကို ပြုံးလျက်ကြည့်နေသည်။ ထိုအချိန်မှာပင် ညင်သာသော ခြေသံနှင့်အတူ ပန်းနုရောင် ဂါဝန်ရှည်ကြီး ဝတ်ထားသော မာရီယာ အနားသို့ ရောက်လာသည်။ သူက ဒီဂါမာ၏ ပခုံးတစ်ဖက်ကို ညင်သာစွာ ဆုပ်ကိုင်သည်။ ထို့နောက် မျက်ရည်ဝိုင်းသော မျက်လုံးအစုံဖြင့် သမိန်အား ကြည့်၏။

သမိန်က အသာအယာပြုံးသည်။ သူက တစ်စုံတစ်ရာ ပြောဟန်ပြုပြီးမှ မပြောတော့ဘဲ ခေါင်းခါ၏။ တစ်ဆက်တည်းပင် ခပ်လှမ်းလှမ်းမှာ ရှိနေသော မိဘုန်းကို လှမ်းခေါ်လိုက်သည်။

''ဟင် ... သမိန် ... သူ .. သူက''

''နာခံတော်မှူးရဲ့နှမ မိဘုန်းလေ။ သူ့ကို ငါ ဟံသာဝတီခေါ်သွားမယ်''

''မင်း ...''

''မာရီယာက မင်း ပျော်ရွှင်အောင် အနားမှာ နေပါလိမ့်မယ်။ ကဲ ... ငါ သွားမယ်၊ မင်းတို့ကို နှုတ်ဆက်ပါတယ်''

သမိန်က လက်ဖျောက်တီးပြီး အခေါ်တွင် မြင်းတစ်စီးအနား သို့ ရောက်လာသည်။ သူက မိဘုန်းကို မြင်းပေါ်တင်၏။ ပြီး ... သူကိုယ်တိုင် မြင်းပေါ်တက်သည်။

သမိန်နှင့် မိဘုန်း စီးနင်းလိုက်ပါအပြီး မြင်း နေရာမှ ထွက်သည်။ မာရီယာထံမှ ရှိုက်သံသဲ့သဲ့ ပျံ့လွင့်လာ၏။ ဒီဂါမာ,က နှစ်သိမ့်ဟန်ဖြင့် မာရီယာ၏ လက်ကို ညင်သာဖွဖွ ဆုပ်ကိုင်လိုက်လေသည်။●

ငြိမ်းချမ်းပါစေ
ကောင်းထက်